ဘဒ္ဒန္တ ဇယန္တာဘိ သိရိ သဒ္ဓမ္မ ဝံသ

**ဓမ္မာစရိယ**

သံလျှင်မြို့။

**ပျားစည်ဆရာတော်ဘုရားကြီး**

ရေးသားစီရင်တော်မူအပ်သော

# ဓာတုမနသိကာရ

## ဖြတ်ထုံးကျမ်း

★

၁။ ရုပ်လှုပ်ရှားသလော ?။
၂။ နာမ်လှုပ်ရှားသလော ?။
၃။ ဘုရားဘယ်သို့ဟောသနည်း ?။

**သိလိုလျှင် ဤကျမ်းကို အစအဆုံး ဖတ်ပါ။**

အရှင်ဝိမလ

ကြည့်ရှုပြင်ဆင်ရိုက်နှိပ်သည်။

၆၄

ဘဒ္ဒန္တ ဇယန္တာဘိ သိရိ သဒ္ဓမ္မ ဝံသ

# ဓမ္မာစရိယ

သံလျှင်မြို့။

## ဖျားစည်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# ဓာတုမနသိကာရ

## ဖြတ်ထုံးကျမ်း

★

၁။ ရုပ်လှုပ်ရှားသလော ?။
၂။ နာမ်လှုပ်ရှားသလော ?။
၃။ ဘုရားဘယ်သို့ဟောသနည်း ?။

**သိလိုလျှင် ဤကျမ်းကို အစအဆုံး ဖတ်ပါ။**

**အရှင်ဝိမလ**

ကြည့်ရှုပြင်ဆင်ရိုက်နှိပ်သည်။

**ထုတ်ဝေသူ-**

ဦးဝိမလ၊
ကင်းလွတ်ခွင့်မှတ်ပုံတင်အမှတ်-(၀၁၈၂၅)
တောင်လုံးပြန်ကျောင်းတိုက်၊ ၁၁၃-လမ်း၊
ရန်ကုန်မြို့။

**ရိုက်နှိပ်သူ-**

ဦးအောင်ကြည်၊
မှတ်ပုံတင်အမှတ်(၀၇၂၉)၊
ဝဇီရာရောင်စုံပုံနှိပ်တိုက်၊
အမှတ်(၇၈)၊ စက်ရုံလမ်း၊
ရန်ကုန်မြို့။

ပဌမနှိပ်ခြင်း။ အုပ်ရေ(၂၀၀၀)။

၁၉၇၂-ခုနှစ်၊ ဒီဇင်ဘာလ။



ပျားစည်ဆရာတော်-ဦးဇာယန္တ (ပုံ)

# နိဒါန်း

ဤဓါတုမနသိကာရ ဖြတ်ထုံးကျမ်းကို ရေးသား ထုတ်ဝေရခြင်း၏ အကြောင်းရင်းမှာ၊ ယခုကာလ ဓါတ်တရားကို ရှုပွားကြရာဝယ်၊ အချို့အချို့သော ယောဂီတွေဟာ၊ ဘုရားဟော ပါဠိတွေကို ဘေးချိပ်ပြီး ဘယ် အဋ္ဌကထာက ဘယ်လိုဆိုတယ်၊ ဘယ်ဋီကာက ဘယ်လိုဆိုတယ်နဲ့ နေရာတကာတိုင်းမှာ အဋ္ဌကထာ ဋီကာတွေကို အားကိုးအားထားကြီးတွေ ပြုလုပ်ပြီး ယင်းအဋ္ဌကထာ ဋီကာ တွေကိုသာ အမာခံ ကျောရိုးသဖွယ် မှုတည်ဇောက်ချ၍၊ ပတျာဖြန့်ပြီး ရှုပွားနေကြသောကြောင့်၊ ပရမတ္ထ သစ္စာနယ်က၊ ပရမတ်အစစ် ဓါတ်အနှစ်ကို မတွေ့မမြင် မထင် နိုင်ကြတော့ဘဲ။ တွန်းကန် လှုပ်ရှား-ရွေ့ရှားရွေ့ဆောင် အစရှိတဲ့ သမုတိသစ္စာနယ်က ပညတ်နိမိတ် ဓါတ်ရိပ်တွေကိုသာ၊ ပရမတ်အစစ် ဓါတ်အနှစ်ကြီးတွေ ထင်မှတ်ကြတဲ့၊ ယောဂီတွေကို များစွာဘဲ တွေ့ရှိနေရပါတယ်၊ အဲဒီလိုပညတ်နိမိတ် ဓါတ်ရိပ်ကြီးတွေကို၊ အသေး အရောင်အမျိုးမျိုးနဲ့၊ သူတမျိုး ငါက တဖုံ နည်းမျိုးစုံအောင် လုပ်နေကြသဖြင့်၊ နိဗ္ဗာန် တရားတော် ကြီးဟာ မြုံမှုန်းမသိ မြုံနေကြတာကို၊ သူတို့တတွေ မသိရှာကြဘဲ ဖြစ်နေကြတာကိုလဲ တွေ့ရှိနေရပါတယ်၊ အဲဒါကြောင့်မို့' နိဗ္ဗာန်ကို တကယ်အလိုရှိကြတဲ့ ယောဂီများအား၊ သန်ခါတပါတ် ပရမတ်အစစ် ဓါတ်အနှစ်ကို မျက်မှောက် ထင်ထင် တွေ့မြင်နိုင်ကြပါစေခြင်းငှာရင်း၊ ယင်း သန်တခါတ်အနတ္တနှင့် အသန်တခါတ်အနတ္တကိုလဲ၊ အကျိုးအကြောင်း ဆက်စပ်၍ သိတတ်ကြပါစေခြင်းငှာရင်း၊ အဋ္ဌကထာ ဋီကာနည်းမဖက် ပါဠိတော်နည်းသက်သက်ဖြင့်၊ ဘုရားအလိုတော်

# နိဒါန်း

နှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးသားထုတ်ဝေလိုက်ရခြင်း ဖြစ်ပါတယ်။ ပါဠိတော်များနှင့် အံဝင်ခွင်ကျဖြစ်အောင် ဝေဖန်စီစစ်၍ ပြောဆိုရေးသားတဲ့နေရာမှာလဲ၊ ပုဂ္ဂလဓိဋ္ဌာန်မဖက် ဓမ္မဓိဋ္ဌာန် သက်သက်ဖြင့်၊ တိကျမှန်ကန်သော လမ်းစဉ်ကိုသာ ဦးတည်ချက်နှင့် ရေးသား ပြောဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗုဒ္ဓဝါဒ လမ်းနှစ်သွယ် .... .... | ၁ |
| ၂။ | (၁) တရားခံ၊ (၂) တရားခံများကို မတွေ့မမြင် တွေ့လို့ရှိလျှင် ဒုက္ခအဆုံးသို့ ရောက်ပုံ .... | ၂ |
| ၃။ | လျော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ .... .... | ၁၀ |
| ၄။ | ဓါတ်ပေါက်အောင် ပွားများ အားထုတ်ရမဲ့ လမ်းစဉ်ကိုရှင်းလင်း ဖော်ပြခြင်း .... .... | ၁၁ |
| ၅။ | လောကီမဂ္ဂင်နှင့် လောကုတ္တရာမဂ္ဂင်ကို ရှင်းလင်း ဖေါ်ပြခြင်း .... .... | ၁၃ |
| ၆။ | သမထ လုပ်ငန်းစဉ်ကို ရှင်းလင်းဖေါ်ပြခြင်း .... | ၁၃ |
| ၇။ | ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်အကြောင်း .... .... | ၂၀ |
| ၈။ | သမထမှ ဝိပဿနာသို့ တက်ရပုံ .... .... | ၂၂ |
| ၉။ | သမထ ဝိပဿနာအလုပ်မှာ၊ သိသိကလေးနှင့်ကပ်ပြီး အံချော်လွဲမှားနေတတ်ကြပုံ .... .... | ၂၇ |
| ၁၀။ | ကာယဂတာသတိပဋ္ဌာန်နှင့် ကာယာနုပဿနာ သတိပဋ္ဌာန်နှစ်ပါး၏အထူး .... .... | ၂၉ |
| ၁၁။ | သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာအထူး .... .... | ၂၉ |
| ၁၂။ | နိဗ္ဗာန်ချမ်းသာသည်၊ ခံစားမှုဝေဒယိတသုခ မရှိကြောင်း .... .... | ၃၁ |
| ၁၃။ | ဝေဒယိတသုခကို ဝိမုတ္တိသုခဟု ထင်မှတ်နေကြတဲ့ ယောဂီများအား အထူးသတိပေးချက် .... .... | ၃၅ |

## မာတိကာ


၁၄။ ဝေဒယိတသုခဝေဒနာ ဝိပဿနာရှုပွားပုံ .... ၃၉

၁၅။ ရှေးဦးစွာ စာအုပ်ကြီးထဲမှာ ပရမတ်ကို
တွေ့အောင် ရှာရမယ် .... .... ၄၁

၁၆။ သစ္စာလေးပါး ငုတ်နေပုံ .... .... ၄၂

၁၇။ သစ္စာလေးပါးပေါ်ပုံ .... .... ၄၄

၁၈။ ဓမ္မဋ္ဌိတိဉာဏ် တည်ပုံ .... .... ၄၆

၁၉။ ဒုက္ခသညာ ထင်မြင်ပုံ .... .... ၄၇

၂၀။ ဒုက္ခဝေဒနာနှင့်ပတ်သက်၍ အထူးသတိပေးချက် .... ၄၈

၂၁။ ကာလသန္တတိ-ဌာနသန္တတိ-သဏ္ဍာနသန္တတိ
အကြောင်း .... .... ၄၉

၂၂။ ပါဠိတော်များနှင့် အံဝင်ဂွင်ကျဖြစ်အောင်
လုပ်ပုံလုပ်နည်းကို အသေးစိတ် ရှင်းလင်းဖေါ်ပြခြင်း ၅၅

၂၃။ အဖြစ်အပျက် ဥဒယဗ္ဗယဉာဏ် ထင်မြင်ခဲ့လို့ရှိလျှင်၊
ဉာဏ်စဉ်တွေ ထင်မြင်လာနိုင်ပုံ .... .... ၅၉

၂၄။ ဖြစ်ပျက် အနိစ္စသညာ ဒုက္ခသညာ အနတ္တသညာ
ဓမ္မဋ္ဌိတိဉာဏ် တည်ရှိပါက၊ သတိပဋ္ဌာန်လေးပါး
တပေါင်းတည်းကဲ့သို့ ထင်နိုင်ပုံ .... .... ၆၁

၂၅။ ဝေဒယိတဒုက္ခဝေဒနာနှင့် ဘယဋ္ဌဒုက္ခဝေဒနာအထူး ၆၃

၂၆။ သစ္စာလေးချက် တပြိုင်နက်ထင်မြင်ပုံ .... .... ၆၈

၂၇၊ ဂေါတြဘူနောက်၌ ဖိုလ်ဇောသက်သက်မကျနိုင်ပုံ.... ၇၁

၂၈။ ပါဠိတော်များနှင့် အံဝင်ဂွင်ကျ ဖြစ်မဖြစ်
စီစစ်ဝေဖန်၍ပြပုံ .. .... ၇၂

၂၉။ ဝိပါကဝဋ်ဒုက္ခမှ တစိတ်တဒေသချုပ်ငြိမ်းပုံ .... ၇၆

၃၀။ မဂ်လေးပါးကို လှေခါးထစ်ပမာ
အဆင့်ဆင့်ဖြင့် တက်သွားပုံ .... .... ၈၀
၃၁။ ဓမ္မဋ္ဌိတိဉာဏ်နှင့် မဂ်ဉာဏ်နှစ်ပါးကို
ဝေဖန်စိစစ်၍ပြခြင်း .... .... ၈၃
၃၂။ နိဗ္ဗာန်၏ သဘောသဘာဝကို ရှင်းလင်းဖော်ပြချက် ၉၃
၃၃။ သဿတဒိဋ္ဌိ ငြိတွယ်နေကြပုံ .... .... ၉၆
၃၄။ ဓမ္မဋ္ဌိတိဉာဏ်ကို ရဟန္တာပုဂ္ဂိုလ်များလည်း
လက်မလွှတ်ကြပုံ .... .... ၁၀၀
၃၅။ ဓါတ်လေးပါး၊ဓါတ်ခြောက်ပါးကို တပါးစီတပါးစီ
ခွဲခြား၍ ရှုပွားနေရန်မလို၊ အလိုလိုတပေါင်းတည်း
ကဲ့သို့ ထင်မြင်ပေါက်ရောက်နိုင်ပုံ .... .... ၁၀၂
၃၆။ လက္ခဏာ–ရသ–ပစ္စုပဋ္ဌာန်အားဖြင့် ရှုပွါးခြင်းနှင့်
ဓမ္မဋ္ဌိတိဉာဏ် တည်မြဲအောင် ရှုပွားခြင်း၏
ထူးခြားချက် .... .... ၁၁၆
၃၇။ ဓါတ်ကြီးလေးပါးသည် တပါးတည်း သူ့အလို
သက်သက်နှင့် မဖြစ်ပေါ်လာနိုင်ပုံ .... .... ၁၁၇
၃၈။ ပရမတ္ထသစ္စာအားဖြင့် အဟုတ်မရှိ တကယ်မရှိတဲ့
သဘောတရားကို၊ အဟုတ်မရှိ တကယ်မရှိအောင်
သိမြင်နိုင်ကြပုံ .... .... ၁၂၃
၃၉။ ပရမတ္ထသစ္စာအားဖြင့် အဟုတ်ရှိ တကယ်ရှိတဲ့
သဘောတရားကို၊ အဟုတ်ရှိ တကယ်ရှိအောင်
သိမြင်နိုင်လာရပုံ .... .... ၁၂၄
၄၀။ သင်္ခါရုပေက္ခာဉာဏ်အကြောင်း .... .... ၁၃၀

မာတိကာ


၄၁။ ပရမတ္ထသစ္စာ အသိအမြင်နှင့်၊ ပရမတ်အစစ်
ဓါတ်အနှစ်ကို သိမြင်ပုံ .... .... ၁၃၄

၄၂။ သမုတိသစ္စာ အသိအမြင်ကို၊ ပရမတ်ဟု
ထင်မှတ်နေတတ်ကြပုံ .... .... ၁၃၈

၄၃။ ရုပ်တရားလှုပ်ရှားသလော၊ နာမ်တရားလှုပ်ရှားသလော ၁၃၉

၄၄။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်လုံးကိုပင် ဝိပဿနာရှုပွားအပ်ပုံ.... ၁၄၂

၄၅။ စူဠပန်၏ ရွှေ့ပြစ်နောက်ဖြစ်ကို ဝေဖန်စိစစ်ချက် .... ၁၄၇

၄၆။ ပန်းတိန်သည်ဘဝမှ လာသော ရဟန်းတပါး
အကြောင်း .... .... ၁၄၈

၄၇။ ဓါတ်ကြီးလေးပါးကို ဝသီဘော်ငါးပါးထား၍
ရှုပွားအပ်ပုံ .... .... ၁၄၉

၄၈။ နိဂုံးချုပ် လက်ာလေးပုဒ် .... .... ၁၅၄


........ းဝး........

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

တိ-ရတနံ၊ ပဏာမျ ံဖြင့်၊ ဘယံနတ္ထိ၊ ဘေးမရှိဘဲ၊
ရေးသည့်ကျမ်းစာ၊ ပြီးဆုံးပါစေ၊ ဆုပန်ချွေသည်၊
အောင်ဇေယတု၊ အောင်စေသော်။ ။

# ဗုဒ္ဓဝါဒ လမ်းနှစ်သွယ်

## ဆောင်ပုဒ်။

ပရမတ္ထ သစ္စာအားဖြင့်။ အဟုတ်မရှိ တကယ်မရှိတဲ့၊ သမုတိ သစ္စာ နယ်က၊ ပညတ် နိမိတ် ဓါတ်ရိပ် တွေကို၊ အဟုတ် မရှိ တကယ် မရှိအောင်-မြင်မှ၊ ပရမတ္ထ သစ္စာ အားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့၊ ဘာဝော တရားကို၊ အဟုတ်မြင် တကယ် မြင်၍၊ အတ္တ ပျောက်ခါ၊ ဓါတ်ပေါက် ပြီးဘော့၊ အနတ္တ ပေါက်၍၊ နိဗ္ဗာန် ရောက်ကြလိမ့်မယ်။ ။

(ဗုဒ္ဓဝါဒ လမ်းနှစ်သွယ်)ဆိုတဲ့ စကားဟာ၊ အခြား မဟုတ်ပါဘူး၊ သမုတိ သစ္စာနှင့်၊ ပရမတ္ထ သစ္စာ နှစ်ပါးဘဲ ဖြစ်ပါတယ်။ သမုတိ သစ္စာ ဆိုတာ၊ ကမ္ဘာဦးသူ- လူပညာရှိ များက အမည်နာမ ဝေါဟာရ အားဖြင့်၊ ခေါ်ဝေါ် ပြောဆို သမုတ်ထားခဲ့ကြတာ၊ မှန်လေသောကြောင့်၊ သမုတိ သစ္စာလို့ ဆိုပါတယ်။ ပရမတ္ထ သစ္စာ ဆိုတာကတော့၊ ပရမတ္ထ အားဖြင့်၊ အ

ဟုတ်ရှိ တကယ်ရှိတဲ့ သဘောတရား ရှိလေသောကြောင့်၊ ပရမတ္ထ သစ္စာလို့ ဆိုတယ်။ ဓါတ်ပေါက်လိုကြတဲ့ ယောဂီများဟာ အဲဒီလို သမုတိ သစ္စာနှင့် ပရမတ္ထ သစ္စာကို ခွဲခြားပြီး သိထားကြဖို့ လိုပါတယ်။ စင်စစ်ကတော့ ပညတ်နှင့် ပရမတ် ကွဲပါစေလို့ ဆိုလိုရင်းဘဲ ဖြစ်ပါတယ်။

ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တဇီဝ-ဆိုတာ ရှိသလားလို့၊ မေးခဲ့လို့ ရှိလျှင်၊ သမုတိ သစ္စာအားဖြင့်၊ အဟုတ်ရှိ၊ တကယ်ရှိဘဲ ဖြစ်ပါတယ်လို့ ဖြေကြားရပေလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ ဝိနည်း ဒေသနာ တော်မှာ၊ ရဟန်းတော်များ အတွက်၊ မာတုကာမ များနှင့် ပါတ်သက်၍၊ ဝိနည်း သိက္ခာပုဒ် အမျိုးမျိုး ပညတ်တော် မူခဲ့ ပါတယ်၊ လူပုဂ္ဂိုလ်များ အတွက်မှာလဲ၊ ပါနာတိ ပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ အစရှိသည်ဖြင့် လူ့ဝိနည်း သိက္ခာပုဒ် တွေကိုလည်း အမျိုးမျိုး ပညတ်တော် မူခဲ့ ပါတယ်။ အဲဒါကြောင့်မို့ အဟုတ်ရှိ တကယ်ရှိဘဲ ဖြစ်တယ်။

ဒါဖြစ်ရင် အထက်က ပြောခဲ့တဲ့ ဆောင်ပုဒ် အရ၊ အဟုတ်ရှိ တကယ်ရှိတဲ့ ပညတ် သဘောတရား များကို အဟုတ်ရှိ၊ တကယ်ရှိအောင် မြင်လျှင်၊ အတ္တ ပျောက်ခါ ဓါတ်ပေါက်ပြီး အနတ္တ ပေါက်၍ နိဗ္ဗာန် ရောက်ရော့လား ဆိုတော့၊ မရောက်ဘူး.... မရောက်ဘူး.... ဘယ်တော့မှ မရောက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့၊ ပရမတ္ထ သစ္စာ အားဖြင့် အဟုတ်ရှိ တကယ် ရှိတဲ့ သဘောတရား မဟုတ်။ သမုတိ သစ္စာ အားဖြင့်သာ၊ အဟုတ်ရှိ တကယ်ရှိတဲ့ သဘောတရား ဖြစ်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။

ပထဝီ ဓါတ်ဟာ ကြမ်းတမ်း ခက်မာသော သဘော လက္ခဏာ၊ နူးညံ့ ပြော့ပျောင်းသော သဘော လက္ခဏာ ရှိတယ်လို့ ဆိုတယ်။ အဲဒါဟာ အမှန်ဘဲ ဖြစ်ပါတယ်။ ကျောက်တုံး ကျောက်ခဲ သံတုံး သံခဲများဟာ၊ ကြမ်းတမ်း ခက်မာတယ်၊ ဆံပင် ခြေသည်း၊ လက်သည်း၊ အရိုး စသည်တို့ဟာ မာတယ်။ အကြောက တောင့်တယ် တင်းတယ်၊ ရွှံ့တုံး ရွှံ့ခဲ စသည်တို့က ပြော့ပျောင်းတယ်။ ပိုး-ဖဲ-ကတ္တီပါ စသည်တို့က နူးညံ့တယ်။ အဲဒီသဘောတရား များဟာလဲ သမုတိ သစ္စာ အားဖြင့် အဟုတ်ရှိတကယ်ရှိ ဖြစ်လေသောကြောင့်၊ လူမှန်း သူမှန်း သိတတ်တဲ့ကလေး သူငယ်က အစ၊ လူတိုင်း လူတိုင်း သိမြင်ကြတယ်။ အဲဒီလို သိမြင်ခြင်းကြောင့် ပထဝီဓါတ် ပေါက်ပြီး၊ နိဗ္ဗာန် ရောက်ရော့လား ဆိုတော့၊ ပရမတ္ထ သစ္စာ အားဖြင့် ပရမတ္ထ သဘာဝဆိုက်အောင် သိမြင်တဲ့ အမြင်မျိုး မဟုတ်၍ မရောက်နိုင်ဘူး။

တေဇောဓါတ်ဟာ ပူတဲ့ လက္ခဏာ အေးတဲ့ လက္ခဏာ ရှိတယ်လို့ ဆိုတယ်။ အဲဒါဟာလဲ အမှန်ဘဲ ဖြစ်ပါတယ်၊ မီးဟာ ပူတယ်၊ နေဟာ ပူတယ်၊ ခြေ ပူတယ်၊ လက် ပူတယ်၊ ကိုယ်ပူတယ်၊ ဦးခေါင်း ပူတယ်၊ စသည်အားဖြင့် ၎င်း၊ ရေ အေးတယ်၊ ခြေ အေးတယ်၊ လက် အေးတယ်၊ ကိုယ် အေးတယ်၊ ဦးခေါင်း အေးတယ်၊ စသည်အားဖြင့် ၎င်း၊ ကလေး လူကြီး အားလုံး သိကြတယ်၊ အဲဒီလို သိခြင်းကြောင့် တေဇောဓါတ် ပေါက်ပြီး၊ နိဗ္ဗာန် ရောက် ရော့လား ဆိုတော့၊ ပရမတ္ထ သစ္စာ အားဖြင့်၊ ပရမတ္ထ သဘာဝ ဆိုက်အောင် သိမြင်တဲ့ အသိ အမြင် မျိုး မဟုတ်၍ မရောက်နိုင်ဘူး။

## ( ၄ ) ဓာတုမနသိကာရဖြတ်ထုံးကျမ်း

ဝါယော ဓါတ် ကတော့ အင် မတန်မှ ဝါဒ များသော ကြောင့်၊ ထင်ရှားအောင် ဥပမာ ဆောင်၍ ပြလိုက်ပါ ဦးမယ်။ ဘင်္ဂလား ပင်လယ် အော်မှ၊ ဆိုင်ကလုံ မုန်တိုင်းကြီး တခု ဖြစ် ပေါ်၍၊ ရန်ကုန် ဘက်သို့ ရွေ့ရှု တိုက်ခတ် လာနေသည်ဟု ဆို ပါတော့၊ ယင်း လေမုန်တိုင်းကြီး ဟာ (ဝိတ္ထမ္ဘန လက္ခဏာ ဝါ ယောဓာတု) ဆိုသည့် အတိုင်း၊ ရန်ကုန်ဘက်သို့ ရွေ့ရှုပြီး၊ တွန်း ကန်တဲ့ သဘော လက္ခဏာ၊ ထောက်ကန်တဲ့ သဘော လက္ခဏာ တွေနဲ့၊ (သမုဒီရဏ-ရသ) လှုပ်ရှားပြီး တနာရီလျှင် မိုင်(၄၀) နှုန်းနှင့် ရွေ့လျှားပြီး သကာလ၊ (အဘိ နိဟာရ ပစ္စု ပဋ္ဌာန) ရန်ကုန် ဘက်သို့ ရွေ့ရှု ဆောင်ပြီး၊ တိုက်ခတ် လာတာကို၊ လူ တိုင်း သိရှိကြ၊ ထင်မြင်ကြတယ်၊ အဲဒါကြောင့် မိုးလေဝသ ဉတု တိုင်းတာရေး ဋ္ဌာနကလဲ သတင်းစာ ထဲမှာ နေ့စဉ် ဖေါ်ပြ နေ ပါတယ်၊ အဲဒီ အသိ အမြင် မျိုးတွေဟာ၊ လက္ခဏာ ရသ ပစ္စု ပဋ္ဌာန် အားဖြင့် သိမြင်ကြတဲ့ အသိ အမြင် မျိုးပဲ ဖြစ်ပါတယ်။

အဲဒီလို သိမြင်ကြတော့၊ အတ္တ ပျောက်ခါ၊ ဝါယော ဓာတ် ပေါက်ပြီး အနတ္တ ပေါက်၍၊ နိဗ္ဗာန် ရောက်ကြ ရော့လား ဆို တော့ မရောက်ဘူး၊ မရောက်ဘူး၊ ဘယ်တော့မှ မရောက်နိုင် ပါ ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနေရာမှာ အဋ္ဌကထာ ဆရာက၊ ဝါယော ဓာတ်ကို၊ လက္ခဏာ ရသ ပစ္စု ပဋ္ဌာန် အားဖြင့် ဖွင့်ဆို ပြလိုက်ခြင်းဟာ၊ သမုတိ သစ္စာ အားဖြင့်၊ သဒ္ဒါဉာဏ်၊ အတ္တ ဉာဏ်၊ အဓိပ္ပါယ် ဉာဏ်နှင့် ဝါယော ဓာတ်ကို သဒ္ဒါ အနက် အဓိပ္ပါယ် လောကသာ သိရှိဘို့ ဖွင့်ဆို ပြလိုက်ခြင်း ဖြစ်ပါတယ်။ ပရမတ္ထ သစ္စာ အားဖြင့်၊ ပရမတ္ထ သဘာဝဉာဏ် ထင်မြင် ပေါက်

ရောက် အောင် ဖွင့်ဆိုတဲ့ စကား မဟုတ်ပါဘူး၊ အဲဒါကြောင့် ပရမတ္ထ သဘာဝ အားဖြင့်၊ မဂ်အား လျော်အောင်၊ အနုဗောဓ ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်သော အသိ အမြင်မျိုး မဟုတ်ခြင်း ကြောင့် နိဗ္ဗာန်သို့ မရောက်နိုင် ပါဘူးလို့ ပြောဆို လိုက်ရခြင်း ဖြစ်ပါတယ်။

အာပေါ ဓာတ် ကိုလဲ (ပဏ္ဏတ္တိ လက္ခဏာ) နွားရေ ယိုစီး တယ်၊ မျက်ရေ ယိုစီးတယ်၊ ချွေး ယိုစီးတယ်၊ သွေး ယိုစီးတယ်၊ အစရှိသဖြင့် လူတိုင်း သိကြတယ်၊ (မြူဟာန ရသာ) လူတွေဟာ ဖဝါး လက်နှစ်လုံး ပခုံး လက်နှစ်သစ်က စ၍၊ အရောမ လူကြီး တွေ ဖြစ်လာ ကြတယ်၊ တိရစ္ဆာန် တွေလဲ ထို့အတူဘဲ ကြီးထွား လာကြတယ်၊ သက်မဲ့ ဖြစ်တဲ့ သစ်ပင်တွေ ဟာလဲ ထို့အတူဘဲ ကြီးထွား လာကြတယ်၊ (သင်္ဂဟ ပစ္စုပဋ္ဌာန) ခန္ဓာကိုယ် တခု လုံး ကြီးဟာ၊ ခြေ လက် ဦးခေါင်း အစရှိတဲ့ အင်္ဂါ အစိတ် အ ပိုင်းတွေ တပေါင်း တည်း တခု တည်းဟု သိကြ မြင်ကြ ရှေ့ရှု ထင်ကြတယ်။

အဲဒီလို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် အားဖြင့် သိမြင်ကြတော့ အတ္တ ပျောက်ခါ အာပေါ ဓာတ် ပေါက် ပြီးတော့၊ အနတ္တ ပေါက်၍ နိဗ္ဗာန် ရောက်ရော့လား ဆိုတော့၊ မရောက်ဘူး၊ မ ရောက်ဘူး၊ ဘယ်တော့မှ မရောက်နိုင် ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ပရမတ္ထ သစ္စာလမ်းက ပရမတ္ထ သဘာဝ ဉာဏ်အမြင် ဖြင့်၊ မဂ်အား လျော်အောင်၊ အနုဗောဓ ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်သော အသိ အမြင်မျိုး မဟုတ်ခြင်း ကြောင့်ဘဲ ဖြစ်ပါ တယ်။

သမုတိ သစ္စာ အမြင်ဖြင့် ကြည့်လိုက်ခဲ့လို့ ရှိလျှင်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ အတ္တဇီဝ ဆိုတာဟာ၊ အဟုတ်ရှိ- တကယ်ရှိ အမှန်ရှိ ဖြစ်တယ်၊ ပရမတ္ထ သစ္စာ အမြင်အားဖြင့် ကြည့်လိုက် ခဲ့လို့ ရှိလျှင် အဟုတ်မရှိ၊ တကယ်မရှိ၊ အမှန်မရှိတဲ့ သဘောတရား ဖြစ်တယ်။ ဒီလို ( ရှိတယ် မရှိဘူး ) ဆိုတဲ့ ဗုဒ္ဓ ဝါဒ လမ်း နှစ်သွယ်ဟာ၊ သဘာဝ အားဖြင့် မဆန်း ကြယ်သော်လည်း၊ ပုထုဇဉ်သား စာဖတ်ပရိသတ် ယောဂီများရဲ့ စိတ်ထဲမှာတော့ ဆန်းသလိုလို ထင်မှတ်ပြီး၊ မထွေးနိုင် မအံနိုင်နဲ့ "တယ်လဲ ခက်ပါလား၊ ဘယ်စကား ယုံရမှာလဲ" လို့ ညီးညူချင် ညီးညူကြ ပေလိမ့်မယ်။

အဲဒီလို "တယ်လဲ ခက်ပါလား" လို့ ညီးညူ လိုက်တဲ့ စကားဟာ၊ အတ္တ ပျောက်ခါ ဓါတ်ပေါက်ပြီး အနတ္တ ပေါက်အောင် အလုပ် လုပ်ဖို့ရာ လမ်းစ ပေါ်လာခြင်းဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့် အဲဒီစကားကို လမ်းဆုံးအောင် လိုက်ကြည့်ကြရ ပေလိမ့်မယ်။ ဘာဖြစ်လို့ ခက်နေ ကြရတာလဲ၊ အတ္တ ပျောက်အောင် မသိ မမြင်သေးလို့ ခက်နေကြတယ်။ ဘာဖြစ်လို့ မသိ မမြင်နိုင်ကြတာလဲ၊ အဝိဇ္ဇာ မောဟ ဖုံးလွှမ်းနေလို့ မသိ မမြင် နိုင်ကြခြင်း ဖြစ်ပါတယ်။

အဲဒီလို ပရမတ္ထ သစ္စာအားဖြင့် အဟုတ်မရှိ၊ တကယ် မရှိတဲ့ သဘော တရားကို၊ အဟုတ်မရှိ တကယ် မရှိအောင် မသိ မမြင် မထင်နိုင်ကြခြင်း၏ အကြောင်းရင်း အစစ်မှန် ဖြစ်တဲ့ တရားခံကို လိုက်လံ ရှာဖွေ၍ ကြည့်လိုက်တဲ့ အခါကျတော့၊ နံပါတ်(၁) တရားခံဟာ၊ အဝိဇ္ဇာ မောဟကိုဘဲ တွေ့ရှိရပါတယ်၊ အဲဒီ အဝိဇ္ဇာ

မောဟမှာ သူနဲ့ စိတ်တူ သဘောတူ၊ ကြံရာပါအပေါင်းအဖေါ် နောက်ထောက် ကျောခံများ ရှိသေးသလားလို့၊ ဝေဖန် စိစစ်ပြီး ကြည့်လိုက် ပြန်တော့လဲ၊ တဏှာမာန၊ ဒိဋ္ဌိဆိုတဲ့ နယ်ချဲ့သမား သုံးယောက်ဟာ ဒုတိယ နံပါတ်(၂) တရားခံ အဖြစ်နဲ့ တွေ့ရှိရ ပြန်ပါတယ်။ အဝိဇ္ဇာမောဟက မှန်ကန်တဲ့ သဘောတရားကို မသိ မမြင်၊ မထင် နိုင်အောင်၊ ဖုံးလွှမ်း ကာကွယ်ပြီး ထား လိုက်တော့ ဒိဋ္ဌိက အနတ္တကို အတ္တကြီး ကိုယ်ကြီးဟု၊ ထင်မြင် စွဲလမ်း နေတယ်။ အဲဒီ ဒိဋ္ဌိ ထင်မြင် နေတဲ့ အတ္တကြီး၊ ကိုယ်ကြီးကို တဏှာက သာယာ နှစ်သက် စွဲလမ်း နေတယ်။ တဏှာက နှစ်သက် စွဲလမ်း လေလေ၊ မာနက ငါ့ ကိုယ်ကြီး၊ ငါကြီးဟု လက်မ ထောင် လေလေ ဖြစ်နေ ကြတော့တာဘဲ၊ အဲဒါကြောင့် အဝိဇ္ဇာ မောဟကို (၁) တရားခံ၊ တဏှာ မာန ဒိဋ္ဌိကို (၂) တရားခံ အဖြစ်နဲ့ စွဲချက် တင်ပြီး ဓါတ်လေးပါးကို အတ္တ ပျောက်ခါ ဓါက် ပေါက်ပြီး သကာလ၊ အနတ္တ ပေါက်၍ နိဗ္ဗာန်သို့ ရောက်လို ကြလျှင်၊ ပညတ်နှင့် ပရမတ်ကို ရှေးဦးစွာ ကွဲကွဲ ပြားပြား ခြား နားပြီး သိရှိ ထားကြဘို့ လိုတယ်။

## (၁) တရားခံ (၂) တရားခံ များကို မတွေ့ မမြင် တော့လို့ ရှိလျှင် ဒုက္ခ အဆုံးသို့ ရောက်ပုံ။

ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတူသု
ဓါတူသု နေဝတ္တာနံ နအတ္တနိယံ သမနု ပဿတိ
အယံ ဝုစ္စတိ ရာဟုလ ဘိက္ခု အစ္ဆေဇ္ဇိ တဏှံ

## ( ၈ )　　ဓာတုမနသိကာရဖြတ်ထုံးကျမ်း

ဝိဝတ္တယိ သံယောဇနံ သမ္မာ မာနာဘိ သမယာ
အန္တ မကာသိ ဒုက္ခဿ။

ရာဟုလ၊ ရာဟုလာ။ဘိက္ခု၊ရဟန်းသည်။ခေါ၊ စင်စစ်။ ဣမာသု စတူသု ဓါတူသု၊ ဤဓါတ် လေးပါးတို့ အပေါ်၌။ အတ္တာနံ၊ ကိုယ်ဟူ၍။ ယတော၊ အကြင် ကြောင့်။ နေဝ သမနုပဿတိ။ မတွေ့ မမြင်တော့အံ့။ တတော၊ ထိုသို့ အတ္တဟု ကိုယ်ဟု မတွေ့ မမြင် သောကြောင့်။ အတ္တ နိယံ၊ မိမိ ပိုင်ဆိုင်မှု ရှိသော၊ အတ္တကြီး ကိုယ်ကြီး ဟူ၍၊ သာယာ နှစ်သက် စွဲလမ်း နေသော၊ အတ္တနိယ တဏှာကိုလည်း။ န သမနု ပဿတိ၊ အကယ်၍ မတွေ့ မမြင် တော့အံ့။ ရာဟုလ၊ ရာဟုလာ။ အယံ ဘိက္ခု၊ ဤရဟန်းကို။ တဏှံ၊ သာယာ နှစ်သက် စုံမက် စွဲလမ်း တတ်သော တဏှာကို။ အစ္ဆေဇ္ဇိ၊ ဖြတ်တောက် ဖြေရှင်း၍ ပြီးလေပြီ။ သံယောဇနံ၊ ဘုံဘဝ၌ ဖွဲ့နှောင်ကြိုးကို။ ဝိဝတ္တယိ၊ ဖြေဖြုတ်၍ ပြီးလေပြီ။ သမ္မာ၊ ကောင်းစွာ။ မာနာဘိ သမယာ၊ မာန ကုန်ခမ်း ခြင်းကြောင့်။ ဒုက္ခဿ၊ ဒုက္ခ ဆင်းရဲ၏။ အန္တံ၊ အဆုံးသို့။ အကာသိ၊ ရောက်ပြီ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဲဒီ ပါဠိတော်ဟာ ရာဟုလ ရဟန်းအား၊ အတ္တ ပျောက်ခါ ဓါတ် ပေါက်ပြီးတော့၊ အနတ္တ ပေါက်၍ ဒုက္ခ အဆုံးသို့ ရောက်ပုံ ရောက်နည်းကို ဓါတ် လေးပါးကို မှတည်၍ အဆုံး အဖြတ် ပေး လိုက်တဲ့ ပါဠိ တော်ဘဲ ဖြစ်ပါတယ်။ အင်မတန်မှလဲ သဘာဝ ဉာဏ် ပေါ်လွင် ထင်ရှားတဲ့ ပါဠိတော် ဖြစ်ပါတယ်။ သဘာဝ ဉာဏ် ပေါ်လွင် ထင်ရှားပုံကို ရှင်းပြလိုက် ပါဦးမယ်။

၁။ ဓါတ် လေးပါးကို အတ္တကြီး ကိုယ်ကြီးဟု၊ ထင်မြင် စွဲလမ်းနေတာ ဘယ်သူလဲ။ ဒိဋ္ဌိ။

၂။ အတ္တကြီး ကိုယ်ကြီးမှာ၊ ဓါတ်လေးပါး ရှိသည်ဟု ထင်မြင် စွဲလမ်းနေတာ ဘယ်သူလဲ။ ဒိဋ္ဌိ။

၃။ အတ္တကြီး ကိုယ်ကြီး၌၊ ဓါတ် လေးပါး မှီတွယ် နေသည်ဟု ထင်မြင် စွဲလမ်းနေတာ ဘယ်သူလဲ။ ဒိဋ္ဌိ။

၄။ ဓါတ် လေးပါး၌၊ အတ္တကြီး ကိုယ်ကြီး မှီတွယ် နေသည်ဟု ထင်မြင် စွဲလမ်း နေတာ ဘယ် သူလဲ။ ဒိဋ္ဌိ။

အဲဒီလို ရုပ်၌ လေးပါး။ ဝေဒနာ၌ လေးပါး။ သညာ၌ လေး ပါး။ သင်္ခါရ၌ လေးပါး။ ဝိညာဏ်၌ လေးပါး။ ပေါင်း (၂၀) သော ဒိဋ္ဌိကို သက္ကာယ ဒိဋ္ဌိ။ အတ္တ ဒိဋ္ဌိလို့ ခေါ်တယ်။

၁။ အတ္တကြီး ကိုယ်ကြီးကို သာယာ နှစ်သက် စုံမက် မြတ်နိုး နေတာ ဘယ်သူလဲ။ တဏှာ။

၁။ ကိုယ်ကြီးကို၊ နိစ္စ ဒုက္ခ အတ္တဟု အထင် ကြီးပြီး တော့ လက်မထောင် နေတာ ဘယ်သူလဲ။ မာန။

၁။ တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်၊ အမှတ်မှား အသိမှား အမြင်မှား၊မှားနေအောင် လုပ်ပေးနေတာက ဘယ် သူလဲ။ အဝိဇ္ဇာ မောဟ။

အဲဒီလို ဓါတ်လေးပါး ပေါ်မှာ၊ အသိမှား၊ အမှတ်မှား၊ အမြင်မှား တွေနဲ့ မှားနေအောင် လုပ်နေတဲ့၊ အဝိဇ္ဇာ တဏှာ

မာန ဒိဋ္ဌိ တည်းဟူသော (၁) တရားခံ (၂) တရားခံ တွေကိုလဲ ပေါ်လွင် ထင်ရှားအောင် ဖေါ်ပြ လိုက်တဲ့ ပါဠိတော် ဖြစ်ပါတယ်။ ယင်း ပါဠိတော်၏ ဆိုလိုရင်း ဖြစ်တဲ့ သဘော သဘာဝကို ရှင်းရှင်းနဲ့ ဘွင်းဘွင်းကြီး ပြောလိုက် ရမယ်ဆိုလျှင်၊ မှောင် အဝိဇ္ဇာ၊ ပယ်ခွါ ကင်းပျောက်၊ ဝိဇ္ဇာဉာဏ် အလင်းသို့ ရောက်ခဲ့လျှင်၊ ပရမတ္ထ အားဖြင့် အဟုတ်မရှိ၊ တကယ်မရှိတဲ့၊ အတ္တကြီး ကိုယ်ကြီးဟာ၊ အဟုတ်မရှိ တကယ် မရှိအောင် မြင်ရ လိမ့်မယ်၊ အဟုတ်မရှိ၊ တကယ် မရှိအောင်၊ မြင်ခဲ့လို့ ရှိလျှင် (၂) တရားခံ ဖြစ်တဲ့ 'ဒိဋ္ဌိ' ကလဲ၊ အတ္တကြီး ကိုယ်ကြီးဟု၊ ထင်မြင် စွဲလမ်း စရာ မရှိ၍၊ မထင် မမြင် မစွဲလမ်း တော့ဘူး။ 'တဏှာ' ကလဲ၊ သာယာ နှစ်သက်စရာ၊ အတ္တကြီး ကိုယ်ကြီးကို၊ မတွေ့ မမြင် ရတော့ သဖြင့် မသာယာ မနှစ်သက်တော့ဘူး။ 'မာန' ကလဲ၊ ငါ၊ ငါဟု လက်မ ထောင်စရာ၊ အတ္တကြီး ကိုယ်ကြီး ရှာမတွေ့ တော့၍၊ လက်မ မထောင် တော့ဘူး။ အဲဒီ သဘော တရားနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ၊ ဒုက္ခ အဆုံးသို့ ရောက်ပြီလို့၊ ရာဟုလ ရဟန်းအား ဟောတော်မူတဲ့ ပါဠိတော် ဖြစ်ပါတယ်။

## "ရော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ"

ပရမတ္ထ သစ္စာ အားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့၊ ရုပ် နာမ် နှစ်ပါး၊ ခါပါ လေးပါးကို၊ အဟုတ်ရှိ တကယ်ရှိဟု မသိမြင် ကြသဲ၊ သမုတိ သစ္စာ အားဖြင့်သာ၊ အဟုတ်ရှိ တကယ်ရှိတဲ့၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အစရှိသော၊ ပညတ် နိမိတ်ကို၊ တဘက်သတ် အနေအားဖြင့်၊ အဟုတ်ရှိ တကယ် ရှိဟု ထင်မြင် နေခဲ့လို့ ရှိရင်၊ ( ရော့ လွန်းသောကြောင့် မိစ္ဆာလို့ ဆို

ရပါတယ်) ဘာဖြစ်လို့ ပိစ္စာလို့ ဆိုရသလဲ။ သက္ကာယ ဒိဋ္ဌိမ ချုပ်ငြိမ်း၍၊ နိဗ္ဗာန်သို့ မရောက် နိုင်သောကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့် ပညတ် အရှိကိုလဲ၊ ပညတ် အဖြစ်နှင့် မြင်အောင် ကြည့်ရမယ်။ ပရမတ် အရှိကိုလဲ၊ ပရမတ် အရှိနှင့် မြင် အောင် ကြည့်ရမယ်၊ ဒွေး ရောယှက်တင် မဖြစ်စေရ။

"ပရမတ္ထ သစ္စာ အားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတာက၊ ရုပ် နာမ် နှစ်ပါး ဓါတ်လေးပါးပါဘဲ ရှိပါတယ်။ ယောကျ်ားလဲ၊ ရုပ် နာမ် နှစ်ပါး ဓါတ် လေးပါးဘဲ၊ မိန်းမလဲ ရုပ်နာမ် နှစ်ပါး ဓါတ် လေးပါးပါဘဲ " ဆိုပြီး သကာလ၊ မာတုကာမ များလို၊ ထင် သလို ပြုလုပ် ကျင့်ကြံ ကြမယ်ဆိုရင်၊ ရဟန်းပုဂ္ဂိုလ် ဖြစ်က၊ ပါ ရာဇိက ကျပြီး၊ အပါယ် လားရလိမ့်မယ်။ လူပုဂ္ဂိုလ် ဖြစ်က၊ ကာ မေသု မိစ္ဆာ စာရ ပရဒါရကံထိုက်ပြီး၊ အပါယ် လားရလိမ့်မယ်။ အဲဒါကြောင့်၊ ပရမတ်အားဖြင့်၊ တဘက်သတ် အမြင် သန်လွန်း နေပြန် လျှင်လဲ၊ (သာ လွန်း သောကြောင့် ဒိဋ္ဌိ) လို့ ဆိုတယ်၊ (မရော့ မတင်း စောင်းကြိုး ညှင်းသို့) ဆိုသည့် အတိုင်း၊ မဇ္ဈိမ ပဋိပဒါ အလယ်အလတ် လမ်းစဉ်ကိုလဲ၊ ရောက်ကြ ရလေအောင် ပါဠိ တော်ရဲ့ လုပ်ငန်းစဉ် သဘာဝလဲ ပေါ်လွင် ထင်ရှား လေ အောင် ဆိုပြီး၊ ဗုဒ္ဓ ဝါဒ လမ်းနှစ်သွယ်ကို၊ အကျယ် ဝေဖန် ပြ လိုက်ခြင်း ဖြစ်ပါတယ်။

## "ဓါတ် ပေါက်အောင် ပွားများ အားထုတ် ရမဲ့ လမ်းစဉ်ကို ရှင်းလင်း ပေါ်ပြခြင်း"

ဓါတ် ပေါက် လိုကြတဲ့၊ ယောဂီ များအတွက်၊ ဓါတ် ပေါက် အောင် ပွားများ အားထုတ် လုပ်ပုံ လုပ်နည်း တွေကို၊ နောက်က

ပြခဲ့တဲ့ ပါဠိ တော်အတိုင်း၊ တသွေမတိမ်း၊ လိုက်နာကျင့်သုံး ကြဘို့၊ လမ်းစဉ်ကို ခင်းပြီး ပြလိုက် ပါတော့မယ်။

အလုပ် ကိစ္စတို့ မည်သည်မှာ၊ မည်သည့် အလုပ် ကိစ္စ မဆို၊ မှန်ကန်သော မူကို၊ ရှေးဦးစွာ ချမှတ်ပြီးမှ၊ မှန်ကန်သော လမ်းစဉ်ကို လိုက်နာ ကျင့်သုံးပြီး၊ အလုပ်ကို လုပ်ကြရ ပါလိမ့်မယ်၊ သမထ ဝိပဿနာ အလုပ် ကိစ္စနှင့် ပတ်သက်၍၊ မူအားဖြင့် ချမှတ်လိုက်မယ် ဆိုလျှင် ( သီလ သာသနာ၊ သမာဓိ သာသနာ၊ ပညာ သာသနာ ) ဟူ၍ ၎င်း၊ ( သီလ သိက္ခာ၊ သမာဓိ သိက္ခာ၊ ပညာ သိက္ခာ)ဟူ၍၎င်း၊ (သီလ မဂ္ဂင်၊ သမာဓိ မဂ္ဂင်၊ ပညာ မဂ္ဂင်) ဟူ၍ ၎င်း၊ သုံးမျိုး သုံးစား ရှိကြ ရာဝယ်၊ သဘော အားဖြင့် ကတော့၊ တထပ်တည်း တသဘော တည်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့် မဂ္ဂင် ရှစ်ပါး ကိုဘဲ၊ မူအားဖြင့် ချမှတ် လိုက်ပါတယ်။

အဲဒီ မဂ္ဂင် ရှစ်ပါး မှာလဲ၊ လောကီ မဂ္ဂင် လောကုတ္တရာ မဂ္ဂင် အားဖြင့် နှစ်ပါး ရှိကြောင်းကိုလဲ၊ ကြိုတင် သိရှိ ထားကြဘို့ရာ၊ အင်မတန်မှ အရေး ကြီးပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့၊ မဂ်မဂ်ဆိုပြီး၊ လောကီ မဂ္ဂင်နှင့် အရိယာတွေ ဖြစ်နေကြတာတွေကို၊ များစွာ တွေ့နေ ရသောကြောင့်ဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဘုရား ကိုယ်တော် မြတ်ကြီးက အောက်ပါ အတိုင်း လောကီ မဂ်နှင့် လောကုတ္တရာ မဂ်ကို ခွဲခြား၍၊ ဟောကြားတော် မူလိုက် ပါတယ်။

## " လောကီ မဂ္ဂင်နှင့် လောကုတ္တရာ မဂ္ဂင်ကို ရှင်းလင်း ဖော်ပြခြင်း "

သမ္မာ ဒိဋ္ဌိ ပါဟံ ဘိက္ခဝေ ဒွယံ ဝဒါမိ
အတ္ထိ ဘိက္ခဝေ သမ္မာ ဒိဋ္ဌိ သာ သဝါ ပုည
ဘာဂိယာ ဥပဓိ ဝေ ပက္ကာ။ ။
အတ္ထိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ အရိယာ အ
နာသဝါ လောကုတ္တရာ မဂ္ဂင်္ဂါ။ ။

ချစ်သားတို့၊ ငါဘုရားသည်၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ကိုလဲ နှစ်ပါးရှိ၏ ဟူ၍ ဟောကြားခဲ့တယ်၊ ချစ်သားတို့ အာသဝေါ တရားနှင့် တကွ ဖြစ်သော၊ ဝါ၊ အာသဝေါ တရား၏ အာရုံ ဖြစ်သော၊ ပုညာဘိ သင်္ခါရတွင် ပါဝင်သော၊ ခန္ဓာ ငါးပါး တည်းဟူသော။ ဥပဓိ အကျိုးကို ဖြစ်စေတတ်သော။ လောကီ သမ္မာဒိဋ္ဌိ မဂ္ဂင် သည်လည်း ရှိ၏။

ချစ်သားတို့၊ ဖြူစင် သန့်ရှင်းသော။ အာသဝေါ ကင်းသော။ ဝါ။ အာသဝေါ တရား၏ အာရုံ မဟုတ်သော။ လောကုတ္တရာ သမ္မာဒိဋ္ဌိ မဂ္ဂင်သည်လည်း ရှိ၏။

ကျန်ရှိတဲ့ မဂ္ဂင် များကိုလည်း၊ ဤနည်းကို မှီး၍၊ အားလုံး ကြိုတင်ပြီး သိရှိထားကြဘို့ရန်၊ တိုက်တွန်း လိုက်ခြင်း ဖြစ်ပါတယ်။

## " သမထ လုပ်ငန်းစဉ်ကို ရှင်းလင်း ဖော်ပြခြင်း "

အဲဒီ သီလမဂ္ဂင်၊ သမာဓိ မဂ္ဂင်၊ ပညာ မဂ္ဂင် သုံးပါးကို၊ မှူ အားဖြင့် ချမှတ် ပြီးတော့၊ ရက်သတ္တတပတ် ဖြစ်စေ၊ နှစ်ပတ် ဖြစ်

စေ၊ သုံးပတ် ဖြစ်စေ၊ မိမိတို့ စိတ်ထက် သန်သလောက်၊ အလုပ် လုပ်မဲ့ ရက်ကို ပိုင်းဖြတ်ပြီး၊ အဓိဋ္ဌာန် ပြုရပါလိမ့်မယ်။ အနည်းဆုံး ရက် သတ္တတပတ်ထက် မနည်း အဓိဋ္ဌာန် ပြုရမယ်။ နောက်ပြီးတော့မှ သီလ မဂ္ဂင်ကို ကျင့်သုံး ဆောက်တည် ပြီးလျှင်၊ သမာဓိ မဂ္ဂင်ကို အလုပ် လုပ်ရပါလိမ့်မယ်။ သမာဓိ မဂ္ဂင် ဆိုတာဟာ သမထဘဲ ဖြစ်ပါတယ်။ ဝိပဿနာ မဟုတ် သေးပါဘူး။ အဲဒီ သမထ အလုပ်ဟာလဲ၊ ဘယ်သမထကိုသာ လုပ်ရ မယ်လို့၊ ပုံသေ ကားချ၊ ဆုံးဖြတ် ထားလို့ ရတဲ့ အလုပ် မဟုတ်ပါဘူး။ ယောဂီတို့ရဲ့ အလို အကြိုက် စရိုက်နှင့် လျော်တဲ့ သမထဟာ၊ ထိုယောဂီ များအတွက် အကောင်းဆုံးဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့် မိမိတို့ ကြိုက်နှစ်သက်ရာ သမထကိုဘဲ လုပ်ကြပါလို့ တိုက်တွန်း လိုက်ပါတယ်။

သို့သော်လည်း၊ ယခု ခေတ်မှာ အများ ကျင့်သုံး နေကြတဲ့၊ အဿာသ ပဿာသ သမထကိုဘဲ၊ မူတခု အနေအားဖြင့် တင်ပြခဲ့ပါမယ်။ အဲဒီအဿာသ ပဿာသဟာ၊ အနိစ္စ ဒုက္ခ အနတ္တအားဖြင့်၊ ပဿာသလက္ခဏာရေးသုံးပါးမတင်ဘဲ၊ ထွက်လေဝင်လေထိမှုသိမှုလောက်သာ နှစ်လုံးသွင်း၍၊ ရှုပွားခြင်းသည်။ သမထလို့ ခေါ်ပါတယ်၊ လက္ခဏာရေး သုံးပါး တင်၍၊ ရှုပွားခြင်းသည်၊ ဝိပဿနာလို့ ခေါ်ပါတယ်။ အဲဒီလို သမထနဲ့ ဝိပဿနာကိုလဲ ခွဲခြားပြီး သိရှိ ထားကြဘို့ လိုတယ်။ လိုကြောင်းကို၊ နောက်စကား အလျဉ်း သင့်တဲ့ နေရာကြမှ၊ ရှင်းလင်း ဖော်ပြ ခဲ့ပါမယ်။

အဿာသ ပဿာသ သမထ အလုပ် ဆိုတာဟာ၊ နှာသီး ဖျားကနေပြီးတော့။ ထွက်လေ ဝင်လေ ထိမှု သိမှုကိုသာ၊ အာရုံ

စူးစိုက်ပြီး၊ သတိ မလစ် ရအောင် ရှုပွားခြင်းဘဲ ဖြစ်ပါတယ်။ ထွက်လေ ဝင်လေကို ရှုရိုက်တဲ့ အခါမှာလဲ၊ ပြင်းပြင်း ထန်ထန် ကြီး မရှုမရိုက်ရဘူး။ နဂိုရ် ပကတိ၊ မိမိ ရှုရိုက် နေကျ အတိုင်း မစွဲမ ပင့်ပဒါ အလယ် အလတ် လမ်းစဉ် ကျအောင် လိုက်နာ ကျင့်သုံး ကြရပါမယ်။ နာ ကျင် ကိုက် ခဲ ညောင်းညာ တောင့်တင်း ပူအေး မှုတွေကို၊ လုံးဝ ဂရုမစိုက်ရဘူး။ ဘာဖြစ် လို့လဲ ဆိုတော့၊ အဲဒီ သဘောတရားများဟာ၊ သမထ အလုပ် ကို လုပ်ခါစ၊ သမာဓိ မရခင် အခိုက်အတန့်မှာ၊ လူတိုင်း လူတိုင်း တွေ့ရှိ ခံစား နေကြရတဲ့၊ ဝေဒယိတ ဒုက္ခတွေ ဖြစ်ပါတယ်။ သမထအလုပ် ဝိပဿနာ အလုပ်ကို မလုပ်ဘဲ၊ အခြား ဗာဟိရ အလုပ်ကို လုပ်သည် ဖြစ်စေ၊ မလုပ်ဘဲ အလကား ထိုင်အိပ် နေ တဲ့အခါမှာ ဖြစ်စေ၊ အဲဒီ ဝေဒယိတ ဒုက္ခ သဘောတရား တွေဟာ၊ ကလေး သူငယ်ကအစ၊ လူတိုင်း လူတိုင်း တွေ့ကြုံခံ စား သိရှိနေကြရတဲ့ သဘောတရားတွေ ဖြစ်ပါတယ်။ စင်စစ်က ဝေဒနာ နုပဿနာ သတိပဋ္ဌာန် လမ်းစဉ်ကို၊ မှီတည်ပြီး လုပ် တဲ့ အလုပ် မဟုတ်ပါဘူး။ ကာယကတာ သတိပဋ္ဌာန် လမ်းစဉ် ကို မှီတည်ပြီး လုပ်တဲ့ အလုပ် ဖြစ်၍၊ ထွက်သိ ဝင်သိ တည်း ဟူသော၊ သတိ ကြိုးနှင့် ထွက်လေ ဝင်လေ တည်းဟူသော၊ ပညတ် နိမိတ်ကို၊ မြဲနေအောင်၊ ချီနှောင် နေရတဲ့ အလုပ်ဘဲ ဖြစ်ပါတယ်။

အဲဒီလို၊ မဟုတ်ပါဘဲနဲ့၊ ပေါ်ရာခါတ်ကိုရှု၊ ပေါ်ရာခါတ် ကိုရှု ဆိုပြီးတော့၊ ခံစားဆဲ၊ အခိုက် အတန့်မျှသာ၊ တွေ့ကြုံရ၊ သိရှိ လိုက်ရတဲ့၊ ဝေဒယိတ ဒုက္ခတွေကို၊ အဆုံး လိုက်နေကြ မယ်ဆိုလျှင်၊ ဗျာပါဒ နီဝရဏ တရားတွေ မပွား ပွားအောင်

လုပ်နေတာ ဖြစ်ခြင်းကြောင့်( ပဓာန )ဆိုတဲ့ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှု မဖြစ်စေနိုင်။ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု မဖြစ်က၊ ( ပယောဂ ) ဆိုတဲ့ တည်ကြည်မှု သမာဓိ မဂ္ဂင် ကိစ္စကိုလဲ မပြီးစေနိုင်၊ တည်ကြည်မှု သမာဓိ တရား မရှိက၊ (ဝိသေသ) ဆိုတဲ့၊ ပညာ မဂ္ဂင်ကိစ္စကိုလဲ မပြီးစေနိုင်။ အဲဒါကြောင့်၊ သမထ အလုပ်ကို လုပ်ကြတဲ့၊ ယောဂီ များအား အထူး သတိ ပေးလိုက် ချင်တာကတော့၊ ( ပဓါန ပယောဂ ဝိသေသ ) ဖြစ်ကြ ရလေအောင်၊ မည်သည့် နိဝရဏ တရား၊ အာရုံထဲကိုမှ မိမိ စိတ်ကို မကျ ရောက်စေဘဲ၊ သတိကို မလစ်စေမူ၍၊ ထွက်လေကို လွှတ်ပါ၊ သတိကို မလစ်စေမူ၍၊ ဝင်လေကိုရှူပါလို့ သတိ ပေးလိုက်ရခြင်း ဖြစ်ပါတယ်။

ဒါဖြင့်ရင်၊ အဲဒီလို ဘယ်လောက် ကြာအောင် အလုပ်ကို လုပ်ရ မှာလဲ ဆိုတော့၊ ရက်သတ္တတပတ် မျှသာ၊ အဓိဋ္ဌာန် ဝင်ထားတဲ့၊ ယောဂီ ဆိုလျှင်၊ သမထ သုံးရက်၊ ဝိပဿနာ လေးရက် လုပ်ရပါမယ်။ အလုပ်ကို လုပ်တဲ့အခါမှာလဲ၊ သုံးနာရီ၊ လေးနာရီ ကြာအောင်၊ တောက်လျှောက် ဆက်တိုက်ကြီး မလုပ်မူ၍၊ ကျန်းမာရေးနှင့် ညီညွတ် အောင်၊ တနာရီ တခါထိုင်၊ တနာရီ တခါထ၊ တနေ့နှင့် တညဉ့်ကို (၈) နာရီထက် မနည်း အချိန် ယူ၍၊ အလုပ်ကို လုပ်ပါ။ ဓမ္မ မိတ်ဆွေများနှင့် တရား နှီးနှောခြင်း၊ တရား ဆွေးနွေး မေးမြန်းခြင်း၊ တရားနာခြင်းမှ တပါး၊ အခြား ပုဂ္ဂိုလ် များနှင့် ဟေးလား ဝါးလား၊ တောစကား တောင်စကားတွေ မပြောပါနှင့်၊ အလုပ်ခွင် ကျတော့၊ အဲဒီ အာရုံတွေက အနှောင့် အယှက် ပေးနေ တတ်တယ်။ အဲဒါကြောင့် လူမနီး သူမနီး၊ လူသံမကြား သူသံမကြားရတဲ့ ( ဝိဝေက ) ဆိတ်ငြိမ်ရာ

အရပ်သို့ ကပ်ပြီး၊ အမိ ဌာန် ဝင်၍ အလုပ် လုပ် ခြင်းဟာ အကောင်းဆုံး ဖြစ်ပါတယ်။

အဲဒီလို၊ သမထ အလုပ်ကို သုံးရက် လုပ်ရမယ်လို့ သတ်မှတ်ပေး လိုက်တော့၊ သမထ အလုပ်ကို၊ ငါတွေ့ မတွေ့ဘူး သေးတဲ့၊ စာတွေ့ ယောဂီ များက၊ " သမထ အလုပ်ဟာ သုံးရက် ထဲနဲ့ အလုပ် လုပ်လို့တော့၊ သမာဓိ ရမှုကိစ္စ ဘယ်နည်းနဲ့မှ မပြီး စေနိုင် ပါဘူး " လို့၊ အဲဒီလို ပြောချင်လဲ ပြောကြ ပါလိမ့်မယ်။ ပြောမယ်ဆိုရင် ပြောစရာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ( တိမ်မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ ခက် ) ဆိုဘိ သကဲ့သို့၊ သမထ အလုပ်ဟာ လွယ်မယောင် ယောင်နဲ့၊ အင်မတန်မှ ခက်တဲ့ အလုပ် ဖြစ်ပါတယ်။ တိမ်မယောင် ယောင်နှင့်လဲ၊ အင်မတန်မှ နက်နဲတဲ့ သဘောတရား ဖြစ်ပါတယ်။ ပါဠိတော်မှာ ညွှန်ပြထားတဲ့ လမ်းစဉ်တွေကလဲ၊ လမ်းပြောင်း လမ်းလွှဲ လမ်းခွဲ တွေနှင့်တကွ။ လမ်းကွေ့ လမ်းကောက်တွေ၊ အနိမ့်အမြင့် အတက်အဆင်း တွေနှင့်တကွ၊ စတုတ္ထစျာန် အပ္ပနာ သမာဓိ ကိစ္စ ပြီးသည့် တိုင်အောင်၊ အင်မတန်မှ ကျယ်ကျယ် ပြန့်ပြန့်ကြီး ပြထားပါတယ်။ လမ်းပြောင်း လမ်းလွှဲ လမ်းခွဲ တွေဆိုတာက အခြား မဟုတ်ပါဘူး၊ အောက်ပါ အတိုင်းဘဲ ဖြစ်ပါတယ်။

(၁) ထွက်လေ ဝင်လေကို၊ သတိ မြဲနေအောင် လုပ်ရတာက၊ ပထမလမ်း။

(၂) သတိ မြဲလို့ရှိလျှင်၊ ထွက်လေ ဝင်လေ ရှည်လျှင် ရှည်တယ်၊ တိုလျှင် တိုတယ်ဟု၊ သတိ မြဲအောင် လုပ်နေရတာက ဒုတိယလမ်း။

(၃) သတိ မြဲလို့ ရှိလျှင်၊ ထွက်လေကို၊ ချက်တိုင်က စ၍ နှလုံးအိမ်ကို အလယ် နှာသီးဖျားကို အဆုံး။ ဝင်လေကို၊ နှာသီး ဖျားက အစ နှလုံးအိမ်ကို အလယ် ချက်တိုင်ကို အဆုံးဟု၊ အဲဒီလို အစ အလယ် အဆုံး သုံးပါးလုံးကို၊ သတိမြဲအောင် လုပ်နေရတာက၊ တတိယလမ်း။

(၄) သတိ မြဲလို့ ရှိလျှင်၊ ကြမ်းတမ်းတဲ့ ထွက်လေ ဝင်လေဟာ တဖြေးဖြေး သိမ်မွေ့ နူးညံ့ ပျောက်ကွယ် ချုပ်ငြိမ်း သွားအောင် လုပ်နေရတာက စတုတ္ထလမ်း ဖြစ်ပါတယ်။

သမထ အလုပ်ဆိုတာဟာ ပညတ်နိမိတ်ကိုဘဲ၊ အဓိက ပဓါနထား၍၊ အလုပ် လုပ်ရသဖြင့်

(၁) ပရိကမ္မ နိမိတ်

(၂) ဥဂ္ဂဟ နိမိတ်

(၃) ပဋိဘာဂ နိမိတ်အားဖြင့် သုံးမျိုး သုံးစား ရှိပြန်ပါတယ်။ သမာဓိ ကတော့၊ ပရိကမ္မ နိမိတ်မှာ သတိမြဲခိုက်၊ ပရိကမ္မ ဘာဝနာ သမာဓိ ဖြစ်တယ်။ ဥဂ္ဂဟ နိမိတ်မှာ သတိ မြဲခိုက်၊ ဥဂ္ဂဟ ဘာဝနာ သမာဓိ ဖြစ်တယ်။ ပဋိဘာဂ နိမိတ်မှာ သတိမြဲခိုက် ပဋိဘာဂ ဘာဝနာ သမာဓိ ဖြစ်တယ်။ အဲဒီ သမာဓိ တရားသုံးပါးဟာ၊ သမထ နိမိတ်နှင့်သာ ဆက်စပ်၍ ပြောလိုက်တဲ့ သမာဓိ တရားများ ဖြစ်ပါတယ်။

အဲဒီ နိမိတ် သုံးပါးဟာ၊ ထွက်လေ ဝင်လေ တည်းဟူသော၊ ပရိကမ္မ နိမိတ်ဆိုတဲ့ ပထမ နိမိတ်ကတော့၊ ယောဂီတိုင်း ယောဂီတိုင်းမှာ၊ နဂိုက ပေါ်လွင် ထင်ရှား ပြီးဖြစ်၍ သတိ တည်းဟူ

သော ကြိုးနှင့် မိအောင် ဖမ်းပြီး မြဲအောင် ချည်ထားဖို့ရန် လွယ်ပါတယ်။ ဒုတိယဖြစ်တဲ့ ဥဂ္ဂဟနိမိတ်ကြတော့ နဂိုရ်က ပေါ်လွင်ထင်ရှား ရှိနေသော နိမိတ် မဟုတ်သည့် အတွက်၊ ပေါ်လာအောင်ကိုဘဲ ဘယ်လို လုပ်ရမှန်းမသိဘဲ၊ အခက်ကြီး ခက်နေကြပေလိမ့်မယ်။ ပေါ်အောင် ဆိုပြီးတော့ လုပ်နေပြန်ရင်လည်း၊ ပေါ်စေချင်တဲ့ နိဝရဏ တရားက၊ ကန့်လန့် ခံနေ ပြန်သဖြင့်၊ ဘယ်တော့မှ မပေါ်နိုင်ပြန်ဘူး။ ပေါ်သည်ဖြစ်စေ၊ မပေါ်သည်ဖြစ်စေ၊ ပေါ်တာ မပေါ်တာ ပဓါန မဟုတ်ပါဘူးဟု၊ မိမိစိတ်ကို မလျှော့ မတင်း လုပ်၍၊ ပေါ်လာ ပြန်လျှင်လည်း၊ သာယာနှစ်သက်တဲ့ စိတ်ကလေး ဖြစ်ပေါ် လိုက်တာနဲ့ တပြိုင်နက်ပျောက်ကွယ် ပြေးတော့တာဘဲ။ အဲဒီလို ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက် ဖြစ်နေတာကိုပင်၊ ဥဂ္ဂဟ နိမိတ်လို့ ခေါ်တယ် အဲဒီ ဥဂ္ဂဟ နိမိတ်ကိုလည်း၊ ပရိကမ္မ ဘာဝနာ သမာဓိ ရပြီးသူ ယောဂီမှသာ ရနိုင်ပါတယ်။

ပဋိဘာဂ နိမိတ် ဆိုတာကတော့ -

ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ
ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ
ပထမ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ။

ဟူ၍၊ အင်္ဂုတ္တရ ပါဠိတော် လာသည့်အတိုင်း အာရုံငါးပါး၊ ကာမဂုဏ် တရားနှင့်တကွ၊ အကုသိုလ် တရားတို့ကို၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ချုပ်ငြိမ်းသွားအောင် သိမ္မတရား မြဲလာတဲ့ အခါကျတော့၊ ပေါ်လာလိုက် ပျောက်ကွယ် သွားလိုက် ဖြစ်နေတဲ့၊ ဥဂ္ဂဟ နိမိတ်ဟာ မပျောက် မကွယ်တော့ဘူး။ မိမိရဲ့ သတိတရားဟာ၊လဲ အဲဒီ နိမိတ် အပေါ်မှာဘဲ ရောက်နေ လိမ့်မယ်။ ထွက်

လေ ဝင်လေ အရှူ အရှိုက်ကိုလဲ သတိ မရတော့ဘူး။ နာကျင်ကိုက်ခဲ ညောင်းညာ တောင့်တင်း ပူအေး အစရှိတဲ့ ဝေဒယိတဒုက္ခ တွေကိုလဲ ဘာမှ သတိ မရတော့ဘူး။ ( ဝိတက် ဝိစာရ ပီတိ သုခ) ဆိုတဲ့ ဈာန့်ချမ်းသာကို၊ ခံစားနေရတာ တွေ့ရှိ နေရပေလိမ့်မယ်။ အဲဒီလို ပီတိသုခနှင့် တကွ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု ရနေခြင်းဟာ၊ နောက်က ပြောခဲ့တဲ့၊ (ပဓါနပယောဂ) ဖြစ်အောင် သုံးရက်မျှ မပျက် မကွက် အလုပ်ကို၊ လုပ်ခဲ့ခြင်းကြောင့် ရတဲ့အကျိုးတရားဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့် သမထကို သုံးရက် အလုပ် လုပ်ခဲ့လို့ ရှိလျှင်၊ ပဌမဈာန် အပ္ပနာသမာဓိ တိုင်အောင် ဆိုက်ရောက် နိုင်ကြောင်းကို ပြလို၍၊ ပါဠိတော်ဘောင်အတွင်းက နေပြီးတော့၊ ယောဂီများရဲ့ ကိုယ်တွေ့ကို တဆင့် ဖေါက်သည် ချလိုက်ရခြင်း ဖြစ်ပါတယ်။

## " ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ် "

သမထနိမိတ်နှင့် စပ်လျဉ်း၍၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်ဆိုတာ ဘယ်လို ဟာပါ လိမ့်မလဲလို့၊ ကိုယ်တွေ့ မကြုံဘူး သေးတဲ့ ယောဂီ များကတော့ ဒွိဟ သံသယ ဖြစ်ချင် ဖြစ်နေ ကြပေလိမ့်ဦးမယ်။ အဲဒီလိုမဖြစ်ရလေအောင် အနည်းငယ်လောက် ရှင်းပြလိုက်ပါဦးမယ်။ သမထနိမိတ်ဆိုတာဟာ၊ ပရိကမ္မနိမိတ်ဘဲ ဖြစ်ဖြစ်၊ ပဋိဘာဂ နိမိတ်ဘဲဖြစ်ဖြစ်၊ သမုတိသစ္စာနယ်က အဟုတ်ရှိ တကယ်ရှိတဲ့ ပညတ် တရားချည်းဘဲ ဖြစ်ပါတယ်။ အဲဒီ ပညတ် တရား ပညတ်နိမိတ်တွေဟာ ဘယ်၌ဘယ် မျှရှိတယ်လို့၊ အရေအတွက် အားဖြင့် ပိုင်းခြား သတ်မှတ် ထားလို့ ရတဲ့ သဘောတရားမျိုးလဲ မဟုတ်ပါဘူး။ ပုံသဏ္ဌာန် အနေ အထား အရွယ် အစား အရောင် အဆင်း စသည်အားဖြင့်၊ ပိုင်းခြား သတ်မှတ် ထားလို့

ရတဲ့ သဘော တရားမျိုးလဲ မဟုတ်ပါဘူး။ စင်စစ် ကတော့ ယောဂီတို့ရဲ့ အလိုအကြိုက် စရိုက် အားလျော်စွာ၊ နှစ်သက်စရာ သဘာ နိမိတ်ကို သော်၎င်း၊ ပုလဲသဏ္ဍာန်၊ ရွှေသဏ္ဍာန် စသောအား ဖြင့်၊ အစိမ်းရောင်၊အနီရောင်အဝါရောင်၊အပြာရောင်မှစ၍၊ပေါ် ချင်တဲ့ နိမိတ်တွေ၊ပေါ်တတ်ပါတယ်။ အဲဒီနေရာမှာ ယောဂီများ အထူး သတိ ရှိထားကြဘို့ကတော့၊ သမထ နိမိတ် ဆိုတာဟာ၊ ပရမတ္ထ အားဖြင့်၊ အဟုတ် တကယ်ရှိတဲ့ သဘောမျိုး မဟုတ်၊ ပညတ်အာရုံ နိမိတ်မျှသာ ဖြစ်၍၊ မိမိသိမ်းပိုက် မထားလိုသော၊ အနိဋ္ဌာရုံများ ပေါ်လာ ခဲ့လို့ရှိလျှင်၊ ချက်ခြင်း ဖြေဖျောက် ပြစ်လိုက်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ စိတ်မခိုင်၍ ထိတ်လန့် ကြောက်ရွံ့တဲ့၊ ယောဂီဆိုလျှင် ထိတ်လန့်ကြောက်ရွံ့ပြီး အလုပ် ကို ဆက်မလုပ်လိုတော့ဘဲ၊ နောက်ဆုတ် သွားတတ်လို့ မှာကြား ရခြင်း ဖြစ်ပါတယ်။ သို့သော်လည်း အင်မတန်မှ တွေ့ရခဲပါတယ်။ တွေ့ခဲ့လို့ ရှိလျှင်လည်း၊ ဘာမှဟုတ်တာ မဟုတ်သည့် အတွက်၊ ကြောက်ရွံ့ ထိတ်လန့်တဲ့ စိတ်မထားဘဲ၊ လက်မခံလိုက၊ ဣရိယာ ပုတ်ကို ဖျက်ပြစ်လိုက်ပါ။မဖျက်လိုကလဲ အပ္ပနာစျာန် တိုင်အောင် ထားနိုင်ပါတယ်။ အဲဒီလို ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတဲ့ နိမိတ်ကို၊ဥဂ္ဂဟနိမိတ်လို့ ဆိုပါတယ်။တစုံတခုသောနိမိတ် ပျောက် ကွယ် မသွားတော့ဘဲ (၁၅)မိနစ်၊ မိနစ်(၃၀)၊ တနာရီ စသည် အားဖြင့် တည်ရှိနေတာကို၊ ပဋိဘာဂ နိမိတ်လို့ ဆိုပါတယ်။

အဲဒီ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တို့ဟာ၊ ထွက်လေ ဝင်လေ အစရှိတဲ့ ပရိကမ္မ နိမိတ်များလို၊ နဂိုရ်မူလ ဘူတက၊ ယောဂီ၏ အသိ အမြင်မှာ သိမြင်နေရတဲ့ နိမိတ်မျိုး မဟုတ်ပါဘူး။ ပရိကမ္မ နိမိတ်တခုခုကို၊ အာရုံပြု၍၊ ရှုပွားခြင်းကြောင့် သတိမြဲ၍၊ သမာဓိ

ရမှသာ သိမြင်ရတဲ့ နိမိတ်မျိုး ဖြစ်ပါတယ်။ အဲဒီ ပရိကမ္မ နိမိတ်နှင့် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်တို့၏ ထူးခြားချက်ကို ဖေါ်ပြလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဈာန်တရားကို အလိုရှိသော ယောဂီသည်၊ ပဋိဘာဂနိမိတ် အပ္ပနာ သမာဓိ တည်သည့် တိုင်အောင် သမထအလုပ်ကို လုပ်ရပါမယ်။ မဂ်-ဖိုလ်နိဗ္ဗာန် အလိုရှိတဲ့ ယောဂီကတော့၊ မည်သည့် နိမိတ် မည်သည့် သမာဓိကမဆို၊ ထလိုတဲ့ အချိန် အခါမှာထ၍၊ ပညာမဂ္ဂင်ဆိုတဲ့ ဝိပဿနာ စခန်းသို့ တက်လှမ်း ကူးပြောင်းပြီး၊ အလုပ်လုပ်ရပါလိမ့်မယ်။အဲဒီလို "သမထမှ ဝိပဿနာသို့ တက်ရတယ်" ဆိုတဲ့ စကားကို၊ အချို့ သော ယောဂီ များက၊ သဘောမကျသဖြင့်၊ စောဒက တက်ကြပါသေးတယ်။ ဘယ်လို စောဒက တက်ကြသလဲဆိုတော့ "ဝိပဿနာဆိုတာဟာ အထူး တက်နေရတာမျိုး မဟုတ်ပါဘူး၊ သမထအလုပ်ကို လုပ်ထာနှင့် တပါတည်း၊ ထင်မြင်လာတဲ့ အလုပ်ပါ" လို့ အဲဒီလို ပြောကြ ဆိုကြပါတယ်။ အဲဒီတော့ သမထမှ ဝိပဿနာသို့ တက်ရတယ်။ မတက်ရဘူးဆိုတာကို၊ ယောဂီများ သဘောပေါက် နားရှင်းသွားအောင်၊ နဝင်္ဂုတ္တရ ပါဠိတော် စတုတ္ထဝဂ်၊ ပဥ္စမသုတ်မှာ ဟောကြားတော် မူတဲ့အတိုင်း၊ ပါဠိတွေ ရွတ်မနေတော့ဘဲ၊ မြန်မာ စကားပြေ သက်သက်ဖြင့်၊ အကျဉ်း ခြုံး၍၊ ယောဂီများ နားရှင်းအောင် ပြောပြ ခဲ့ပါမယ်။

## "သမထမှ ဝိပဿနာသို့ တက်ရပုံ"

ချစ်သားတို့၊ ငါဘုရား သာသနာတော်၌၊ သမထ အလုပ်ကို လုပ်တဲ့ ယောဂီ ရဟန်းဟာ၊ အာရုံငါးပါး ကာမဂုဏ် တရားနှင့်တကွ၊ အကုသိုလ် တရားများ၊ ဝိက္ခမ္ဘန ပဟာန်များ အားဖြင့် ဆိတ်သုဥ်း၍၊ ဝိတက် ဝိစာရ ပီတိ သုခ ဆိုတဲ့၊ နှစ်သက်မှု၊ ချမ်း

သာမူနှင့်တကွ ဖြစ်သော၊ ပထမစျာန်ကို ရရှိပါလိမ့်မယ်။ ထိုအခါ ထိုယောဂီဟာ ထိုစျာန်ချမ်းသာကို၊ တဏှာမာန ဒိဋ္ဌိ၏ အစွမ်းအားဖြင့်၊ နိစ္စ သုခ သုဘ အတ္တဟု ထင်မြင် စွဲလမ်း နေလိမ့်ဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ (၁)တရားခံ အဝိဇ္ဇာ မောဟရှိနေသောကြောင့်၊ (၂)တရားခံ တဏှာမာနဒိဋ္ဌိ သုံးဦးက စွဲလမ်းနှစ်သက် နေကြခြင်းဘဲ ဖြစ်တယ်။ အဲဒီ ချမ်းသာဟာ သမုတိ သစ္စာနယ်က၊ အဟုတ်ရှိ တကယ်ရှိတဲ့ ချမ်းသာကို၊ လောကီမဂ်နှင့် ရတဲ့ ချမ်းသာဘဲလို့ မှတ်ပါ။ လောကုတ္တရာ ချမ်းသာ အစစ် မဟုတ်သေးဘူး။

ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့ ချမ်းသာအစစ်ကို ရရှိ ကြရ လေအောင် ဘုရား ကိုယ်တော် မြတ်ကြီးက၊ ရှေ့တလှမ်း တိုးပြီး၊ ဘယ်လို ဟောကြားတော် မူပါသလဲ ဆိုတော့ “ ပထမစျာန် ချမ်းသာဟာ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့၊ ခန္ဓာ ငါးပါး အစု အဝေးမျှ ဖြစ်သောကြောင့်၊ မြဲသော နိစ္စ သဘောတရား မဟုတ်၊ မမြဲသော အနိစ္စ သဘောတရားဖြစ်၍၊ အနိစ္စ သညာ ထင်မြင်အောင် ရှုပွားရမယ်။ ဇာတိ ဇရာ မရဏ တရား နှိပ်စက် နေသောကြောင့်၊ သုခ မဟုတ် ဒုက္ခဖြစ်၍၊ ဒုက္ခသညာ ထင်မြင်အောင် ရှုပွားရမယ်။ နှစ်သက် စုံမက် မြတ်နိုးစရာ သုဘမဟုတ် အသုဘဖြစ်၍၊ အသုဘသညာ ထင်မြင်အောင် ရှုပွားရမယ်။ အမာခံ အနှစ်အသား မရှိသောကြောင့်၊ အနိစ္စသညာ ဒုက္ခသညာ အသုဘသညာ အနတ္တသညာ ထင်မြင်အောင် ရှုပွားရမယ်။ အဲဒီလို ရှုပွားခဲ့လို့ ရှိလျှင်၊ သမုတိ သစ္စာအားဖြင့် အဟုတ်ရှိ တကယ်ရှိတဲ့၊ စျာန်ချမ်းသာတွေကို၊ နိစ္စ သုခ သုဘ အတ္တလို့ စွဲလမ်း နှစ်သက်နေတဲ့ အစွဲ အလမ်း ကြီးဟာ၊

တခါထဲ ပျောက်ကွယ် ချုပ်ငြိမ်းပြီး သကာလ။ ပရမတ္ထ အားဖြင့် အဟုတ်ရှိ အကယ်ရှိတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့၊ ခန္ဓာ ငါးပါး၊ ရုပ်နာမ် တရားတွေဟာ၊ မျက်စေ့ တမှိတ်၊ လျှပ်တပြက်၊ တစက္ကန့် လောက် လေးမျှ၊ ရပ်နားခွင့် မပေးဘဲ၊ အမြဲဖြစ်ပျက်၊ အနိစ္စ ရောက်တာကို တွေ့မြင် နေရလိမ့်မယ်။ ဇာတိ ဇရာ မရဏ မီးတွေ လောင်မြိုက်နေလို့၊ အမြဲ ဒုက္ခရောက်နေတာကိုလဲ တွေ့မြင်ရလိမ့်မယ်။ သုဘဟူ၍ နှစ်သက်စုံမက် မြတ်နိုးစရာ၊ ပြာမှုန့်ကလေး လောက်တောင် ရှာမရတာ ကိုလဲ့ တွေ့ရလိမ့်မယ်။ အမာခံ အနှစ်သားဆို၍၊ ဘာတခုမှ ရှာရမတဲ့ အနတ္တသဘောကိုလဲ တွေ့မြင် ရလိမ့်မယ်။ အဲဒီလို အနုလောမ ဉာဏ်တိုင်အောင်၊ အနုပဿန ဉာဏ်တွေ ဒ ဆင့်ဆင့်နှင့် ပိုင်းပိုင်း ခြားခြား သိမြင်သွားတဲ့ ရဟန်းဟာ (အမတာယ စိတ္တံ ဥပသံဟရတိ) ဆိုသည့်အတိုင်း၊ မသေရာ ဖြစ်တဲ့ နိဗ္ဗာကို မျက်မှောက် ထင်ထင် စိတ်အာရုံ ရောက်ရှိ သွားတော့တာဘဲလို့ ဟောတော် မူတယ်။

အဲဒီ ပါဠိတော်ရဲ့ ဆိုလိုရင်း၊ အဓိပ္ပါယ်ကို၊ အကျဉ်းခြုံးပြီး ပြောရမယ်ဆိုလျှင်၊ သမထမှ ဝိပဿနာသို့ တက်၍၊ ရှုပွားခြင်းကြောင့် (၁) တရားခံ အဝိဇ္ဇာ မောဟ အနိစ္စ ရောက်သွားရှာတယ်။ အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့်၊ ဈာန သုခတွေ ဘာတခုမျှ ရှာကြံ၍ မရအောင်၊ အတ္တ ပျောက်၍၊ အနတ္တ ပေါက်ကုန်တယ်။ အနတ္တ ပေါက်ခြင်းကြောင့် နှစ်သက်စွဲလမ်းစရာ၊ အချင်းအရာ၊ သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင် အထည် အားဖြင့် ဘာတခုမျှ ရှာမရတော့သဖြင့် (၂) တရားခံဖြစ်တဲ့ တဏှာမာန ဒိဋ္ဌိတို့ကလဲ၊ မနှစ်သက် မစွဲလမ်းတော့ဘူး။ အဲဒီလို တဏှာမာန ဒိဋ္ဌိ အားဖြင့်၊ နှစ်သက်စွဲလမ်းမှု မဖြစ်ပေါ်လာ တော့ဘဲ၊

အမြဲ နိစ္စ ရှဝ ချုပ်ငြိမ်းနေတဲ့ သဘောတရားဟာ နိဗ္ဗာန်ဘဲ ဖြစ်ပါတယ်။

ပါဠိတော်မှာက (ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ) ဟူ၊ ဈာန်ချမ်းသာမှ ခန္ဓာငါးပါး ဖြစ်ပေါ်လာပုံကို ပြပါတယ်။ သို့သော်လည်း ယောဂီတိုင်း၊ ယောဂီတိုင်း ဈာန် ချမ်းသာမှ ခန္ဓာ ငါးပါး ဖြစ်ပေါ်လာပုံကို နှစ်လုံး သွင်းတတ်ချင်မှ သွင်းတတ်ကြ ပေလိမ့်မည်။ အဲဒါကြောင့် ယောဂီတိုင်း နှလုံး သွင်းတတ်ကြ လေအောင်၊ အနည်းငယ်လောက် ရှင်းပြလိုက်ပါ အုံးမယ်။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူ၍ ဈာန်အင်္ဂါ ငါးပါး ရှိရာဝယ် ပီတိက နှစ်သက် ဝမ်းမြောက်ခြင်း၊ ဝေဒနာ အားဖြင့်၊ သောမနဿ ဝေဒနာ၊ သုခက ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ဝေဒနာအားဖြင့်၊ သုခဝေဒနာ အဲဒီ သောမနဿ ဝေဒနာ၊ သုခဝေဒနာ များဟာ၊ မှီရာဝတ္ထုရုပ် မရှိဘဲနှင့် ဖြစ်ပေါ်လာနိုင်သော သဘောတရား မဟုတ်၊ မှီရာ ဝတ္ထုရုပ် ရှိမှသာ၊ ဖြစ်ပေါ် လာနိုင်သော သဘောတရား ဖြစ်ခြင်း ကြောင့်၊ သူ၏ မှီရာဝတ္ထု ရုပ်ကို ရှာလိုက်သော်၊ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့၊ မဟာဘုတ်၊ ဓါတ်ကြီးလေးပါး ရုပ်တရားရူပက္ခန္ဓာကိုတွေ့မယ်၊ အဲဒီ သဘောတရားကို (ရူပဂတံ) ဆိုတယ်၊ နှစ်သက်ဝမ်းမြောက်မှု၊ ချမ်းသာမှုကို ခံစားနေရတဲ့ ဝေဒနာက ဝေဒနာက္ခန္ဓာကိုတွေ့မယ်၊ (ဝေဒနာဂတံ) ခံစားမှုဝေဒနာကို လိုက်လိုက်မှတ်နေတာက၊ သညာ၊ သညာက္ခန္ဓာကို တွေ့မယ်၊ (သညာဂတံ) သဘောတရားတွေ ထင်ရှား ဖြစ်ပေါ် လာအောင်၊ နှိုးဆွ တိုက်တွန်း ပေးနေတာက၊ စေတနာအစရှိတဲ့၊ သင်္ခါရ-သင်္ခါရက္ခန္ဓာကို

တွေ့ရမယ်၊ (သင်္ခါရဂတံ)၊ ရုပ် ဝေဒနာ သညာ သင်္ခါရ အားလုံးကို သိသိလိုက်နေတာက ဝိညာဏ၊ ဝိညာဏက္ခန္ဓာကို တွေ့ရမယ်၊ (ဝိညာဂတံ) အဲဒီလို ပထမစျာန် ချမ်းသာမှ ဓါတ်လေးပါး ဖြစ်ပေါ်လာပုံ၊ ခန္ဓာ ငါးပါး ဖြစ်ပေါ်လာပုံ တွေ့ကိုလဲ နှလုံးသွင်းတတ်ကြဘို့ လိုတယ်၊ သို့မှသာလျှင်၊ သမထသမာဓိ မဂ္ဂင်ကနေပြီးတော့ ဝိပဿနာ ပညာ မဂ္ဂစခန်းသို့ တက်လှမ်း ကူးပြောင်းပြီး၊ အလုပ်ကို လုပ်သွား နိုင်ကြလိမ့်မယ်။

အဲဒီ ပါဠိတော်ဟာ သမထကနေပြီး ဝိပဿနာသို့ တက်၍၊ အထူးသဖြင့် အလုပ် လုပ်ရပုံကို ပြောဟောလိုက်တဲ့ ပါဠိတော်ဘဲ ဖြစ်ပါတယ်၊ သမထနှင့် ဝိပဿနာကို ခွဲခြားပြီး သိရှိ သွားကြ ရလေအောင်လဲ ပြောဟောလိုက်တဲ့ ပါဠိတော်ဖြစ်ပါတယ်၊ စျာန်ချမ်းသာနှင့် နိဗ္ဗာန် ချမ်းသာဟာလဲ၊ လားလားမှမတူ တမူထူးခြားပုံကိုပါ၊ ခွဲခြားပြီး ဟောတော်မူတဲ့ ပါဠိတော် ဖြစ်ပါတယ်၊ ဘယ်လိုထူးခြားသလဲဆိုတော့၊ စျာန်ချမ်းသာက ဝေဒယိတသုခ၊ ခံစားမှုရှိ၍၊ စျာန် ဝင်စားဆဲ အခိုက် အတန့် မှာသာ ဖြစ်ပေါ်ခံစားမှုရှိပြီး စျာန်မှ ထသည်နှင့်တပြိုင်နက်၊ ပျောက်ကွယ် ချုပ်ငြိမ်း သွားပါတယ်၊ နိဗ္ဗာန် ချမ်းသာကတော့၊ ဖြစ်ပေါ်မှုလဲမရှိ၊ ပျောက်ကွယ်မှုလဲမရှိ ခံစားမှုလဲမရှိ အစဉ်ချမ်းသာနေတဲ့ ချမ်းသာမျိုးဖြစ်ပါတယ်၊ အဲဒီလို သမထနှင့် ဝိပဿနာကို ကွဲကွဲ ပြားပြားခြားနားပြီး၊ သိရှိထားကြမှသာလျှင်၊ သမထမှဝိပဿနာသို့တက်၍ အလုပ် လုပ်သဖြင့်၊ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြပါလိမ့်မယ်။

သို့မဟုတ်ဘဲနှင့် "သမထ သည်ပင်လျှင် ဝိပဿနာ–ဝိပဿနာ သည်ပင်လျှင် သမထ" ဟု ထင်မှတ်ပြီး၊ ဒွေရောယှက်တင် အလုပ် လုပ်နေ ကြမည် ဆိုလျှင် တော့ ( ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂ

တာ) ဆိုတဲ့ ပထမစျာန်ချမ်းသာကို နိဗ္ဗာန် ချမ်းသာကြီး ထင်မှတ်ပြီး ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုနဲ့ လမ်းဆုံး နေကြလိမ့်မယ်။ အဲဒီလိုနဲ့ လမ်းဆုံးနေကြတဲ့ ယောဂီတွေကို၊ ဤကျမ်းစာရေးသားသူကိုယ်တိုင်၊ ဒိဋ္ဌမျက်မှောက် တွေ့ကြုံနေရတာတွေများလွန်းလို့၊ အဲဒီလို မဖြစ်ကြစေခြင်းငှာ အထူးသတိပေး နေရခြင်းဖြစ်ပါတယ်။

## (၉) သမထ ဝိပဿနာ အလုပ်မှာ သိသိကလေးနှင့် ကပ်ပြီး လွဲမှား နေတတ်ပုံ။

အဲဒီလို ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှု၊ ပီတိသုခ၊ခံစားမှုနှင့်တကွ ဖြစ်သော (ဝေဒယိတ)သုခ စျာန်ချမ်းသာကို နိဗ္ဗာန်ချမ်းသာဟု ထင်မှတ်နေကြတဲ့၊ယောဂီများရဲ့ အခြေခံသဘောကို ပြောရမယ်ဆိုလျှင်၊ ပရိကမ္မသမထပညတ်နိမိတ်ကို၊(ကာယဂတာသတိပဋ္ဌာန်)နှင့်၊သတိခိုင်မြဲအောင်ရှုပွါးခြင်းကိုပင်လျှင်၊ ဝိပဿနာ (ကာယနုပဿနာသတိပဋ္ဌာန်)ဟုထင်မှတ်နေကြသောကြောင့်ဘဲ ဖြစ်ပါတယ်၊ စင်စစ်ကတော့၊ "သတိပဋ္ဌာန်ချည့်ပါဘဲ" ဆိုပြီး ( ကာယဂတာ သတိပဋ္ဌာန် ) သမထနှင့် ( ကာယာ နုပဿနာ သတိပဋ္ဌာန်) ဝိပဿနာ နှစ်ပါး၏ သဘောတရားများကို ခွဲခြားပြီး မသိတတ်ကြလို့ဘဲ ဖြစ်ပါတယ်၊ (သတိပဋ္ဌာန်)ဆိုတဲ့ စကားဟာ ပါဠိစကား ဖြစ်ပါတယ်၊ မြန်မာစကားနဲ့ ပြောမယ်ဆိုလျှင် သတိပြဋ္ဌာန်းတဲ့ အလုပ်လို့ ဆိုလိုပါတယ်၊ သမထ အလုပ်မှာဘဲ ဖြစ်ဖြစ်၊ ဝိပဿနာ အလုပ်မှာဘဲ ဖြစ်ဖြစ်၊ သတိပြဋ္ဌာန်းပြီး လုပ်ရတဲ့ အလုပ်ချည့်ဘဲ ဖြစ်ပါတယ်။

( ကာယဂတာ သတိပဋ္ဌာန် ) ဆိုတဲ့ စကား၌ ကာယဆိုတာ

ဘယ်ကာယလဲ ဆိုတော့ ရူပကာယ၊ နာမကာယဘဲ ဖြစ်ပါတယ်၊ ရူပကာယဆိုတာ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဓါတ်လေးပါးဟာ ရူပကာယ ရူပက္ခန္ဓာဘဲ ဖြစ်ပါတယ်၊ နာမကာယဆိုတာက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမကာယ၊ နာမက္ခန္ဓာဘဲ ဖြစ်ပါတယ်၊ အဲဒီ ရူပကာယ၊ နာမကာယကို အစွဲပြု၍၊ ဖြစ်ပေါ်လာတဲ့ သမုတိသစ္စာနယ်က၊ ပညတ်နိတ်တွေ ပေါ်မှာ၊ သတိ ခိုင်မြဲ၍ သမာဓိ ရအောင် သတိပြဋ္ဌာန်းပြီး လုပ်ရတဲ့ အလုပ်ကို သမထလို့ ခေါ်တယ်၊ ကာယဂတာ သတိပဋ္ဌာန်လို့ လဲခေါ်တယ်၊ ( ကာယနုပဿနာ သတိပဋ္ဌာန် ) ဆိုတာကတော့ ယင်း ရူပကာယ နာမကာယ တွေကိုပင် ( ဃန ) အတုံး အတစ် အစိုင် အခဲ ကြီးတွေ၊ သဏ္ဍာန်နိမိတ် အရိပ်အယောင် အကောင် အထည်တွေဟု ထင်မှတ် စွဲလမ်းနေကြတယ်၊ အဲဒီလို ထင်မှတ် စွဲလမ်း နေကြတာဟာ၊ ဘယ်သူ တွေလဲ ဆိုတော့၊ နောက်က ပြောခဲ့တဲ့ အတိုင်း (၁) တရားခံ ရှိနေလို့ (၂) တရားခံတွေက၊ သာယာ နှစ်သက် စွဲလမ်းနေကြတယ်၊ အဲဒီ (၁) တရားခံ (၂) တရားခံတွေ ပျောက်ကွယ် ချုပ်ငြိမ်း သွားအောင် သတိကို ပြဋ္ဌာန်းပြီးတော့၊ အနိစ္စ နုပဿနာဉာဏ်၊ ဒုက္ခာ နုပဿနာဉာဏ် အနတ္တာ နုပဿနာဉာဏ်တွေ အဆင့်ဆင့် ထင်မြင် ပေါက်ရောက်၍၊ အတ္တ ပျောက်ခါ၊ ဓါတ်ပေါက်သည့် တိုင်အောင်၊ အလုပ် လုပ်ရသည့် ကိစ္စဟာ၊ ကာယာ နုပဿနာ သတိပဋ္ဌာန် ကိစ္စဘဲ ဖြစ်ပါတယ် ဝိပဿနာ ပညာမဂ္ဂင် ကိစ္စလဲ ဖြစ်ပါတယ်၊ အဲဒီ သဘောတရားများဟာ ( နဝင်္ဂုတ္တရ စတုတ္ထဝဂ် ပဉ္စမသုတ်) ပါဠိတော်နဲ့ တထပ်တည်း အံဝင် ဂွင်ကျဖြစ်အောင် ပြောလိုက်တဲ့ သဘောတရားဘဲ ဖြစ်ပါတယ်။

## (၁၀) ကာယဂတာ သတိပဋ္ဌာန်နှင့် ကာယာ နုပဿနာ သတိပဋ္ဌာန် နှစ်ပါး၏ အထူး။

ကာယဂတာ သတိပဋ္ဌာန် သမထ အလုပ်ကိစ္စနှင့်၊ ကာယာ နုပဿနာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ကိစ္စ နှစ်ပါးရဲ့ အထူးကို ဘယ်လိုမှတ်သား ရမလဲဆိုလျှင်၊ သမထ အလုပ်က ဖြစ်ပေါ်လာတဲ့၊ သမထ ပညတ်နိမိတ်ကို၊လက္ခဏာရေး သုံးပါးတင်၍၊ မရှုပွားရဘူး(ဥဂ္ဂဟနာ)နည်းနှင့် ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုတွေ ဟာလဲ ချမ်းသာသည်ထက် ချမ်းသာ လာအောင် ရှုပွားရပါတယ်၊ ဝိပဿနာ အလုပ်ကိစ္စ ကတော့ သဏ္ဌာန် နိမိတ်၊အရိပ် အယောင်၊ အကောင် အထည်၊ ပညတ် နိမိတ် ဟူသမျှ၊ ပျောက်ကွယ် ချုပ်ငြိမ်း သွားအောင် ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုဟူသမျှ ပျောက်ကွယ် ချုပ်ငြိမ်းသွားအောင် လက္ခဏာရေး သုံးပါးတင်၍၊ လုပ်ရတဲ့ အလုပ်ကိစ္စ ဖြစ်ပါတယ်၊ အဲဒီလိုအလုပ်ကိစ္စချင်း မတူကြ၍၊သိမြင်မှု ကိစ္စချင်းလဲ မတူကြခြင်းဟာ၊ အထူးဘဲလို့ မှတ်သား ထားကြ စေလိုပါတယ်။

## (၁၁) သမုတိသစ္စာနှင့် ပရမတ္ထ သစ္စာအထူး။

ဗုဒ္ဓဝါဒ လမ်းနှစ်သွယ်ဆိုတဲ့ သမုတိသစ္စာနှင့် ပရမတ္ထ သစ္စာ နှစ်ပါးဟာ၊ ဘယ်လိုများ ထူးခြားချက် ရှိသလဲဆိုတော့၊ သမုတိ သစ္စာအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့ ပညတ် သဘောတရားများကို၊ သမုတိ သစ္စာအနေနဲ့ အဟုတ်ရှိ တကယ်ရှိဟု သိမြင်ရခြင်းသည်၊ ကံ ငါးပါးကို လုံခြုံစေလိုသော ယောဂီအား၊ ကံငါးပါးကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက် နိုင်သောကြောင့်၊

(သီလသာသနာ) နှင့်လည်း၊ ပြည့်စုံနိုင်တယ်၊ (သီလသိက္ခာ) နှင့်လည်း ပြည့်နိုင်တယ်။

ပထဝီ အစရှိသော ရူပကာယကိုအစွဲပြု၍၊ ဖြစ်ပေါ်လာသော၊ ပထဝီကသိုဏ်း အစရှိသော၊ ပညတ်နိမိတ် အသုဘနိမိတ်၊ ပရိကမ္မနိမိတ်။ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ တွေကို၊သမုတိသစ္စာ ပညတ်အနေအားဖြင့်၊ အဟုတ်ရှိတကယ်ရှိအောင် သိမြင် ထင်ရှား ခဲ့လို့ရှိလျှင်၊ ( သမာဓိသာသနာ သမာဓိသိက္ခာ ) နှင့်လည်း ပြည့်စုံ နိုင်တယ်၊ (စျာန်ချမ်းသာ) ကိုလည်း ရရှိနိုင်တယ်၊ မဂ်ဖိုလ် နိဗ္ဗာန် ကိုတော့ မရနိုင်ဘူးဟူ၍ မှတ်ပါ။

ပရမတ္ထ သစ္စာကတော့ ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်မရှိတကယ်မရှိတဲ့၊ သဏ္ဌာန်နိမိတ်၊ အရိပ် အယောင်၊ အကောင်အထည်၊ ပညတ်နိမိတ်တွေ အကုန် ပျောက်ကွယ် ဆိတ်သုဉ်းပြီး၊ ပရမတ္ထ သဘာဝကြီယာ အမူအယာမျှ ဖြစ်ပျက်နေတဲ့၊ သဘောတရားများဟာ၊ ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့ သဘောတရားဘဲ ဖြစ်ပါတယ်။

အဲဒီလို ပရမတ္ထအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့၊ သဘောတရားကို၊ အဟုတ်မြင် တကယ်မြင်မှ၊ မဂ်ဖိုလ် နိဗ္ဗာန် ရောက်နိုင်တယ်၊ အဲဒီ သဘောတရား များဟာ၊ သမုတိသစ္စာနှင့် ပရမတ္ထ သစ္စာအထူးဘဲ ဖြစ်ပါတယ်။

အဲဒီလို သမထနှင့်၊ ဝိပဿနာအထူး၊ သမုတိသစ္စာနှင့်၊ ပရမတ္ထသစ္စာအထူးကို၊ ပိုင်းပိုင်း ခြားခြား၊ သိမြင် ထားကြလို့ ရှိလျှင်၊ ဝေဒနာအဆုံး လိုက်နေကြတဲ့ ယောဂီများဟာ၊ သန္တိသုခ နိဗ္ဗာန်မဟုတ်၊ ဒုက္ခသစ္စာသာ အမှန်ဖြစ်၍၊ ဒုက္ခအဆုံးသို့ မရောက်သေးကြောင်းကို ကောင်းကောင်း သိရှိနားလည် နိုင်ကြလိမ့်မည်၊ ဒါကို

ကောင်းကောင်း သိရှိနားလည် သွားအောင်၊ (နဝင်္ဂတ္တရ ပါဠိတော် ပထမဝဂ် တတိယသုတ်)မှာ ရှင်သာရိပုတ္တရာနှင့် ရှင်ဥဒါယီမထေရ်တို့ ပြောဆိုကြတဲ့ စကားကို ပါဠိ ပါဠိသား မပါဘဲ၊ မြန်မာစကားပြေ သက်သက်ဖြင့် ပြောပြ လိုက်ပါဦးမယ်။

## (၁၂) နိဗ္ဗာန် ချမ်းသာသည် ခံစားမှု ဝေဒယိတ သုခ မရှိကြောင်း။

အရှင်သာရိပုတ္တရာ မထေရ်သည်၊ ရဟန်းတို့ကို ခေါ်တော်မူ၍၊ "ငါ့အရှင်တို့ နိဗ္ဗာန်သည် အင်မတန်မှ ချမ်းသာတယ်၊ ချမ်းသာတယ်"ဟု ပြောပါတယ်၊ ထိုအခါ၊ ဥဒါယီမထေရ်က "ငါ့ရှင် သာရိပုတ္တရာ၊ နိဗ္ဗာန်ဟာ ခံစားမှု ဝေဒယိတသုခ မရှိပါဘဲလျက်၊ အဘယ်သို့ ချမ်းသာရပါသလဲ"ဟု မေးတယ်၊ ထိုအခါ၊ ရှင်သာရိ ပုတ္တရာက၊ "ငါ့ရှင် နိဗ္ဗာန်ချမ်းသာဟာ ခံစားမှု ဝေဒယိတသုခ မရှိခြင်းသည်ပင်လျှင်၊ ချမ်းသာတယ်" ဟုပြန်ပြီးပြောလိုက်ပါထယ်၊ အဲဒီလို ပြောဆိုပြီးနောက်၊ ဝေဒယိတ သုခဟာ၊ ချမ်းသာမဟုတ်၊ ဒုက္ခဖြစ်ကြောင်းကို ဘယ်လို ပြောပြန်သလဲ ဆိုတော့၊ " ငါ့ရှင် ဥဒါယီ၊ ဤသာသနာတော်မှာ ရှိတဲ့ ယောဂီရဟန်းဟာ၊ သမထကို လုပ်သဖြင့်၊ အာရုံငါးပါး၊ ကာမဂုဏ်တရားနှင့်တကွ၊ အကုသိုလ် တရားများ ဝိက္ခမ္ဘန ပဟာန်အားဖြင့်၊ ဆိတ်သုံး ခြင်းကြောင့်၊ (ဝါ) နာကျင်ကိုက်ခဲ၊ ညောင်းညာ တောင့်တင်း၊ ပူဇ အစရှိတဲ့ နီဝရဏ တရားတွေ ချုပ်ငြိမ်း သွားသောကြောင့်၊ (ဝါ) သမာဓိမဂ္ဂင် ပြည့်စုံ သင့်သလောက် ပြည့်စုံ၍၊ လာလေ သောကြောင့်၊ ကြံစည်ခြင်း စဉ်းစားခြင်းနှင့်တကွ ဖြစ်သော ပီတိသုခ၊ ပထမစျာန်ချမ်းသာကိုရ၏၊ ထိုယောဂီရဟန်း

သည်၊ ထိုပထမစျာန် ချမ်းသာကို ဝင်စားဆဲ အခိုက် အတန့်မှာ၊ ကာမ အမှတ်သညာဖြင့်၊ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု၊ အမှတ်သညာတွေ ဖြစ်ပေါ် နေလိမ့်မယ်၊ ထိုချမ်းသာမှု အမှတ်သညာတွေဟာ၊ ထိုယောဂီရဟန်းအား အင်မတန်မှ နာကျင်စေတယ်၊ ဥပမာ၊ လူ့ ချမ်းသာသည် ဒုက္ခစင်စစ်ဖြစ်အံ့၊ စျာန်ချမ်းသာဟာလဲ ဒုက္ခအစစ်ဖြစ်၍၊ (၀၁) ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုဟာလဲ ဒုက္ခ အစစ်ဖြစ်၍၊ အင်မတန်မှ နာကျင် ပါတယ်၊ ငါ့ရှင် ဥဒါယီ၊ အဲဒါကြောင့်၊ ဘုရား ကိုယ်တော် မြတ်ကြီးက (ယောခေါပန၊ အာဗာဓေါ ဒုက္ခမေတံ၊ ဝုတ္တံ ဘဂဝတာ) ဤသို့ နာကျင်ခြင်းကို ဆင်းရဲဟု ဟောတော်မူတယ်၊ ဒီသဘောတရားများကို ထောက်ဆသဖြင့်၊ နိဗ္ဗာန်ချမ်းသာသည်၊ ဝေဒယိတသုခ၊ ခံစားမှု မရှိ၊ ထိုမရှိခြင်း သည်ပင်လျှင် ချမ်းသာတယ်၊ ဟု "ရှင်သာရိပုတ္တရာက ရှင်းပြတော်မူလိုက်ပါတယ်။

ရှင်သာရိပုတ္တရာနှင့်ရှင်ဥဒါယီမထေရ်တို့ပြောဆိုကြတဲ့စကားကို ဆိုလိုရင်း ဖြစ်တဲ့ အနက် အဓိပ္ပါယ်ကို အကျဉ်းချုံးပြီး ပြောရမယ်ဆိုလျှင် "လူ့ချမ်းသာဟာ၊ ဝိပါကဝဋ္ဋ ခန္ဓာအစဉ် ဒုက္ခသစ္စာဖြစ်လေသောကြောင့်၊ အင်မတန်မှ နာကျင်သလို၊ ပထမစျာန်ရတဲ့ ယောဂီရဟန်းဟာလဲ၊ စျာန်ချမ်းသာခံစားမှု၊ ဝေဒယိတသုခဟာလဲ၊ ဝိပါကဝဋ္ဋ ခန္ဓာအစဉ်ပင် ဖြစ်လေသောကြောင့်၊ ဒုက္ခသစ္စာဖြစ်၍၊ အင်မတန်မှ နာကျင်ပါတယ်၊ (ဝိမုတ္တိ) ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကတော့၊ ရော ထိ သိ ဆိုတဲ့ ခံစားမှု လုံးဝ မရှိခြင်းကြောင့် ချမ်းသာတယ်" လို့ ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီ သဘောတရားတွေကို၊ အဋ္ဌကထာ ဋီကာမဖက်၊ သက်သက် ပါဠိတော်မျှကိုသာ အမှီအခိုမှ ကိုးကား၍၊ အပင် အပန်း

ဆင်းရဲခံပြီး အကျယ်တဝင့်ပြောဆိုနေရခြင်းဟာ၊ (အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် သမထလော၊ ဝိပဿနာလော၊ဟူ၍ ဝေဘန်နေစရာ မလို)ဟု အယူရှိနေကြတဲ့ ယောဂီတွေကို၊ ပါဠိတော်များနှင့် တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်သွားစေချင်တဲ့ စေတနာ အာသာဆန္ဒက ပြင်းပြ လွန်းလို့ ပြောဆိုနေရခြင်းဘဲ ဖြစ်ပါတယ်၊ ဓမ္မမစ္ဆေရသဘောဖြင့်၊ အကျိုးအယုတ် အနတ္တ အရှက်တကွဲ အကျိုးနဲ့ဖြစ်အောင် ပြောဆိုခြင်းမဟုတ် ပုဂ္ဂလဓိဋ္ဌာန် မဖက်၊ ဓမ္မဓိဋ္ဌာန် သက်သက်ဖြင့်သာ ဝေဖန် ပြောဆိုခြင်း ဖြစ်ပါတယ်။

(အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် သမထလော ဝိပဿနာလော ဟူ၍၊ ဝေဖန်နေစရာမလို)ဆိုတဲ့ စကားကို ဝေဖန်စရာ လိုကြောင်း၊ ယောဂီတိုင်း ယောဂီတိုင်း၊ ဝေဖန် ပိုင်းခြားပြီး သိရှိထားကြရမည် ဖြစ်ကြောင်းကို ပါဠိတော်နှင့် အံဝင်ဂွင်ကျ ဖြစ်အောင် ရှင်းပြလိုက်ပါဦးမယ်။ အဲဒီ အာနာပါနသုတ် ပါဠိတော်မှာ....

သောသတောဝ အဿသတိ သတောဝ ပဿသတိ။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊ သတိကို မလွှတ်စေမူ၍သာလျှင်။ အဿသတိ၊ ထွက်လေကိုလွှတ်၏။ သတောဝ၊သတိကို မလွှတ်စေမူ၍သာလျှင်။ ပဿသတိ၊ ဝင်လေကိုရှူ၏။

အဲဒါက (ထိမှု၊ သိမှု၊ ထိုနှစ်ခု၊ သတိကြပ်ကြပ်ပြု) ဆိုတဲ့ အတိုင်း သတိကို ပြဋ္ဌာန်းပြီး လုပ်ရတဲ့ အလုပ်ကိစ္စ ဖြစ်ခြင်းကြောင့် ကာယဂတာ သတိပဋ္ဌာန် (သမထ) ဘဲ ဖြစ်ပါတယ်။

အနိစ္စာ နုပဿီ အဿ သိဿာမီတိ သိက္ခတိ
အနိစ္စာ နုပဿီ ပဿ သိဿာမီတိ သိက္ခတိ။

အနိစ္စာ နုပဿီ၊ မမြဲဟု အဖန်တလဲလဲ ရှုလျက်။ အဿသိဿာမိ၊ ထွက်လေကိုလွှတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

အနိစ္စာ နုပဿီ၊ မမြဲဟု အဖန်တလဲလဲရှုလျက်။ ပဿ သိဿာမိ၊ ဝင်လေကိုရှုအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

အဲဒါက ဝါယောကာယ၊ ဝါယောဓါတ်ကို၊ ထိမှု၊ သိမှုနှင့် သတိပြုပြီးလုပ်ရတဲ့ (သမထ) အလုပ်ကိစ္စမှထ၍၊ (ဝါ)ထိမှု သိမှု အာရုံကို လက်လွှတ်၍၊ ရှေ့သို့တဆင့် တက်ပြီးလျှင်၊ ယင်းဝါယောကာယ ဝါယောဓါတ်ကိုပင် ဖြစ်ပျက် အနိစ္စသညာ ထင်မြင်လာအောင် ဖြစ်ပျက် အနိစ္စာ နုပဿနာဉာဏ် ထင်မြင်လာအောင်၊ ပွားများ အားထုတ်ရသော အလုပ်ကိစ္စသည်၊ ကာယာနုပဿနာ၊ သတိပဋ္ဌာန် (ဝိပဿနာ) လို့ ခေါ်ပါတယ်၊ ဝိပဿနာ ပညာမဂ္ဂင်လို့လဲ ခေါ်ပါတယ်။

အဲဒီလိုသမထနှင့်၊ဝိပဿနာဟာ အလုပ်ကိစ္စချင်း မတူကြလေသောကြောင့်၊ အသိအမြင် ကျတော့လဲ၊ တမျိုးတမည်၊ အားဖြင့် ခွဲခြားပြီး သိမြင်ကြရပါလိမ့်မယ်၊ ဘယ်လို သိမြင်ရမလဲဆိုလျှင်၊ သမထ၊ အသိအမြင်က၊ ထိမှု သိမှုကိုသာ သတိပြု၍၊ လုပ်ရတဲ့ အလုပ်ကိစ္စ ဖြစ်ခြင်းကြောင့်၊ ထိုထိမှု၊ သိမှု ပညတ် နိမိတ် အပေါ်မှာသာ သတိမြဲပြီး၊ သမာဓိမဂ္ဂင် ပြည့်စုံ သင့်သလောက် ပြည့်စုံ နေသည်ဖြစ်၍၊ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုဆိုတဲ့ ပီတိသုခ၊ ထိမှု သိမှု ဝေဒယိတသုခ၊ ခံစား နေရတာကို တွေ့မြင် သိရှိရပါလိမ့်မည်၊ အဲဒါ ဒုက္ခဝေဒနာအဆုံး လိုက်သဖြင့်၊ ဒုက္ခဆုံးရာ (ဝိမုတ္တ)သုခနိဗ္ဗာန် ချမ်းသာမဟုတ်၊ (အာဗာဓေါ)အင်မတန်မှ နာကျင်တဲ့ ဒုက္ခသစ္စာ အစစ်ဟူ၍ မှတ်ပါလေ၊ အဲဒီ ထိမှု သိမှု အမှတ်သညာရှိတဲ့ ချမ်းသာထဲမှာ မြုပ်မျောပြီး လမ်းဆုံး မနေကြပါနှင့်၊ ဝိပဿနာစခန်းသို့ တက်လှမ်းကြပါအံ့းလို့ အထူးတိုက်တွန်း လိုက်ရခြင်း ဖြစ်ပါတယ်။

ဝိပဿနာ အသိ အမြင်ကတော့ အဲဒီကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုဆိုတဲ့ ထိမှု သိမှု ပီတိသုခ၊ ဝေဒယိတ ချမ်းသာဟာ၊ နိစ္စသုခ၊ အတ္တဟု ထင်မှတ် စွဲလမ်းစရာ အချင်းအရာ ပညတ်နိမိတ် တွေ့ရှိ

နေသောကြောင့် (၂) တရားခံဖြစ်တဲ့၊ ထဏ္ဍာမာန ဒိဋ္ဌိတို့က စွဲလမ်း နှစ်သက် သာယာနေကြတယ်၊ စွဲလမ်း နှစ်သက်စရာ အချင်း အရာ ပညတ်နိမိတ် အကြောင်းတရား ချုပ်ငြိမ်း ပျောက်ကွယ် သွားခဲ့လို့ရှိလျှင်၊ အကျိုးတရားဖြစ်တဲ့ တဏှာမာန ဒိဋ္ဌိ တရားများလဲ ပျောက်ကွယ် ချုပ်ငြိမ်း သွားကြလိမ့်မယ်၊ ဒီနေရာမှာ၊ တဏှာမာန ဒိဋ္ဌိတို့၏ စွဲလမ်း နှစ်သက်စရာ၊ အချင်းအရာ အကြောင်းတရားကို ရှာကြံပြီး ကြည့်လိုက်မယ်ဆိုလျှင်၊ ပီတိသုခ၊ ထိမှု သိမှု၊ အမှတ်သညာနှင့် တကွ ဖြစ်သော၊ ဝေဒယိတသုခ၊ ဝေဒနာကိုဘဲ တွေ့ရှိရပါလိမ့်မယ်၊ အဲဒီ ဝေဒနာဟာ၊ ဘယ်သူ့ကို အမှီပြု၍၊ ဘယ်သူ့ကို အစွဲပြု၍၊ ဖြစ်ပေါ် နေသလဲဆိုတော့၊ ရုပ် နာမ် နှစ်ပါး ခန္ဓာ ငါးပါးကို အမှီပြု၍ ဖြစ် ပေါ်နေတယ်၊ ဝေဒယိတသုခ ဝေဒနာကို (ဝိမုတ္တိသုခ) ထင်မှတ်ပြီး၊ လမ်းဆုံးနေကြတဲ့ ယောဂီများဟာ၊ ရုပ် နာမ်နှစ်ပါး၊ ခန္ဓာ ငါးပါး ကို၊ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တ သညာ၊ မထင်မြင် မှုကြောင့်၊ တဏှာမာန ဒိဋ္ဌိတို့က၊ နိစ္စ သုခ အတ္တဟု ထင်မှတ် စွဲလမ်း နေကြခြင်း ဖြစ်တယ်။

ဝိပဿနာ အသိအမြင် ကတော့၊ ပထမ စျာန်ရတဲ့ ရဟန်းဟာ၊ ယင်း ပထမစျာန် ချမ်းသာကိုပင်၊ လက္ခဏာရေး သုံးပါး တင်၍၊ ဝိပဿနာ ရှုသောကြောင့်၊ အတ္တပျောက်၍၊ အနတ္တပေါက်ပြီး၊ နိဗ္ဗာန် ရောက်အောင် မြင်တယ်၊ အဲဒါ ပါဠိတော် သဘောအရ၊ ကျဉ်းကျဉ်း နဲ့ ရှင်းရှင်းကလေးဘဲ ပြောလိုက်တဲ့ စကားဖြစ်ပါတယ်၊ (ဝေဒယိတ သုခကို ဝိမုတ္တိသုခ ) ထင်မှတ် နေကြတဲ့ ယောဂီများအား သဘော ပေါက်အောင် အနည်းငယ်လောက် ရှင်းပြလိုက်ပါဦးမယ်။

## (၁၃) ဝေဒယိတ သုခကို ဝိမုတ္တိ သုခဟု ထင်မှတ် နေကြတဲ့ ယောဂီ များအား သတိပေးချက်။

ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု ဆိုတဲ့ ထိမှု သိမှု အမှတ်

သညာနှင့်တကွ ဖြစ်သော၊ ပီတိသုခ၊ ခံစားမှု ဝေဒနာကို လက္ခဏာရေး သုံးပါးတင်၍၊ ဝိပဿနာရှုလိုက်တော့ ချမ်းသာမှု သုခဝေဒနာပျောက်၍၊ ဆင်းရဲမှု ဒုက္ခဝေဒနာ ရောက်နေတဲ့ ခန္ဓာငါးပါး ပေးလာတယ်၊ အဲဒီ ခန္ဓာ ငါးပါးဟာ၊ မျက်စိတမှိတ်၊ လျှပ်တပြက် တစက္ကန့်ကလေးမျှ ရပ်နားခွင့်မပေးဘဲ၊ ဇာတိဒုက္ခ ဇရာဒုက္ခ၊ ပရဏ ဒုက္ခတွေက အမြဲ နှိပ်စက်နေလို့ ဒုက္ခ ရောက်နေတာကို တွေ့မြင် နေကြရတယ်၊ အဲဒါကြောင့် ရှင်သာရိ ပုတ္တရာက၊ (အာဗာဓေါ) အင်မတန်မှ နာကျင်တယ်လို့ ပြောလိုက်ခြင်းဘဲ ဖြစ်ပါတယ်၊ ရှင်သာရိပုတ္တရာ ပြောလိုက်တဲ့ စကားဟာလဲ ဘုရားဟော ပါဠိတော်ကို ကိုးကားပြီး ပြောလိုက်တဲ့ စကားဘဲ ဖြစ်ပါတယ်၊ ဘုရား ကိုယ်တော် မြတ်ကြီးက၊ နဝင်္ဂုတ္တရ စတုတ္ထဝဂ် ပဉ္စမသုတ်မှာ ဘယ်လို ဟောသလဲ ဆိုတော့၊

သောယ ဒေဝတ္တာ ဟောတိ၊ ရူပဂတံ၊ ဝေဒနာဂတံ
သညာဂတံ၊ သင်္ခါရဂတံ၊ ဝိညာဏဂတံ၊ တေဓမ္မေ
အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော
သလ္လတော၊ အဃတော (အာဗာဓတော)၊ ပရတော
ပလောကတော၊ သုညတော၊ အနတ္တတော၊ သမနုပဿတိ။

မြန်မာလို အဓိပ္ပါယ်ကတော့၊ ထိမှု သိမှုနဲ့ ပီတိသုခ ပထမဈာန်ရရှိနေတဲ့ ယောဂီရဟန်းဟာ၊ ခန္ဓာငါးပါး ဖြစ်ပေါ်နေပါတယ်တဲ့၊ အဲဒီ ဖြစ်ပေါ်နေတဲ့ ခန္ဓာငါးပါးကို မမြဲဟူ၍၊ ဆင်းရဲဟူ၍၊ ရောဂါကြီးဟူ၍၊ အိုင်း အမာကြီးဟူ၍၊ မျှား ငြောင့်ကြီး ဟူ၍၊ ပုဂ္ဂိုလ်သတ္တဝါမှ အခြား တပါးဟူ၍၊ ပျက်စီးခြင်း သဘောတရား ဟူ၍၊ ချမ်းသာမှု ဆိတ်သုဉ်းခြင်း တရားဟူ၍၊ ထင်အောင် မြင်အောင် ရှုပါလို့ ဟောတော် မူလိုက်ခြင်း ဖြစ်ပါတယ်။

အဲဒီ ပါဠိတော်အရ၊ ရှင်သာရိပုတ္တရာက ထိမှု၊ သိမှု အမှတ်သညာနှင့်တကွ ဖြစ်သော ပီတိသုခ၊ ခံစားမှု ဝေဒယိတ ချမ်းသာဟာ၊ ခန္ဓာ

ငါးပါး မျှသာ ဖြစ်၍ ဒုက္ခသစ္စာ အစစ် အမှန် ဖြစ်ခြင်း ကြောင့် (အာဗာဓော) အင်မတန်မှ နာကျင်ပါတယ်လို့၊ ပြောဆို လိုက်ခြင်း ဖြစ်ပါတယ်၊ ဝေဒယိတ ချမ်းသာကို ဝိမုတ္တိ ချမ်းသာဟု ထင်မှတ်ပြီး အလုပ်ကိစ္စ လမ်းဆုံးနေကြတဲ့ ယောဂီများကို ဤမျှလောက် ပြောဆို ပြသ ခြင်းဖြင့်၊ ဝေဒယိတ ချမ်းသာဟာ (ဝိမုတ္တိ) ချမ်းသာ မဟုတ် ကြောင်းကို ကောင်းကောင်းကြီး သဘော ပေါက်ကြ လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဆရာတော်ကိုယ်တိုင် ဒိဋ္ဌ မျက်မှောက် တွေ့ရှိ နေရ တဲ့ ယောဂီများကို မှန်ကန်သော နည်းလမ်း စည်းကမ်းများကို ချမှတ် ပေးသဖြင့် ပေးသည့် အတိုင်း လိုက်နာ ကျင့်သုံး ကြသောကြောင့် အတ္တ ပျောက်၍၊ အနတ္တ ပေါက်တဲ့ ယောဂီများလဲ ပေါက်ကုန် ကြ ပါပြီ၊ သို့ပေမဲ့လို့ ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဝါဒစွဲနဲ့ အစွဲကြီးနေတဲ့ ယောဂီ များကတော့ အမျိုးမျိုး ဆင်ခြေ ဆင်လက် ပေးပြီး (မိးနိ) ကိုဘဲ တွင်တွင်ကြီး ထိုးပြနေကြတဲ့ ယောဂီများကိုလဲ တွေ့ရှိနေရ ပါသေး တယ်။

အဲဒီ ယောဂီများဟာ ဥပမာဘာနဲ့ အလားသဏ္ဍာန် တူနေသလဲ ဆိုတော့ အုန်းသီး စားချင်တဲ့ လူတယောက်ဟာ၊ အုန်းသီး ဆွတ်ခူး ရန်၊ အုန်းပင်ပေါ်သို့ မတက်ပဲ ထန်းပင်ကို အုန်းပင်မှတ်ပြီး တက်နေ တော့ ဘေးကသိတဲ့ မိတ်ဆွေက၊ မိတ်ဆွေ၊ အဲဒါ အုန်းပင်မဟုတ်ဘူး၊ ထန်းပင်ကြီးလို့ ပြောသော်လည်း၊ မယုံကြည်နိုင်ဘဲ၊ ထန်းပင်ကိုဘဲ အုန်းပင်မှတ်၍ တက်ပြီး၊ ထန်းသီးကို အုန်းသီးမှတ်၍ စားနေတာ နှင့် တူနေတယ်။

ဝိပဿနာအလုပ်ကို လုပ်ကြတဲ့ ယောဂီများဟာ၊ နဂိုက မြင့်လွန်း နေတဲ့ ဘဝင်ကို မမြင့်ရလေအောင် ချိုးနှိမ် ဖျက်ဆီးခြင်း ပြုကြရ တယ်၊ ဘုရားဟော ပါဠိတော်များနှင့် တထပ်တည်း၊ အံဝင် ဂွင်ကျ ဖြစ်အောင် လိုက်နာ ကျင့်သုံးကြတဲ့ ယောဂီ များကတော့ ဘဝင်ကျ

ခြင်းကြောင့် သော ဝစ္စဿတာဂုဏ်နှင့် ပြည့်စုံကြ၍၊ တနေ့ တခြား လောကုတ္တရာ တရား အကျိုး ကျေးဇူး များကြတယ်၊ မဟုတ် မမှန် ဖေါက်ပြန် မှားယွင်းသော လမ်းစဉ်ကို လိုက်နာ ကျင့်သုံး ကြတဲ့ ယောဂီများကတော့၊ ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဝါဒစွဲနဲ့ အစွဲကြီး စွဲလမ်း ပြီး၊ ဘဝင်မြင့်သည်ထက် မြင့်နေသောကြောင့်၊ ဘယ်သူက ဘယ်လို ပြောပြော ဘယ်လိုဘဲ ဟောဟော ငါတို့မှာ ဆရာရှာဘို့ မလိုတော့ ဘူး၊ ဆိုတဲ့ အနေနဲ့ (မိုးနိ) ကိုသာ တွင်တွင်ကြီး ပြုပြီး၊ ထန်းပင်ကို အုန်းပင်မှတ်၍၊ တက်နေကြဒါကိုဘဲ တွေ့ရှိ နေရပါတယ်။

အဲဒီလို ဖြစ်နေကြတဲ့ ယောဂီတွေဟာ သူတို့အဖို့မှာ လောကုတ္တရာ တရားအကျိုး စီးပွား ဆုတ်ယုတ် ပျက်ပြားပြီး၊ တဏှာ မညနာ၊ မာနမညနာ၊ ဒိဋ္ဌိမညနာဆိုတဲ့ အမှားကြီးသုံးပါးက နေ့စဉ် တိုးပွား၍ နေလေ သောကြောင့် မဟုတ်မမှန် ဖေါက်ပြန် မှားယွင်းတဲ့ အယူ ဝါဒကိုပင်၊ ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဝါဒစွဲနဲ့ အစွဲကြီး စွဲလမ်းပြီး ဘဝင် မြင့်နေကြတယ်၊ အဲဒီလိုတွေ မဖြစ်ကြစေခြင်းငှာ၊ အဋ္ဌကထာဋီကာ မဖက်၊ သက်သက် ပါဠိတော်တွေကိုသာ ကိုးကားပြီး၊ မှန်ကန်တဲ့ လမ်းစဉ်ကိုသာ ပါဠိတော်နှင့် တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်အောင် လိုက်နာ ကျင့်သုံး နိုင်ကြပါစေဆိုတဲ့ စေတနာ သဒ္ဓါတရားဖြင့်၊ အမျိုးမျိုး ရှင်းလင်းဝေဘန် ပြောဆိုနေရတာဘဲ ဆိုဒါကို ယောဂီ များ ရိပ်စားမိလောက်ပါပြီ၊ ရိပ်စားမိဘို့လဲသင့်ပါပြီ၊ အဲဒါကြောင့် ပါဠိတော်နဲ့ တထပ်တည်း အံဝင် ဂွင်ကျဖြစ်တဲ့ မှန်ကန်သော လမ်း စဉ်ကိုသာ ညွှန်ပြတတ်တဲ့ မိတ်ကောင်း ဆွေကောင်း ဆရာ သမား ကောင်းများနှင့် တွေ့ရှိကြရလေအောင်ဟာ၊ ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ ဝါဒ စွဲနဲ့ အစွဲကြီး စွဲပြီး ဆရာလမ်းဆုံးကာ ဘဝင် မြင့်မနေကြ စမ်းပါနဲ့ လို့ သတိပေး တိုက်တွန်းလိုက်ရခြင်း ဖြစ်ပါတယ်။

နောက်ကပြောဆိုပြီးခဲ့တဲ့ စကားအစဉ် အနက်စဉ်ကို တိုတို တုတ်

တုတ်တဲ့ နိဂုံးချုပ် အချောသတ် ပြောရမယ်ဆိုလျှင်၊ ဗုဒ္ဓဝါဒ လမ်းနှစ်သွယ်အရ၊ သမုတိသစ္စာ ပညတ်သဘောတရားနှင့်၊ ပရမတ္ထ သစ္စာ ပရမတ် သဘောတရားများကို ရောနှော ရှုတ်ထွေးခြင်း မဖြစ်စေမူ၍ (ဉာတပရိညာ) အားဖြင့်၊ ပိုင်းပိုင်း ခြားခြား သိရှိကြဖို့ကိုလဲ ပြောကြားပြီးခဲ့ပါပြီ၊ သမထ သဘောတရားကိုလဲ၊ သမုတိ သစ္စာနယ်က အမှတ်မထင် တခုခုသော ပညတ် နိမိတ် အပေါ်မှာ၊ အသိမြဲနေအောင် သတိပြဋ္ဌာန်းပြီး လုပ်ရတဲ့ အလုပ် ဖြစ်ကြောင်းကိုလဲ ပြောပြခဲ့ပြီးပါပြီ၊ ဝိပဿနာ သဘောတရားဟာလဲ(တီရဏပရိညာ)ပြဋ္ဌာန်း၍၊ ပရမတ် အစစ်ဓါတ် အနှစ်ကို ပေါ်အောင် ဖေါ်၍ တွေ့အောင်ရှာပြီးလျှင်၊ သညာ၊ အနိမိတ္တ၊ အပဏိဟိတ၊ ထင်မြင်အောင် ပွားများ အားထုတ်ရပုံကိုလဲ ပြောပြပြီးခဲ့ပါပြီ၊ အဲဒါကြောင့် ယခုအခါမှာ ကာယိကသုခ၊ စေတသိကသုခ၊ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှု ဆိုတဲ့ ခံစားမှု အမှတ် သညာနှင့်တကွ ဖြစ်သော၊ ဝေဒယိတ သုခကို (ဝိမုတ္တိသုခ) ထင်မှတ်ပြီး "ကြော် ငါတို့တွင် တသက်မှာ တခါဘူးမျှ မတွေ့မကြုံဘူးသော ချမ်းသာကြီးကို ရရှိကြလေပြီ၊ ဒုက္ခ အဆုံးသို့ ရောက်ကြရလေပြီ၊" ဟုထင်မှတ် နေကြတဲ့ ယောဂီများ အား မိမိတို့ ရရှိခံစားနေကြရတဲ့ ဝေဒယိတ၊ သုခဝေဒနာမှာ လမ်းဆုံး မနေကြဘဲ၊ ယင်း သုခ ဝေဒနာကိုပင်၊ အနိစ္စ ဒုက္ခ အနတ္တ သဘော ထင်မြင် ပေါက်ရောက်အောင်၊ ဝိပဿနာ အလုပ်ကို ပွားများ အား ထုတ်ကြစေလိုပါတယ်၊ ဝိပဿနာရှုပုံ ရှုနည်း ထင်မြင်ပုံ ထင်မြင် နည်း တွေကို ပါဠိတော်များနှင့် တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်ရသော အောင် ပြောပြမယ်။

## (၁၄)ဝေဒယိတသုခဝေဒနာကို ဝိပဿနာရှုပွားမှု။

ဝေဒယိတ သုခဝေဒနာကို (ဝိမုတ္တိသုခ) ဟု ထင်မြင် နေကြတဲ့

ယောဂီများဟာ တမျိုး တစားတည်း မဟုတ်ဘဲ နှစ်မျိုး နှစ်စား ရှိနေကြောင်းကို တွေ့ရှိရပါတယ်၊ ပထမ အမျိုးစားက -

(၁) ခန္ဓာ ကိုယ်ကြီးနှင့်တကွ၊ ပရမတ်အစစ် ခေတ်အနှစ် ဖြစ်တဲ့ ခန္ဓာငါးပါး ဖြစ်ပျက် သဘော တရားတွေပါ၊ ပျောက်ကွယ် ချုပ်ငြိမ်း ပြီးတော့ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု ဖြစ်နေတဲ့ ယောဂီက တမျိုး၊

(၂) ခန္ဓာကိုယ်ကြီး မပျောက်ဘဲ တက်လာတဲ့ ဒုက္ခ ဝေဒနာတွေ ပြန်ကျသွားလို့ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း ဖြစ်နေတဲ့ ယောဂီကတမျိုး၊

အဲဒီ ယောဂီ နှစ်မျိုးစလုံးပင် အလုပ်ခွင်မှ ထတဲ့ အခါ ကျတော့ ကိုယ်၏ချမ်းသာမှု စိတ်၏ ချမ်းသာမှု ဆိုတာဟာ၊ ရှိသေး တွေ့သေးသလားဆိုတော့ မရှိတော့ မတွေ့တော့ ပါဘူးတဲ့။

ဘာဖြစ်လို့ မရှိမတွေ့တာလဲ၊ ချုပ်ပျောက် ပျက်စီးသွားလို့ ပေါ့။

ဘာဖြစ်လို့ ချုပ်ပျောက် ပျက်စီးသွားရတာလဲ၊ ပြုပြင်မှုရှိ၍၊ ဖြစ်ပေါ်မှုလဲ ရှိသောကြောင့် ပျက်သွားရတာပေါ့။

ပြုပြင်မှုရှိ၍ ဖြစ်ပေါ်မှု ရှိသောကြောင့်၊ ချုပ်ပျောက် ပျက်စီးသွားတဲ့၊ ကာယိကသုခ၊ စေတသိက သုခကို၊ ဘာခေါ်လို့ ခေါ်မလဲ၊ သင်္ခတ ခေါ်လို့ ခေါ်တယ်။

အဲဒါ ကြောင့်၊ ဘုရားက၊ ( ရူပဂတံ၊ ဝေဒနာဂတံ၊ သညာဂတံ၊ သင်္ခါရ ဂတံ၊ ဝိညာဏ ဂတံ၊ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော.... ) အစရှိသည်ဖြင့် ဟောတော်မူတယ်။

အသင်္ခတဓါတ်၊ ဝိမုတ္တိသုခကတော့ ပြုပြင်မှု အကြောင်းတရားလဲ မရှိခြင်းကြောင့် ဖြစ်ပေါ်မှုလဲ မရှိ၊ ဖြစ်ပေါ်မှု မရှိခြင်းကြောင့် ချုပ်ပျောက် ပျက်စီးခြင်းလဲ မရှိတော့ဘဲ၊ နိစ္စ၊ အမြဲ ချမ်းသာနေတယ်၊ ဓုဝ၊ အမြဲချမ်းသာနေတယ်၊ သဿတ၊ အစဉ်ချမ်းသာနေတယ်။

## (၁၅) ရှေးဦးစွာ စာအုပ်ကြီးထဲမှာ ပရမတ်ကို တွေ့အောင် ရှာရမယ်။

အဲဒီလို မှန်ကန်တဲ့ ပရမတ္ထ သဘာဝ၊ သဘော တရားများကို၊ ဝိပဿနာ မရှုပွားမီ၊ ရှေ့အဖို့၌ကပင် ကြိုတင်ပြီး၊ ယောဂီ တိုင်း ယောဂီတိုင်း သုတမယဉာဏ်၊ စိန္တာမယ ဉာဏ်ဖြင့် သိရှိ ထားပြီးမှ ဝိပဿနာကို ရှုခြင်းဟာ အကြောင်းဆုံး နည်းလမ်းဘဲ ဖြစ်ပါတယ်။

ဒါဖြင့်ရင် မှန်ကန်တဲ့ ပရမတ္ထ သဘာဝ လမ်းစဉ်ကို သုတမယ ဉာဏ်၊ စိန္တာမယ ဉာဏ်ဖြင့် သိရှိရလေအောင် ဘယ်မှာ ရှာရမလဲ၊ စာအုပ်ကိုဖတ်၍ ဘုရားဟော ပါဠိတော်တွေထဲမှာ ရှာပါ။

စာမတတ်တဲ့ ယောဂီများ အတွက်၊ ဘယ်လိုလုပ် ရှာမလဲ၊ စာတတ်၍ ရှာတတ်တဲ့ ဆရာသမားထံချဉ်းကပ်ပြီး သင်ယူ မှတ်သားကြပါ၊ သို့မဟုတ် ယထာဘူတ ဉာဏ်နှင့် အမှန်တကယ် ပြည့်စုံတဲ့ ဆရာသမားထံ ချဉ်းကပ်ပြီး၊ ဝိပဿနာအလုပ်ကို လုပ်ကြပါ၊ အဲဒီလို လိုက်နာ ကျင့်သုံးကြလို့ ရှိလျှင်၊ ဘယ်တော့မှ မမှား မယွင်း နိုင်ဘူးဟူ၍ မှတ်ကြပါလေ။

အဲဒီလို ဝိပဿနာ မရှုပွားမီ၊ ရှေးဦးစွာပရမတ္ထ သဘာဝ အစစ် အမှန်ကို သုတမယဉာဏ်၊စိန္တာမယဉာဏ်နှင့်၊ သိရှိထားရလေအောင် ဘုရားဟော ပါဠိတော် စာအုပ်ကြီး တွေထဲမှာ ရှာပါလို့ တိုက်တွန်း လိုက်ရတဲ့ အကြောင်းရင်းကတော့ သခ်တခေါ် ဝေဒယိတ သုခကို အသခ်တခေါ် ဝိမုတ္တိ သုခ ထင်မှတ်နေကြတဲ့ ယောဂီများက၊

စာအုပ်ကြီးထဲမှာ ပရမတ်ကို ရှာလို့မတွေ့ဘူး၊ ပညတ် ကိုသာ တွေ့မယ်၊ ခန္ဓာကိုယ်မှာ ရှာမှ ပရမတ်ကို တွေ့မယ်။

အစရှိသည်ဖြင့်၊ ဘုရားဟော ပါဠိ တော်တွေကို ဘေးချိတ်ပြီး၊ ပရိယတ္တိ သာသနာ တော်ကြီးကို နောက်ကျောခိုင်းလျှက် မိမိတို့မှာ

သစ္စာလေးပါး တရားကို ဆရာမဆို အလိုလို ကိုယ်တော်တိုင် သိရှိလာကြလေဟန်၊ ရှင်စူဠပန်တို့လို၊ ဆလာဘိည၊ ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာကြီးတွေ ဖြစ်ရှိကြလေဟန်၊ ပရိယတ်ကို လေ့လာသင်ကြား နာခံမှတ်သားခြင်း မပြုလုပ်ကြတော့တဲ့အတွက် ခန္ဓာကိုယ်ထဲမှာ ပရမတ်ရှာတော့၊ ဝေဒယိတာသုခကို ဝိမုတ္တိသုခဟု ထင်မှတ် နေကြတော့ဒါပေါ့။

''ငါတို့ဟာ စာမတတ်ပါဘူးဆိုပြီး စာအုပ်ကြီးထဲမှာ မရှာတတ်လို့ မရှာဘဲ၊ ပါဠိတော် စာအုပ်ကြီးတွေကို နောက်ကျောခိုင်းပြီး၊ မိမိတို့၏ အတ္တနောမတိ တက္ကဂါဟ အယူဝါဒဖြင့်၊ ထင်ရာ မြင်ရာအလုပ်ကို လုပ်ကြတော့၊ အမှက်မှား၊ အသိမှား၊ အမြင်မှားပြီး၊ ဝိပ္ပလ္လာသ တရားသုံးပါးနှင့် မှားနေကြတာကိုလဲ မှားမှန်း မသိဘဲ၊ ဝေဒယိတ သုခကိုပင် ဝိမုတ္တိသုခကြီးလို့ ထင်မှတ် စွဲလမ်း နေကြတော့ ဒါပေါ့ အဲဒီလို ဖြစ်နေကြတဲ့ ယောဂီတွေဟာ၊ စင်စစ် ကတော့ စာအုပ်ကြီး ထဲမှာ၊ ပရမတ်ကို မရှာကြလို့ဘဲ ဖြစ်တယ်၊ စာအုပ်ကြီး ထဲမှာက၊ ဝေဒယိတ သုခဟာ ခန္ဓာငါးပါး ဖြစ်ပေါ်နေတဲ့ သဘောတရားဖြစ်၍၊ (အာဗာဓော, အင်မတန်မှ နာကျင်တဲ့ ဒုက္ခသစ္စာ ဖြစ်ပါတယ် ဆိုတော့ ထိုယောဂီများရဲ့ အယူဝါဒနဲ့၊ စာအုပ်ကြီးနဲ့ဟာ၊ တထပ်တည်း အံဝင် ဂွင်ကျ မဖြစ်ဘဲ၊ အံချော် နေကြတော့ ဒါပေါ့၊ အဲဒါကြောင့် ဝိပဿနာ မရှုပွားမီ၊ ရှေ့အဖို့က ကြိုတင်၍ ပါဠိတော် စာအုပ်ကြီးတွေထဲမှာ၊ ပရမတ်အစစ် ဓါတ်အနှစ်ကို တွေ့အောင် ရှာကြပါဦးလို့ တိုက်တွန်းရခြင်းဘဲ ဖြစ်ပါတယ်။

## (၁၆) သစ္စာ လေးပါး ငုတ်နေပုံ။

(သစ္စ ဝိနိ မုတ္တော ဓမ္မော နာမနတ္ထိ၊ သစ္စာလေးပါးမှ လွတ်သော တရားမည်သည်မရှိ) ဆိုတဲ့ စကားဟာ အင်မတန်မှ မှန်ကန်တဲ့ စကားဘဲ ဖြစ်ပါတယ်၊ သို့ပေမဲ့လို့ ယခုခေတ် ယခု ကာလမှာ၊ ပါဠိတော် စာအုပ်ကြီးတွေ ဘေးချိတ်ပြီးတော့၊ သက္ကဂါဟ၊ အတ္တနော မတိ၊

အယူဝါဒတွေတဲ့၊ ရိပ်သာတွေ မှုိလိုပေါက်ပြီး၊ ဘယ်ရိပ်သာ ဘယ်ဆရာ၏အယူဝါဒက ဘယ်လို ဘယ်ပုံ၊ ညာရိပ်သာ ညာဆရာ၏ အယူဝါဒက ညာလို ညာပုံ၊ အမျိုးမျိုး အဖုံဖုံ၊ နည်းမျိုးစုံအောင် လုပ်ချင်သလို လုပ်နေကြခြင်းကြောင့်၊ ပဋိပတ္တိ သာသနာ ဝိပဿနာ အလုပ်စခန်းကြီးဟာ ချဉ်အူ ပေါက်ပြီး သစ္စာလေးပါး တရားတော်ကြီးဟာ ငုတ်မြဲတိုင်း ငုတ်မြုပ်မြဲတိုင်း မြုပ်နေကြတာကိုဘဲ၊ တွေ့ရှိ နေရပါတယ်။

အဲဒီလို သစ္စာလေးပါး တရားတော်ကြီး ငုတ်မြုပ် နေကြတဲ့ ယောဂီတွေဟာ၊ နဂိုက သုတာမယဉာဏ် စိန္တာမယဉာဏ်မရှိပဲ၊ ဆရာကောင်း သမားကောင်းမျှားထံ ချဉ်းကပ်ပြီး၊ နိဿည်းကို မခံယူဘဲ၊ ခန္ဓာကိုယ်ထဲမှာ၊ ပရမတ်ကို ရှာနေကြတော့၊ (ဇာတိ ဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ) ဆိုတဲ့ ဒုက္ခသစ္စာ အစစ်အမှန်ကို မတွေ့ မမြင်ကြဘဲ ငုပ်မြုတ် နေကြတော့ဒါပေါ့၊ သူတို့တတွေ တွေ့ရှိနေကြတဲ့ ဒုက္ခက ဘယ်လိုဒုက္ခတွေ တွေ့ရှိနေကြတော့ သလဲဆိုတော့၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်၊ အောင့်တယ်၊ အင့်တယ်၊ ပူတယ်၊ တေယ်၊ အစရှိသည်ဖြင့်၊ ကလေး သူငယ်ကအစ လူတိုင်း လူတိုင်း ပုဂ္ဂိုလ်တိုင်း၊ သတ္တဝါတိုင်း၊ တွေ့ကြုံခံစား သိရှိနေကြတဲ့၊ ဝေဒယိတ ဒုက္ခတွေဘဲ ဖြစ်ပါတယ်။

" ဒါဖြင့်ရင် အဲဒီဝေဒယိတ ဒုက္ခတွေဟာ၊ ဒုက္ခဝေဒနာဘဲ မဟုတ်ဘူးလား ဆိုဗြာအုံ့၊ ဟုတ်တော့ ဟုတ်တယ်၊ သို့ပင် ဟုတ်ငြားသော်လည်း၊ ဇာတိဒုက္ခ၊ ဇာတိဘေး။ ဇရာဒုက္ခ၊ ဇရာဘေး။ မရဏဒုက္ခ၊ မရဏဘေးကိုမြင်သော၊ ဝါ၊အနုဗောဓ ဉာဏ်ဖြင့်၊မဂ်အားလျော်စွာ ထိုးထွင်း၍ သိမြင်သော၊ ဘယဋ္ဌဒုက္ခမျိုး မဟုတ်ပေ ခံစားဆဲ အခိုက်အတန့် အချိန်ကာလ အားဖြင့်သာ၊ ကာလ သန္တတိနှင့် သတ္တဝါတိုင်း သိမြင် ခံစားကြရတဲ့ ဝေဒယိတ ဒုက္ခမျိုး ခြေသလုံး ပေါင် ခါး

ဦးခေါင်း စသည်တို့က နာကျင်ကိုက်ခဲ ညောင်းညာ တောင့်တင်း ပူ အေး အစရှိသည်ဖြင့် သဏ္ဌာနပညတ်နှင့် သတ္တဝါတိုင်း သိမြင် ခံစား ကြရတဲ့၊ ဝေဒယိတ ဒုက္ခာ ဒုက္ခမျိုးကို (ဒုက္ခာ ဒုက္ခ ပန နိပ္ပရိယာယ ဒုက္ခန္တိ ဝုစ္စတိ) လို့ ဆိုသောကြောင့် နိပ္ပရိယာယ ဒုက္ခမျိုးဖြစ်၍၊ အတ္တာ ပျောက် အနတ္တာပေါက်၍ နိဗ္ဗာန်သို့ မရောက်နိုင် အကယ်၍သော ဤလို အသိမျိုး သိမြင်တဲ့ သတ္တဝါတွေ၊ ဝိမုတ္တိသုခ၊ နိဗ္ဗာန်သို့ ရောက်ကုန် ကြမယ်ဆိုလျှင်၊ သတ္တ လောကကြီး တခုလုံး၊ ဆိပ်သုဥ်း၍သာ နေ ပေတော့မယ်။

အဲဒါကြောင့် ဝေဒယိတ၊ နိပ္ပရိယာယ ဒုက္ခဝေဒနာနှင့် ဘယဌ ဒုက္ခဝေဒနာ အစစ် အမှန်ကို ခွဲခြားပြီး သိတတ်ကြဘို့ အင်မတန်မှ အရေးကြီးတယ်၊ အဲဒီလို သိတတ် ကြမှသာလျှင် ကာယိကသုခ စေတသိကသုခ၊ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှုဟာ သန္တိသုခ ဝိမုတ္တိသုခ မဟုတ်ကြောင်း ခန္ဓာငါးပါး ဖြစ်ပေါ်နေသော ဇာတိ ဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ ဖြစ်တဲ့ ဘယဋ္ဌဒုက္ခမှသာ ဒုက္ခသစ္စာ အစစ် အမှန်သာ ဖြစ်ကြောင်းကို သိမြင်ကြလိမ့်မယ်။

## (၁၇) သစ္စာ လေးပါး ပေါ်ပုံ။

မှန်ကန်သော လမ်းစဉ်ကို ချမှတ်၍ မဂ္ဂ သစ္စာ တရားကို ပွားများ အားထုတ်ကြလို့ ရှိလျှင် ပရမတ္ထ သစ္စာအားဖြင့် အဟုတ်မရှိ တကယ် မရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါးယောကျ်ား မိန်းမ အတ္တဇီဝ ဆို တဲ့ သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင်အထည် ပညတ်နိမိတ် အားလုံး ပျောက်ကွယ် ဆိပ်သုဥ်းပြီး ပရမတ္ထ သစ္စာအားဖြင့် အဟုယ် မှု တကယ်ရှိတဲ့၊ ဓါတ်လေးပါး၊ ခန္ဓာငါးပါး ဖြစ်ပေါ် ဖြစ်ပေါ် နေတာကို၊ အဟုတ်တွေ တကယ်တွေ တွေ့မြင် နေရ ပါလိမ့်မယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ သဘောတရားတွေကို၊ ဇာတိဒုက္ခ ဘေး ရန်ကြီးတွေဟု ထင်မြင် လာပါလိမ့်မယ်၊ ဖြစ်ပေါ်ပြီးနောက်၊ ရင့်

ကျက် ဆွေးမြေ့လာတဲ့ သဘောတရားကို ဇရာဒုက္ခ ဘေးရန်ကြီးတွေ ဟု ထင်မြင် လာပါလိမ့်မယ်၊ ရင့်ယော် ဆွေးမြေ့ပြီးနောက်၊ အနုမြူ မျှ မကျန်အောင် ပျက်ပြုန်း သေဆုံး ကုန်တာက၊ မရဏ ဒုက္ခဘေး ရန်ကြီးတွေဟု ထင်မြင် လာပါလိမ့်မယ်၊ အဲဒီလိုသိတဲ့ အသိမျိုးကိုမှ ညာတ ပရိညာအားဖြင့် ၊ဒုက္ခသစ္စာကိုပိုင်းခြားပြီး၊ သိတဲ့ အသိအမြင် မျိုး ဖြစ်တယ်လို့ ခေါ်ရပါတယ်။

ရုပ်ခန္ဓာ နာမ် ခန္ဓာတွေကို မျက်စိတမှိတ် လျှပ်တပြက် တစက္ကန့် ကလေးလောက်မှ ရပ်နားခွင့်မပေးဘဲ၊ အမြဲနှိပ်စက် ညှဉ်းပန်း နေကြ တဲ့ ဇာတိဘေး၊ ဇရာဘေး မရဏ ဘေးကြီးတွေကို၊ တွေ့မြင် သိရှိနေ တဲ့ ယောဂီဟာ၊ ခန္ဓာ ငါးပါးကို ဘေးရန်ကြီးတွေလို့ ဘယဉာဏ် ထင်မြင် လာလိမ့်မယ်၊ အာဒီနဝ အပြစ်ကိုဘဲ ထင်မြင် လာလိမ့်မယ်၊ နိဗ္ဗိန္ဒ ငြီးငွေ့လာလိမ့်မယ်၊ မုစ္စိတုကမျတာ၊ လွတ်မြောက် လိုတဲ့စိတ် ဖြစ်ပေါ်လာလိမ့်မယ်၊ ထိုအခါ ထိုယောဂီမှာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတွေကို၊ ချစ်ခင်နှစ်သက် စုံမက် မြက်နိုးတဲ့ သမုဒယ သစ္စာဟာ အလိုလို ပျောက်ကွယ် ချုပ်ငြိမ်းပြီး သွားလိမ့်မယ်၊ အဲဒီလို သမုဒယ သစ္စာ ဘင်္ဂနိရောဓနှင့် ပျောက်ကွယ် ချုပ်ငြိမ်း သွားပြီးတဲ့ နောက်၊ နောက်ထပ်တဖန် အသစ် အသစ် ဖြစ်ပေါ်မှု မရှိတော့ဘဲ၊ အမြဲနိစ္စ ဓုဝ ချုပ်ငြိမ်းနေတာကို အနုပ္ပါဒ နိရောဓ သစ္စာလို့ ခေါ်တယ်။

အဲဒီလို မဂ္ဂသစ္စာ ပွားများ အားထုတ်မှုကြောင့်၊ သစ္စာလေးပါး ဟာ တပြိုင်နက် ယည်းကဲ့သို့၊ ပရိညာသုံးပါးဖြင့်၊ ပိုင်းခြား သိမြင်မှု ကိုပင်၊ ( သစ္စာလေးချက်၊ တပြိုင်နက်) ဟု ဆိုတယ်။

အဲဒီ သစ္စာလေးပါး ပေါ်ပုံ ပေါ်နည်းဟာ၊ မဂ်အပိုင်း အခြား နှင့် ပြောလိုက်တဲ့ စကားမဟုတ်ဘူးဟူ၍၊ စာဖတ် ပရိသတ်များ မှတ် ယူ ထားကြပါ။

# (၁၈) ဓမ္မဋ္ဌိတိ ဉာဏ်တည်ပုံ။

ဓမ္မဋ္ဌိတိ ဉာဏ် ဆိုတာ ဘယ်ဉာဏ်ကို ခေါ်သလဲ၊
ဝိပဿနာဉာဏ်ကို ဓမ္မဋ္ဌိတိ ဉာဏ်လို့ ခေါ်ပါတယ်။
ဝိပဿနာ ဉာဏ်ဆိုတာ ဘယ်ဉာဏ်ကို ခေါ်ပါသလဲ၊
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေး သုံးပါးကို ခေါ်ပါတယ်။

အဲဒါကြောင့်၊ ဘုရားကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော်မှာ–
ပုဗ္ဗေခေါ၊ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာနိဗ္ဗာနေ ဉာဏံ။ ချစ်သား သုသိမ ရဟန်း၊ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် တည်အောင် အားထုတ်ကြရမယ်၊ ထိုနောက်မှ နိဗ္ဗာန်ကို မျက်မှောက် ထင်ထင် အာရုံ ပြုနိုင်တဲ့ မဂ်ဉာဏ် ပေါ်မယ်လို့ ဟောတော်မူပါတယ်။

၎င်း အဋ္ဌကထာက ဓမ္မဋ္ဌိတိ ဉာဏန္တိ ဝိပဿနာဉာဏံ တံပဌမတရံ ဥပ္ပဇ္ဇတိ နိဗ္ဗာနေ ဉာဏန္တိ ဝိပဿနာယ စိဏ္ဏန္တေ ပဝတ္တ မဂ္ဂဉာဏံ တံပစ္ဆာ ဥပ္ပဇ္ဇတိ။

ဓမ္မဋ္ဌိတိဉာဏ် ဆိုတာဟာ ဝိပဿနာ ဉာဏ်ဘဲ ဖြစ်ပါတယ်၊ ထိုဉာဏ်ဟာ ရှေးဦးစွာ ဖြစ်ပေါ်လာပါတယ်တဲ့၊ နိဗ္ဗာနေ ဉာဏံ ဆိုတာက၊ ဝိပဿနာဉာဏ် ရင့်ကျက်လာတဲ့ အခါကျတော့၊ မဂ်ဉာဏ်ပေါ်လာပါလိမ့်မယ်၊ ထိုဉာဏ်က နောက်မှ ဖြစ်ပေါ်လာပါ လိမ့်မယ်တဲ့။
၎င်းဋီကာက ဓမ္မာနံ ဌိတတာ တံသဘာဝတာ ဓမ္မဋ္ဌိတိ အနိစ္စာ ဒုက္ခာ အနတ္တာ။ တတ္ထဉာဏံ ဓမ္မဋ္ဌိတိ ဉာဏန္တိ အာဟ ဝိပဿနာ ဉာဏန္တိ။
၎င်းရှင်း ပြောလိုက်ရမယ်ဆိုလျှင်၊ အနိစ္စဒုက္ခအနတ္တဟာ၊ ဓမ္မဋ္ဌိတိ ဉာဏ်လို့လဲခေါ်ပါတယ်၊ ဝိပဿနာဉာဏ်လို့လဲ ခေါ်ပါတယ်တဲ့။
အဲဒီ ပါဠိတော် အဋ္ဌကထာ ဋီကာများရဲ့ အနက် အဓိပ္ပါယ် သဘောကို ပြောရမယ်ဆိုလျှင်၊ သင်္ခတဓါတ် ရုပ် ခန္ဓာ နာမ် ခန္ဓာ တွေကို ရှေးဦးစွာ ဓမ္မဋ္ဌိတိ ဉာဏ်တည်အောင် ပွားများအားထုတ်

အလုပ်ကို လုပ်ကြရမယ်ဟု ဆိုလိုရင်းဘဲ ဖြစ်ပါတယ်၊ အကျယ်ချဲ့၍ အနုစိတ်ပြီး ရှင်းပြ လိုက်ပါဦးမယ်။

သဉ်တဓါတ်၊ ရုပ်ဓါတ်၊ နာမ်ဓါတ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ နှစ်ပါး ရှိရာဝယ်၊ ရုပ်ဓါတ် ရုပ်ခန္ဓာကို ရှေးဦးစွာ ဖြစ်ပျက် အနိစ္စ သညာ ကောင်းစွာ ထင်မြင်လာအောင် ရှုပွားရပါမယ်၊ အဘယ်ကဲ့သို့ ထင်မြင်အောင် ရှုပွားရမလဲဆိုလျှင်၊ မျက်စိတမှိတ် လျှပ်တပြက်၊ တစက္ကန့် ကလေးလောက်မျှ ရုပ်နားခွင့် အချိန်မပေးဘဲ၊ အမြဲ ဖြစ်ပျက် အနိစ္စ တွေ ဖြစ်နေတာကို ဉာဏ် မျက်စိနဲ့ ထင်နေအောင် မြင်နေအောင်၊ အသိဉာဏ်ထဲမှာ မြဲနေအောင် ရှုပွားရမယ်၊ အဲဒီလို ရုပ်ဓါတ်၊ ရုပ် ခန္ဓာပေါ်မှာ၊ဖြစ်ပျက် အနိစ္စ အသိဉာဏ် တည်မြဲမှုကိုပင်၊ ဓမ္မဋ္ဌိတိ ဉာဏ် တည်တယ်လို့ ဆိုရပါတယ်၊ အဲဒီလို ဖြစ်ပျက် အနိစ္စ သညာ ကောင်းစွာ ထင်မြင်လာတဲ့ ယောဂီဟာ၊ ဒုက္ခသညာ၊ အနတ္တ သညာ ကိုလဲ အထူး အားထုတ် မနေရတော့ဘဲ၊ အလိုလို တပေါင်းတည်း ကဲ့သို့၊ ထင်မြင် လာပါလိမ့်မယ်။

## (၁၉) ဒုက္ခ သညာ ထင်မြင်ပုံ။

ထိုယောဂီဟာ ဒုက္ခသညာ ဘယ်လို ထင်မြင်လာတော့ သလဲဆို တော့၊ ရုပ်ဓါတ်၊ ရုပ်ခန္ဓာကြီး တခုလုံးဟာ၊ တဖျင်းဖျင်း တရှိန်ရှိန် ဖြစ်ပေါ် ဖြစ်ပေါ်နေတဲ့၊ ဇာတိဒုက္ခ ဇာတိဘေးကြီး နှိပ်စက် ညှဉ်း ပန်း နေတာကို တွေ့မြင် နေရလိမ့်မယ်၊ ဖြစ်ပေါ် ဖြစ်ပေါ်ပြီး၍၊ ရင့်ယော်၊ ရင့်ယော်လာတဲ့ ဇရာဒုက္ခ ဇရာဘေးကြီး နှိပ်စက် ညှဉ်းပန်း နေတာကိုလဲ၊ တွေ့မြင် နေရလိမ့်မယ်၊ ရင့်ယော်ပြီးနောက်၊ အနုမြူမျှ မကျန်ရစ်အောင်၊ သေဆုံး ပျောက်ပျက် သွားတဲ့၊ မရဏဒုက္ခ၊ မရဏ ဘေးကြီး အမြဲနှိပ်စက် ညှဉ်းပန်း နေတာကိုလဲ၊ တွေ့မြင် နေရလိမ့် မယ်၊ အဲဒီလိုအရှုခံဖြစ်တဲ့၊ ရုပ်ဓါတ်၊ ရုပ်ခန္ဓာကြီးဟာ မျက်စိတမှိတ် လျှပ်တပြက်၊ တစက္ကန့် ကလေးမျှ ရုပ်နားခွင့် အချိန်မပေးဘဲ၊ အမြဲ

နှိပ်စက် ညှဉ်းပန်းနေတဲ့၊ ဇာတိဒုက္ခဘေး၊ ဇရာ ဒုက္ခဘေး၊ မရဏဒုက္ခ ဘေးကြီးတွေ ကျရောက် နေတာဘဲဟု ထင်မြင် လာတဲ့ ယောဂီဟာ၊ ရုပ်ဓါတ်၊ ရုပ်ခန္ဓာကြီးကို၊ ကြောက်ရွံ့ ထိတ်လန့် ဘွယ်ရာကြီး ပါတကားဟု၊ ဘယဉာဏ် ဖြစ်ပေါ်လာလိမ့်မယ်၊ မချစ်ခင်တော့ဘဲ အပြစ်ကို မြင်လာလိမ့်မယ်၊ ငြီးငွေ့ လာလိမ့်မယ်၊ လွတ်မြောက် လိုတဲ့စိတ်တွေ ဖြစ်ပေါ်လာလိမ့်မယ်၊ အဲဒီလို သိမြင်တဲ့ အသိအမြင် ဉာဏ်စဉ်တွေဟာ၊ ဖြစ်ပျက် အနိစ္စသညာကို ပိုင်ပိုင်နိုင်နိုင် ကောင်းစွာ သိမြင်လိုက်တာနှင့် ဟပ်ပြိုင်နက်၊ သစ္စာ နုလောမ ဉာဏ်တိုင်အောင် သိမြင်သွားကြပါတယ်။

## (၂၀) ဒုက္ခဝေဒနာနှင့် ပတ်သက်၍ အထူး သတိပေးချက်။

ဒီနေရာမှာ ယောဂီများအား အထူး သတိပေး လိုတာကတော့ မိမိရုပ်ဓါတ်၊ ရုပ်တရား၊ ရုပ်ခန္ဓာကြီးကို၊ ကြောက်ရွံ့ ထိတ်လန့် ဘွယ်ရာ ဘေးဥပဒ်ြ အန္တရာယ် ရှိမှုန်း စက်ဆုပ် စရာကြီးဟု၊ သိမြင်မှု ခံစားရတဲ့ ဒုက္ခသဘောကိုမှ ဒုက္ခဝေဒနာ၊ ဒုက္ခသစ္စာ အစစ်ကို သိမြင်တယ်လို့ ခေါ်ပါတယ်၊ ဘယဒုက္ခ ဝေဒနာလို့လဲ ခေါ်ပါတယ်၊ အဲဒါကြောင့်မို့ ကိလေသာ ဇာတိဒုက္ခ၊ ကမ္မ ဇာတိဒုက္ခ၊ ဝိပါက ဇာတိဒုက္ခတွေကို ဆုံးအောင်လိုက်ကြရ၍ ဇာတိဒုက္ခအဆုံးသို့ ရောက်လျှင်၊ ဇရာဒုက္ခ၊ မရဏဒုက္ခတွေလဲ အလိုလိုအဆုံးသို့ ရောက်ကုန်ကြပါလိမ့်မယ်။

အဲဒါကြောင့်၊ ဘုရား ကိုယ်တော်မြတ်ကြီးက (စတုတ္ထ အင်္ဂုတ္တရ သဠေတနိကဝဂ်) မှာ၊ ချစ်သား ရာဟုလရဟန်း၊ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဆိုတဲ့ ရုပ်ဓါတ် ရုပ်တရား၊ ရုပ်ခန္ဓာ အပေါ်မှာ၊ အတ္တ၊ အတ္တနိယ စွဲလမ်း တတ်နှစ်သက်မှု၊ ကိလေသာတဏှာ ဇာတ်

ဒုက္ခ ချုပ်ငြိမ်းခဲ့လို့ ရှိလျှင်၊ ဒုက္ခဿ၊ ဒုက္ခဆင်းရဲ၏။ အန္တံ၊ အဆုံးသို့။ အကာသိ၊ ပြုပြီးပြီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ဟူ၍။ ဟောတော်မူပါတယ်။

ယောဂီများ သိရှိနားလည်အောင် တိုတိုနှင့်အကျဉ်းချုံးပြီး ပြောရမယ်ဆိုလျှင်၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခကို ဓမ္မဋ္ဌိတိဉာဏ်နှင့် ဆုံးအောင် လိုက်ပါမှ၊ သန္တိသုခ၊ ဝိမုတ္တိသုခကို တွေ့ကြရ လိမ့်မယ်။

သို့မဟုတ် ပါဘဲနှင့် နာကျင် ကိုက်ခဲ ညောင်းညာ တောင့်တင်း၊ ပူအေး အစရှိတဲ့၊ ခံစားဆဲ အခိုက်အတန့် မျှသာ၊ (၅)မိနစ် (၁၀) မိနစ် (၁၅) မိနစ်စသည့် အချိန်ကာလအားဖြင့်၊ ပိုင်းခြားပြီးသိရတဲ့ ဝေဒယိတ ဒုက္ခကို၊ ဝါ၊ နိပ္ပရိယာယ ဒုက္ခကို၊ ဝါ၊ ကာလသန္တတိ ပညတ်။ ဥဒ္ဓနသန္တတိ ပညတ်၊ သဏ္ဌာန ပညာတ် နိမိတ်တွေကို အဆုံး လိုက်နေကြ မယ်ဆိုလျှင်၊ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုကို ပင် သန္တိသုခ၊ ဝိမုတ္တိသုခဟု အမှတ်မှား၊ အသိမှား၊ အမြင်မှား၊ မှားပြီး၊ လမ်းဆုံး နေကြရလိမ့်မယ်။

## (၂၁) ကာလသန္တတိ၊ ဥဒ္ဓနသန္တတိ၊ သဏ္ဌာန သန္တတိ အကြောင်း။

ကာလသန္တတိဆိုသည်မှာ၊ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာအားဖြင့်၊ ဝေဒနာ ငါးပါးတို့တွင်၊မည်သည့် ခံစားမှု ဝေဒနာဘဲ ဖြစ်ဖြစ်၊ (၅)မိနစ်၊ (၁၀)မိနစ် (၁၅)မိနစ် စသည်အားဖြင့် ခံစားဆဲ အချိန်ကာလ၊ အပိုင်းအခြားနှင့် သိသော အသိမျိုးသည်၊ အနုဗောဓ ဉာဏ်ဖြင့်၊ မဂ်အား လျှော်အောင် ထိုးထွင်း၍၊ သိသော အသိဉာဏ်မျိုး မဟုတ်၊ လူတိုင်းလူတိုင်း၊ သိနိုင်သော အသိမျိုး ဖြစ်၍ ကာလသန္တတိ ပညတ်လို့ ခေါ်ပါတယ်။

ဌာန သန္တတိ သဘောကို၊ ထင်ရှားအောင် ပြောရမယ် ဆိုလျှင် အချို့ အချို့သော ယောဂီများဟာ ခေါက်ကြီးလေးပါးကို တပါး စီခွဲခြား၍၊ ဝိပဿနာ ရှုပွားကြရာဝယ် ကိစ္စ ကျယ်ပြန့်သော ( ဝါ ယောခေါက်)ကို ရှုပွားရာ၌ လက်ခြေ အင်္ဂါ စသည်တို့ကို တွန်းခြင်း ကန်ခြင်း လှုပ်ခြင်း ရှားခြင်း စသည်ပြုလုပ်၍၊ ဝါယော ခေါက်က တွန်းတယ်၊ တွန်းတယ် ဟူ၍ရှင်း၊ ကန်တယ် ကန်တယ် ဟူ၍ရှင်း၊ တနေရာ တဌာနမှ၊ တနေရာတဌာနသို့ ရွေ့ရှား သွားတယ် ရွေ့ရှား သွားတယ် ဟူ၍ရှင်း၊ တနေရာ တဌာနမှ တနေရာ တဌာနသို့ ရွေ့ ဆောင်သွားတယ် ရွေ့ဆောင်သွားတယ် ဟူ၍ရှင်း၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်အားဖြင့်၊ ဌာန အပိုင်းအခြားနှင့် သိသော အသိ အမြင် မျိုးသည်၊ နောက်က ပြောပြခဲ့သော ဘင်္ဂလား ပင်လယ်အော်မှ ဖြစ် ပေါ်လာသည့် ဆိုင်ကလုံ မုန်တိုင်းကြီး ပမာလို၊ ရန်ကုန် ဘက်သို့ ရွေ့ရှား၍၊ ရွေ့ဆောင် လာနေတာကို၊ လူတိုင်းသိတဲ့ အသိ အမြင် မျိုး ဖြစ်ခြင်းကြောင့် မဂ်အား လျော်အောင် အနုဗောဓ ဉာဏ်ဖြင့် ထိုးထွင်း၍ သိသော အသိ အမြင်မျိုး မဟုတ်၍ ဌာန သန္တတိလို့ ခေါ်ရပါတယ် ဌာန သန္တတိပညတ်လို့ ခေါ်ပါတယ်။

အချို့အချို့သော ယောဂီများကလဲ ပေါ်ရာခေါက်ကိုရှု၊ ပေါ် ရာ ခေါက်ကိုရှု ခေါက်မပေါ်ခင် အသိစိတ်ကို ငယ်ထိပ်မှာထား၊ ဟူ၍ ရှင်း။ ရင်ချိုင့်မှာထား ဟူ၍ရှင်း၊ ငယ်ထိပ်မှာ ပူချင် ပူလာလိမ့်မယ်၊ အေးချင် အေးလာလိမ့်မယ် ဟူ၍ရှင်း၊ ဆရာလုပ်သူက သင်ကြား ပြ သ ထားသည့်အတိုင်း၊ တပည့်ယောဂီများက လိုက်နာ ကျင့်သုံးကြ ရာမှာ ဆရာ့စကားကို သံရောင်လိုက်၍ ဥပါဒါန် အစွဲ အလမ်းနှင့် အလုပ်ကို လုပ်ခြင်းကြောင့်၊ ငယ်ထိပ်တည်းဟူသော သဏ္ဍာနပညတ် နိမိတ်ပေါ်မှာ ပူလာတော့ဒါပေါ့၊ ယင်း သဏ္ဍာနပညတ်နိမိတ် တနေ

ရာ တဋ္ဌာနမှ ပူသောအပူသည် မျက်နှာဋ္ဌာန၊ ရင်ဘတ်ဋ္ဌာန၊ ခါးဋ္ဌာန၊ ပေါင်ဋ္ဌာန၊ ခြေသလုံးဋ္ဌာန၊ ခြေဖဝါးဋ္ဌာနသို့ သန္တတိ အနေနှင့်၊ သန္တတိ အမြင်နှင့် တစပ်တည်းဘက်၍ ပူလာသည်ဟု ထင် မြင်နေကြတယ်၊ အအေး ဓါတ်ကိုလည်း အဲဒီလိုဘဲ ဆင်းချေ တက်ချေ သန္တတိ အမြင်နှင့် မြင်နေကြတယ်။

အဲဒီလို တေဇောဓါတ်ကို ရှုပွားတဲ့ ယောဂီများကလည်း ကာလသန္တတိ၊ ဋ္ဌာနသန္တတိ၊ သဏ္ဌာန သန္တတိ ပညတ် နိမိတ်ကြီး တွေနှင့် မြင်နေတဲ့ အမြင်မျိုးကိုပင်၊ တေဇောဓါတ် ပေါက်တယ်လို့ ယူဆနေကြတယ်။ အချို့ ယောဂီများဟာလဲ တေဇောဓါတ် အတွေ့ ပြင်းထန် လွန်းလို့ ချွေးတွေ သံတွေ ထွက်လာတယ်ဟု ထင်ရပြီး၊ မခံ မရပ်နိုင်အောင် ပူလွန်းလို့ ဣရိယာပုတ်ကို ဖျက်ပစ် ရပါတယ်တဲ့၊ ဣရိယာပုတ်ကိုဖျက်ပြစ်လိုက်ပြီး ကိုယ့်ကိုယ်ကို စမ်းကြည့်လိုက်တော့လဲ ချွေးတစက်မှ မတွေ့ရဘူးတဲ့။ သီတ တေဇော ဓါတ်ကို ရှုပွားတဲ့ အခါမှာလည်း၊ အေးလွန်းလို့ နှာရေတွေ ယိုစီး လာတယ်လို့ ထင်ရပါတယ်တဲ့။ ဣရိယာပုတ် ဖျက်ပစ်ပြီး၊ နှပ်ညှစ် ကြည့်တော့လဲ နှာရေတစက်မှ မထွက်ဘူးတဲ့။ အဲဒီ သဘော တရားများဟာ၊ ဟုတ်မဟုတ်၊ မှန်မမှန် သဘာဝ ကျမကျ ယောဂီ စာဘတ် ပရိသတ်များ သေသေချာချာ စဉ်းစား ဆင်ခြင်ပြီး ကြည့်လိုက် ကြစမ်းပါ၊ တေဇောဓါတ်ဟာ သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာမှာ အကယ်၍သာ အဲဒီလို မခံ မရပ်နိုင်အောင် ပူနေမယ်၊ အေးနေမယ် ဆိုလျှင်၊ သတ္တလောကကြီး တခုလုံး ပြာကျ ဆိတ်သုန်းနေဘို့ဘဲ ရှိတော့တယ်။

အဲဒီလို မခံ မရပ်နိုင်အောင် အပူဓါတ်၊ အအေး ဓါတ်ကြီးတွေကို တွေ့ထိ ခံစားရတော့၊ အတ္တ ပျောက်၍၊ အနတ္တ ပေါက်ပြီး တေဇောဓါတ် ပေါက်ရောလား ဆိုတော့ မခံ မရပ် နိုင်အောင် ပူမှု

အေးမှုကြောင့် ဣရိယာပုတ်ကို ဖျက်ပစ်လိုက်ရပါတယ် ဆိုတဲ့ စကား အရ ဓါတ်မပေါက်ဘူး၊ ပေါက်တယ်ဆိုတဲ့ ပြဿနာက ရှင်းနေပါပြီ ဣရိယာပုတ်ကို ဖျက်ပြစ် လိုက်ရအောင် မခံ မရပ်နိုင် ဖြစ်ရခြင်းဟာ သမာဓိသာသနာနှင့် မပြည့်စုံလို့ဘဲ ဖြစ်ပါတယ်။ သမာဓိသာသနာ နှင့် မပြည့်စုံလျှင် ပညာ သာသနာစခန်းသို့ မတက်လှမ်း နိုင်ခြင်း ကြောင့် ဘယ်နည်းနှင့်မှ အတ္တပျောက်၍ အနတ္တပေါက်ပြီး ဓါတ်မ ပေါက်နိုင်ဘူး ဟူ၍ မှတ်ကြစေလိုပါတယ်။

ပထဝီဓါတ်ကို အသီး အခြားပြု၍ ရှုပွား ကြရာမှာလည်း၊ ပထဝီ ဓါတ်ဟာ ကြမ်းတမ်း ခက်မာတယ်ဆိုပြီး လက်သီး လက်သီးခြင်း ပွတ်တိုက်၍ မာတယ် မာတယ်ဟူ၍ရှင်း။ ခြေသည်းနှင့် လက်သည်း ပွတ်တိုက်၍ မာတယ် မာတယ်ဟူ၍ရှင်း၊ အမာဓါတ်ကြီး တကိုယ် လုံး ပြန့်နှံ့၍မာလာတယ်ဟူ၍ စိတ်ထဲမှာ ထင်မြင်လာအောင် ရှုပွား နေကြတယ်၊ ခြေဖဝါး ဖနောင့်သားကိုလဲ ကြမ်းတယ် ကြမ်းတယ်ဟု အကြမ်း ဓါတ်ကြီးဟာ တကိုယ်လုံး ပျံ့နှံ့ပြီး ကြမ်းလာတယ်ဟု စိတ်ထဲမှာ ထင်မြင်လာအောင် ရှုပွားနေကြတယ်၊ ပထဝီ ဓါတ်ဟာ ကျောက်တုံး၊ ကျောက်ခဲ၊ သံတုံး သံခဲများလို လေးတဲ့ဓါတ် ဖြစ် တယ်ဆိုပြီး လေးတယ်၊ လေးတယ်ဟု အလေးဓါတ်ကြီး တကိုယ်လုံး ပျံ့နှံ့လာတယ်ဟု စိတ်ထဲမှာထင်မြင်လာအောင် ရှုပွားခြင်းကြောင့် ကြေလက် အင်္ဂါတွေဟာ၊ မြောက်လို့ ပင့်လို့ မရတော့ဘဲ၊ ထလို့ ကြွလို့ မရတော့ဘဲ လေးလာပါတယ်တဲ့။

အာပေါ ဓါတ်ကိုလည်း နှာရည်တွေ ယိုစီးလာတာကို အာပေါ ဓါတ် ဟူ၍ရှင်း၊ မျက်ရည်တွေ ယိုစီးလာတာကို အာပေါဓါတ် ဟူ၍ရှင်း၊ ချွေးတွေ ယိုစီးလာတာကို အာပေါဓါတ် ဟူ၍ ရှင်း။ စွတ်စို ထိုင်းမှိုင်း နေတာကို အာပေါဓါတ် ဟူ၍ရှင်း၊ ရှုပွား နေကြ

တယ်၊ အဲဒီလို အသိ အမြင် မျိုးတွေ သိကြ မြင်ကြတော့ ပထဝီ အာပေါဓါတ်တွေ ပေါက်ကြ ရောလား ....။

မပေါက်ဘူး မပေါက်ဘူး၊ ဘယ်တော့မှ မပေါက် နိုင်ပါဘူး ဘာဖြစ်လို့ ဓါတ် မပေါက်ဘူးလို့ ပြောနိုင် ဆိုနိုင် ရတာလဲ....။

ကာလသန္တတိ၊ ဌာနသန္တတိ၊ သဏ္ဍာန သန္တတိ ပညတ် နိမိတ် ကြီးတွေနဲ့ လူတိုင်း လူတိုင်း သိမြင်ကြတဲ့၊ အသိ အမြင်မျိုး ဖြစ်၍ ဓါတ် မပေါက်ဘူးလို့ ပြောနိုင် ဆိုနိုင် ပါတယ်။

နောက်က ပြောပြခဲ့တဲ့၊ ဗုဒ္ဓ ဝါဒ လမ်း နှစ်သွယ်တွင် သမုတိ သစ္စာနယ်က အသိ အမြင်မျိုး ဖြစ်၍ ဓါတ် မပေါက်ဘူး လို့လဲ ပြောနိုင် ဆိုနိုင် ပါတယ်။

( ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ မဖြစ်သောကြောင့် ဓါတ် မပေါက်ဘူး လို့လဲ ပြောဆိုနိုင် ပါတယ်။

( ရူပဂတံ၊ ဝေဒနာဂတံ၊ သညာဂတံ၊ သင်္ခါရ ဂတံ၊ ဝိဉာဏ ဂတံ၊ တေဓမ္မေ အနိစ္စတော၊ ဒုက္ခတော ။လ။ အနတ္တတော ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ မဖြစ်သောကြောင့် ဓါတ် မပေါက်ဘူး လို့လဲ ပြောဆို နိုင်ပါတယ်။

( အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဍာတိ ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ မဖြစ်သောကြောင့် ဓါတ် မပေါက်ဘူး လို့လဲ ပြောနိုင် ဆိုနိုင် ပါတယ်။

( ဃူမာသု စဘူသု ဓါတူသု နေဝတ္တာနံ နှ အတ္တနိယံ သမနုပဿတိ ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ မဖြစ်သောကြောင့် ဓါတ် မပေါက်ဘူးလို့လဲ ပြောဆို နိုင်ပါတယ်။

အချို့ ချိုသော ယောဂီ များကလည်း ပေါ်ရာ ဓါတ်ကိုရှု

ပေါ်ရာဓါတ်ကိုရှု ဆိုပြီးသကာလ၊ ရွရွ ရွရွ ပေါ်လာတာ အပေါ် ရေကဘဲ၊ ယားယား၊ ယားယား ပေါ်တာက အတွင်း ရေကဘဲ၊ နာကျင် ပေါ်တာက အသွားကဘဲ၊ တောင့်တင်း ပေါ်လာတာက အကြောကဘဲ၊ ဂျိုးကန် ဂျွတ်ကန် ပေါ်လာတာက အရိုးကဘဲ၊ ချမ်းစိမ့် ချမ်းစိမ့် ပေါ်လာတာက ရိုးတွင်း ချည်ဆီကဘဲ၊ စသည့် အားဖြင့်၊ ( ဒွတ္တိံသကာယ ) ပညတ် နိမိတ်တွေ ထင်အောင် ရှုပွား နေကြတယ်၊ အဲဒီ( ဒွတ္တိံသကာယ )ကို ပရိကမ္မ နိမိတ်ပြု၍ ပညတ် နိမိတ်မြဲပြီး၊ သမာဓိ ရအောင် ရှုပွားနိုင်ရင် စျာန်ကိုတော့ ရနိုင်ပါ တယ်၊ မဂ်ကိုတော့ မရနိုင်ဘူး၊ မဂ်ကိုလိုလျှင် ဓမ္မဋ္ဌိတိဉာဏ် တည် အောင်၊ ဝိပဿနာဉာဏ်နှင့် တဆင့်တက်၍ ရှုပွားမှသာ ရနိုင် ပါ တယ်။ အဲဒီလို သမထနှင့် ဝိပဿနာ ခွဲခြားပြီး သကာလ၊ ပါဠိတော် များနှင့် အံဝင် ဂွင်ကျ ဖြစ်အောင် အလုပ်ကို လုပ်ကြလျှင်၊ ဓမ္မဋ္ဌိတိ ဉာဏ်တည်ပြီး မဂ်လမ်းပေါက်၍ နိဗ္ဗာန်သို့ ရောက်ကြ ပါလိမ့်မယ်။

အဲဒီလို ယောဂီ များအား ဓါတ် ပေါက်အောင် အလုပ်ကို လုပ် ကြတဲ့ နေရာမှာ ပါဠိတော်များနှင့် အံဝင် ဂွင်ကျ ဖြစ်စေ ချင်တဲ့ စေတနာနှင့် ဘုရားဟော ပါဠိ တော်များနှင့် နှိုင်းယှဉ် တင်ပြ နေရ ခြင်း ဖြစ်ပါတယ်။ပါဠိတော်နှင့် အံဝင်ဂွင်ကျမဖြစ်ကြဘဲ အံချော်ပြီး ဓါတ်စာ အစားမှား နေကြခြင်းကြောင့်၊ ဓမ္မဋ္ဌိတိ ဉာဏ် အစာ အိမ်က အစာ ကြေအောင် မကြေ ချက်နိုင်တော့ဘဲ၊ ဓါတ်စာ ချဉ် အူ ပေါက်နေကြတဲ့ အလုပ်တွေကို ရှင်းလင်း ဖေါ်ပြ နေရခြင်း ဖြစ် ပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် တစုံတယောက်သော ပုဂ္ဂိုလ်အား အကျိုးစီးပွားမဲ့ ဖြစ်အောင် ဓမ္မမစ္ဆေရ သဘောနှင့် ပြောဆိုနေတာ မဟုတ်ဘူး ဆိုတာကိုလည်း စာဖတ် ပရိသတ် များအား အထူးဘဲ သိစေချင်ပါတယ်။

ဝိပဿနာ အလုပ်ကိစ္စနှင့် ပတ်သက်၍ ဘုရားဟော ပါဠိတော်များနှင့် အံဝင်ခွင်ကျ ဖြစ်ကြလေအောင် လိုရင်းအချုပ်ကို ပြောရမယ်ဆိုလျှင် သတိပဋ္ဌာန် တရားလေးပါး ဘုရားဟောတော်မူရာဝယ်၊ မည်သည့် သတိပဋ္ဌာန်ကို မဆို တပါး ပါးသော သတိ ပဋ္ဌာန်ကို မှီတည် ဇောက်ချ၍၊ ရှေးဦးစွာ ဓမ္မဋ္ဌိတိ ဉာဏ် တည်အောင် ဝိပဿနာ အလုပ်ကို လုပ်ကြလို့ ရှိရင်၊ ဥဒယဗ္ဗယ ဉာဏ်မှစ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင်၊ ဉာဏ်စဉ်တွေ ပေါ်လွင် ထင်ရှားပြီး သကာလ၊ အတ္တ ပျောက်၍ အနတ္တ ပေါက်ပြီးတော့ မဂ်ပေါက် နိုင်ပါတယ်။

ပဋ္ဌဝီ တေဇော အာပေါ ဝါယောဟူ၍၊ ဓါတ်ကြီး (၄) ပါး ရှိရာဝယ်၊ ဓါတ်တပါး ပေါက်က ကျန် ဓါတ် (၃) ပါးဟာ အလိုလို ကိစ္စပြီးသလို၊ သတိပဋ္ဌာန် လေးပါးမှာလည်း တပါးကိစ္စပြီးက ကျန် သုံးပါး အလိုလို ကိစ္စ ပြီးနိုင်ပါတယ်၊ သင်္ခတဓါတ် အသင်္ခတ ဓါတ် နှစ်ပါးမှာလဲ သင်္ခတဓါတ် အတ္တပျောက်၍ အနတ္တ ပေါက်ပြီးတော့ ဓါတ် ပေါက်ပါက၊ အသင်္ခတ ဓါတ်ဟာလဲ အလိုလို ကိစ္စပြီး မြောက် နိုင်တော့တာဘဲ ဖြစ်ပါတယ်၊ အရေး ကြီးတာက ပါဠိတော် များနှင့် အံဝင် ခွင်ကျ ဖြစ်သွားအောင် အလုပ်ကို လုပ်တတ် ကြဘို့ဘဲ အရေးကြီးပါတယ်။

## (၂၂) ပါဠိတော်များနှင့် အံဝင် ခွင်ကျ ဖြစ်အောင် လုပ်ပုံ လုပ်နည်းကို အသေးစိပ် ရှင်းလင်းဖေါ်ပြခြင်း

မေး ။ ဘုရားဟော ပါဠိတော်နှင့် အံဝင် ခွင်ကျ ဖြစ်အောင် ဘယ် လို အလုပ်ကို လုပ်ရမှာလဲ။

ဖြေ ။ အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ တေသံ ဝူပသမော သုခေါ။

ဟူသော ပါဠိတော်အရ ပြုပြင်မှုရှိ၍ ဖြစ်ပျက်မှု ရှိသော သင်္ခတ ဓါတ်၊ ရုပ်ဓါတ်၊ နာမ်ဓါတ် တွေကို ဖြစ်မှု ပျက်မှု ဥဒယ ဗ္ဗယ ဉာဏ် ထင်မြင် လာအောင် ပွား;များ အားထုတ် အလုပ်ကို လုပ်ရ ပါမယ်။ ယင်း သင်္ခါရ ဓါတ်မှာလဲ ရုပ်ဓါတ်၊ နာမ်ဓါတ် နှစ်ပါး ရှိရာဝယ်....

ဠမာသု စတူသု ဓါတူသု နေဝတ္တာနံ
နအတ္တ နိယံ သမန္နု ပဿတိ။

ဟူသော ပါဠိ တော်အရ၊ ဓါတ်ကြီး လေးပါး တည်းဟူသော ရုပ်ဓါတ်ကို ရှေးဦးစွာ ဥဒယဗ္ဗယ အဖြစ် အပျက် ဉာဏ် ထင်မြင် အောင် ရှုပွား ရပါမယ်၊ ဒီနေရာမှာ ယောဂီများအား အထူး သတိ ပေး လိုတာကတော့၊ ဒိဋ္ဌိ ဝိသုဒ္ဓိ အမြင် မပေါက် မရောက် ကြသေး တဲ့၊ ယောဂီတိုင်း ယောဂီတိုင်းဟာ နောက်က ပြောပြခဲ့တဲ့ အတိုင်း၊ ဓါတ်လေးပါး တည်းဟူသော ရုပကန္ဓာကိုပင် သက္ကာယဒိဋ္ဌိ အစွဲ ကြီးလေးချက်နှင့် စွဲလမ်းပြီးသကာလ၊ ငါ့ကိုယ်ကြီးဟူ၍ရင်း၊ ငါကြီး ဟူ၍ရင်း၊ ထင်မြင် စွဲလန်း နေကြဦးမှာဘဲ။ အဲဒီလို ထင်မြင် စွဲလမ်း နေတဲ့ ငါ့ကိုယ်ကြီး ဟူသော အတ္တဃန အစိုင် အခဲ ကြီးကို အဖြစ် အပျက် ဥဒယဗ္ဗယ ဉာဏ်နှင့် မှန်မှန် ညက်ညက် ကျေမွ ပျက်စီး ကုန် အောင် ထောင်းထု၊ ကျိတ်ချေ မှုတ်လွှတ်ပြစ်ရ ပါလိမ့်မယ်။ အဲဒီလို ခြေဆုံး ခေါင်းဆုံး ဘယ်နေရာ မှာမှ ကွက်လပ် မကျန်ရအောင်၊ ဥဒယဗ္ဗယ ဉာဏ်နှင့် အပြန် အလှန် ရှုပွားခဲ့လို့ ရှိရင် ခန္ဓာကိုယ်ကြီး တခုလုံးမှာ၊ တဖျင်းဖျင်း တရှိန်းရှိန်း တရိပ်ရိပ်နှင့် ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို ဉာဏ်မျက်စိဖြင့် တွေ့မြင်နေလိမ့်မယ်။ တဖျင်း ဖျင်း တရှိန်းရှိန်းနှင့် တွေ့ထိမှု ဖေါဋ္ဌဗ္ဗ သဘောတရားတွေ ခံစား နေတာကိုလဲ သိရလိမ့်မယ်။

ဒီနေရာမှာ ယောဂီများ သတိ ရှိထားကြဘို့ ကတော့ အဖြစ်

အပျက် ဥဒယဗ္ဗယ ဉာဏ် မရင့် ကျက်သေးတဲ့ အချိန် ကာလမှာ သင်္ခါရနိမိတ် အရိပ် အယောင် အကောင် အထည် မပျောက်သေးဘဲ၊ ပညတ်နိမိတ်နှင့်ပင် ဥဒယဗ္ဗယ အဖြစ် အပျက်ကိုဘဲ တွေ့မြင်နေကြရလိမ့်မယ်၊ အတ္တ၊ ဃန၊ အတုံး အတစ် အစိုင် အခဲ ကြီးတော့ မရှိတော့ပါဘူး၊ ကာလ သန္တတိ၊ ဌာန သန္တတိ ပညတ်မျိုးလဲ မဟုတ်တော့ပါဘူး၊ မှုန်မှုန် မွှားမွှား တဖွားဖွား တည်းဟူသော သင်္ခါရပညတ် ကတော့ ထင်မြင် နေဦးမယ်၊ ထင်ပါစေ။ မြင်ပါစေ။ ထင်အောင် မြင်အောင်ကိုဘဲ သမ္မာသင်္ကပ္ပ မဂ္ဂင်နှင့် အမျိုးမျိုး တွေးတော ကြံဆပြီးတော့ ရှုပွားရ ပါတယ်၊ ဆုတ်နစ်တဲ့ စိတ်၊ လျော့ရဲတဲ့ စိတ်မျိုး မထားဘဲ၊ ဇွဲလုံ့လ ထက်ထက် သန်သန်နှင့် အတ္တပျောက်၍ အနတ္တ ပေါက်ပြီး၊ ဓါတ် မပေါက်သမျှ အရိုးကြေကြေ အရေစုတ်စုတ်၊ ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတဲ့ စိတ်မျိုး ထားပြီး အလုပ် လုပ်မယ်ဆိုလျှင် တရက် နှစ်ရက် အတွင်းမှာဘဲ ဉာဏ်နှင့် သိလာပါလိမ့်မယ်၊ သမ္မာ သင်္ကပ္ပ မဂ္ဂင်က ခန္ဓာကိုယ် ရုပ်တရားကြီးရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ကြံစည် တွေးတောပြီး ရသမျှ အာရုံတွေကို သမ္မာဒိဋ္ဌိ မဂ္ဂင်သို့ ပို့ပုံ့ နေသဖြင့် တဖျင်းဖျင်း တရှိန်းရှိန်း၊ တလျှပ်လျှပ် တရွရွနှင့် မွမွ ကြဲနေအောင် ဖြစ်ပျက် နေတာကို ဉာဏ်မျက်စေ့နှင့် မြင်၍ ဉာဏ်နှင့် သိလာပါလိမ့်မယ်။

ဘုရား ကိုယ်တော် မြတ်ကြီး ကလဲ ရူပက္ခန္ဓာကို ရေမြှုပ်နဲ့ သဏ္ဍာန်တူပုံ၊ ဝေဒနက္ခန္ဓာကို ရေပွက်နှင့်သဏ္ဍာန်တူပုံ၊ သညက္ခန္ဓာကို တံလျှပ်နှင့် သဏ္ဍာန် တူပုံ၊ သင်္ခါရက္ခန္ဓာကို ငှက်ပျောတုံးနှင့် သဏ္ဍာန် တူပုံ၊ ဝိညာဏက္ခန္ဓာကို မျက်လှည့် ဆရာကြီး နှင့် သဏ္ဍာန်တူပုံ တွေကို ပညတ် နိမိတ်နဲ့ဘဲ ဥပမာ ပြခဲ့တယ် ဖြစ်ပျက် ဥဒယဗ္ဗယ ဉာဏ် မရင့်ကျက် သေးတဲ့ ယောဂီများ ဟာလဲ

အစ ပထမမှာ မှုန်မှုန် မွှားမွှား တဖွားဖွား ပညတ်နိမိတ်နဲ့ ထင်မြင်ရ ဦးမှာဘဲ ဖြစ်ပါတယ်၊ အဲဒီ လောက် ထင်မြင် လာအောင် ကိုဘဲ၊ ဘယ်လောက် ဂရုစိုက်ပြီး အားထုတ် ရတယ်ဆိုတာ အလုပ်ကို လုပ်ဘူးကြတဲ့ ယောဂီတိုင်း သိရှိကြပါလိမ့်မယ်။

ဝိပဿနာ အလုပ် ဆိုတာဟာ ကိုယ်ကာယ အားဖြင့် အားသွန် ခွန်စိုက် လုပ်ရတဲ့ အလုပ်မျိုး မဟုတ်ပါဘူး၊ စိတ်နှင့်သာ အလုပ်ကို လုပ်ရ၍ စိတ်သာလျှင် ပြဋ္ဌာန်း သောကြောင့် စိတ်သာလျှင် မူလ ဘူတ ပဓါန အရင်းခံ အရေးကြီးဆုံး ဖြစ်ပါတယ်၊ ဆုတ်နစ်တဲ့ စိတ် နဲ့ အလုပ်ကို လုပ်နေကြလို့ ရှိရင် ဝိပဿနာ ထင်မြင်မှု ကိစ္စ မတိုး တက်ဘဲ၊ ဆုတ်ရုပ် သွားတာကို တွေ့ရှိကြ ပါလိမ့်မယ်၊ လျော့ရဲတဲ့ စိတ်နဲ့ အလုပ်ကို လုပ်နေ ကြပြန်ရင်လဲ ထင်မြင် မှုတွေ လျော့ယိ လျော့ရဲနဲ့ ဘာဘဲ ညာဘဲနဲ့ မိမိကိုယ် မိမိ မဆုံးဖြတ် နိုင်အောင် ဖြစ် နေကြတယ်၊ အချို့ အချို့သော ယောဂီ များကလည်း၊ သူတို့ရဲ့ အာရုံထဲမှာ ဘာတွေ တွေ့ရှိ နေကြသလဲ ဆိုတော့ သစ်ပင်၊ တော တောင်၊ စိမ့်စမ်းတွေ တွေ့လိုတွေ့၊ ဘုရားတွေ တွေ့လိုတွေ့ အာရုံ အမျိုးမျိုး တွေ့တွေ့ နေကြတယ်၊ အဲဒီလို တွေ့ရှိ နေကြ ခြင်းဟာ စင်စစ်ကတော့ ဆုတ်နစ် လျော့ရဲတဲ့ စိတ်နှင့် အလုပ်ကို လုပ်ခြင်း ကြောင့် သမာဓိမဂ္ဂင် တည်ကြည်မှု မရှိသည့် အတွက် ဖြစ်ပျက်မှု အာရုံပေါ်မှာ စိတ်မရှိတော့ဘဲ၊ ရောက်ချင်ရာရောက်၊ ပေါက်ချင် ရာ ပေါက်နေ ကြခြင်းဘဲ ဖြစ်ပါတယ်။ သမာဓိ မဂ္ဂင်နှင့်မှ မပြည့်စုံ လျှင် ပညာမဂ္ဂင် စခန်းသို့ မတက် လှမ်းနိုင်ပါဘူး၊ ပညာမဂ္ဂင်စခန်း သို့မှ မတက်လှမ်းနိုင်လျှင်လဲ ဘယ်တော့မှ ဓါတ်မပေါက်ဘူးဆိုတာ ကို ယောဂီတိုင်း ယောဂီတိုင်း ကြိုတင် သိရှိထားကြဘို့ရာ အင်မတန်မှ အရေး ကြီးပါတယ်။

အဲဒါကြောင့် ယောဂီများအား အထူးသတိပေးချင် တာကတော့ (ဧကောဓမ္မော ဗဟုပကာရော။ ဧကောဓမ္မော၊တခုတည်းသော တရား သဘောသည်။ ဗဟု ပကာရော များစွာ ကျေးဇူးရှိ၏) ဆိုသည့် အတိုင်း မည်သည့် သတိပဋ္ဌာန်ကိုဘဲ ရှုပွား ရှုပွား မိမိ၏ အသိ စိတ် ကလေးကို တခုတည်းသော အာရုံ အပေါ်မှာသာ တည်ကြည် နေ အောင် သမ္မာသတိ၊ သမ္မာ သမာဓိ မဂ္ဂင်နှစ်ပ းကို လက်လွှတ် အံ ချော် မသွားပါစေနှင့်။ ဖြစ်မှု ပျက်မှု တခုတည်းသော အာရုံပေါ် မှာသာ စူးစူး စိုက်စိုက် ရှုပွား ခဲ့လို့ရှိရင် သမ္မာ သင်္ကပ္ပ သမ္မာဒိဋ္ဌိ မဂ္ဂင်နှစ်ပါးက ဖြစ်ပေါ်လာမှု ဥပါဒ်စွန်း ပျက်ပြုံး သေဆုံး ပျောက် ကွယ် သွားမှု၊ ဘင်စွန်း နှစ်ပါးကို ရှင်းရှင်း လင်းလင်းကြီး တွေ့မြင် လာပါ လိမ့်မယ်။ အဲဒီလို ဥပါဒ်စွန်း၊ ဘင်စွန်း ပေါ်အောင် အဖြစ် အပျက်ကို သိမြင်တဲ့ ယောဂီဟာ ဧကံမုချ ဓါတ် ပေါက်တော့မယ် ဆို တာကို ဆရာလုပ်သူက ကြိုတင် အကဲခတ် နိုင်ပါတယ်။

## (၂၃) အဖြစ်အပျက် ဥဒယဗ္ဗယဉာဏ် ထင်မြင်ခဲ့လျှင် ဉာဏ်စဉ် ထင်မြင်လာပုံ။

အဲဒီလို အဖြစ် အပျက် ဥပါဒ်စွန်း၊ ဘင်စွန်း ပေါ်အောင် ထင် မြင် လာခဲ့လို့ရှိရင်၊ ထိုယောဂီဟာ ဝိပဿနာ အလုပ်မှာ ဘယ်မျှ လောက် ကျေးဇူး များလာတယ် ဆိုတာ၊ အနည်းငယ် လောက် ရှင်းပြ လိုက်ပါဦးမယ် မိမိရဲ့ ခန္ဓာကိုယ် ရုပ် တရားကြီးဟာ တဖျင်း ဖျင်း၊ တရှိန်းရှိန်း၊ တလှုပ်လှုပ် တရွရွနဲ့ တမွမွ ကြဲအောင် မြင် ပေါ်လာတဲ့ သဘောတရားတွေဟာ (အနိစ္စံ ခယဋ္ဌေန) ဆိုသည့် အတိုင်း မျက်စိတမှိတ်၊ လျှပ်တပြက်၊ တစက္ကန့် ကလေး လောက်မျှ ရပ်နားခွင့် အချိန်မပေးဘဲ၊ ကုန်ခမ်း ပျက်စီး နေတာတွေ (အဘာ

ဝေါဝါ အနိစ္စ) ဆိုသည့်အတိုင်း ကုန်ခမ်း ပျက်စီး သွားတဲ့ သဘော တရား တွေဟာလဲ အနုမြူမျှ ရှာမရအောင် ( အဘာဝ ) ဖြစ်ကုန် တာတွေကို ယောဂီ၏ အသိဉာဏ် ထဲမှာ ဘယ်တော့မှ ပျောက်ပျက် မသွားတော့ဘဲ တည်မြဲ လာပါလိမ့်မယ်၊ အဲဒီလို အသိဉာဏ် တည် မြဲခြင်းကိုပင် ဖြစ်ပျက် အနိစ္စ ဓမ္မဋ္ဌိတိဉာဏ် တည်တယ်လို့ ဆိုရပါ လိမ့်မယ်။

မှုန်မှုန် မွှားမွှား တဖွားဖွား ဖြစ်ပျက် နေတာကိုလဲ၊ မမြဲကြောင်း ကို သိကြောင်း ဖြစ်တဲ့ အနိစ္စသညာ တွေဘဲဟု၊ ယောဂီ၏ အသိ ဉာဏ်မှာ သိမြင် နေပါ လိမ့်မယ်။ ယင်း သိကြောင်း လက္ခဏာ မှတ်ကြောင်း သညာကိုပင် လက်ကိုင်ပြုလုပ်၍ မိမိ၏ ခန္ဓာကိုယ် ရုပ် တရားကြီးကို အပြုန်ပြုန် အလှုန်လှုန် ဖြစ်ပျက် အနိစ္စ ရှုပွား ခြင်း ကြောင့် သတ္တဝါတွေဟာ တဘဝမှာ တခါသာဖြစ်၍ ဘဝ အဆုံး မှာ တခါသာပျက်၍ တခါတည်းသာသေတယ်လို့ နဂိုက ထင်မြင်စွဲ လမ်းနေတဲ့ ကာလ သန္တတိ ပညတ် ကြီးဟာ အလိုလို ပျောက်ကွယ် ချုပ်ငြိမ်းပြီးသကာလ ခဏခဏ ဖြစ်ပေါ် ဖြစ်ပေါ် နေတဲ့ ဇာတိဒုက္ခ၊ ရင့်ရော် ဆွေးမြေ့ သွားတဲ့ ဇရာဒုက္ခ၊ ပျက်ပြုန်း သေဆုံး သွားရတဲ့ မရဏဒုက္ခ၊ အဲဒီလို ဒုက္ခ လက္ခဏာတွေ၊ ဒုက္ခ သညာ တွေကိုလည်း၊ ယောဂီ၏ ဉာဏ်ထဲမှာ ထင်မြင် စွဲမြဲလာပါလိမ့်မယ်၊ အဲဒီလို မိမိခန္ဓာ ကိုယ် ရုပ် တရားကြီးကို ဇာတိ ဒုက္ခ၊ ဇရာ ဒုက္ခ၊ မရဏ ဒုက္ခတွေက မျက်စိတမှိတ် လျှပ်တပြက် တစက္ကန့် ကလေးမှ ရပ်နားခွင့် မပေးဘဲ အမြဲ နှိပ်စက် ညှင်းပန်း နေတာတွေကို တွေ့မြင် သိရှိ လာတော့ (ဒုက္ခံ ဘယတ္ထေန) ဆိုသည့်အတိုင်း ဩဘာ-ငါ့မှာ ဘယတ္ထ ဒုက္ခ ဘေး အန္တရာယ် ကြီးကို လွယ်ပိုးပြီး သင်္ခါရ ဒုက္ခတွေ အမျိုးမျိုးနဲ့ ပူပြင် ပေးနေရတဲ့ ဘေးရန်ကြီးပါ တကားဟု ဘယဉာဏ်လဲ ထင်

မြင်လာပါလိမ့်မယ်။ မိမိခန္ဓာကိုယ် ရုပ်တရားကြီးကို ဘေးရန်ကြီးဟု ထင်မြင်လာတဲ့အခါ၊ မချစ်ခင်တော့ဘဲ အပြစ်ကိုမြင်တဲ့ (အာဒီနဝ) ဉာဏ်။ ငြီးငွေ့တဲ့ (နိဗ္ဗိန္ဒ)ဉာဏ် လွတ်လို ကျွတ်လိုတဲ့(မုစ္စိတုကမျတာ) ဉာဏ်။ လွတ်အောင် ကျွတ်အောင် အားထုတ် မှသာ လွတ်မယ် ကျွတ်မယ်လို့ သိမြင်လာတဲ့ (ပဋိသင်္ခါ) ဉာဏ်။ အဲဒီ ဉာဏ်တွေဟာ အထူး အားထုတ် မနေရဘဲ၊ ဖြစ်ပျက် အနိစ္စသညာ၊ ဓမ္မဌိတိဉာဏ် တည်ရှိ လာမှုကြောင့် အလိုလို ထင်မြင် လာတဲ့ သဘောတရားတွေဘဲ ဖြစ်ပါတယ်။ ဆင်ခြင် သုံးသပ်တိုင်း၊ ထင်မြင် နေပါလိမ့်မယ်၊ တရားခွင်ဝင်ပြီး အလုပ်ကို လုပ်မှ မဟုတ်ပါဘူး သွားရင်း လာရင်း နေရင်း ထိုင်ရင်း စားရင်း သောက်ရင်း နဲ့လဲ သတိရတိုင်း အလိုလို ပေါ်ပြီးတော့ ထင်မြင် နေတတ် ပါတယ်။

## (၂၄) ဖြစ်ပျက် အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တ သညာ၊ ဓမ္မဌိတိဉာဏ် တည်ရှိက သတိပဋ္ဌာန် လေးပါး တပေါင်းတည်း ကဲ့သို့ ထင်မြင် လာနိုင်ပုံ။

သတိပဋ္ဌာန် တရား လေးပါး ရှိရာဝယ်၊ တနေရာမှာ ဝေဒနာနုပဿနာ၊ သတိပဋ္ဌာန် တပါး ကိုသာလျှင်၊ အဓိက ထား၍ ရှင်းလင်း ဖေါ်ပြလိုက်ပါမယ်၊ ကျန်ရှိတဲ့ ကာယ၊ စိတ္တ၊ ဓမ္မ သုံးပါးကိုတော့၊ ဉာဏ်အမြင်နှင့် သုံးသပ် ဆင်ခြင် ကြည့်လိုက် ရုံမျှနှင့် အလိုလို ကိစ္စပြီးနိုင်ကြောင်းကို သိရှိကြပါလိမ့်မယ်၊ ဘာဖြစ်လို့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဝေဖန်စိစစ် ပြရတာလဲ ဆိုတော့ ခံစားဆဲ အခိုက် အတန့် မျှသာ၊ မခံသာအောင် နာကျင် ကိုက်ခဲမှုကို သိအပ်မှတ်အပ်တဲ့၊ ဝေဒယိတ ဒုက္ခ ဝေဒနာကို အဆုံးလိုက် နေကြတဲ့

ယောဂီတွေအား အမြင်မှန် သိစေ မြင်စေ ချင်တဲ့ စေတနာ ဇောကြောင့်ဘဲ ဖြစ်ပါတယ်။

ဝေဒနာဟာ သုခ ဒုက္ခ သောမနဿ ဒေါမနဿ ဥပေက္ခာဟူ၍ ဝေဒနာငါးပါး ရှိကြောင်း ကိုတော့ ယောဂီတိုင်း လိုဘဲ သိရှိကြပါလိမ့်မယ်၊ အဲဒီ ဝေဒနာ ငါးပါးထဲမှ မည်သည့် ဝေဒနာမဆို ခံစားမှု သဘောတရားကို ပိုင်းပိုင်း ခြားခြား ကွဲပြားအောင် သိမြင်ရမလဲဆိုရင် (၁) ဝေဒယိတ ဒုက္ခဝေဒနာ။ (၂)ဘယတ္ထ ဒုက္ခ ဝေဒနာ၊ အဲဒီလို ဝေဒနာ နှစ်ပါးကို ခွဲခြားပြီး သိမြင် ထားရမယ်။ ထင်ရှားအောင် ရှင်းပြလိုက် ပါဦးမယ်။

ဆယ်မိနစ်၊ဆယ်ငါးမိနစ် စသည်အားဖြင့် ခံစားဆဲ အခိုက်အတန့် မျှသာ ကာလပိုင်းခြား၍ နာတယ်ကျင်တယ်လို့ ခံစါးရတဲ့ ဝေဒယိတ ဒုက္ခ ဝေဒနာကို သိမြင်တဲ့ အသိ အမြင်မျိုးဟာ ပုဂ္ဂိုလ် သတ္တဝါတိုင်း သိမြင်ကြတဲ့ အသိ အမြင်မျိုး ဖြစ်၍ ဝေဒနာ နုပဿနာ သတိပဋ္ဌာန် ကိစ္စ ပြီးမြောက်ပြီးတော့ မဂ် အားလျော်စွာ အနုဗောဓ ဥာဖြင့် ထိုး ထွင်းပြီး သိမြင်တဲ့ အသိ အမြင်မျိုး မဟုတ် ဒါ့ကြောင့် ဝေဒယိတ ဒုက္ခ ဝေဒနာ အသိ အမြင် မျိုးနဲ့ ခါတ် မပေါက်နိုင်ဘူး ဆိုတာ သိထားကြရမယ်။

ဘာဝနာ မယ ဉာဏ်ဖြင့် အဖြစ် အပျက် ဥဒယဗ္ဗယ ဉာဏ်ကို ဥပါဒ်စွန်း၊ ဘင်စွန်း ပေါ်အောင် ထင်မြင်မှု ရှိတဲ့ ယောဂီ ဆိုလျင် "ရုပ်တရားက ဘာမှ မသိတတ် မကြံတတ်၊ နာမ် တရားကသာ သိတတ် ကြံတတ်တဲ့ သဘောတရား ပါကလား" ဟု ရုပ်နာမ် နှစ်ပါးရဲ့ အရေးပါပုံကို ခွဲခြားပြီး သိမြင် လာပါလိမ့်မယ်၊ အဲဒီ ရုပ် နာမ်နှစ် ပါးကိုလည်း မမြဲတဲ့အနိစ္စသညာ၊ ဆင်းရဲတဲ့ ဒုက္ခသညာ၊ မိမိအလိုသို့ မလိုက်တဲ့ အနတ္တသညာ၊ အဲဒီလို လက္ခဏာရေး သုံးပါး တည်းဟူ

သော ဓမ္မဋ္ဌိတိ ဉာဏ်ဟာလည်း အမြဲနိစ္စ ဓုဝ တည်ရှိ လာပါလိမ့်မယ်။ အဲဒီလို ဓမ္မဋ္ဌိတိဉာဏ် တည်ရှိ လာမှုကြောင့် "ဩဠာရိက် ရုပ်နာမ် တရားတွေဟာ ဖြစ်ပေါ် ဖြစ်ပေါ် လာရမှု ဇာတိ ဒုက္ခ ဘေးဒဏ်တွေ၊ ရင့်ယော်ဆွေးမြေ့မှု ဇရာဒုက္ခ ဘေးဒဏ်တွေ၊ ပျက်ပြုန်း သေဆုံး ချုပ်ငြိမ်းရမှု မရဏ ဒုက္ခ ဘေးဒဏ်တွေက မျက်စိ တမှိတ်၊ လျှပ်တပျက်၊ တစက္ကန့် ကလေးမျှ ရပ်နားခွင့် မပေးဘဲ၊ အမြဲနှိပ်စက် ညှဉ်းပန်းမှု ဒဏ်တွေကို ခံစား နေရတဲ့၊ ဘယဋ္ဌ ဒုက္ခ ဝေဒနာတွေ ပါကလားဟု ယောဂီ၏ အသိဉာဏ်ထဲမှာ ဘယဋ္ဌ ဒုက္ခ ဝေဒနာတွေ တဖွားဖွား ဖြစ်ပေါ် နေတာကို တွေ့မြင် သိရှိ နေပါလိမ့်မယ်။ အဲဒီလို နှိပ်စက်ညှဉ်းပန်းခြင်း သဘောရှိတဲ့ ဇာတိ မရဏ ဒုက္ခဘေးဒဏ်တွေကို ခံစားရမှု ဘယဋ္ဌ ဒုက္ခ ဝေဒနာတွေဟာ ထိုယောဂီ၏ အသိဉာဏ်ထဲမှာ ပျောက်ကွယ် မသွားတော့ဘဲ။ ဝါ။ ဝေဒယိတ ဒုက္ခ ဝေဒနာလို အဆုံးသို့ ရောက် မသွားတော့ဘဲ ဓမ္မဋ္ဌိတိ ဉာဏ် အမြဲနိစ္စ တည်ရှိနေပါလိမ့်မယ်။

## (၂၅) ဝေဒယိတ ဒုက္ခဝေဒနာနှင့် ဘယဋ္ဌ ဒုက္ခဝေဒနာ အထူး။

(၁) ဝေဒယိတ ဒုက္ခဝေဒနာက ခံစားဆဲ အခိုက်အတန့် မျှသာ အချိန် ကာလအားဖြင့် ပိုင်းခြား၍ သိရပြီးနောက်၊ ပျောက်ကွယ် ချုပ်ငြိမ်း သွားပါတယ်။ နိပ္ပရိယာယ ဒုက္ခဖြစ်၍ ဓမ္မဋ္ဌိ ဉာဏ် မတည်နိုင်ပါဘူး။

(၂) ဘယဋ္ဌ ဒုက္ခ ဝေဒနာကတော့၊ ဒုက္ခ သစ္စာ အစစ် အမှန် သဘောတရားကို သမ္မာ ဒိဋ္ဌိ သမ္မာ သင်္ကပ္ပ မဂ္ဂင်ဖြင့် မဂ်အား လျော်အောင် အနုပဿန ဉာဏ်နှင့် ထိုးထွင်းပြီး သိမြင်ရလေသောကြောင့်

မဂ္ဂဋ္ဌိတိဉာဏ် တည်နိုင်တယ်၊ အဲဒီလို မဂ္ဂဋ္ဌိတိဉာဏ် တည်ပြီး သကာလ၊ လောကုတ္တရာမဂ်သို့ ရောက်တော့မှ ဒုက္ခအဆုံးသို့ ရောက်တယ်၊ အဲဒီ သဘောတရားများဟာ ဝေဒယိတ ဒုက္ခ ဝေဒနာနှင့် ဘယဋ္ဌ ဒုက္ခ ဝေဒနာ နှစ်ပါးရဲ့ အထူးဘဲ ဖြစ်ပါတယ်။

ဝေဒနာ နုပဿနာရဲ့ သဘောကို ယောဂီများ နားလည်အောင် အကျဉ်းချုံးပြီး အနည်းငယ် ရှင်းပြလိုက် ပါဦးမယ်၊ ခံစားမှု အမှတ် သညာနှင့်တကွ ဖြစ်တဲ့ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ ဝေဒနာ အားလုံးဟာ ဘုရားအလိုတော်ကျ ပရမတ္ထ သဘာဝ ကျအောင် တရားကိုယ်ကို ကောက်လိုက်မယ် ဆိုလျှင် ဒုက္ခဝေဒနာ တပါးထဲဘဲ ဖြစ်တယ်၊ အဲဒီ ဒုက္ခဝေဒနာကိုမှ ဝေဒယိတ ဒုက္ခဝေဒနာ၊ ဘယဋ္ဌ ဒုက္ခ ဝေဒနာရယ်လို့ ဒုက္ခ ဝေဒနာနှစ်ပါး ခွဲခြားပြီး သိထားကြရ မယ်။

ဝေဒယိတ ဒုက္ခ ဝေဒနာဟာ ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်း အဘို့ ဝိပဿနာ အလုပ်ကို အားမထုတ်ဘဲနဲ့ ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်း သိရှိ ခံစားရတဲ့ ဝေဒနာ ဖြစ်ဘယ်၊ ခန တဖြုတ် မျှသာ ခံစားရတဲ့ ဝေဒနာဖြစ်ပြီး မဂ္ဂ ဋ္ဌိတိ ဉာဏ် မတည် မြဲနိုင်ဘူး မဂ္ဂ ဋ္ဌိတိ ဉာဏ်မ တည် မြဲခြင်းကြောင့် လောကုတ္တရာ မဂ်ဉာဏ်လဲ မပေါ် နိုင်ဘူး ဘယဋ္ဌ ဝေဒနာကတော့ ခန္ဓာကိုယ် ရုပ် တရားကြီးကို ဥဒယ ဗ္ဗယ ဉာဏ်ဖြင့် အဖြစ် အပျက်ကို ဥပါဒ်စွန်း၊ ဘင်စွန်း ပေါ်လာ အောင် ထင်မြင် လာအောင် ဘာဝနာ မယ ဉာဏ်ဖြင့် ရှုပွား တော့မှ ရုပ် နာမ် နှစ်ပါးကို တခြားစီ ခွဲခြား သိမြင် လာတယ်။ အနိစ္စ သညာ၊ ဒုက္ခသညာ အနတ္တသညာ တည်းဟူသော မဂ္ဂဋ္ဌိ ဉာဏ်လဲ အမြဲ တည်ရှိလာတယ်၊ အဲဒီလို မဂ္ဂဋ္ဌိတိဉာဏ် အမြဲ တည်ရှိမှုကြောင့် ဇာတိ ဒုက္ခ ဘေးဒဏ်၊ ဇရာဒုက္ခ ဘေးဒဏ်၊ မရဏ ဒုက္ခ ဘေးဒဏ်

တွေ ခံစားနေရတဲ့ ဘယဋ္ဌ ဒုက္ခ ဝေဒနာတွေဟာ ယောဂီ၏ အသိဉာဏ်ထဲမှာ အမြဲ တည်ရှိလာတယ်။

ရုပ်နာမ် ဓမ္မ သင်္ခါရ သဘောတရား တွေကိုလဲ အင်မတန်မှ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ရာ ကောင်းတဲ့ ဘေးရန်ကြီးတွေ ဘဲဟု ထင်မြင် လာတယ်၊ ရွံ့မုန်း စက်ဆုတ် ဘွယ်ရာ တွေဘဲဟု မချစ်ခင်တော့ဘဲ အပြစ်ကိုသာ မြင်နေတော့တယ်။

စိတ်နှလုံး ချမ်းမြေ့ ဘွယ်ရာ သုခဆို၍ အနည်းမျှမျှ ရှာမရတော့ သဖြင့်၊ ဩဘာ-ငါမှာ ဝိပါကဝဋ်ဒုက္ခကြီး ဆိုက်နေတာပါတကားဟု မြင်လာပြီး မရှုသာ မရှုက်သာအောင် ငြီးငွေ့ နေလိမ့်မယ်၊ တောမီး အဝိုင်း ခံနေရတဲ့ ပုဂ္ဂိုလ် တယောက်ဟာ လွတ်မြောက်ရာ ထွက်ပေါက်ရှာ၍ လာတယ်၊ သို့ပါသော်လည်း (၁) တရားခံ အဝိဇ္ဇာ မှောင်ရိပ်က ကွယ်ကာ ဆို့ပိတ်ထားသဖြင့် ထွက်ပေါက် ထွက်လမ်းကို ရှာမတွေ့အောင် ဖြစ်နေတယ်၊ ထိုအခါ သမ္မာသင်္ကပ္ပ မဂ္ဂင်ဖြင့် ကြံမိ ကြံရာ ဖန်မိ ဖန်ရာ၊ ကြံဖန် တွေး တော ပြီးတော့ အနိစ္စာနုပဿနာ၊ ဒုက္ခာ နုပဿနာ၊ အနတ္တာ နုပဿနာ၊ မီးခလုပ်ကို နှိပ်၍ သစ္စာ နုလောမဉာဏ် မီးမောင်းနှင့် ထိုးပြီး ကြည့်လိုက်တဲ့ အခါကျတော့မှ (၁) တရားခံ အမှောင်ပျောက်၍ (၂) တရားခံ တဏှာ-မာန-ဒိဋ္ဌိ သုံးဦးသားတို့ ချယ်လှယ်နေကြတဲ့ ရန်သူအစစ်ကို တွေ့ရှိရတော့တယ်၊ သူတို့တွေက ဘယ်လို ချယ်လှယ် နေကြသလဲ ဆိုတော့၊ ရုပ် နာမ် တည်းဟူသော ဝဋ်ဒုက္ခကြီးကို၊ နိစ္စ၊ သုခ၊ သုဘ၊ အတ္တလို့ ထင်မြင်အောင် ဝိပ္ပလ္လာသ တရား သုံးပါးနှင့် ဖျားရောင်း သွေးဆောင်ပြီး တော့ သူတို့တတွေက ချစ်ခင်နှစ်သက် စုံမက် စွဲလမ်း နေကြတယ်။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ အတ္တ ဇီဝ

လို့ ထင်မြင် နေအောင်ကိုလဲ ဝိပ္ပလ္လာသ တရား သုံးပါးနှင့် ဖျား ရောင်း သွေးဆောင် မခွဲနိုင် မခွာရက်အောင် သူတို့ တတွေ ကသဲ ချစ်ခင် နှစ်သက် စုံမက် စွဲလမ်း နေကြတယ် သမုဒယသစ္စာ တဏှာ လောဘက စွဲလမ်း နှစ်သက်လေလေ၊ မာနက ငါ့ကိုယ်ကြီး၊ ငါကြီး ဟု လက်မ ထောင်လေလေ ဖြစ်နေတော့ သက္ကာယဒိဋ္ဌိကလဲ အရိုး ခိုက်အောင် စွဲလန်း နေစေတော့တယ်၊ ဒီချယ်လှယ်မှုတွေ တွေ့မြင် လာတဲ့အခါမှ အဲဒီလို အတ္တနိယ တဏှာကိလေသာ ဇာတိကိလေ သာ ဝဋ်တွေ ဖြစ်ပေါ် နေမှုကြောင့် ရုပ် နာမ် နှစ်ပါး တည်းဟူ သော ဝဋ်ကောင်ကြီးကို တောင့်တ တောင့်တ ပြီးတော့ ပုညာဘိ သင်္ခါရဆိုတဲ့ ကမ္မဝဋ်တွေကို ပြုခဲ့မိတယ်၊ ဒါ့ကြောင့် ယခုလို ဝိပါက ဝဋ်ဒုက္ခကြီး ဆိုက်ရောက် နေရတယ်၊ အတ္တနိယ တဏှာကိလေသာ ဇာတိ ချုပ်ငြိမ်းမှသာလျှင် ဝိပါကဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်မယ်ဟု စိတ်နှလုံး မသက်မသာ ခံစားနေရတဲ့ ဒုက္ခမှ လွတ်မြောက်ရာ လမ်း ကို သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ မဂ်ဉာဏ်ဖြင့် အကောက် အကွေ့မရှိ တွေ့မြင် လာတော့တယ်။

အဲဒီလို ဖြူးဖြောင့်တဲ့ ထွက်ပေါက်ကို တွေ့မြင်တော့မှ၊ ထို ယောဂီဟာ ဟင်းကနဲ သက်ပြင်းချကာ အနိစ္စာနုပဿနာ၊ ဒုက္ခာ နုပဿနာ၊ အနတ္တာ နုပဿနာကို လက်ကိုင်ပြု တအားကုန်းပြီး ရှန်း ထွက် လိုက်တဲ့အခါ၊ ဝိပါကဝဋ်ကောင် ရုပ်နာမ်နှစ်ပါးကို ငါ့ကိုယ် ကြီးဟု ထင်မြင်စရာ ရှာမတွေ့တော့ဘူး၊ ငါကြီးပါဘဲလို့လဲ ထင် မြင်စရာ ရှာမတွေ့တော့ဘူး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ ရယ်လို့လဲ ထင်မြင်စရာ ရှာမတွေ့တော့ဘူး၊ ပရမတ္ထ အားဖြင့် အဟုတ်မရှိ၊ တကယ်မရှိတဲ့ သဘောတရားတွေ ပျောက်ကွယ် ဆိပ်သုန်းသွားတဲ့ အခါကျတော့မှ ပရမတ္ထ အားဖြင့်

အဟုတ်ရှိ၊ တကယ်ရှိတဲ့ သင်္ခါတဓါတ်၊ ရုပ်ဓါတ်၊ နာမ်ဓါတ် နှစ်ပါး ဖြစ်ပျက်နေတာကိုဘဲ တွေ့ရှိနေတော့တယ်၊ ရုပ်နာမ် နှစ်ပါး ဖြစ် ပျက် နေပုံကလဲ မှုန်မှုန် မွှားမွှား တဖွားဖွားမှ စ၍၊ သဏ္ဌာန်နိမိတ် အရိပ်အယောင် အကောင်အထည်ဆို၍ အနုမြူမျှ ရှာမရအောင် ဖျင်းဖျင်း ရှိန်းရှိန်းနဲ့ ကြီယာ အမူအယာမျှ ပေါ်ဒွဲ အတွေ့ သဘောနှင့်သာ ဖြစ်ပျက်နေတာကို တွေ့ရှိ နေရတယ်။

အဲဒီလို စွဲလမ်း နှစ်သက်၊ စုံမက် မြတ်နိုးစရာ ရှာမရလေအောင်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမမှစ၍ သဏ္ဌာန် နိမိတ် အရိပ်အယောင် အကောင် အထည်တွေပါ၊ ပျောက်ကွယ် ချုပ်ငြိမ်း သွားသည်အထိ သိမြင်ရလေသောကြောင့်၊ စွဲလမ်းစရာ အနုမြူမျှ ရှာကြံမရတော့သဖြင့်၊ အတ္တနိယ တဏှာဖြင့် စွဲလမ်းနေတဲ့ သက္ကာယဒိဋ္ဌိ အစွဲအလမ်းကြီးဟာ ပျောက်ကွယ် ချုပ်ငြိမ်း သွား တာကို သိရှိလာတယ်၊ အဲဒီလို သုညတ၊ အနိမိတ္တ၊ အပ္ပဏိ ဟိတ အနုပဿနာ ဉာဏ်အမြင်နှင့်လည်း သိမြင်လာတယ်။ သို့သော်လဲ ဒီနေရာမှာ သတိရှိထားဘို့ကတော့၊ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းတယ် ဆိုတဲ့ စကားဟာ၊ နဂိုက ဖြစ်ပေါ်မှု ရှိနေတဲ့၊ သဘောတရား ချုပ် ငြိမ်းသွားမှုသာ ဖြစ်လေသောကြောင့်၊ ဘင်္ဂနိရောဓနှင့်သာ ချုပ် ငြိမ်းခြင်းဖြစ်တယ်၊ အနုသယ ကိလေသာ မကုန်သေးသဖြင့်၊ ဖြစ် ပေါ်မှု မရှိဘဲ အမြဲနိစ္စ ချုပ်ငြိမ်းတဲ့ အနုပ္ပါဒနိရောဓ မဟုတ်သေး ဘူးဆိုတာကို ကြိုတင် သိရှိထားကြဘို့ အရေးကြီးတယ်။

နောက်ပြီးတော့လဲ သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင် အထည်တွေ၊ စွဲလမ်း နှစ်သက်စရာ မရှိရလေအောင် ပျောက်ကွယ် ချုပ်ငြိမ်းတဲ့ နေရာမှာလဲ၊ ပရမတ္ထ သစ္စာအားဖြင့် အဟုတ်မရှိ တ

ကယ်မရှိတဲ့၊ သမုတိသစ္စာနယ်က ပညတ် နိမိတ်တွေသာလျှင် ပျောက်ကွယ်ချုပ်ငြိမ်းခြင်းဖြစ်တယ်၊ ပရမတ္ထသစ္စာအားဖြင့်အဟုတ်ရှိတကယ်ရှိတဲ့ သင်္ခါရ ဓါတ် ရုပ်ဓါတ် နာမ်ဓါတ်တွေ ဖြစ်ပျက်နေတဲ့ သဘောတရားကိုတော့ ပျောက်ကွယ် ချုပ်ငြိမ်း မသွားစေရဘူး၊ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်နဲ့ အမြဲတန်း မြင်နေစေရမယ်၊ အကယ်၍ သမုတိ သစ္စာရော ပရမတ္ထသစ္စာရော ဘာတခုမှ ရှာကြံ၍ မရအောင် ချုပ်ငြိမ်း နေပါတယ် ဆိုလျှင်တော့၊ ထိုယောဂီဟာ သမ္မာ ဒိဋ္ဌိမဂ္ဂင် လက်လွတ်အံချော် သွားသောကြောင့်၊ အဘာဝ ပညတ် နိမိတ် ကြီးကိုပင်နိဗ္ဗာန်ထင်ချင် ထင်နေတတ်ကြတယ်။

တချို့ကလဲ ကိုယ်ဟာကိုယ် ဘာမှန်းညာမှန်းမသိကြီး ဖြစ်ပြီးတော့ ဉာဏ်မျက်စိ လည်နေ တတ်ကြတယ်၊ အဲဒီလို ယောဂီတွေကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ရှိနေရလို့၊ ဒီနေရာမှာ ယောဂီများအား အထူးသတိပေးလိုက်ရခြင်းဘဲ ဖြစ်ပါတယ်၊ စင်စစ် အမှန်သဘောကို ပြောရမယ်ဆိုရင် ပြုပြင်မှုရှိ၍ ဖြစ်ပျက်မှုရှိနေသော၊သင်္ခါရဓါတ်၊ ရုပ်ဓါတ်၊ နာမ်ဓါတ်တွေကို အတ္တပျောက်၍ အနတ္တ ပေါက်ပြီး၊ ဓါတ် ပေါက်အောင် တွေ့မြင်သိရှိနေတော့မှ၊ ယင်း သင်္ခါရဓါတ် အနတ္တနှင့် အကျိုးအကြောင်း ဆက်စပ်၍ ပြုပြင်မှု မရှိ၍ ဖြစ်ပျက်မှု မရှိသော၊ အသင်္ခါရဓါတ် နိဗ္ဗာန် အနတ္တကို မျက်မှောက် ထင်ထင် တွေ့မြင်နိုင်ပါတယ်။

## (၂၆) သစ္စာလေးချက် တပြိုင်နက် ထင်မြင်ပုံ။

ဘယ်ဋ္ဌ ဒုက္ခဝေဒနာ ဝိပါကဝဋ်မှ ကျွတ်လွတ်ရအောင် ထွက်ပေါက်ရှာ၍ ထွက်နေတဲ့ယောဂီအကြောင်းကို၊ ဆက်ပြီး ပြောလိုက်ပါဦးမယ်၊ ထိုယောဂီဟာ လက္ခဏာရေး သုံးပါး တည်းဟူသော၊

ဓမ္မဋ္ဌိတိဉာဏ် မီးခလုပ်ကိုနှိပ်၍၊ သစ္စာ နုလောမဉာဏ် တည်းဟူသော မီးမောင်းကြီးနှင့် သင်္ခတဓါတ် ရုပ်ဓါတ် နာမ်ဓါတ် တွေကို ထိုးကြည့်လိုက်တဲ့ အခါကျတော့၊ " သစ္စာလေးချက် တပြိုင်နက် " ဆိုသည့် အတိုင်း သစ္စာလေးပါးကို တပေါင်းတည်း ကဲ့သို့ ထင်မြင်လာပါတယ်၊ ဘယ်လိုထင်မြင်လာသလဲ ဆိုတော့ မဂ္ဂင်ရှစ်ပါး တည်းဟူသော မဂ္ဂသစ္စာကို ပွားများမှု ကိစ္စကြောင့် ရုပ်ဓါတ်၊ နာမ်ဓါတ် သင်္ခတဓါတ် အနတ္တ သဘောတရားတွေ အပေါ်မှာ သုခဟူ၍၊ အနှမြူမျှ ရှာကြံ၍ မရတော့ဘဲ၊ ဇာတိ ဇရာ မရဏ တရားတို့ဖြင့် အမြဲနှိပ်စက် ညှင်းပန်းခြင်းကိုသာလျှင် ခံစားနေရတဲ့၊ ဘယဒုက္ခဝေဒနာဝိပါက ဝဋ္ဋဒုက္ခကြီးဘဲဟု ဒုက္ခကို ဒုက္ခမှန်း ပိုင်းခြား ပြီးတော့ လောကုတ္တရာ မဂ်အား လျော်အောင် အနုဗောဓ ဉာဏ်ဖြင့် ထိုးထွင်း၍ ဒုက္ခသစ္စာကို သိမြင်လာတယ်။

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင် လာသောကြောင့်၊ ဝိပါက ဝဋ္ဋကောင်ကြီးကို အတ္တနိယ တဏှာဖြင့် အတ္တကြီးဟု စွဲလမ်း နှစ်သက်နေတဲ့ သမုဒယကိုလဲ၊ ငါ့ကိုယ်ကြီး ရှာမရတော့သဖြင့် ပဟာတဗ္ဗပယ်ခြင်းကိစ္စဟာ လောကုတ္တရာ မဂ်အား လျော်အောင် အနုဗောဓဉာဏ်ဖြင့် ထိုးထွင်းပြီး သိမြင်လာပါတယ်။

သမုဒယ သစ္စာကို မဂ်အား လျော်အောင် ပယ်မှုကိစ္စ ပြီးလေသောကြောင့် အတ္တနိယတဏှာ ဘင်္ဂနိရောဓနှင့် မဂ်အား လျော်အောင် ချုပ်ငြိမ်းတဲ့ သဘောတရားကိုလည်း၊ အနုဗောဓ ဉာဏ်ဖြင့် ထိုးထွင်း၍၊ မျက်မှောက် ပြုခြင်းကိစ္စကိုလဲ သိမြင်ရပါတယ်။

အဲဒီလို သစ္စာ လေးပါးကို အကျိုး အကြောင်း ဆက်စပ်၍၊ တပေါင်းတည်းကဲ့သို့ သိမြင်မှု ကိုပင် (သစ္စာလေးချက် တပြိုင်နက်)

လို့ ဆိုပါတယ်၊ သိမြင်မှုဇော ဝိထိ စိတ်တုပ္ပါဒ် တချက်တည်းသာ ကျ၍၊ အာရုံထဲကိုသာ သိတဲ့ အသိ အမြင်မျိုးတော့ မဟုတ်ပါဘူး၊ သစ္စာလေးပါး တပါးနှင့်တပါး အကြားမှာ တခြား အာရုံတွေ ဝင်ရောက် စွက်ဖက် ခံနေခြင်း မရှိတော့ဘဲ တပေါင်းတည်း တဆက်တည်းကဲ့သို့ သိမြင်ခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီလို သိမြင်မှု အသိဉာဏ်တွေ လက်ဖျားဝေပြီး သကာလ သစ္စာလေးပါးကို မဂ်အား လျော်အောင် သိမြင်ရလေသောကြောင့် ထိုယောဂီဟာ ပြုပြင်မှုရှိ၍၊ ဖြစ်ပျက်မှု ရှိနေသော၊ သင်္ခတဓါတ်ကို အတ္တပျောက်၍ အနတ္တ ပေါက်အောင် သိမြင်လာတယ်၊ ဤမှာ ဘက်ကမ်းတည်းဟူသော လောကအဆုံးသို့ ရောက်ရှိနေတာကိုလဲ သိမြင်လာတယ်၊ ပြုပြင်မှုမရှိ၍ ဖြစ်ပျက်မှု မရှိသော၊ ဟိုမှာဘက်ကမ်းတည်းဟူသော အသင်္ခတဓါတ် အနတ္တကိုလည်း မျက်မှောက်ပြုသော အားဖြင့် ရောက်တော့မယ် ဆိုတာကိုလဲ ကြိုတင်ပြီး သိလိုက်နိုင်ပါတယ်၊ ယင်းသို့ သိခြင်းကြောင့် မျက်မှောက် ပြုလိုတဲ့ ဇောစိတ်တုပ္ပါဒ် ဖြစ်လာတာကိုလည်း သိလာတယ်၊ သိတဲ့အတိုင်း အာရုံပြုလိုက်တော့ သင်္ခတဓါတ်ကို အတ္တဟု စွဲလမ်းနေတဲ့၊ အတ္တနိယတဏှာ ကိလေသာ အစွဲ အလန်းကြီးဟာ ဖြစ်ပေါ်မှု မရှိတော့ဘဲ အမြဲနိစ္စ အနုပ္ပါဒ နိရောဓဖြင့် ချုပ်ငြိမ်းနေတဲ့ သဘောကို၊ မျက်မှောက်ထင်ထင် အာရုံ ပြုနိုင် နေတော့တယ်၊ အဲဒီ သဘောတရားများဟာ ယောဂီများကိုယ်တိုင် ကျင့်ကြံ အားထုတ်ကြသဖြင့် တွေ့ကြုံ သိမြင်လာကြတဲ့ သူတို့ကို တွေ့မြင် သိရှိကြတဲ့ သဘောတရားများကို စာသံ ပေသံ မနှောဘဲ၊ စာဘက် ပရိတ်သတ် များအား တဆင့် ဖေါက်သည် ချလိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီလို အတ္တနိယတဏှာ ကိလေသာ အစွဲအလန်း ဖြစ်ပေါ်မှု မရှိ

တော့ဘဲ အမြဲနိစ္စမူဝ ချုပ်ငြိမ်းတဲ့သဘောတရားကိုပင်၊ သင်္ကာယ ဒိဋ္ဌိ အတ္တဒိဋ္ဌိ ချုပ်ငြိမ်းတယ်လို့ ခေါ်ဆိုရ ပါတယ်၊ မဟာ သောတာပန်လို့လဲ ခေါ်ဆိုရပါတယ်၊ ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ထင်ထင် အာရုံ ပြုနိုင်တယ်လို့လဲ ခေါ်ဆိုရပါတယ်၊ အဲဒီ ဂေါတြဘုဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များနဲ့ ပစ္စဝေက္ခဏာ ဉာဏ်များနှင့်ပါ နိဗ္ဗာန် အာရုံပြုပုံကို စသိ ပေသံနေ့ပြီး ပြောဆိုတဲ့ အကျယ်သဘောကို သိလိုလျှင် နိဗ္ဗာန် ဖြတ်ထုံးကျမ်း စာမျက်နှာ (၁၃၉) မှာ ကြည့်ပါ လေ သို့သော်လည်း ဒီနေရာမှာ ( ဂေါတြဘုဉာဏ် နောက်၌၊ ဖိုလ် ဇော သက်သက်ကြတယ် ) လို့ အယူရှိတဲ့ ယောဂီများ အား၊ ဂေါတြဘုနောက်၌၊ ဖိုလ်ဇော သက်သက် ကျရိုး ထုံးတမ်း စဉ်လာ ဘုရားဟော ပါဠိတော် သက်သေ အခိုင်အမာ သာဓကမရှိကြောင်း ကို အနည်းငယ်မျှတော့ ရှင်းပြလိုက် ပါဦးမယ်။

## (၂၇) ဂေါတြဘူ နောက်၌ ဖိုလ်ဇော သက်သက် မကျနိုင်။

သမ္မာသမ္မောဓိ၊ ပစ္စေကဗောဓိ အစရှိတဲ့၊ ဆုကြီးပန် ဆုထူးပန် ယောဂီများဟာ မိမိတို့ပန်ဆင်ထားသော ဆုအလိုက် ပါရမီမပြည့် သေးသမျှ ကာလပတ်လုံး ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံမပြု သေး ပါရမီ ပြည့်မှုကို စောင့်သောအားဖြင့် အနုလောမ ဉာဏ်မှာ ဘဲ ရပ်ဆိုင်း နေကြပါတယ်။

အဲဒါကြောင့် ထိုယောဂီများ အတွက် ဂေါတြဘူ နောက်၌၊ ဖိုလ်ဇောသက်သက် ကျလေသလော မကျလေသလောဟု စဉ်းစား ဘွယ် မလိုတော့ပါ။

ဂေါတြဘူဉာဏ် ဆိုတာဟာ အောက်မဂ်ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်၏ ရှေ့အဖို့မှာသာ ဖြစ်ပါတယ်၊ ဖြစ်တဲ့ အခါမှာလဲ ဂေါတြဘူ တကြိမ် မဂ်တကြိမ်သာ ဖြစ်ပါတယ်၊ အကြိမ်ကြိမ် ဖြစ်ရိုးထုံးစံမရှိပါ၊ ဖိုလ်သာလျှင် အကြိမ်ကြိမ် အလိုရှိတိုင်း ဖြစ်ပါတယ်၊ ဒါ့ကြောင့် သောတာပန် ပုဂ္ဂိုလ်များဟာ သစ္စာနုလောမ ဉာဏ်ကတဆင့် ပြောင်းပြီးတော့ ဂေါတြဘူတကြိမ် ထို့နောက် မဂ်တကြိမ် ထိုနောက်ဖိုလ်အကြိမ်ကြိမ် ဖြစ်သွားကြပါတယ် ဂေါတြဘူနောက်၌ ဖိုလ်ဇော သက်သက် ကျရိုး ထုံးစံမရှိပါ၊ ထိုသောတာပန် အရိယာပုဂ္ဂိုလ်များ ဖလ သမာပတ် ဝင်စားတဲ့၊ အခါမှာလဲ ရှေးဦးစွာ တောဘူမှက သင်္ခါရကို အနတ္တ ထင်မြင်အောင် အာရုံပြုပြီး သစ္စာနုလောမ ဉာဏ်၏နောက်၌၊ ဖိုလ်ဇော အကြိမ်ကြိမ်ကျ၍၊ နိဗ္ဗာန်ကို အာရုံပြုခြင်းဘဲ ဖြစ်ပါတယ်၊ ဂေါတြဘူဉာဏ် ဖြစ်ပေါ်မှု မရှိခြင်းကြောင့်၊ ဂေါတြဘူ နောက်၌၊ ဖိုလ်ဇောသက်သက် ကျခြင်းမဟုတ်ပါ အထက်မဂ် အထက်ဖိုလ်များကတော့ ဂေါတြဘူနှင့် လုံးဝမသက်ဆိုင်တော့သဖြင့် ဘာမျှ လင်းပါးဘွယ်ရာ မရှိကြောင်းကို ရှင်းလင်းပြောဆို လိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

## (၂၀) ပါဠိတော်များနှင့် အံဝင် ဥင်ကျ ဖြစ်မဖြစ် စိစစ် ဝေဖန်၍ ပြခန်း။

ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် ဓါတ်ပေါက်သွားတဲ့၊ ယောဂီဟာ ရှေးဦးစွာ ပညတ်နိမိတ်နှင့် တကွဖြစ်သော ရုပ်ဓါတ် တပါးတည်း ကိုသာလျှင်၊ ဖြစ်ပျက် ရှုပွားသဖြင့် ဥပါဒ်စွန်းဘင်စွန်းပေါ်၍၊ ဥဒယဗ္ဗယဉာဏ် ကောင်းစွာ ထင်မြင်ပြီး သကာလရုပ်ဓါတ် နာမ်ဓါတ် နှစ်ပါးကို ပရမတ်ဆိုက်အောင် ပိုင်းခြားပြီး သိ

မြင် လာရခြင်းဟာ (အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော) ဆိုတဲ့၊ ပါဠိတော်နှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် တိုင်အောင် တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်လာပါတယ်။

ရုပ်နာမ်နှစ်ပါးကို အဖြစ်အပျက်ဥဒယဗ္ဗယဉာဏ် ကောင်းစွာထင် မြင်မှုကြောင့် လက္ခဏာရေး သုံးပါး တည်းဟူသော ဓမ္မဌိတိဉာဏ် တည်ရှိ လာရခြင်း ဟာလည်း (ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ) ဆိုတဲ့၊ ပါဠိတော်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင် တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်လာရပါတယ်။

ဘယ် ပါဠိတော်နှင့်မဆို ဝေဖန် စိစစ်၍ ကြည့်လိုက် စမ်းပါ၊ တထပ်တည်း အံဝင် ဂွင်ကျ ဖြစ်နေတာကိုဘဲ တွေ့ရှိရပါ လိမ့်မယ်၊ (၃၇)ပါးသော ဗောဓိပက္ခိယ တရားများနှင့်လည်း ဝေဖန် စိစစ်၍ ကြည့်လိုက်ကြစမ်းပါ တထပ်တည်း အံဝင်ဂွင်ကျ ဖြစ်နေတာကိုဘဲ တွေ့ရှိ ရပါလိမ့်မယ်၊ ဘုရားဟော ပါဠိတော်တွေကို ကုန်စင်အောင် လိုက်လံရှာဖွေပြီး တခုစီ တခုစီ ကိစ္စပြီးအောင် အလုပ်ကို လုပ်နေဘို့ မလိုပါဘူး ဆိုတာကိုလဲ စဉ်းစားဉာဏ် ရှိကြဘို့လိုပါတယ်။

ယခု စံနမူအဖြစ် တင်ပြလိုက်တဲ့ ယောဂီ၏ လုပ်ငန်း စဉ်ကို ကြည့်လိုက်ကြစမ်းပါ ဘုရားဟော ပါဠိတော်ကို အမာခံ ကျောရိုး သဘွယ် မူတည် ဇောက်ချပြီးတော့ ကာယာ နုပဿနာ သတိပဋ္ဌာန် ဆိုတဲ့၊ ရုပကာယရုပ်ဓါတ် တပါးတည်းကိုသာ ဖြစ်ပျက် အနိစ္စသညာ ဓမ္မဋ္ဌိတိဉာဏ် အမြဲထင်မြင် တည်ရှိလာအောင် အလုပ်ကို လုပ်ခြင်း ကြောင့် သိသင့်သိထိုက်တဲ့၊ ဝိပဿနာ ဉာဏ်တွေဟာ အားလုံး လက် ဖျား ဝေပြီးတော့ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့်၊ အကျိုးအကြောင်း

ဆက်စပ်၍ သစ္စာနုလောမ ဉာဏ်တိုင်အောင် သိမြင်လာတာကို တွေ့မြင် သိရှိကြရပါလိမ့်မယ်။

အဲဒီလို သစ္စာနုလောမ ဉာဏ် တိုင်အောင် သိမြင် လာခြင်းကြောင့်၊ သင်္ခတဓါတ် ရုပ်ဓါတ် နာမ်ဓါတ်တွေကို အတ္တ ပျောက်၍ အနတ္တ ပေါက်ခြင်းကြောင့် မဂ်ဖိုလ်တိုင်အောင် အကြောင်းအကျိုး အကျိုးအကြောင်း ဆက်၍ အသင်္ခတဓါတ် ပေါက်သွားတာကိုလဲ၊ တွေ့မြင် သိရှိကြရပါလိမ့်မယ်။

အဲဒါကြောင့် ဓါတ် ပေါက်လိုကြတဲ့ ယောဂီတွေအား အထူး တိုက်တွန်း လိုက်ချင် တာကတော့ ဘုရားဟော ပါဠိတော် တွေကို ဘေးချိတ်ပြီး အဋ္ဌကထာနည်း ဋီကာနည်းတွေကို မူတည် ဇောက်ချလျက် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနဲ့ ပတျာဖြန့်ပြီး အလုပ်ကို လုပ်နေကြမဲ့ အစား ခံစားဆဲ အခိုက်တန့်မျှသာ သိလိုက်ရတဲ့ ဒုက္ခဝေဒနာကို၊ အဆုံးလိုက်နေမဲ့အစား (ဧကောဓမ္မော ဗဟု ပကာရော) ဆိုသည့်အတိုင်း ဘုရားဟော ပါဠိတော် တခုခုကို အမှာခံ ကျောရိုးသဘွယ် မူတည် ဇောက်ချပြီးတော့ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲလာအောင် အလုပ်ကို လုပ်ကြစမ်းပါလို့ အထူးသဖြင့် တိုက်တွန်း လိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

ဘာဖြစ်လို့ ဓမ္မဋ္ဌိတိဉာဏ် တည်အောင် ရှေးဦးစွာ အလုပ်လုပ်ဘို့ ခဏ ခဏ ထပ်တလဲလဲ တိုက်တွန်း နေရတာလဲဆိုတော့ ဘုရား ကိုယ်တော် မြတ်ကြီးက ( ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာနိဗ္ဗာနေ ဉာဏံ )လို့ မှာတော်မူခဲ့ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်၊ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲ မှသာလျှင် ရုပ်ဓါတ် နာမ်ဓါတ်တွေ အပေါ်မှာ ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်မရှိ တကယ်မရှိတဲ့ ကာလ သန္တတိ

ပညတ် ဌာနသန္တတိပညတ် သဏ္ဌာန ပညတ်နိမိတ် အရိပ် အယောင် အကောင် အထည်တွေ အားလုံးပျောက်ကွယ် ချုပ်ငြိမ်းပြီး သကာလ ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့ ရုပ်သဘာဝ နာမ်သဘာဝ ကြွယ်ဝ အမှုအယာ မှုတွေဟာ ခဏမစဲ တသဲသဲ ဖြစ်ပျက်ကုန်ခမ်းနေရတဲ့သဘော ဆင်းရဲတဲ့ သဘောတရား တွေကို၊ အမာခံ အနှစ်အသား အဟုတ်တခုမှရှာမရတဲ့ သဘောတရားတွေကို မဂ်အားလျော်အောင် အဟုတ်တွေ တကယ်တွေ အဟုတ်မြင် တကယ်မြင်နေရပါလိမ့်မယ်။ အဲဒီလို သိမြင်မှ သာလျှင် အတ္တ ပျောက်၍၊ အနတ္တ ပေါက်ပြီးတော့ ဓါတ်ပေါက် နိုင်ပါတယ်။ အဲဒါကြောင့် ခဏ ခဏ ထပ်ခါထပ်ခါ အကြိမ်ကြိမ် တိုက်တွန်းရခြင်းဘဲ ဖြစ်ပါတယ်။

စာဘက် ပရိတ်သတ် ယောဂီများအား အထူး သိစေချင်တာက တော့ စံနမူနာ သင်ခန်းစာ အဖြစ်ဖြင့် တင်ပြလိုက်တဲ့ ယောဂီဟာ၊ ရက်သတ္တပါတ် အမိဌာန်ဝင်၍၊ ရှေးဦးစွာ ဓမ္မဌိတိဉာဏ် တည်မြဲအောင် အလုပ် လုပ်ခြင်းကြောင့် (၇) ရက် အတွင်းမှာပင် ရုပ်ဓါတ် နာမ်ဓါတ် နှစ်ပါးကို အတ္တ ပျောက်၍ အနတ္တ ပေါက်ပြီးတော့၊ ဓါတ် ပေါက်ခြင်းကြောင့် နိဗ္ဗာန်ကို မျက်မှောက် ထင်ထင် အာရုံပြုနိုင်ကြောင်းကို တင်ပြလိုက်ခြင်းဘဲဖြစ်ပါတယ်၊ စင်စစ်ကတော့ ဓါတ်လေးပါးဓါတ်ခြောက်ပါးခန္ဓာငါးပါးအားလုံးကိုစွပြီးအောင်သိမြင်ပြီးဘဲ ဖြစ်ပါတယ်၊ သို့ပေမဲ့ လို့ ထိုယောဂီဟာ နဂိုရ်ကပရိယတ္တိဉာဏ်ဓါတ်ခံမရှိပါက ဗဟုသုတ အသိအမြင် နည်းပါးသဖြင့် တဘက်သားနားလည်အောင်အစီအစဉ်တည့်အောင်ပြောဆိုတတ်မှာတော့မဟုတ်သေးဘူး သို့ပေမဲ့လို့ သိတဲ့ပုဂ္ဂိုလ်များကပြောဟောမယ်ဆိုလျှင်တော့ ထိုယောဂီ၏ နားထဲမှာ ဆုတ်ဆုတ် သွင်းလိုက်သလို နေမှာ အမှန်ဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့် ဗဟုသုတ အကြားအမြင် နည်းပါးကြ

သေးတဲ့ ယောဂီများကိုလည်း၊ ရက်တွေ လတွေ နှစ်တွေ ကြာညောင်း နေမှာစိုးလို့ အဋ္ဌကထာနည်း ဋီကာ နည်းတွေကိုလည်း မူတည် ဇောက်ချ၍၊ ပတ္ထျာ ဖြန့်နေကြမဲ့ အစား ဘုရားဟော ပါဠိတော် များနှင့် အံဝင်ဂွင်ကျပြီးတော့၊ ရက်တိုတိုနှင့် ကိစ္စပြီးလွယ် ကြရလေ အောင် ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ်ကိုဘဲ တည်မြဲအောင် လုပ်ကြစမ်း ပါလို့ တိုက်တွန်းရခြင်းဘဲ ဖြစ်ပါတယ်။

ဝိပါက ဝဋ်ဒုက္ခမှ လွတ်ကင်း ထွက်မြောက်လိုတဲ့၊ အာသာဆန္ဒ ပြင်းပျတဲ့ ယောဂီများဟာ၊ နဂိုမူလက ပရိယတ္တိ အသိဉာဏ် ဓါတ်ခံ မရှိ၍၊ ဗဟုသုတ အကြားအမြင် နည်းပါးသော်ငြားလဲ (ယထာ ဘူတံ ဉာဏာယ သတ္တာ ပရိယေသိ တဗ္ဗော)လို့ နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ ဘုရား ဟောတော်မူတဲ့၊ အတိုင်း နည်းမှန် လမ်းမှန် အမှန်တကယ် ပြတတ်တဲ့၊ ဆရာ သမားများထံ ချဉ်းကပ်ပြီး အလုပ် ကို လုပ်ကြမယ်ဆိုရင် ရက်သတ္တတပါတ် အတွင်းမှာ ဝိပါက ဝဋ်ဒုက္ခ ဟူသမျှ ကုန်စင်အောင် မလွတ်ကင်း စေကာမူ ဝိနိပါတ ဘေးဒုက္ခမှ လွတ်ကင်း၍၊ အပါယ်လေးပါး တံခါးပိတ်ပြီး ဝိပါက ဝဋ်ဒုက္ခ တစိတ် တဒေသတော့ လွတ်ကင်း သွားနိုင်ပါတယ်၊ လွတ်ကင်းပုံကို စံနမူနာ သင်ခန်းစာအဖြစ် တင်ပြထားတဲ့ ယောဂီ အကြောင်းကို၊ ဆက်လက်ပြီး ပြောပြလိုက်ပါဦးမယ်။

## (၂၉) ဝိပါက ဝဋ်ဒုက္ခမှ တစိတ် တဒေသ ချုပ်ငြိမ်း သွားပုံ။

ထိုယောဂီဟာ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲမှု ကိစ္စ အပြီး တိုင်အောင် သိမြင်ရခြင်းကိစ္စ ပြီးလေသောကြောင့် သင်္ခတ ဓါတ် ရုပ်နာမ်နှစ်ပါးမျှကိုပရမတ္ထသစ္စာအားဖြင့်အမာခံအနှစ်အသားဆို၍

အနုမြူမျှ ရှာကြံ၍ မရအောင် သဏ္ဌာန် နိမိတ် အရိပ် အယောင် အကောင် အထည်တွေ ဘင်္ဂနိရောဓဖြင့် ချုပ်ငြိမ်း ဆိတ်သုန်း သွားခြင်းဘဲ ဖြစ်ပါတယ်၊ ယင်းကဲ့သို့ ဆိတ်သုန်း သွားခြင်း ကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး၊ ယောကျ်ား မိန်းမဟူ၍၊ အတ္တနိယ တဏှာဖြင့်၊ စွဲလမ်းနှစ်သက် စုံမက် မြတ်နိုးစရာ ဘာတခုမျှ ရှာကြံ၍ မရတော့သဖြင့်၊အတ္တနိယတဏှာ သက္ကာယဒိဋ္ဌိဟာလည်း ဘင်္ဂနိရောဓ နှင့်ဘဲ ချုပ်ငြိမ်း သွားခြင်း ဖြစ်ပါတယ်၊ ယင်းကဲ့သို့ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း လေသောကြောင့် ရုပ်နာမ် နှစ်ပါးဟာ ပုဂ္ဂိုလ် သတ္တဝါ ကြီးတွေဘဲဖြစ်လေသလော မဖြစ်လေသလောဆိုတဲ့၊ ဝိစိကိစ္ဆာတရား များဟာလဲ အလိုလို ပျောက်ကွယ် ချုပ်ငြိမ်း သွားရခြင်းဘဲ ဖြစ်ပါ တယ်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစရှိတဲ့၊ (၆၂) ပါးသော ဒိဋ္ဌိ တွေဟာလဲ အလိုလို ပျောက်ကွယ် ချုပ်ငြိမ်း ကုန်ရခြင်းဘဲ ဖြစ်ပါ တယ်၊ အဲဒီလို သင်္ခတဓါတ်ဖြင်တဲ့ ရုပ်ဓါတ် နာမ်ဓါတ်တွေကို၊ အတ္တ ပျောက်ပြီးတော့ အနတ္တ ပေါက်၍၊ ဓါတ်ပေါက်အောင် အနုပဿနာ ဉာဏ်ဖြင့်၊ လောကုတ္တရာ မဂ်အားလျော်စွာ ထိုးထွင်း၍ သိမြင်ခြင်း ကြောင့် ထိုယောဂီဟာ လောကုတ္တရာ မဂ်စိတ် ဖြစ်ပေါ် လာပြီး သက္ကာယဒိဋ္ဌိ အစွဲအလမ်း ကြီးဟာ ဖြစ်ကိုမှ မဖြစ်ပေါ်လာတော့ ဘဲ အမြဲ နိစ္စဓူဝ အနုပ္ပါဒ နိရောဓဖြင့်၊ ချုပ်ငြိမ်းနေတဲ့ အသင်္ခတ ဓါတ် နိဗ္ဗာန်ကို မျက်မှောက် ထင်ထင် အာရုံ ပြုနိုင်ခြင်းဘဲ ဖြစ် ပါတယ်။

အဲဒီလို သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်း၍၊နိဗ္ဗာန်ကိုမျက်မှောက် ထင်ထင် အာရုံပြုနိုင်တဲ့ ယောဂီဟာ၊ သင်္ခတဓါတ်လောက တစိတ် တဒေသအဆုံးသို့ ရောက်ခြင်းကြောင့် လောကဆုံးရာ အသင်္ခတဓါတ် ပေါက်ခြင်းဘဲ ဖြစ်ပါတယ်၊ အဲဒါဟာလဲ နိဗ္ဗာန်ကို မျက်မှောက်

ထင်ထင် အာရုံပြုနိုင်ခြင်းဘဲ ဖြစ်ပါတယ်၊ နိဗ္ဗာန်သို့ ရောက်တယ်လို့လဲ ဆိုနိုင်ပါတယ်။

အတ္တနှင့် စွဲလမ်းတတ်တဲ့၊ အတ္တနိယဘကျာ နာမက္ခန္ဓာ၊ ကိလေသာဇာတိ ဝိပါကဝဋ္ဋဒုက္ခ တစိတ်တဒေသ ချုပ်ငြိမ်းခြင်းကြောင့်၊ ဝါ၊ ဒုက္ခအဆုံးသို့ ရောက်ခြင်းကြောင့် ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှု ဆိုတဲ့၊ ခံစားမှုနှင့်တကွ ဖြစ်သော ဝေဒယိတ သုခဝေဒနာဆိုတာ လုံးဝမရှိဘဲ အမြဲနိစ္စမှုဝ ချမ်းသာတဲ့၊ သန္တိသုခ ချမ်းသာကို တွေ့ရှိ သိမြင်ရခြင်းဘဲ ဖြစ်ပါတယ်၊ နိဗ္ဗာန်သို့ ရောက်တယ်လို့လဲ ဆိုနိုင်ပါတယ်။

ဝိပါကဝဋ္ဋ ဆိုတာဟာ အခြားမဟုတ်ပါဘူး၊ အစမထင်နိုင်တဲ့ အနမတဂ္ဂ သံသရာ တလျှောက် လုံးကြီးမှာ အတိတ် ဘုံဘဝ အပါယ် လေးဘုံသားတို့ရဲ့ ရုပ်ဓါတ်၊ နာမ်ဓါတ်တွေ၊ ဖြစ်လိုက်ပျက်လိုက် သုဂတိဘုံဘဝ လူနတ်တို့ရဲ့ ရုပ်စိတ်၊ နာမ်စိတ်တွေ ဖြစ်လိုက် ပျက်လိုက်နှင့် ယခုပစ္စုပ္ပန် ဘဝတိုင်အောင် ရုပ်နာမ် နှစ်ပါး ဖြစ်ပျက်မှုတွေ တွေ့ထိ ခံစားနေရတဲ့၊ ဒုက္ခ သဘောတရားကိုပင်၊ ဝိပါကဝဋ္ဋဒုက္ခ ခံစားနေရတယ်လို့ ဆိုရပါတယ်၊ သံသရာ ဝဋ္ဋဒုက္ခ သခ်ါရ ဝဋ္ဋဒုက္ခလို့လဲ ဆိုရပါတယ်။

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းတဲ့ ယောဂီဟာ အတ္တနိယတကျာ ကိလေသာ ဇာတိ ချုပ်ငြိမ်းခြင်းကြောင့် အပါယ် လေးပါးသို့ ကျရောက်စေတတ်တဲ့၊ ပါဏာတိပါတ အစရှိတဲ့၊ ကံငါးပါး၊ ကံဟောင်း ကံသစ်တွေ အားလုံးဟာလဲ ချုပ်ငြိမ်းသွားပါတယ်။

အဲဒီလို ချုပ်ငြိမ်း သွားခြင်းကြောင့် အပါယ် လေးပါး လားကြောင်းဖြစ်တဲ့၊ ကမ္မဇာတိ ဝဋ္ဋဒုက္ခကိုလဲ မပြု မလုပ်တော့ ပါဘူး

မပြု မလုပ် ခြင်းကြောင့် အပါယ်လေးဘုံ သားတို့ရဲ့ ရုပ်ခေါက် နာမ်ခေါက်တွေ ဖြစ်ပေါ်မှု မရှိတော့ဘဲ အမြဲနိစ္စဓုဝ ချုပ်ငြိမ်း သွား ခြင်းကိုပင် အပါယ်လေးပါး တံခါးပိတ်တယ်လို့ ဆိုရပါတယ်။

အဲဒီလို အပါယ်လေးပါး တံခါးပိတ်တဲ့ ယောဂီဟာ သောတာ ပတ္တိမဂ် အနေနဲ့ ဆိုလျှင် သုဂတိ ဘုံဘဝမှာတော့ ရုပ်နာမ် နှစ်ပါး ဖြစ်ပေါ်မှု ရှိလိမ့်ဦးမယ်၊ ဘဝတဏှာ မချုပ်ငြိမ်းသေးသည့် အတွက် ကြောင့် လူ့ဘဝမှာ ဖြစ်ချင်လဲ ဖြစ်နိုင်တယ်၊ ဗြဟ္မာဘဝမှာ ဖြစ် ချင်ရင်လဲ ဖြစ်နိုင်တယ်၊ သို့ပေမယ်လို့ ဗြဟ္မာဘဝမှာတော့ ရုပ်ချည့် သက်သက်ဖြစ်တဲ့ အသညသတ်ဗြဟ္မာ၊ နာမ်ချည့် သက်သက် ဖြစ်တဲ့ အရူပဗြဟ္မာ ဘဝမှာတော့ မဖြစ်တော့ပါဘူး၊ လူ့ဘဝမှာလဲ လူ့ ဘဝတဖန် ပြန်ဖြစ်ချင်တဲ့ ယောဂီဟာ၊ မရှိသလောက် ရှားပါးလိမ့် မယ်လို့ ထင်မိပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူ့ဘုံဌာန လူ့ ဒေသမှာ၊ စားဝတ်နေရေး ကြပ်တည်း ကျဉ်းမြောင်းမှုဒုက္ခ၊ ပေါင်း သင်း ဆက်ဆံရေး မပြေလည်မှုဒုက္ခ၊ သွားရေး သမီးရေး လင်ရေး မယားရေး အဆင်မပြေမှုဒုက္ခ၊ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရတဲ့ဒုက္ခ ထိန်း သိမ်း စောင့် ရှောက် ရတဲ့ ဒုက္ခ၊ အဲဒီလို သင်္ခါရ ဒုက္ခ တွေက လဲ အမျိုးမျိုး၊ ဝိပရိနာမ ဒုက္ခတွေကလဲ အမျိုးမျိုး၊ ဘယဋ္ဌဒုက္ခတွေ ကလဲ အမျိုးမျိုးနဲ့ ထိုယောဂီဟာ သူကိုယ်တိုင် ရင်ဆိုင် တိုးတိုးနေ သည့်အတွက် လူ့ဘဝချမ်းသာ ဆိုတာဟာ ဒုက္ခချည်းဘဲလို့ ထင် မြင်ပြီး ဖြစ်လေသောကြောင့်၊ လူ့ဘဝ လူ့ဗာဂီကိုတော့ တဖန်ပြန် ပြီး ဖြစ်ချင်တော့မှာ မဟုတ်ပါဘူးလို့ ပြောဆိုလိုက်ရခြင်းဘဲ ဖြစ် ပါတယ်။ အနည်းငယ်မျှ သက်သာရာရတဲ့၊ နတ်ဘဝ ဗြဟ္မာဘဝကို တော့ ဖြစ်ချင်ဦးမှာဘဲ ဖြစ်ပါတယ်။

ဒါဖြင့် ထိုယောဂီဟာ အဲဒီ ဒုက္ခတွေကို၊ သမုစ္ဆေဒ ပဟာန် အား

ဖြင့် ပါယ်နိုင်ပြီ လားဆိုတော့ မပါယ်နိုင်သေးဘူး၊ အထက် အနာဂါမိမဂ် ရောက်မှ သာလျှင် ပါယ်နိုင်ပါတယ်၊ သို့ပေမယ်လို့ တဖြေးဖြေး တစ တစ ခေါင်းပါး လာပြီလို့တော့ ဆိုနိုင် ပါတယ်၊ ကောန့်မုချ ပါယ်နိုင်လတံ့ဘဲ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ (အဝိနိပါတ ဓမ္မော နိယတော သမ္ဗောဓိ ပရာယနော)လို့ ဆိုသောကြောင့် ပေါက်လွတ် ပဲစား ဖြစ်ချင်ရာဖြစ်၊ ရောက် ခြင်ရာရောက်၊ ကျခြင်ရာကျတတ်တဲ့ ဝိနိပါတ ဘေးကြီးက လွတ်ကင်း သွားပြီဖြစ်၍၊ မြဲသော ဂတိရှိသောကြောင့် အထက် အထက်ဖြစ်တဲ့ ဘုံဌာန များသို့ သွားလိုရာ သွားနိုင်ပါတယ်၊ ရောက်လိုရာ ရောက်နိုင် ပါတယ်၊ အထက်မဂ် အထက် ဖိုလ်များသို့လဲ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ရောက်ဖို့ကတော့ ကျိန်းသေ ဖြစ်နေပါပြီ ဘယ်တော့မှ နောက်ပြန်ဆုတ်ဖို့ လမ်းမရှိတော့ပါဘူး ရှေ့သို့သာ တက်လမ်း ရှိပါတော့တယ်။

## (၃၀) မဂ် လမ်းပေါ်၌ လှေခါးထစ် ပမာ အဆင့်ဆင့် မြင့်တက် သွားပုံ။

ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယကိလေသာ ချုပ်ငြိမ်းပြီးသွားတဲ့ ယောဂီဟာ ပထမမဂ် လှေခါးထစ် ပထမ အဆင့်ပေါ်မှာ ခြေစုံ ရပ်ပြီး သကာလ မဂ္ဂင်ရှစ်ပါး တည်းဟူသော လက်ကိုင်တန်းကို ကိုင်ဆုတ်မိနေပါပြီ၊ နောက်သို့ တဖန် ပြန်ဆင်းခြင်တဲ့စိတ် မရှိတော့ပါ၊ ရှေ့သို့ တဆင့် တိုးတိုးပြီး တက်သွားဘို့ကိုသာ စိတ်အာရုံ ထားပြီး တော့ ဓမ္မ ဌိတိဉာဏ်ကိုသာ လက်ကိုင်ပြုလုပ်၍၊ အမြဲတန်း အားယူ နေတော့တာဘဲ ဖြစ်ပါတယ်၊ အဲဒီလို အားပြုတဲ့ အတိုင်း ရှုန့်ရင်းတဲ့ ကာမရာဂ အနုသယ ကိလေသာ ပဋိဃ ဒေါမနဿ အနုသယ

ကိလေသာ နှစ်ပါးဟာလဲ တဖြေးဖြေး တနင်္ဂကရအားဖြင့် ခေါင်းပါး သွားပါလိမ့်မယ်၊ ခေါင်းပါး သွားခဲ့လို့ ရှိရင် ထိုယောဂီဟာ ဒုတိယ မဂ်ဒုတိယလေ့ခါးတစ် ဒုတိယ အဆင့်ပေါ်မှာ ခြေစုံ ရပ်မိနေပြီလို့ မှတ်ယူရပါမယ်။

သို့ပေမယ်လို့ အဲဒီ ကိလေသာ (၂) ပါးဟာ တနင်္ဂကရ အားဖြင့် ခေါင်းပါးရုံသာ ခေါင်းပါး ပါသေးတယ်၊ သမုစ္ဆေဒ ပဟာန်အား ဖြင့် အကြွင်းအကျန် မရှိအောင်တော့ ချုပ်ငြိမ်း မသွား သေးဘူး၊ အနုသယ ကျန်ရှိ နေပါသေးတယ်၊ နောက်တဖန် ဓမ္မဋ္ဌိတိဉာဏ်ကို ဘဲ လက်ကိုင်ဒုတ် ပြုလုပ်၍၊ အကြိမ်ကြိမ် အဖန်ဖန် မလျှော့သော လုံ့လဝိရိယနှင့် တက်ခဲ့လို့ ရှိရင် အဲဒီ ကိလေသာ (၂) ပါးဟာလဲ ချုပ်ငြိမ်း သွားပါ လိမ့်မယ်၊ ချုပ်ငြိမ်း ခဲ့လို့ ရှိလျှင် တတိယမဂ် တတိယ လေ့ခါးထစ် တတိယ အဆင့်မှာ ခြေစုံ ရပ်မိပြီလို့ မှတ်ရ ပါမယ်၊ အဲဒီအဆင့်ကတဖန် ကျန်ရှိနေသေးတဲ့၊ ဘဝရာဂါနုသယ မာနာနုသယ၊ အဝိဇ္ဇာနုသယ ကိလေသာသုံးပါးတို့ကို ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်နှင့် ရိုက်ပုတ် သတ်ဖြတ် ခြင်းကြောင့် သမုစ္ဆေဒ ပဟာန် အားဖြင့် အကြွင်း အကျန် မရှိအောင် ပယ်ပြီးခဲ့လို့ ရှိရင် စတုတ္ထမဂ်၊ စတုတ္ထ လေ့ခါးထစ်၊ စတုတ္ထ အဆင့်မှာ ခြေစုံ ရပ်မိပြီလို့ ဆိုရ ပါဘယ်။

အနုသယ ကိလေသာ (၇) ပါးကို ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ် နှင့် ရိုက်ပုတ် သတ်ဖြတ် တယ်ဆိုတဲ့ အကြောင်းကို၊ ယောဂီများ နားလည် သဘောပေါက်ပြီး သကာလ မိမိတို့ ကိုယ်တိုင် စာအုပ်ကို ဆရာတင်၍၊ လုပ်တတ် ကိုင်တတ် နှလုံး သွင်းဘတ် သွားအောင်၊ အနည်းငယ်လောက် ရှင်းပြ လိုက်ပါဦးမယ်။

အဆင့် အတန်း အလိုက် မိမိတို့ အဇ္ဈတ္တ သန္တာန်မှာ မပါယ်နိုင်သေး၍၊ ကျန်ရှိနေသေးတဲ့ ကိလေသာတွေဟာ၊ အကြောင်း တိုက်ဆိုင် လာလို့ ရှိရင် မနောကံ ကစ၍ ပရိယုဋ္ဌာန အနေအားဖြင့်၊ ထကြွ သောင်းကျန်း လာလိမ့်မယ်၊ အဲဒီလို မနောကံ ထကြွ သောင်းကျန်း လာလျှင် ကာယကံ၊ ဝစီကံ၊ ဝိတိက္ကမအားဖြင့် မလွန်မကျူးနိုင်အောင် ဖြစ်ပျက်အနိစ္စ၊ ဖြစ်ပျက်ဒုက္ခ၊ ဖြစ်ပျက်အနတ္တ ဓမ္မဌိတိဉာဏ် လက်ကိုင် ဒုတ်နှင့် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရိုက်ပုတ်သတ်ဖြတ် ပြစ်ရမယ်၊ အဲဒီလို ရိုက်ပုတ် သတ်ဖြတ် ပြစ်နိုင်ခဲ့လို့ ရှိရင် အဆင့် အတန်း အလိုက် ကျန်ရှိ နေတဲ့ အနုသယ ကိလေသာတွေဟာ ဥပါဒါန် အဖြစ် အငုတ်နှင့် တကွ သမုစ္ဆေဒ ပဟာန် အားဖြင့် ချုပ်ငြိမ်း ကုန်ပါ လိမ့်မယ်။

ပိုမိုထင်ရှားအောင် တနည်းတဖုံ ပြောပြလိုက်ပါဦးမယ်၊ ရူပါရုံ၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူ၍၊ အာရုံ(၆)ပါးရှိရာဝယ် စက္ခုပသာဒ ရုပ်နှင့် ရူပါရုံ ရုပ်နှစ်ပါးတို့ အကြောင်းအားလျော်စွာ အချင်းချင်း ပေါင်းစုံ ထိခိုက်မိတဲ့အခါ၊ ထင်မြင်မှု စက္ခုဝိညာဏဓါတ် စက္ခုဝိညာဏ်စိတ်နှင့် သိမှု မနောဝိညာဏ်စိတ် နှစ်ပါး အခြားမရှိဘဲ တပေါင်းတည်းကဲ့သို့ ဖြစ်ပေါ်လာပါလိမ့်မယ်၊ ဖြစ်ပေါ်လာသည်နှင့် တပြိုင်ထဲ ဖဿ မဖြစ်ပေါ်လာ နိုင်အောင် ဓမ္မဌိတိဉာဏ် လက်ကိုင် ဒုတ်နှင့် စုတ်ပြတ်သတ် ကုန်အောင် ဘယ်ပြန် ညာပြန် နရင်းကို ပိတ်တီးပြစ်လိုက်ရ ပါမယ် ( လက္ခဏာရေး သုံးပါး ထင်မြင် လာအောင် ဆိုလိုရင်းဘဲ ဖြစ်ပါတယ် )။

အဲဒီလို နားရင်း ပိတ်ဆော် နိုင်ခဲ့လို့ ရှိလျှင်၊ ဖဿ မဖြစ် မပေါ်လာ နိုင်တော့ဘူး၊ ဖဿမဖြစ်လျှင် ဝေဒနာမဖြစ်၊ ဝေဒနာမဖြစ်လျှင် တဏှာမဖြစ်၊ တဏှာမဖြစ်လျှင်၊ ဥပါဒါန်မဖြစ်၊ ဥပါဒါန်

မဖြစ်လျှင် ကံမဖြစ်၊ ကံမဖြစ်လျှင်၊ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အစရှိတဲ့ ဒုက္ခတွေအားလုံး အဆုံးသို့ ရောက်သောကြောင့် ဒုက္ခဆုံးရာ နိဗ္ဗာန်လို့ ဆိုပါတယ်။

ကျန်ရှိတဲ့ အားရုံ ငါးပါးကိုလဲ၊ အဲဒီ နည်းအတိုင်း လိုက်နာကျင့်သုံး ကြရပါလိမ့်မယ်၊ သဒ္ဒါရုံ အပေါ်မှာလဲ ဖဿမဖြစ်စေနှင့်၊ ဂန္ဓာရုံအပေါ်မှာလဲ ဖဿမဖြစ်စေနှင့်၊ ရသာရုံ အပေါ်မှာလဲ ဖဿမဖြစ်စေနှင့် ဖေါဋ္ဌဗ္ဗအာရုံ အပေါ်မှာလဲ ဖဿမဖြစ်စေနှင့်၊ ဓမ္မာရုံ အပေါ်မှာလဲ ဖဿမဖြစ်စေနှင့် ဖြစ်ပေါ်လာတဲ့ အာရုံတွေကို ဖြစ်ပေါ်လာတာနှင့် တပြိုင်နက်၊ ဒီနေရာမှာဘဲ ပွဲချင်း ပြီးအောင်၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်နှင့် ကိစ္စတုံးပစ်ရမယ်၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်ကို တည်မြဲအောင် အကြပ် မကိုင် နိုင်သေးတဲ့ ယောဂီဆိုလျှင်တော့၊ ဖဿသေအောင် မရိုက် မပုတ်နိုင်ဘူး၊ ကိုယ်က လက်မြှောက် အရှုံး ပေးရလိမ့်မယ်၊ ဖဿ-ဝေဒနာ-တဏှာ၊ ဥပါဒါန်၊ ကံတို့ကဘဲ အနိုင်ယူသွားကြ လိမ့်မယ်၊ အဲဒါကြောင့် ဘုရားကိုယ်တော် မြတ်ကြီးက၊ (ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ) ရှေးဦးစွာ၊ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲအောင်၊ အလုပ်ကို လုပ်ကြဘို့ မှာတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## (၃၁) ဓမ္မဋ္ဌိတိဉာဏ်နှင့် မဂ်ဉာဏ် နှစ်ပါးကို ဝေဖန်စိစစ်၍ ပြခြင်း

အနုသယ ကိလေသာကို ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်နှင့် သတ်ပုတ် ပစ်ရမယ်လို့ ပြောဆိုလိုက်တဲ့ စကားကို စာဖတ် ပရိသတ် ယောဂီများက အပြစ်တင်ကောင်း တင်ကြလိမ့်မယ်၊ ဘယ်လို အပြစ်တင်ကြမလဲဆိုတော့၊ အနုသယ ကိလေသာကို လောကုတ္တရာမဂ်က မှ

သာလျှင် ပယ်နိုင် သတ်နိုင်ကြောင်းကို အဋ္ဌကထာတိုင်း၊ ဋီကာတိုင်းက ဖွင့်ဆို နေပါလျက်နှင့်၊ အဘယ်ကြောင့် ဓမ္မဠိတိဉာဏ်လက်ကိုင်ဒုတ်နှင့် ရိုက်ပုတ် နေရတာဘဲလို့၊ သို့သော်လဲ အပြစ်တင်အရင်မစောလိုက်ကြ ပါနဲ့ဦး၊ ဘုရားဟော ပါဠိတော်နှင့် အံဝင်ဂွင်ကျ ဖြစ်အောင် ရှင်းပြ လိုက်ပါဦးမယ်။

အနုသယ ကိလေသာကို လောကုတ္တရာ မဂ်ဖြင့်သာလျှင်၊ ပယ်သတ်ခြင်းကိစ္စ ပြီးနိုင်ခြင်းဟာ အမှန်ဘဲ ဖြစ်ပါတယ်၊ သို့ပေမယ်လို့ ရှေးဦးစွာ ဓမ္မဋ္ဌိတိ ဉာဏ်ကိုမှ မတည်မြဲ ခဲ့လို့ရှိလျှင်၊ အနုသယ ကိလေသာကို ပယ်သတ်ခြင်းငှာ ဘယ်မဂ်စိတ်မှ ဖြစ်ပေါ် မလာနိုင်ဘူး ဆိုတာကို စာဖတ်ပရိသတ် ယောဂီတိုင်း သတိရှိထားကြ စေချင်ပါတယ်၊ သစ္စာ လေးပါးကို မဂ်အား လျော်အောင် သိမြင် ရာဝယ်၊ ရှေးစွာ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲမှု ရှိခြင်းကြောင့် သာလျှင်၊ သစ္စာလေးချက် တပြိုင်နက်၊ မဂ်အား လျော်အောင် သိမြင်ရခြင်းဘဲ ဖြစ်ပါတယ်၊ အဲဒီလို သိမြင် ခြင်းကြောင့်၊ လောကုတ္တရာ မဂ်စိတ်ဖြစ်ပေါ်ပြီး၊ နိဗ္ဗာန်ကို အာရုံပြုလိုက်တာနှင့် တချက်ထဲ၊ အနုသယ ကိလေသာကို ပယ်သတ်ခြင်း ကိစ္စပါ ပြီးစီး သွားရခြင်း ဖြစ်ပါတယ်။

မဂ်ဉာဏ်ဟာ တကြိမ်သာ ဖြစ်ပေါ်မှုရှိ၍၊ တကြိမ်သာ ပျက်မှုရှိသောကြောင့်၊ အနုသယ ကိလေသာကို ရိုက် ပုတ် သတ် ဖြတ်၊ ထောင်းထု နေဘို့ အချိန် မရလိုက်ပါဘူး ဓမ္မဋ္ဌိတိ ဉာဏ်ကတော့အကြိမ်ကြိမ် ဖြစ်မှုရှိ၍၊ အကြိမ်ကြိမ် ပျက်မှု ရှိသောကြောင့်၊ အနုသယ ကိလေသာကို အကြိမ်ကြိမ် အဖန်ဖန် နှားရင်း ပိတ်တီး နိုင်သဖြင့်၊ သေငယ်ဇောနှင့် မေ့မြောပြီး အသက် ထွက်လု ဆဲဆဲ အ

ခါကျတော့မှ မဂ်ဉာဏ်က တကြိမ်သာ ဖြစ်ပေါ်၍၊ ပယ်သတ်ခြင်း ကိစ္စကို ပန်းဆွတ်ခူး သွားခြင်းဘဲ ဖြစ်ပါတယ်။

ဓမ္မဋ္ဌိတိ ဉာဏ်နှင့် မဂ်ဉာဏ်ဟာ၊ အနုသယ ကိလေသာကို ပယ်သတ်ရာ၌၊ ရှေ့နှင့် နောက်သာလျှင် ကွာခြားကြပုံကို၊ ဥပမာ ဆောင်၍၊ ပြလိုက်ပါဦးမယ်၊ တောင်ပို့မှိုနှင့်ဆား ဥပမာလိုပေါ့၊ တောင်ပို့ မှိုက တောင်ပို့ ထိပ်ပေါ်က နေပြီးတော့ ကြွားကြွား ဝင့်ဝင့်နဲ့၊ ကားကားကြီး ပွင့်ပြီးတော့၊ ဝင့်ဝါ ပလွားတဲ့ သဘော ထားနဲ့ ပြောကြားလိုက်သတဲ့။ ဘယ်လို ပြောကြားလိုက်သလဲဆို တော့၊ "ဆားသွေးမပါဘဲချိုတာ ငါပေါ့ဟ"လို့ ပြောလိုက်သတဲ့၊ အဲဒီလို ပြောတဲ့ စကားကို ဆားကကြားတော့၊ ဆားကလဲ မခံချင် တဲ့ သဘောနဲ့၊ ဘယ်လို ပြန်ပြောလိုက်သလဲ ဆိုတော့၊ "ဟား ဟား ဟား ဘွက်၊ ငါမပါ ပေါ့ပျက်ပျက်" လို့ အဲဒီလို ပြန်ပြော လိုက်သတဲ့၊ အဲဒီ ဥပမာ အတိုင်း ပါဘဲ၊ တောင်ပို့ မှိုဟာ ချိုပင် ချိုငြားသော်လည်း၊ ဆားမပါက ချိုခြင်းကိစ္စ မပြီးနိုင်သလို၊ မဂ် ဉာဏ်ဟာလဲ၊ ရှေးဦးစွာ ဓမ္မဋ္ဌိတိ ဉာဏ်မှ မတည်မြဲခဲ့လို့ ရှိလျှင်၊ အနုသယ ကိလေသာ ပယ်သတ်တယ် ဆိုတဲ့ မဂ်ဉာဏ်ဟာ ဖြစ်ကိုမှ မဖြစ်ပေါ် လာနိုင် ပါဘူး၊ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် ဖြစ်တည်ပြီးမှ နောက်မှ မဂ်ဉာဏ် ဖြစ်ပေါ် လာရခြင်းဘဲ ဖြစ်ပါတယ်၊ ရှေ့နှင့် နောက်သာ ကွာခြားကြ ပါတယ်၊ အဲဒီ သဘောတရား များဟာ၊ ( ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ ဖော်ပြလိုက်ခြင်းဘဲ ဖြစ်ပါတယ်။

ဘုရားကိုယ်တော် မြတ်ကြီး ဟောတော်မူခဲ့တဲ့ ပါဠိတော် တွေ ဟာ၊ ပိဋကတ်သုံးပုံ အလုံးစုံကို ချုံ့ငုံပြီး ကြည့်လိုက်မယ်ဆိုလျှင်၊ ရုပ်နာမ် နှစ်ပါးကိုဘဲ မူတည် ဇောက်ချ၍၊ ဟောတော်မူတဲ့ တရား

ချည့်ဘဲ ဖြစ်ပါတယ်၊ ယင်း ရုပ်နာမ်နှစ်ပါးပေါ်မှာ၊ သဏ္ဌာန်နိမိတ် အရိပ်အယောင် အကောင်အထည် ပျောက်ကွယ် ချုပ်ငြိမ်း၍၊ အတ္တ ပျောက်ပြီးတော့ အနတ္တ ပေါက်အောင်ဟာလဲ၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်နှင့် ရိုက်ပုတ် သတ်ဖြတ် ပစ်ရမဲ့ အဓိပ္ပါယ်ကိုသာ မှုတည်ဇောက်ချ၍၊ ယောတော်မူတဲ့ တရားချည့်ဘဲ ဖြစ်ပါတယ်၊ ရုပ်နာမ်နှစ်ပါးကို အတ္တပျောက်၍၊ အနတ္တ ပေါက်အောင် ထင်မြင်ခဲ့လို့ ရှိလျှင်၊ သတိပဋ္ဌာန်တရား လေးပါးမှစ၍၊ (၃၇)ပါးသော၊ ဗောဓိပက္ခိယ တရားတွေဟာ၊ တပါးစီ တပါးစီ ခွဲခြား အားထုတ် မနေရတော့ဘဲ၊ အလိုလို တပေါင်းတည်း ကဲ့သို့ ပြီးစီးလာပါ လိမ့်မယ်၊ ဓါတ်လေးပါး ဓါတ်ခြောက်ပါး ဆိုတာလဲ အလိုလိုပေါက်ပြီးသား ဖြစ်နေပါလိမ့်မယ်၊ ခန္ဓာငါးပါး ဆိုတာလဲ အလိုလို ပေါက်ပြီးသား ဖြစ်နေပါလိမ့်မယ်၊ ဘယင္ဌ ဒုက္ခဝေဒနာ အဆုံးသို့လဲ ရောက်ပြီးသား ဖြစ်နေကြပါလိမ့်မယ်၊ အကြောင်းအကျိုး ဆက်စပ်၍ သိမြင်အပ်တဲ့၊ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့်လဲ၊ အကြောင်းတရား ချုပ်ငြိမ်းက အကျိုးတရား ချုပ်ငြိမ်းနေတာကိုလဲ သိမြင်ပြီးသား ဖြစ်နေကြပါလိမ့်မယ်၊ အဲဒီအကြောင်းတရား ချုပ်ငြိမ်းရခြင်း ဟာလဲ ဘယ်သူ့ လက်ချက်တုံး ဆိုတော့၊ ရှေးဦးစွာ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်တုတ်နှင့် နှားရင်း ပါးရင်း အုပ်လိုက်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့် ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်တုတ်ကို မဆုပ်ကိုင်နိုင်သေးတဲ့၊ ယောဂီမှန်သမျှဟာ၊ ဆားမပါတဲ့ တောင်ဘို့ မှုလို အချိုအရသာမထွက် ပေါ့ပျက်ပျက် ဖြစ်နေကြလိမ့်မယ်၊ ဘယ်လို ပေါ့ ပျက် ပျက် ဖြစ်နေကြမလဲ ဆိုတော့၊ ကာလ သန္တတိ၊ ဌာန သန္တတိ၊ သဏ္ဌာနသန္တတိ၊ ပညတ်နိမိတ်တွေ မပျောက်ကွယ် မချုပ်ငြိမ်းသဖြင့်၊ သဿတဒိဋ္ဌိနှင့် တင်းတင်း ရင်းရင်းကြီး ငြိတွယ်နေ

သောကြောင့်၊ ဝေဒယိတသုခကိုပင်၊ ဝိမုတ္တိသုခဟု ထင်မှတ်နေကြမှာဘဲပေါ့၊ သန္တိသုခကို တွေ့မြင်ကြမှာ မဟုတ်ဘူးလို့ ဆိုလိုရင်းဘဲဖြစ်ပါတယ်။

အဲဒီလို မဖြစ်ကြရလေအောင်၊ ဥဒါန်းပါဠိတော်မှာ၊ ဘုရားဟောတော်မူတဲ့အတိုင်း၊ ဗာဟိယသုတ်ကို ထုတ်ပြလိုက်ပါဦးမယ်၊ ဘုရားကိုယ်တော်မြတ်ကြီး၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ ကိန်းအောင်းစံပျော် နေတော်မူသည့်အခိုက်၊ သမုဒ္ဒရာကမ်းအနီး၊ သုပ္ပါဒ ဆိပ်ကမ်း၌၊ ပျဉ်ချပ်ကို ကြိုးဖြင့် ဖွဲ့ချီ၍ဝတ်လေ့ရှိသော ဗာဟိယ အမည်ရှိသော ဒိဋ္ဌိတယောက်ရှိသတဲ့၊ အဲဒီဒိဋ္ဌိဟာ ပျဉ်ချပ်ကို ကြိုးဖြင့်စီစစ်၍ ဝတ်ရုံခြင်းကိုပင်လျှင်၊ ရဟန္တာဖြစ်ကြောင်း အကျင့်ဟု ထင်မှတ် နေတယ်၊ သူ့ကိုယ်သူလဲ ရဟန္တာဖြစ်နေပြီလို့ တင်မှတ်နေတယ်၊ ပတ်ဝန်းကျင်ကလည်း ရဟန္တာဟု ထင်မှတ်ပြီးသကာလ၊ လှူကြတန်းကြကိုးကွယ် ဆည်းကပ်နေကြတယ်၊ ထိုအခါ ဘဝဟောင်းက မိတ်ဆွေဟောင်း ဖြစ်ခဲ့ဘူးတဲ့၊ နတ်သားတယောက်က သိရှိသဖြင့်၊ မိတ်ဆွေဗာဟိယ၊ မိတ်ဆွေရဲ့ အကျင့်က ရဟန္တာဖြစ်ကြောင်း အကျင့်မှမဟုတ်ဘဲ၊ မိတ်ဆွေလဲ ရဟန္တာမဟုတ်သေးဘူးလို့ ပြောတော့မှ၊ ဒါဖြင့်မိတ်ဆွေ၊ ရဟန္တာဖြစ်အောင် ဘယ်လိုကျင့်ရမလဲလို့ ပြန်မေးတယ်၊ မိတ်ဟောင်းဖြစ်တဲ့ နတ်သားကလဲ၊ ရဟန္တာဖြစ်ကြောင်းအကျင့်တများကို ငါလဲမသိဘူး ကောသလတိုင်း၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာဖြင့် ဘုရားရှင်ရှိလေရဲ့ ဘုရားရှင်က ရဟန္တာဖြစ်ကြောင်း တရားကို ဟောပါလိမ့်မယ်၊ အဲဒီကိုသွား၍ မေးပါလေ၊ စသည်ဖြင့် တိုက်တွန်းလိုက်တယ်၊ ဒီအခါ ဗာဟိယဟာ၊ ရဟန္တာဖြစ်လိုတဲ့ အာသာဆန္ဒ ပြင်းပျလွန်း အားကြီးသဖြင့်၊ မဆိုင်း

မတ္တ ခဏချင်းထ၍၊ ဇေတဝန် ကျောင်းတော်သို့ အရောက်၊ မနေ မနား ခရီးပြင်း နှင်တော့ တာပေါ့၊ နံက်ခင်းအချိန် ဇေတဝန် ကျောင်းသို့ ရောက်သွားတဲ့ အခါကျတော့၊ ရဟန်းတော်များနှင့် တွေ့၍၊ အရှင်ဘုရားတို့ ဘုရားဆိုတာ ဘယ်သူလဲ၊ ဘုရားရှင် ဘယ်မှာ ရှိသလဲဟု မေးမြန်းရှာတယ်၊ ရဟန်းတော်များကလဲ၊ ဘုရားရှင် မြို့ တွင်းသို့ ဆွမ်းခံကြွတော်မူနေတယ်လို့ ပြောလိုက်တော့၊ ဗာဟိယ ဟာ၊ ခဏချင်း သုတ်ခြေတင်၍၊ မြို့တွင်းကိုလိုက်ပြီး ဘုရားရှင်ကို တွေ့အောင် ရှာတော့တာဘဲ၊ ဆွမ်းခံရာ ခရီးလမ်း အကြားမှာ ဘုရားရှင်နဲ့ တွေ့တော့၊ ခြေတော်အစုံကို ဦးတိုက်ပြီး၊ တပည့်တော် အား၊ သနားသောအားဖြင့်၊ ရဟန္တာ ဖြစ်ကြောင်းတရား ဟော ကြားတော်မူပါ ဘုရားလို့ လျှောက်ထား ရှာတယ်၊ ဘုရားကိုယ် တော်မြတ် ကြီးကလဲ ဗာဟိယ၏ ခရီးပန်းလာသော ရုပ်လက္ခဏာကို မြင်တော်မူသဖြင့်၊ ရုတ်တရက် တရားမဟောသေးဘဲ၊ အသက်ရှူ ကလေးမှ မှန်ပါစေဦးတော့၊ သမာဓိ တည်ကြည်မှုမှ ရပါစေဦး တော့လို့၊ ချစ်သားဗာဟိယ၊ ယခုအခါမှာ ဆွမ်းခံချိန်ဖြစ်၍ တရား ဟောဘို့အချိန် မဟုတ်သေးဟု မိန့်တော် မူလိုက်တယ်၊ ဘုရားသခင် ကလဲ အချိန်ဆွဲ၍၊ သုံးကြိမ်တိုင်တိုင် ပယ်တော်မူတယ်၊ ဗာဟိယ ကလဲ ထပ်ခါထပ်ခါ သုံးကြိမ်တိုင်တိုင် လျှောက်ထားတော့မှ....

တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ
ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေ သုတ မတ္တံ
ဘဝိဿတိ မုတေ မုတမတ္တံ ဘဝိဿတိ
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

ဗာဟိယ၊ ဗာဟိယ။ တေ၊ သင်သည်။ ဟိ၊ စင်စစ်။ တသ္မာ၊ ထိုသို့ ရဟန္တာဖြစ်လိုပါမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဧဝံ၊ ဤသို့ဆို

လတံ့သောနည်းဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်ရမည်။ ကျင့်အပ်၏။ ကျင့်
ပါလေလော့။ ဒိဋ္ဌေ၊ ရူပါရုံဟူသမျှ တွေ့မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ တွေ့
မြင်ကာမျှ မတ္တသည်။ ဘဝိဿတိ၊ ဖြစ်စေရမည်။ ဖြစ်အောင် ကျင့်
လော့။ သုတေ၊ သဒ္ဒါရုံဟူသမျှ ကြားသိရာ၌။ သုတမတ္တံ၊ ကြား
သိကာမျှ မတ္တသည်။ ဘဝိဿတိ၊ ဖြစ်စေရမည်။ ဖြစ်အောင်ကျင့်
လော့။ မုတေ၊ ဂန္ဓာရုံ အနံ့ဟူသမျှ၊ ရသာရုံ အရသာဟူသမျှ၊
ဖောဋ္ဌဗ္ဗာရုံ၊ အတွေ့ဟူသမျှ၌။ မုတမတ္တံ၊ နံကာမျှမတ္တ -စားကာမျှ
မတ္တ၊ တွေ့ထိကာမျှ မတ္တသည်။ ဘဝိဿတိ၊ ဖြစ်စေရမည်။ ဖြစ်
အောင် ကျင့်လော့။ ဝိညာတေ၊ ကြံစည်စိတ်ကူး အောက်မေ့ရာ၌။
ဝိညာတမတ္တံ၊ ကြံစည်ကာမျှမတ္တ၊ စိတ်ကူးကာမျှမတ္တ၊ အောက်မေ့
ကာမျှ မတ္တသည်။ ဘဝိဿတိ၊ ဖြစ်စေရမည်။ ဖြစ်အောင်ကျင့်လော့။
တေ၊ သင်သည်။ ဧဝံ၊ ဤသို့သော နည်းဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်
အပ်၏။ ကျင့်ရမည်၊ ကျင့်ပါလေလော့။ အစရှိသဖြင့် ဟောတော်
မူလိုက်တယ်။

အဲဒီပါဠိတော်ကို လိုရင်းတစိတ်တဒေသ အကျဉ်းမျှဖေါ်ပြလိုက်
ရတဲ့ အကြောင်းရင်း ကတော့၊ ဘုရားကိုယ်တော်မြတ် ကြီးဟာ၊
သတ္တဝါများအား သစ္စာလေးပါး တရားတော်ကို ထင်မြင်အောင်
ဟောတော်မူရာ၌၊ ရုပ်ဓါတ် နာမ်ဓါတ်၊ နှစ်ပါးကိုဘဲ မူတည်ဇောက်
ချ၍ ဟောတော်မူခြင်း ဖြစ်ကြောင်းကို သိစေလိုတာက တကြောင်း
အနုသယ ကိလေသာကို ပယ်သတ်တဲ့ နေရာမှာလဲ ရှေးဦးစွာ ဓမ္မဋ္ဌိ
တိဉာဏ် လက်ကိုင်တုတ်နှင့် ရိုက်ပုတ် သတ်ဖြတ်နိုင်မှ သာလျှင်၊
မဂ်ဉာဏ် ဖြစ်ပေါ်နိုင်ကြောင်းကို ထင်ရှားစေလိုတာက တကြောင်း
တို့ကြောင့်ဘဲ ဖြစ်ပါတယ်။

သို့ပေမဲ့လို့၊ အချို့အချို့သော ယောဂီများက၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ မြင်ရင်လဲ မြင်ကာမျှ မတ္တသာ ဖြစ်စေရမယ်လို့ ဆိုရာ၌၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်တုတ်နှင့် ရိုက်ပုတ် သတ်ဖြတ် ဖြစ်ရမယ်လို့ ဘုရားက မဟောပါဘူးလို့ - အဲဒီလို သဘောမကျတဲ့ အနေနဲ့ စောဒကတွေ တက်ချင် တက်ကြဦးမလားတော့ မသိဘူး၊ တက်လို့ ရှိလျှင်လဲ၊ ဘုရားဟော ပါဠိတော်ကို ဘုရားအလိုတော်ကျ အံဝင်ဂွင်ကျဖြစ်အောင်၊ အနက်အဓိပ္ပါယ် သဘာဝကို မယူဆတတ်ကြလို့သာ ဖြစ်ပါလိမ့်မယ်၊ စင်စစ်ကတော့ ဘုရားဟော ပါဠိတော်တွေဟာ အနက် အဓိပ္ပါယ်တွေကို တိုက်ရိုက် သိသင့်တဲ့ နေရာမှာ တိုက်ရိုက် သိရမယ်၊ ဆောင်၍ သိသင့်တဲ့ နေရာမှာ ဆောင်၍ သိရမယ်။ သို့မှသာ ဘုရားအလိုတော်ကျ အံဝင်ဂွင်ကျ ဖြစ်နိုင်ပါတယ်။

( ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ ) ဆိုတဲ့ ပါဠိတော်ဟာ၊ ဓမ္မဋ္ဌိတိဉာဏ်နှင့် ဖြိုခွင်း ပယ်ရှားရမည်လို့ တိုက်ရိုက်ပင် ဘုရားမဟောသော်လဲ၊ ဟောဘိသကဲ့သို့ ဆောင်ပြီးတော့ သိရပါမယ်၊ ဘာဖြစ်လဲဆိုတော့ "ရူပါရုံကို တွေ့မြင်ရာ၌၊ တွေ့မြင်ကာမျှ မတ္တသာ ဖြစ်စေရမယ်" လို့ ဆိုရာ၌၊ ဖဿမဖြစ်စေနှင့်၊ ဖဿဖြစ်လျှင် ဝေဒနာ တဏှာ - ဥပါဒါန် - ကံအစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးဟာ မပြတ်အောင် လည်နေလိမ့်ဦးမယ်" လို့ ဆိုလိုရင်းဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့်၊ ဖဿ မဖြစ်ပေါ်လာနိုင်အောင် ဘယ်သူကို အရင် သတ်ရမလဲဆိုတော့၊ ရူပါရုံ ရုပ်ဓါတ်နှင့် စက္ခုဝိညာဏ် နာမ်ဓါတ်၊ အဲဒီ ဓါတ်နှစ်ပါး ပေါ်မှာ မတရား စွဲလမ်းနေတဲ့ တဏှာကို သေအောင် သတ်ရလိမ့်မယ်။

ဘယ်လက်နက်နှင့် သတ်ရမှာလဲ။

ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်တုတ်နှင့် ရိုက်ပုတ် သတ်ဖြတ် ပစ်ရမယ်။

ရူပါရုံ ရုပ်ဓါတ်ကို၊ ကာလသန္တတိ-ဌာနသန္တတိ-သဏ္ဌာနသန္တတိ ပညတ်နိမိတ် တွေနှင့်၊ သဏ္ဌာန်နိမိတ် အရိပ်အယောင် အကောင် အထည်တွေဟု၊ စက္ခုဝိညာဏ်က တွေ့မြင်ခဲ့လို့ရှိလျှင်၊ ယင်းစက္ခု ဝိညာဏ် တွေ့မြင်သည့်အတိုင်း၊ မနောဝိညာဏ်ကလဲ ဝိပ္ပလ္လာသတရား အမှားကြီး သုံးပါးနှင့်၊ အမှားသိကြီး သိပြီးတော့၊ မနောသမ္ဖဿ ဖြစ်ပေါ်လာပါ လိမ့်မယ်၊ ဖဿ ဖြစ်ပေါ်လာလို့ ရှိလျှင်တော့ ဘယ်လိုမှ ဆီးမနိုင် တားမရတော့ဘဲ၊ ဝေဒနာ-တဏှာ-ဥပါဒါန် တွေဟာ၊ ပရိယုဋ္ဌာန အားဖြင့် ထကြွ သောင်းကျန်း ပြီးတော့၊ ဝီတိက္ကမအားဖြင့် ကာယကံ-ဝစီကံတွေ လွန်ကျူး ကုန်ကြတော့မှာ အမှန်ဘဲ ဖြစ်ပါတယ်။

ရူပါရုံကို တွေ့မြင်ရာ၌ မြင်ကာမတ္တမျှသာ ဖြစ်စေရမယ် ဆိုတဲ့ အနက်သဘောကို အမှန်အတိုင်း ပြောရမယ်ဆိုလျှင်၊ ဖြစ်ပေါ် လာတိုင်းသော ရူပါရုံကို ဖြစ်ပျက်အနိစ္စဟု၊ ဓမ္မဋ္ဌိတ် ဉာဏ်အမြင်၊ ထင်မြင် ပေါက်ရောက်အောင်၊ ရှုပွါးဖြစ်ရမယ်၊ ဓမ္မဋ္ဌိတိဉာဏ်အမြင် တည်မြဲခဲ့လို့ရှိလျှင်၊ ယင်းရူပါရုံကို နိစ္စ-သုဘ-သုခဟု မထင်မြင်တော့ဘဲ၊ အနိစ္စ-ဒုက္ခ-အသုဘ-ဟု ထင်မြင်လာလိမ့်မယ်၊ နှစ်သက်စရာ၊ မြတ်နိုးစရာ စုံမက်စရာဆို၍ ဘာတခုမှ အမာခံအနှစ်အသားရှာမှရတဲ့အနတ္တသဘောဟာလဲ အလိုလို စက္ခုဝိညာဏ်က တွေ့မြင်လိုက်တော့၊ မနောဝိညာဏ်သည်လဲ မနောသမ္ဖဿ မဖြစ်တော့ဘဲ သမ္မာဒိဋ္ဌိ အမြင်နှင့် မဂ်အား လျော်အောင် သိမြင်လာလိမ့်မယ်။ မဂ်အား လျော်အောင် သိမြင်ခြင်းကို ပင်လျှင်၊ မြင်ကာ မတ္တမျှသာ မြင်တယ်လို့ ဆိုရပါတယ်။ ကျန်ရှိတဲ့ အာရုံငါးပါးကိုလဲ ဤနည်းအတိုင်း လိုက်နာကျင့်သုံးခဲ့လို့ ရှိလျှင်၊ ကြားကာမတ္တမျှ၊ နံကာမတ္တမျှ၊ စားကာ မတ္တမျှ၊ တွေ့ထိကာ မတ္တမျှ၊ သိကာ မတ္တမျှသာ ဖြစ်နေကြပါလိမ့်မယ်။

အဲဒီလို ဖြစ်ပေါ်လာတိုင်း၊ဖြစ်ပေါ်လာတိုင်းသော၊အာရုံခြောက်ပါးပေါ်မှာ၊ အာရုံအာရမ္မဏိက သဘောအားဖြင့် သိမြင်ကာ မတ္တမျှ၊ ဖဿ-ဝေဒနာ တဏှာ-ဥပါဒါန် အစရှိသည်တို့နှင့်၊ ဆက်စပ်ခြင်း မရှိတော့ဘဲ လွတ်ကင်းနေအောင် သိမြင်လိုက်တာကိုပင်၊ အနုဗောဓ ဉာဏ်ဖြင့် မဂ်အား လျှော်အောင် သိမြင်တယ်လို့ ဆိုရပါတယ်၊ အဲဒီလိုသိမြင်တဲ့ ယောဂီဟာ၊ မဂ်လေးပါး ရှိသည့်အနက်၊ ပထမ မဂ်ကစပြီး စတုတ္ထမဂ်တိုင်အောင်၊ ထိုယောဂီ၏ အသိဉာဏ် အားလျော်စွာ တပါးပါးသော မဂ်စိတ် ဖြစ်ပေါ်လာပြီးတော့၊ ဖဿ ဝေဒနာ တဏှာ-ဥပါဒါန် တရားတွေ ဖြစ်ပေါ်မှုမရှိဘဲ၊ အမြဲအဆက် ပြတ်၍၊ လွတ်ကင်းနေတဲ့၊ အနုပ္ပါဒ သဘောကို အာရုံ ပြုလိုက်သည်နှင့် တပြိုင်နက်၊ ဆိုင်ရာ ဆိုင်ရာ မဂ်က၊ ဥပါဒါန် အမြစ်ပါ မကျန်အောင် ပယ်သတ် သွားပါလိမ့်မယ်။

အဲဒါကြောင့် ဗာဟိယအား နောက်ဆုံး ဆက်လက်ဟောကြားလိုက်သည်မှာ၊ "ဗာဟိယ၊ ဗာဟိယ" တွံ၊ သင်သည်။ တတ္ထ၊ ထိုအာရုံခြောက်ပါး၌။ ယတော၊ အကယ်၍၊ ဖဿ-ဝေဒနာ-တဏှာ-ဥပါဒါန်-ကံ-တွေ-မဖြစ်မပေါ်လာတော့ဘဲ၊အတ္တပျောက်၍၊ အနတ္တပေါက်ခဲ့ပြီးအံ့။ တတော၊ ထိုသို့ စွဲလမ်း နှစ်သက်စရာ၊ အမာခံ အနှစ် အသား ဆို၍၊ အနုမြူမျှ ရှာမရအောင် အတ္တပျောက်၍၊ အနတ္တပေါက်ခဲ့လို့ ရှိလျှင်။ဗာဟိယ၊ဗာဟိယ။တွံ၊သင်သည်။နေဝိဓံ ဣဓပစ္စုပ္ပန် လောကကြီး၌လည်း မဟုတ်တော့။ နဟုရံ၊ တမလွန် လောကကြီး၌လည်း မဟုတ်တော့။ နဥဘယေ သမန္တရေန၊ ပစ္စုပ္ပန် တမလွန် နှစ်ပါး၏ အတွင်း၌လည်း မဟုတ်တော့။ ဧသေဝ၊ ဤ သဘောသည် ပင်လျှင်။ ဒုက္ခဿ၊ ဒုက္ခဆင်းရဲ၏။ အန္တော၊ အဆုံး တည်းလို့ ဟောတော်မူပါတယ်။

## (၃၂) နိဗ္ဗာန်၏ သဘော သဘာဝကို ရှင်းလင်း ဖော်ပြချက်။

(နေဝိမံ နပဟုရံ နဥဘယေ သမန္တရေန သေဝန္တော ဒုက္ခဿ) ဆိုတဲ့ပါဠိတော်ဟာ၊ နိဗ္ဗာန်၏ သဘော သဘာဝကို ပြောပြလိုက်တဲ့ စကားဘဲ ဖြစ်ပါတယ်။ ယောဂီများ သဘောပေါက်အောင် ရှင်းပြလိုက်ပါဦးမယ်၊ ဒုက္ခဆုံးရာ နိဗ္ဗာန်ဆိုတဲ့ သဘောတရားဟာ၊ ပစ္စုပ္ပန်လောကလည်းမဟုတ်၊ တမလွန် လောကလည်းမဟုတ်၊ ယင်းနှစ်ပါးအကြား လောကလည်းမဟုတ်၊ လောကအဆုံးသို့ ရောက်ပြီဖြစ်၍၊ လောကနှင့် မဆက်စပ်တော့ဘဲ ကင်းလွတ် ချုပ်ငြိမ်းတဲ့ သဘောဘဲ ဖြစ်ပါတယ်၊ လောကဆိုတဲ့ သဘောတရားဟာ၊ သမုတိသစ္စာအားဖြင့်၊ လောကဟု သမုတ်ခံရတဲ့ သဘာဝတိုင်း သဘာဝတိုင်း၊ ဒုက္ခ သစ္စာချည့်သာ ဖြစ်ပါတယ်၊ အဲဒါကြောင့် ဒုက္ခ ဆုံးရာ နိဗ္ဗာန်လို့ ဆိုရပါတယ်၊ သတ္တလောက၊ အာကာသလောက၊ သင်္ခါရလောကဆိုတဲ့ လောက သုံးပါးကိုလည်း ကြည့်ပါဦး၊ ဒုက္ခသစ္စာချည့်ဘဲ ဖြစ်ပါတယ်၊ အဇ္ဈတ္တလောက ဗဟိဒ္ဓလောကတွေဟာလဲ ဒုက္ခသစ္စာချည့်ဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့် ဒုက္ခဆုံးရာ နိဗ္ဗာန်လို့ ဆိုရပါတယ်၊ ကာမလောက၊ ရူပလောက၊ အရူပလောက၊ တိရစ္ဆာန်လောက၊ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ ဘယ်လောကမဆို၊ လောကဟူသမျှ အားလုံးဟာ၊ ဒုက္ခသစ္စာ လောကချည့် ဖြစ်တော့တယ်၊ အဲဒီ ဒုက္ခသစ္စာ၊ ဒုက္ခ လောကဟူသမျှနှင့်၊ ဆက်စပ် ငြိတွယ်ခြင်း မရှိဘဲ၊ ကင်းလွတ် ချုပ်ငြိမ်းနေတဲ့ သဘောတရားဟာ၊ သန္တိသုခ သဘောတရားဖြစ်ကြောင်း သိစေလိုသဖြင့် (သေဝန္တော ဒုက္ခဿ) ဒုက္ခဆုံးရာ နိဗ္ဗာန်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်။

သန္တိသုခ၊ အစဉ်ချမ်းသာတယ်လို့ ပြောဆိုကြတဲ့ သဘောတရားဟာ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓါရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံများ ကဲ့သို့၊ ခံစားမှု အမှတ်သညာနှင့် ခံစားရသော ချမ်းသာမျိုးမဟုတ်ပါ၊ ခံစားမှုရှိသော သဘောတရားဟူသမျှသည်၊ ဒုက္ခသစ္စာ ဒုက္ခလောကချည့်ဖြစ်၍၊ ယင်း ဒုက္ခဟူသမျှနှင့် ဆက်စပ် ငြိတွယ်ခြင်း မရှိတာကိုပင်လျှင်၊ အစဉ် ချမ်းသာတယ်လို့ ဆိုရပါတယ်၊ ရှင်သာရိပုတ္တရာက ရှင်ဥဒါယီ မထေရ်အား ပြောကြားလိုက်တဲ့ နေရာမှာလဲ၊ ငါ့ရှင် ဥဒါယီ၊ နိဗ္ဗာန် ချမ်းသာဟာ၊ ခံစားမှု မရှိခြင်းသည်ပင်လျှင် ချမ်းသာပါတယ်လို့ ပြောဆိုလိုက်ခြင်းဘဲ ဖြစ်ပါတယ်။

နိဗ္ဗာန် ချမ်းသာသည်၊ အဟုတ်ရှိ တကယ်ရှိသော သဘောတရားဖြစ်၏။ ဒုက္ခလောကမှ၊ ဆုံးကာ မတ္တမျှသာ မဟုတ်ပါ၊ ဒုက္ခဆုံးကာမတ္တမျှသာဟု သိမြင် ယူဆခဲ့လို့ ရှိလျှင်၊ အဘာဝ သဘော သက်ရောက်နေ၍၊ (ဥစ္ဆေဒ) ဒိဋ္ဌိနှင့် ငြိတွယ် နေလိမ့်မယ်။ ခံစားမှုနှင့်တကွဖြစ်သော၊ ဝေဒယိတဒုက္ခကို အဆုံးလိုက်သဖြင့်၊ ယင်း ဒုက္ခအဆုံးသို့ရောက်သောကြောင့်၊ ခံစားမှု အမှတ် သညာနှင့်တကွ ဖြစ်သော၊ ကိုယ်၏ချမ်းသာမှု စိတ်၏ ချမ်းသာမှုကို နိဗ္ဗာန်သုခ၊ ဝိမုတ္တိ သုခဟု ထင်မြင် ယူဆ နေပြန်ရင်လဲ (သဿတဒိဋ္ဌိ) နှင့် ငြိတွယ် ကြလိမ့်မယ်။ စင်စစ် အမှန်သဘောကို ပြောရမယ်ဆိုလျှင်၊ နိဗ္ဗာန် ချမ်းသာသည် ခံစားမှု သဘောတရားမရှိ၊ နိဗ္ဗာန် ချမ်းသာကို ခံစား တတ်သော ပုဂ္ဂိုလ်သတ္တဝါလဲမရှိ၊ ယင်း အနက်သဘောကို ဗာဟိယအား သိစေလို၍၊ (နတတ္ထ တတော တွံ ဗာဟိယ နေဝိဓ နဟုရံ နဥဘယေ သမန္တရေန) ဟု ဟောတော်မူခြင်း ဖြစ်ပါတယ်။

သန္တိ သုခ လက္ခဏာနှင့် ပြည့်စုံတဲ့ နိဗ္ဗာန်၏ သဘောတရားကို သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် လွတ်ကင်းအောင် မျက်မှောက် ထင်ထင်

အာရုံ ပြုနိုင်ကြခြင်းဟာ၊ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးတဲ့ အရိယာများမှသာလျှင် မျက်မှောက်ထင်ထင် အာရုံပြုနိုင်ကြ ပါတယ်။ အကြားအမြင် ဗဟုသုတရှိတဲ့ ကလျာဏ ပုထုဇဉ် ယောဂီများကတော့၊ မျှော်မှန်း ရမ်းဆသော အားဖြင့်သာ အာရုံ ပြုနိုင် ကြပါတယ်၊ ဘယ်လို မျှော်မှန်း ရမ်းဆပြီး အာရုံပြုနိုင်သလဲ ဆိုတော့ ဒုက္ခ လောကကြီးရဲ့ အဆုံးသို့ အသိဉာဏ် ရောက်ခဲ့လို့ ရှိလျှင်၊ ဒုက္ခဆုံးရာ သန္တိ သုခ ဆိုတာ အမှန်ရှိမှာဘဲလို့ အာရုံ ပြုနိုင်ခြင်းသာ ဖြစ်ပါတယ်၊ အန္ဓဗာလ ပုထုဇဉ်များကတော့ ပညာမျက်စိ လုံးလုံးမရှိသဖြင့်၊ မျှော်မှန်း ရမ်းဆလို့တောင်မှ၊ အမှန်အတိုင်း အာရုံ မပြုတတ် ကြတော့ဘဲ၊ ထင်မိထင်ရာ မြင်မိမြင်ရာ ပြောချင်ရာပြော၊ ဟောချင်ရာဟော၊ စာအုပ်စာတန်းတွေ ရေးချင်ရာရေးနဲ့ ၊ အဲဒီလို ဘုရား သာသနာတော်ကြီး ကမောက် ကမဖြစ်အောင် လုပ်နေကြတဲ့ ယောဂီတွေကို၊ အများအားဖြင့် တွေ့မြင် သိရှိနေရပါတယ်။

ဘယ်လို ကမောက်ကမ ဖြစ်အောင် လုပ်နေကြတယ် ဆိုတာကို ဓမ္မဓိဋ္ဌာန်အားဖြင့်၊ အနည်းငယ်လောက် ရှင်းပြလိုက် ပါဦးမယ်။

(၁) " ကိုယ့်အနားရှိ၊ ကိုယ်တွင်း၌ရှိသော နိဗ္ဗာန်ကို ဉာဏ်မျက်စိဖြင့်၊ မြင်အောင် ကြည့်ရှုရာ၏ " ဟူ၍ရင်း။

(၂) "မိမိအဇ္ဈတ္တ သဏ္ဍာန်၌ နိဗ္ဗာန်အမြဲ ကိန်းဝပ်နေတော့၏" ဟူ၍ရင်း။

(၃) " နိဗ္ဗာန်စိတ်ကို၊ သုခအစစ်ဟု သိမြင် လိုက်ကြစမ်းပါ " ဟူ၍ရင်း။

အဲဒီလို ရေးသားထားတဲ့ စာအုပ် စာတမ်းများကို တွေ့မြင် သိရှိနေရပါတယ်။

အဲဒီ သဘောတရားများဟာ၊ သဿတ ဒိဋ္ဌိနှင့် မလွတ် မကင်း သည့်အတွက် ဘုရားအလိုတော်ကျ၊ ပါဠိတော်များနှင့် အံဝင်ဂွင်ကျ မဖြစ်သောကြောင့် သာသနာတော်ကြီး ကမောက်ကမ ဖြစ်အောင် လုပ်နေကြတယ်လို့ ပြောဆိုလိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

## (၃၃) သဿတ ဒိဋ္ဌိနှင့် ငြိတွယ် နေကြပုံ။

သဿတ ဒိဋ္ဌိနှင့် မလွတ်မကင်း ငြိတွယ်နေပုံကို၊ စာဖတ် ပရိသတ် ယောဂီများ နားလည် သဘောပေါက်အောင်၊ အနည်းငယ်လောက် ရှင်းပြ လိုက်ပါဦးမယ်။ (ကိုယ့် အနားဌ်၊ ကိုယ်တွင်းဌ်၊ မိမိ အဇ္ဈတ္တ သဏ္ဌာန်ဌ် ) ဆိုတဲ့ အာဓါရ၊ စကားများဟာ၊ တည်ရာဌာနကို ပြဆို တဲ့ စကားများ ဖြစ်ပါတယ်။ ဘယ်သူ၏ တည်ရာဌာနလဲ ဆိုတော့၊ နိဗ္ဗာန်၏ တည်ရာဌာနဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ထိုယောဂီ များ၏ ထင်မြင် ယူဆနေကြပုံမှာ၊ ကိုယ့် အနားဌ် နိဗ္ဗာန် တရားတော် ကြီး အမြဲကိန်းဝပ် တည်ရှိနေလေဟန်၊ ကိုယ်တွင်းဌ် နိဗ္ဗာန် တရား တော်ကြီး အမြဲကိန်းဝပ် တည်ရှိနေလေဟန်၊ မိမိအဇ္ဈတ္တသဏ္ဌာန်ဌ် နိဗ္ဗာန် တရားတော်ကြီး အမြဲကိန်းဝပ် တည်ရှိနေလေဟန်၊ အဲဒီလို နိဗ္ဗာန် တရားတော်ကြီးကို တည်ရာဌာန၊ မှီရာဌာန၊ သန္တတိ ပညတ် နိမိတ်ကြီးနှင့်တကွ ထင်မြင် ယူဆနေသောကြောင့်၊ သဿတ ဒိဋ္ဌိနှင့် မလွတ်ကင်းဘူးလို့ ဆိုရပါတယ်။

နိဗ္ဗာန် တရားတော်ကြီးဟာ၊ အမှတ်မထင် တစုံတခုသော နေရာ ဌာနဌ်သော်၎င်း၊ ကိန်းဝပ် မှီတွယ် ကပ်ရပ်နေတဲ့ သဘောတရား မဟုတ်ကြောင်း ယင်းနိဗ္ဗာန်ဌ် မည်သည့်တရားမျှ ထောက်ရာ မှီရာ မရ ရှိတဲ့ အကြောင်းကို ဘုရား ကိုယ်တော် မြတ်ကြီးက၊ ဥဒါန်း ပါဠိ တော် တဒါယတန သုတ်၊ ပါဋလိဂါဝဂ်ဌ်၊ ဘယ်လိုဟောတော်မူပါ သလဲ ဆိုတော့။

တတြာ ပါယံ ဘိက္ခဝေ နေဝ အာဂတိ ဝဒါမိ
နဂတိ နဋ္ဌိတိ နစုတိ နဥပပတ္တိ အပ္ပတိဋ္ဌံ အပဝတ္တံ
အနာရမ္မဏ မေ ဝေတံ ဧသေဝန္တော ဒုက္ခဿ။

ဘိက္ခဝေ၊ ရဟန်းတို့။ တတြာပိ၊ ထိုသို့ သဘောရှိသော နိဗ္ဗာန် တရားတော်ကြီးသည်ကား။ အာဂတိ၊ တခြား တပါးမှ ရောက်လာ ခြင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ နေဝ ဝဒါမိ၊ ဟောတော်မမူ။ ဂတိ၊ တနေရာမှ တနေရာသို့ ရွေ့သွားခြင်းကိုလည်း။ အဟံနဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ဌိတိ၊ အမှတ်မထင် တစုံ တခုသော နေရာဌာန၊ တစုံတခုသော အရာဝတ္ထု၌ ကိန်းဝပ် တည်ရှိ နေခြင်းကို လည်း။ အဟံ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ စုတိ၊ တမလွန် လောကသို့ စုတေ ရွေ့လျားခြင်းကိုလည်း။ အဟံ နဝဒါမိ၊ ငါဘုရား ဟောတော်မမူ။ ဥပပတ္တိ၊ အဖန်ဖန် ဖြစ်ပေါ် ခြင်းကိုလည်း။ အဟံ နဝဒါမိ၊ ငါဘုရားဟောတော်မမူ။ ဧတံ၊ ဤသို့ဆိုခဲ့ပြီးသော နိဗ္ဗာန် ၏ သဘော တရားသည်ကား။ အပ္ပတိဋ္ဌံ၊ ဓါတ်လေးပါးတို့ ထောက် တည်ရာ မှီတွယ်ရာ ကင်းမဲ့သော သဘော တရားပေတည်း။ အနာ ရမ္မဏံဝေ။ စိတ်စေတသိတ် တရားများကဲ့သို့ အခြားတပါးကို အာရုံ မပြုတတ်သော သဘော တရား ပေတည်း။ ဧသော၊ ဤသဘော တရားသည်ကား။ ဒုက္ခဿ၊ ဘယဋ္ဌဒုက္ခ၏၊ အန္တော၊ ဆုံးရာဖြစ် သော နိဗ္ဗာန်တည်း၊

နိဗ္ဗာန် တရားတော်ကြီးဟာ အမှတ်မထင် တစုံတခုသော နေရာ ဌာနန၌သော်ရင်း၊ တစုံတခုသော အရာဝတ္ထု၌သော်ရင်း။ အမြဲကိန်း ဝပ်တည်ရှိ၍ မနေကြောင်းကို ဘုရားဟောပါဠိတော်ကို ထောက်ဆ

သောအားဖြင့် “ ကိုယ့် အနားဌာ- ကိုယ်တွင်းဌာ၊ မိမိအဇ္ဈတ္တ သဏ္ဍာန်ဌာ၊ နိဗ္ဗာန်တရားတော်ကြီး အမြဲကိန်းဝပ် တည်ရှိနေပါတယ်။ ” ဆိုတဲ့ အယူဝါဒဟာ၊ ဘုရားအလိုတော် ပါဠိတော်နှင့် အံဝင် ဂွင်ကျ၊ ဘောင်အတွင်း မဝင်ဘူးဆိုတာကို စာဖတ်ပရိပ်သတ် ယောဂီများ သိရှိနားလည် သဘောပေါက်လောက်ပါပြီ။ ကျန်ရှိတဲ့ နံပါတ်(၃) ယူဆချက်ကို ရှင်းပြလိုက် ပါဦးမယ်။

“ နိဗ္ဗာန်စိတ်ကို သုခအစစ်လို သိမြင်လိုက်ကြစမ်းပါ ” ဆိုရာဌာ နိဗ္ဗာန် သဘောတရားသည် စိတ်သဘောတရားမဟုတ်၊ စိတ်သဘော တရားသည် နိဗ္ဗာန် သဘောတရားမဟုတ်။ နိဗ္ဗာန် သဘောတရား ကား တသီးတခြား၊ စိတ်သဘောတရား ကား တသီးတခြား ဖြစ်ပါ တယ်။ ဒါကြောင့်၊ စိတ်-စေတသိတ်-ရုပ်-နိဗ္ဗာန်ဟု ပရမတ္ထ တရား လေးပါးကို တခြားစီ ဟောတော်မူပါတယ်။ စိတ် စေတသိတ် တရား နှစ်ပါးဟာ အတူတကွ ရှင်ဖေါ်ရှင်ဖက် ဖြစ်ဖေါ်ဖြစ်ဖက်။ တူသော အာရုံ၊ တူသော မှီရာဖြစ်တဲ့ သမ္ပယုတ္တဓမ္မ ဖြစ်လေသောကြောင့်၊ စိတ်ဖြစ်ပေါ်လာလျှင်။ ယင်း စိတ်နှင့် ရှင်ဖေါ် ရှင်ဖက်ဖြစ်တဲ့ စေတ သိတ်များသည် ဖြစ်ပေါ် လာပါလိမ့်မယ်။ စိတ် စေတသိတ် တရား များဟာ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလသုံးပါးကို အာရုံပြု တတ်ပါတယ်။ နိဗ္ဗာန်ကတော့ ကာလ ဝိမုတ်ဖြစ်၍။ မည်သည့် သဘောတရားကိုမှ အာရုံမပြုတတ်ပါ၊ စိတ်စေတသိတ် တရားများ ဟာ ခန္ဓာထိုက်သော တရားများ ဖြစ်ပါတယ်။ နိဗ္ဗာန်ကတော့ ခန္ဓ ဝိမုတ်ဖြစ်၍၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ရုပ်လောက၊ နာမ်လောကနှင့် မဆက်စပ် လွတ်ကင်းနေတဲ့ သဘောတရား ဖြစ်ပါတယ်။ အဲဒီလို နိဗ္ဗာန်နှင့် စိတ်ကို ခွဲခြားခြင်း မပြုဘဲ နိဗ္ဗာန်သည်ပင်လျှင်စိတ်၊ စိတ်

သည်ပင်လျှင် နိဗ္ဗာန်ဟု၊ ထပေါင်းတည်းပြု၍ ယူဆခြင်းဟာ၊ သဿတဒိဋ္ဌိနှင့် မလွတ်မကင်းသော အယူဝါဒပင် ဖြစ်ပါတယ်။

အဲဒီလို နိဗ္ဗာန်နှင့်စိတ်ကို တပေါင်းတည်း တခုတည်း တသဘော တည်းဟု ယူဆခဲ့လို့ရှိလျှင်၊ စိတ် စေတသိတ် သဘောတရား များဟာ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ် ကာလသုံးပါး အာရုံ ပြုတတ် သလို နိဗ္ဗာန် တရားတော်ကြီးဟာလဲ ယင်း ကာလသုံးပါးကို အာရုံ ပြုတတ်တဲ့ သဘောတရား ဖြစ်နေတော့ မှာပေါ့ ဒါ့ကြောင့် အဲဒီ အယူဝါဒဟာ (အနာ ရမ္မဏ မေဝ) ဆိုတဲ့ ပါဠိတော်၏ ဘောင် အတွင်းမဝင်တဲ့ အယူဝါဒ ဖြစ်ကြောင်း၊ ယောဂီများ သဘော ပေါက်အောင် ရှင်းပြလိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

ဗာဟိယအား သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိနှင့် လွတ်ကင်းအောင် သိရှိနားလည်ဖို့ ဟောတော်မူတဲ့ နေရာမှာလဲ (နေဝိဓ-နဟုရံ-နဥဘယေ သ-န္တရေန)ဆိုတဲ့ ပါဠိတော်ဟာ အင်မတန်မှ၊ အနက်အဓိပ္ပါယ် ကျယ်ပြန့်တဲ့ ပါဠိတော် ဖြစ်ပါတယ်။ နိဗ္ဗာန် တရားတော်ကြီးဟာ၊ ကိုယ့်အနားမှာလည်း အမြဲကိန်းဝပ် တည်ရှိ၍မနေကြောင်း။ ကိုယ်နဲ့ မနီးမဝေးမှာလဲ အမြဲကိန်းဝပ်တည်ရှိ၍မနေကြောင်း၊မိမိအဇ္ဈတ္တ သန္တာန်မှာလည်း အမြဲကိန်းဝပ် တည်ရှိ၍ မနေကြောင်း၊ မိမိဗဟိဒ္ဓ သန္တာန်မှာလည်း၊ အမြဲကိန်းဝပ် တည်ရှိ၍ မနေကြောင်း၊ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါး အကြားမှာလည်း အမြဲကိန်းဝပ် တည်ရှိ၍ မနေကြောင်းကို သိစေလိုတဲ့ ပါဠိတော်ဘဲ ဖြစ်ပါတယ်။ သဿတ ဒိဋ္ဌိနှင့် မလွတ် မကင်းတဲ့ အယူဝါဒ များဟာ၊ အဲဒီ ပါဠိတော်နှင့်လည်း အံဝင်ဂွင်ကျ ဘောင်အတွင်း မဝင်ဘဲ၊ အသိဉာဏ် အံချော် နေကြကြောင်းကို ယောဂီများ သဘောပေါက် နားလည်လောက်ပါပြီ၊

ထို့ထက်အလွန် နိဗ္ဗာန်၏ သဘောတရားကို သိလိုလျှင်၊ ဆရာတော် ရေးသားထုတ်ဝေလိုက်တဲ့ (နိဗ္ဗာန် ဖြတ်ထုံးကျမ်း) မှာ ကြည့်ပါလေ။

## (၃၄) ဓမ္မဋ္ဌိတိဉာဏ်ကို ရဟန္တာ ပုဂ္ဂိုလ်များလည်း လက်မလွှတ်ကြပုံ။

ဗာဟိယ တိတ္ထိက၊ ဘုရား ကိုယ်တော်မြတ်ကြီးအား ရဟန္တာ ဖြစ်ကြောင်း တရား ဟောကြားတော်မူရန် တောင်းပန် လျှောက်ထားရာဝယ်၊ " မြင်လျှင် မြင်ကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ ကြားလျှင် ကြားကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ နံလျှင်နံကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ စားလျှင်စားကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ တွေ့ထိလျှင် တွေ့ထိကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ ကြံစီလျှင် ကြံစီကာ မတ္တမျှ ဖြစ်အောင်ကျင့်၊ " ဟု ဟောတော် မူခြင်းကြောင့်၊ ဖြစ်ပေါ် လာသမျှသော အာရုံ ခြောက်ပါးကို ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင် ဒုတ်နှင့်ချည့် နှားရင်း ပါးရင်း ပိတ်ပိတ် တီးလိုက်နိုင်သဖြင့်၊ အာရုံခြောက်ပါးနှင့် လုံးဝ အဆက်အသွယ် ကင်းပြတ်ပြီး သကာလ၊ ခီဏာသဝ အာသဝေါ ကုန်ခမ်းတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားတော့၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်ကို လက်လွှတ် ပစ်ကြရောလားဆိုတော့၊ မလွှတ်ဘူး၊ မလွှတ်ဘူး။ ပို၍ပင် သတိသမ္ပဇည တရားထားပြီး မြဲမြံစွာ ဆုတ်ကိုင်ထားကြပါတယ်။ သို့ပေမဲ့လို့ အောက် - အောက်ဖြစ်တဲ့ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ် အရိယာများကဲ့သို့ ကျန်ရှိနေသေးတဲ့ အနုသယ ကိလေသာ စွဲလမ်းစရာအာရုံများကို၊ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်နှင့် ရိုက်ပုတ်သတ်ဖြတ်နေဘို့ အလုပ်ကိစ္စတော့ မရှိပါဘူး၊ ပြုဘွယ်ကိစ္စ ပြီးဆုံးနေပြီဖြစ်၍၊ သတိ သမ္ပဇည တရားနှင့်သာ ဓမ္မဋ္ဌိတိဉာဏ် လက်ကိုင်ဒုတ်ကို အမြဲ ကိုင်ဆောင် ထားပြီး ဖြစ်ပေါ် လာသမျှ အာရုံကို

ဥပေက္ခာ လျစ်လျူရှု၍ နေတော်မူကြ ပါတယ်။ အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက၊ အင်္ဂုတ္တရ နိကာယ်ဆက္က နိပါတ်မှာ-

ဣဓ ဘိက္ခဝေ - ဘိက္ခု စက္ခုနာ၊ ရူပံ ဒိသွာ
နေဝ သုမနော ဟောတိ နဒုမ္မနော၊ ဥပေက္ခကော
ဝိဟရတိ သတော သမ္ပဇာနော သောတေန သဒ္ဒံ
သုတွာ၊ ဃာနေန ဂန္ဓံ ဃာယိတွာ၊ ဇိဝှါယ ရသံ
သာယိတွာ၊ ကာယေန ဖေါဋ္ဌဗ္ဗံ ဖုသိတွာ၊ မနသာ
ဓမ္မံ ဝိညာယ နေဝ သုမနော ဟောတိ နဒုမ္မနော
ဥပေက္ခကော၊ ဝိဟရတိ သတော သမ္ပဇာနော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ခီဏာသဝ ရဟန္တာသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ဣဋ္ဌဖြစ်သော ရူပါရုံကို။ ဒိသွာ၊ မြင်၍။ သုမနော နှစ်သက် ဝမ်းမြောက်ခြင်းသည်။ နေဝ ဟောတိ၊ မဖြစ်။ ရူပံ၊ အနိဋ္ဌဖြစ်သော ရူပါရုံကို။ ဒိသွာ၊ မြင်၍လည်း။ဒုမ္မနော၊ နှစ်လုံးမသာမယာဖြစ်ခြင်းသည်။ နဟောတိ၊မဖြစ်။ သတော သမ္ပဇာနော၊ သတိ ဓမ္မဝိစယ ဉာဏ် လက်ကိုင်ဒုက် အမြဲ ထားသောအားဖြင့်။ ဥပေက္ခကော၊ လျစ်လျူရှုလျက်။ ဝိဟရတိ၊ နေ၏။ ဟူ၍ ဟောတော်မူပါတယ်။ ကျန်ရှိတဲ့ ပုဒ်များအနက် အဓိပ္ပါယ် လွယ်ပါ၏။ ခီဏာသဝဖြစ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ကြီးများဟာ၊ နှစ်သက်စရာ ဣဋ္ဌာရုံကို တွေ့မြင်သော်လည်း၊ သာယာ နှစ်သက်၊ စုံမက် တွယ်တာခြင်းမရှိ၊ မနှစ်သက်စရာ အနိဋ္ဌာရုံများကို တွေ့မြင်ရသော်လည်း၊ စိတ်နှလုံး မချမ်းမသာ ဖြစ်ခြင်းလည်း မရှိ၊ လက္ခဏာရေး သုံးပါး တည်းဟူသော ဓမ္မဝိစတိ ဝိပဿနာ ဉာဏ်ကို သာလျှင်၊ သတိ သမ္ပဇညတရား အမြဲ လက်ကိုင်ထားပြီး ဥပေက္ခာ ရှု၍ နေတော်မူကြတယ်ဆိုတော့၊ အဲဒီ လက္ခဏာရေး သုံးပါး တည်း

ဟူသော ဓမ္မဋ္ဌိတိ ဝိပဿနာဉာဏ်ဟာ၊ ဝိပဿနာ အလုပ်ကိစ္စနှင့် ပတ်သက်သမျှ၊ နေရာတကာတိုင်းမှာ သူသာလျှင် မူလဘူတ အခြေခံ ပဓာနတရား ဖြစ်ခြင်းကြောင့်၊ သူ့ကိုသာလျှင် ရှေးဦးစွာ ပွဲထုတ်၍၊ ရုပ်နာမ် နှစ်ပါးကို ဖြစ်ပျက် အနိစ္စ သညာ၊ ထင်မြင်အောင် ဒုက္ခ သညာ၊ အနတ္တသညာ ထင်မြင်အောင် ပွားများအားထုတ် အလုပ် လုပ်ရမယ်ဆိုတာကို၊ ယောဂီတိုင်း ယောဂီတိုင်း၊ နဂိုမူလကပင် ကြို တင် သိရှိထားကြဖို့ အင်မတန်မှ အရေးကြီးတဲ့ ကိစ္စ ဖြစ်ပါတယ်။

## (၃၅) ဓါတ်လေးပါး ဓါတ်ခြောက်ပါးကို တပါးစီ တပါးစီ ခွဲခြား၍ ရှုပွားနေရန်မလို၊ အလိုလို တပေါင်းတည်း ကဲ့သို့ ထင်မြင် ပေါက်ရောက်နိုင်ပုံ

( ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။ တယော မဟာဘူတေ ပဋိစ္စကော် မဟာဘူတံ ) ဟူ၍ ဟောတော်မူတဲ့ အတိုင်း၊ ပထဝီ တေဇော ဝါယော အာပေါ ဟူသော ဓါတ်ကြီး လေးပါးကို ပင်၊ ဘူတ ရုပ်လေးပါး ဟူ၍၎င်း။ မဟာဘုတ် လေးပါး ဟူ၍၎င်း။ ခေါ်ဆိုရပါတယ်။ အဲဒီဓါတ်ကြီးလေးပါးဟာ၊ ပထဝီဓါတ် တပါး ကို အမှီတကဲ သဟဲပြုရမှ၊ တေဇောဓါတ်၊ ဝါယောဓါတ်-အာပေါ ဓါတ် သုံးပါးဟာလဲ၊ ယင်း ပထဝီဓါတ်နှင့် တစုတည်း တပေါင်း တည်းကဲ့သို့ အတူတကွ ဖြစ်ပေါ် လာနိုင်ပါတယ်။ ဓါတ် တပါး တည်းအားဖြင့် သူ့အလိုသက်သက်နှင့် ဘယ်ဓါတ်မှ ဖြစ်ပေါ် မလာ နိုင်ပါဘူး။ ပထဝီ ဓါတ် တပါးဟာလဲ တေဇောဓါတ် - ဝါယော ဓါတ်၊ အာပေါ ဓါတ် သုံးပါးကို အမှီတကဲ သဟဲ ပြုရမှ သာလျှင် ယင်း ဓါတ်သုံးပါးနှင့် တစုတပေါင်းတည်း အတူတကွ ဖြစ်ပေါ်လာ

နိုင်ပါတယ်၊ ပျက်ပြန် လျှင်လည်း ဓါတ်တပါး ချုပ်ပျောက် ပျက်ပြုန်း၊ သေဆုံးပါက၊ ကျန်ဓါတ် သုံးပါးသည်လည်း၊ တစုတပေါင်းတည်း အတူတကွ ချုပ်ပျောက် ပျက်ပြုန်း သေဆုံးကုန်ရခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဓါတ်ကြီး လေးပါးဟာ၊ ဓါတ် တပါးတည်း သူ့အလို သက်သက်အားဖြင့်လည်း မဖြစ်ပေါ်လာနိုင်၊ ပျက်ပြန်လျှင်လည်း ဓါတ် တပါးတည်း သူ့အလို သက်သက် အားဖြင့် မပျက်နိုင်။ ဖြစ်အတူ ပျက်အတူ တစု တပေါင်းတည်း ဖြစ်ကြ ပျက်ကြပါတယ်။ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာပေါဓါတ် တို့ကိုလည်း၊ တပါးစီတပါးစီ မှုတည်၍၊ သုံးပါးစီသုံးပါးစီ မှုသွင်းပြီးလျှင်၊ အချင်းချင်း ကျေးဇူးပြု၍ ဖြစ်ပျက် နေကြပုံကို သိမြင်ကြပါလေ။ အဲဒီ သဘော တရားများဟာ အကြမ်းစား အားဖြင့်သာ ဖေါ်ပြခြင်းမို့ ဘဝဘောပေါက် လွယ်အောင် အနုစိတ်၍ ဖေါ်ပြ လိုက်ပါဦးမယ်။

ဓါတ်သဘာဝတို့ မည်သည်မှာ၊ ပရမတ္ထ သဘော အားဖြင့် သဏ္ဌာန် နိမိတ် အရိပ် အယောင် အကောင်အထည် အားဖြင့်၊ ဘာတခုမျှ အနုမြူမျှ ရှာကြံ၍ တွေ့စကောင်း၊ မြင်စကောင်းသော သဘောတရား မဟုတ်ပါ။ ကာလသန္တတိ - ဠာနသန္တတိ – သဏ္ဌာန သန္တတိ ပညတ် နိမိတ်တွေ ပျောက်ကွယ် ချုပ်ငြိမ်း သွားအောင် လက္ခဏာရေး သုံးပါး တည်းဟူသော ဓမ္မဋ္ဌိတိ ဝိပဿနာဉာဏ် လက်ကိုင် တုတ်နှင့် ရိုက်ပုတ် သတ်ဖြတ် ထောင်းထု ချေမှုန်းပြစ်ခြင်းကြောင့် ရုပ်နာမ် နှစ်ပါးကို အတ္တ ပျောက်၍ အနတ္တ ပေါက်မှသာ၊ ဓါတ် လေးပါး၏ သဘာဝကို ပရမတ် ဆိုက်အောင် သိနိုင် မြင်နိုင်ပါတယ်။ ဘယ်လို သိမြင်နိုင်သလဲ ဆိုတော့ မိမိ၏ အဇ္ဈတ္တ ကာယ ပသာဒရုပ် အပေါ်မှာ တဖျင်းဖျင်း တရှိန်ရှိန် တရိပ်ရိပ်နှင့် ဖြစ်ပျက်

နေကြတဲ့ ဖေါဋ္ဌဗ္ဗ အတွေ့ သဘော တွေကို၊ တွေ့မြင် သိရှိ နေရပါလိမ့်မယ်။ ကာယ ပသာဒရုပ်ဟု ဆိုရစေကာမူ၊ သဏ္ဌာန် နိမိတ်အားဖြင့်ကတော့ အနုမြူမျှ ရှာကြံလို့ မရပါဘူး။ တဖျင်းဖျင်း တရှိန်ရှိန် တရိပ်ရိပ် သည်ပင်လျှင်၊ ဓါတ်ကြီး လေးပါးဘဲ ဖြစ်ပါတယ်၊ ဓါတ်ကြီးလေးပါး သည်ပင်လျှင် ကာယ ပသာဒရုပ်ပါဘဲ၊ အဲဒီ ဓါတ်ကြီး လေးပါးကို ပထဝီဓါတ်က တစု တပုံ၊ တေဇောဓါတ်က တစု တပုံ၊ ဝါယောဓါတ်က တစု တပုံ၊ အာပေါဓါတ်က တစု တပုံ ဟု ခွဲခြား ထားခြင်းငှါ မရစကောင်းတဲ့ သဘောတရားများ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ခွဲခြား ထားခြင်းငှါ မရစကောင်းသလဲ ဆိုတော့၊ ပထဝီဓါတ် တပါးတည်းသာ သူ့အလို သက်သက်ဖြစ်ပျက် နေပါတယ်လို့ ဘယ်ကာလကမှ မရှိခဲ့ဘူး၊ ဘယ်ဘုရားကမှ မဟောခဲ့ဘူးပါ။ ဘယ်အဋ္ဌကထာ ဘယ်ဋီကာကမှလည်း မဖွင့်မဆိုခဲ့ဘူးပါ။ ပထဝီဓါတ် တေဇောဓါတ် နှစ်ပါးတည်းသာ သူ့အလိုလို ဖြစ်ပျက် နေကြသည် ဟူ၍၎င်း၊ ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ သုံးပါးတည်းသာ သူ့အလိုလို ဖြစ်ပျက်နေကြသည် ဟူ၍၎င်း၊ ဘယ်အခါ ကာလကမှ မရှိခဲ့ဘူးပါ။ ဓါတ်ကြီး လေးပါးဟာ ဖြစ်အတူ-ပျက်အတူ-တစု တပေါင်းတည်း ဖြစ်ပျက်နေကြသော ကြောင့်ဘဲ ဖြစ်ပါတယ်။

ဓါတ်ကြီး လေးပါးဟာ ပကတိ မံသမျက်စိဖြင့် ကြည့်၍ မမြင်နိုင်။ မှန်ဘီလူးဖြင့် ကြည့်မှသာ မြင်နိုင်သော၊ အလွန် သေးငယ်သည့် ပိုးမွှား တီရစ္ဆာန် ကလေးကအစ၊ သဝိညာဏက၊ အသက်ရှိတဲ့ လူနတ်ဗြဟ္မာ သတ္တဝါ မှန်သမျှမှာ၊ ဓါတ်ကြီး လေးပါး အမြဲဖြစ်ပျက် တည်ရှိနေကြ ပါတယ်။ အဝိညာဏက၊ အသက် မရှိတဲ့ အရာဝတ္ထု မှန်သမျှ မှာလည်း၊ အနုမြူမှုန် ကလေးက အစ မဟာ

ပထဝီမြေကြီး တိုင်အောင်၊ ဘယ်အရာဝတ္ထုမှာမဆို ဓါတ်ကြီး လေးပါး ဖြစ်ပျက် တည်ရှိ၍ နေကြပါတယ်။ ဓါတ်ကြီး လေးပါး ရှိနေမှသာလျှင်၊ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအားဖြင့်၊ သဏ္ဍာန် နိမိတ် အရိပ် အယောင် အကောင် အထည် ဟူ၍ သမုတိသစ္စာ အမြင်နှင့် သိနိုင် မြင်နိုင် မှတ်သားနိုင်ကြ ပါတယ်။ ဓါတ်ကြီး လေးပါးနှင့် သဏ္ဍာန် နိမိတ် ပညတ်တွေဟာ၊ ဘာနဲ့ အလားသဏ္ဍာန် တူသလဲ ဆိုတော့ သစ်ပင်နှင့် သစ်ပင်ရိပ် ဥပမာသဏ္ဍာန်နှင့် တူကြပါတယ်၊ သစ်ပင်ရှိမှသာလျှင် သစ်ပင်၏အရိပ် ဖြစ်ပေါ် လာနိုင်သလို၊ ဓါတ်ကြီးလေးပါး ရှိမှသာလျှင် ဓါတ်ရိပ်ဖြစ်တဲ့ ၊ သဏ္ဍာန် နိမိတ် အရိပ် အယောင် အကောင် အထည် ပညတ် နိမိတ်တွေ ဖြစ်ပေါ် လာနိုင်ပါတယ်၊ လောကသုံးခွင် ဘုံအပြင်ကို ကုန်စင်အောင် ဉာဏ် ပတျာ ဖြန့်ပြီး ကြည့်လိုက် မယ်ဆိုလျှင်၊ သက်ရှိ သက်မဲ့ ပုပု ရွရွ သတ္တဝါ အနန္တ အရာဝတ္ထု အနန္တတွေဟာ၊ ဓါတ်ကြီးလေးပါး၏ အရိပ်တွေဘဲ ဖြစ်ကြပါတယ်။ သစ်ပင်နှင့်သစ်ပင်၏ အရိပ်ကို ကွဲပြား ခြားနားစွာ သိမြင်ကြသလို၊ ဓါတ်ကြီး လေးပါးနှင့် ဓါတ်ရိပ်ကိုလဲ ကွဲပြား ခြားနားစွာ သိမြင်ကြရပါမယ်။

အဲဒီလို မသိမမြင် မထင်ကြ လေသောကြောင့်၊ ယောဂီတွေဟာ ဓါတ်နှင့် ဓါတ်ရိပ်ကို ဒွေးယော ယှက်တင် ဖြစ်ပြီးတော့၊ ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်ရှိ တကယ်ရှိတဲ့၊ ဓါတ်ကြီး လေးပါးရဲ့ သဘာဝကို အဟုတ်တွေ့ တကယ်တွေ့ မတွေ့တော့ဘဲ သမုတိ သစ္စာ အားဖြင့်သာ အဟုတ်ရှိ-တကယ်ရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား-မိန်းမ-အတ္တဇီဝ တည်းဟူသော ဓါတ်ရိပ်တွေကိုသာ လျှင်၊ အဟုတ်တွေ့ တကယ်တွေ့နေ ကြခြင်းဖြစ်ပါတယ်။ အဲဒီလို ပညတ်နိမိတ် ဓါတ်အရိပ်တွေကိုပင်လျှင်၊ တကဲ့ ပရမတ်အစစ် ဓါတ်

အနှစ်ကြီးတွေ ထင်မှတ်ပြီး သကာလ၊ “ငါ၏ ခြေသလုံး အကြော တွေက၊ တောင့်တင်း ခက်မာတယ်၊ ပထဝီ ဓါတ်တွေဘဲ ငါ၏ပေါင် အကြောတွေ ခါးအကြောတွေက၊ တောင့်တင်းခက်မာတယ်၊ ပထဝီ ဓါတ်တွေဘဲ ငါ၏ခြေသည်း လက်သည်းတွေ အရိုးတွေကလဲ ကြမ်း တမ်း ခက်မာတယ်၊ အတွင်း သားတွေက နူးညံ့ ပျော့ပျောင်းတယ် ပထဝီဓါတ်တွေဘဲ” အစရှိသည်ဖြင့် ပထဝီဓါတ် တပါးတည်းသာ ဖြစ်ပေါ်နေလေဟန်နဲ့ ကာလသန္တတိ–ဌာနသန္တတိ–သဏ္ဍာနသန္တတိ ပညတ် နိမိတ်ကြီးတွေနဲ့ စွဲလမ်းစရာ အခြင်းအရာတွေကို တွေ့မြင်နေ ကြတော့၊ စွဲလမ်းတတ်တဲ့ တဏှာမာန ဒိဋ္ဌိတို့က၊ ဘယ်မှာ လက်နှေး နေတော့မှာလဲ။ တခါထဲ သက္ကာယ ဒိဋ္ဌိနှင့် တင်းတင်း ရင်းရင်းကြီး ဝင်အုပ် လိုက်ကြတော့ တာပေါ့။ အဲဒီလို သက္ကာယဒိဋ္ဌိ အသိအမြင် မျိုးနှင့် သိမြင်နေကြခြင်း ကိုပင်လျှင်၊ ပထဝီဓါတ် ပေါက်တယ်လို့ ထင်မှတ်နေကြတယ်။

တေဇော ဓါတ်ကိုလဲ၊ “ယယ်ထိပ်က ပူတယ်·အေးတယ်၊ဦးခေါင်း က ပူတယ်·အေးတယ်၊ကျောက ပူတယ်·အေးတယ်၊” ရင်က ပူတယ် အေးတယ်၊ အစရှိသည်ဖြင့် ဓါတ်နှင့်ဓါတ်ရိပ်ကို ပရမတ်ဆိုက်အောင် ခွဲခြား၍ မသိမမြင်ခြင်းကြောင့်၊ သဏ္ဍာန သန္တတိ ပညတ်နိမိတ်တွေ ဌာနသန္တတိ ပညတ်နိမိတ်တွေ၊ဘယ်အချိန် ဘယ်ကာလ ဘယ်မျှကြာ အောင် ပူတယ် အေးတယ်ဟု၊ ကာလသန္တတိ ပညတ် နိမိတ်တွေနှင့် ဓါတ်ရိပ်တွေကိုပင် စွဲလမ်းစရာ အခြင်းအရာတွေနှင့် ထင်မြင် နေကြ တယ်။ အဲဒီလို ထင်မြင် နေကြတဲ့ ယောဂီတွေကို စွဲလမ်း တတ်တဲ့ တဏှာမာန ဒိဋ္ဌိတို့က စိတ်ရှိ လက်ရှိ၊ သက္ကာယ ဒိဋ္ဌိနှင့် နှိပ်နှိပ်ပြီး၊ ဖိထောင်း နေကြတော့ တာပေါ့။ သက္ကာယဒိဋ္ဌိ၏ အခွအရံ နောက် လိုက် နောက်ပါ ဖြစ်ကြတဲ့။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိတို့ကလည်း၊

အဲဒါမှ ထိသဟော့၊ မိဘဟော့နှင့် ဩဘာလက်ခုတ် တဖြောင်း ဖြောင်းနှင့် ကောင်းကောင်းကြီး။ ဩဘာ ပေးနေကြတော့ တာ ပေါ့။ သက္ကာယဒိဋ္ဌိ မချုပ် ငြိမ်းသေးတဲ့ ယောဂီ မှန်သမျှဟာ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ထိုနှစ်ချက်နှင့်၊ တချက် ချက်ကတော့ အလိုက်သိသလို ငြိတွယ်နေကြ ဦးမှာအမှန်ဘဲ ဖြစ်ပါတယ်။ သို့ပေ မဲ့လို့၊ ကျောချလို့တောင် ဓါးပြမှန်း မသိကြသေးတဲ့ယောဂီများ ကတော့ တေဇောဓါတ် ပေါက်ပြီလို့ ထင်မှတ်နေကြတယ်။

ဝါယောဓါတ်ကိုလဲ ဓါတ် တပါးတည်း သူ့အလို သက်သက် နှင့် ဖြစ်ပေါ် နေနိုင်သလိုလို၊ ဖြစ်ပေါ် နေနိုင် သယောင်ယောင်၊ ဖြစ်ပေါ် နေနိုင် လေဟန်ဖြင့် ( အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော ) အစရှိတဲ့ ဘုရားဟော ပါဠိတော်တွေကို၊ တော်ရာ လျှော်ရာ ဘေးချိတ်ပြီးတော့ (လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်) တွေတဲ့၊ အဋ္ဌကထာနည်း ဋီကာနည်းတွေကို မှုတည် ဇောက်ချပြီး သကာလ ဝါယောဓါတ်က " တွန်းတယ် တွန်းတယ် - ကန်တယ် - ကန်တယ်၊ လှုပ်ရှားတယ် လှုပ်ရှားတယ်၊ တနေရာမှ တနေရာသို့ ရွေ့လျားတယ် ရွေ့ရှု ပို့ဆောင် နေတာနှင့်၊ ကာယဝိညာဉ် အားဖြင့် လက်ခြေ စသည်တို့ကို ပွတ်ခါ သတ်ခါ၊ ဆုတ်ခါ ဖြန့်ခါ၊ ကွေးကာ ဆန့် ခါ၊ မြှောက်ခါ ချခါ၊ ချီခါ ပင့်ခါ၊ စသည်အားဖြင့်၊ အမျိုးမျိုး အဖုံဖုံရှုပွား၍၊ ဝါယောဓါတ်ကို ရှာဖွေနေကြတယ်။

အဲဒီလို ရှာဖွေ နေကြတော့ ပရမတ်အစစ် ဓါတ်အနှစ်ကို တွေ့ ရရောလား။ ဘယ်တွေ့နိုင်ပါ့ မတုံး။ ဘာဖြစ်လို့ မတွေ့နိုင်တာလဲ။ ဘုရားဟော ပါဠိတော်တွေကို မှုတည်ဇောက်ချ၍ မရှာခြင်းကြောင့် ဖြစ်ပါတယ်။

ဒါဖြင့် ဘာတွေတွေ့တွေ့နေကြသလဲ။ အဋ္ဌကထာနည်း ဋီကာနည်း တွေကို မူတည်ဇောက်ချ၍ ရှာခြင်းကြောင့်၊ သူတို့ ရှာတဲ့ အတိုင်း၊ တွန်းကန်နေတဲ့ လက္ခဏာတွေ တနေရာမှ တနေရာသို့ လှုပ်ရှား ရွေ့ လျားနေရတဲ့ ရသကိစ္စတွေ၊ ရွေ့ရှု ပို့ဆောင် နေရတဲ့ ပစ္စုပဋ္ဌာန် တွေ၊ အဲဒီလို ခေါက်ရိုပ်တွေကိုဘဲ တွေ့နေကြပါတယ်။

အဲဒီ သဘောတရားများဟာ နောက်က ပြောပြခဲ့တဲ့ ဆိုင်ကလို မှန်တိုင်းကြီး ဥပမာအတိုင်း၊ အဋ္ဌကထာ၊ ဆရာများက၊ ကလေး သူငယ်အစ၊ လူတိုင်း လူတိုင်း သိရှိနားလည်နိုင်အောင် သုတ္တန် နည်း များဖြင့် သဒ္ဒါအနက်၊ အဓိပ္ပါယ်အနက်၊ အတ္ထ အနက်မျှလောက် သာ ဖွင့်ဆို ပြသခဲ့တဲ့ သဘောတရားများ ဖြစ်ပါတယ်။ ပရမတ္ထ သဘာဝ ပေါ်လွင် ထင်ရှားအောင် ဖွင့်ဆိုခဲ့တဲ့ သဘောတရား များ မဟုတ်ပါ။

အဲဒီလို ပြောဆိုခြင်းကြောင့်၊ အချို့အချို့သော ယောဂီများက အဋ္ဌကထာ ဋီကာတွေကို ပယ်သလားလို့၊ မေးချင်လဲ မေးကြပေ လိမ့်မယ်။ မပယ်ဝံ့ပါ။ သူတို့ရဲ့ အသိအလိမ္မာ ဉာဏ်ပညာကို ဆယ် စိတ်စိပ်၍ တစိတ်လောက်မျှ မှီအောင် မလိုက်နိုင်ပါ။ သူတို့ရဲ့ နည်း နာ နိသျှတွေကို ယောနိသော မနသိကာရအားဖြင့် အမြဲတန်း လိုက် နာ ကျင့်သုံး နေရပါတယ် သို့ပေမယ်လို့ ပါဠိတော်မှာဘဲ ဖြစ်ဖြစ်၊ အဋ္ဌကထာ ဋီကာမှာဘဲ ဖြစ်ဖြစ်၊ ဆိုလိုရင်း အာဘော်ကို မိအောင် ဖမ်းပြီးမှ သူ့နေရာနှင့် သူ့အကွက် ဆိုက်အောင် လိုက်နာ ကျင့်သုံး ခြင်းပြုပါတယ်။

ဝါယောဓါတ်ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် အားဖြင့် ရှုပွားနေ ကြခြင်းဟာ၊ ပရမတ် ဆိုက်မဆိုက်၊ ပရမတ္ထ သဘာဝဉာဏ် ပေါ် မပေါ်ကို၊ ယောဂီများ အသိဉာဏ် လင်းအောင် အနည်းငယ်

လောက် ရှင်းပြလိုက် ပါဦးမယ်။ လက်သီးကို ဆုတ်ခြင်း ဖြန့်ခြင်း၊ လက်မောင်းကို ကွေးခြင်း ဆန့်ခြင်း ခြေထောက်ကို ကြွခြင်း လှမ်းခြင်း၊ ချခြင်း စသည်အားဖြင့်၊ ပြုလုပ်၍ ရှုပွားခြင်းဟာ လက်သီး လက်မောင်း၊ ခြေထောက် တည်းဟူသော သဏ္ဍာန်နိမိတ် ဓါတ်ရိပ်ကြီးတွေဟာ၊ အစဉ် သန္တတိကြီးနှင့် တကွ၊ မျက်စိဖြင့် ကြောင်ကြောင်ကြီး တွေ့မြင်နေကြတယ်။ မနောဝိညာဏ်ဖြင့်လည်း ထင်ထင်ရှားရှားကြီး တွေ့မြင်နေကြတယ်။ တနေရာတဌာနမှ တနေရာတဌာနသို့ တွန်းတယ်ကန်တယ်၊ ရွေ့တယ်လျားတယ်။ ရွေ့ဆောင်သွားတယ်လို့ မြင်ခြင်းဟာလဲ ဌာနသန္တတိ ပညတ်နိမိတ် ဓါတ်ရိပ် ကြီးတွေကို အစဉ်သန္တတိကြီးတွေနဲ့ ထင်မြင်နေကြတယ်။ ယင်း တွန်းကန် လှုပ်ရှား ရွေ့လျား ရွေ့ဆောင်သွားတဲ့ သဘောတရားတွေဟာ၊ အချိန်ကာလအားဖြင့် တစက္ကန့်ကြာတယ်၊ နှစ်စက္ကန့်မျှ ကြာတယ်၊ တမိနစ်ကြာတယ်၊ တနာရီကြာတယ်၊ စသည်အားဖြင့်၊ အချိန်ကာလ ပိုင်းခြား၍ သိမြင်ခြင်းဟာလဲ ကာလသန္တတိ ပညတ်နိမိတ် ဓါတ်ရိပ်ကြီးတွေကိုဘဲ အစဉ် သန္တတိကြီးတွေနဲ့ ထင်မြင် နေကြတယ်။ အစဉ်သန္တတိဆိုတာဟာ၊ အနိစ္စကို နိစ္စဟု၊ ဒုက္ခကို သုခဟု၊ အနတ္တကို အတ္တဟု၊ စွဲလမ်းစရာ အချင်းအရာတွေကို ထင်မြင်နေခြင်းဘဲ ဖြစ်ပါတယ်၊ အဲဒီလို စွဲလမ်းစရာ အချင်းအရာတွေ ထင်မြင်နေတော့ စွဲလမ်းတတ်တဲ့ တဏှာ-မာန-ဒိဋ္ဌိ တည်းဟူသော ဘီလူးသရဲ သဘက်တို့၏ ပါးစပ်ထဲသို့ ချပ်ခနဲ ချပ်ခနဲနေအောင် ခုန်ဆင်း ပြေးဝင် နေကြတာနဲ့ အတူတူဘဲဖြစ်ပါတယ်။ အဲဒါကြောင့် ဓါတ်မပေါက်ဘူး ပေါက်တယ်ဆိုတာ ကွင်းပြင် ဆင်ပြေးနေတာကို အဝေး ကြီးက သိမြင်နိုင်သလို၊ မေးကြည့် မနေရတော့ဘဲ တွေးကြည့်တာတဲ့ ပြေးကြည့်လိုက်သလို သိမြင်နိုင်ပါတယ်။

သို့ပေမယ်လို့ စွဲလမ်းစရာ ပညတ်နိမိတ်တွေပင် ဖြစ်သော်လည်း၊ ယင်းပညတ်နိမိတ်ကိုပင်၊ ပရိကမ္မ နိမိတ်ပြု၍ (ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ၊ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပထမံဈာနံ၊ ဥပသမ္ပဇ္ဇ ဝိဟာရတိ)လို့ ဟောတော်မူတဲ့ အတိုင်း၊ ဝိက္ခမ္ဘနပဟာံ အားဖြင့် နီဝရန ချုပ်ငြိမ်းအောင် ရှုပွား နိုင်ရင်တော့ အချိုး အနှိုး အလဟဿ မဖြစ်ပါဘူး၊ ပထမဈာန် လောက်တော့ ရရှိကြပါလိမ့်မယ် ထိုင်ပြီးရှုပွားနေတဲ့ အခါမှာ "ဖျာနှင့် ကိုယ်နှင့် ထိတယ်လို့ မထင်ရဘူး၊ ကိုယ်ကြီး မြောက်ကြွ နေသလို ထင်ရ **တယ်**" လို့ ပြောဆိုခြင်းဟာ၊ ပီတိသုခဆိုတဲ့ ဈာန်အင်္ဂါ တွေဘဲ ဖြစ်ပါတယ်။

အဲဒီလို ပီတိသုခ၊ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုကိုပင် လျှင်၊ ဝိမုတ္တိ သုခ ထင်မှတ်ပြီး အလုပ်စခန်း လမ်းဆုံး နေကြတဲ့ ယောဂီတွေကို များစွာဘဲ တွေ့ရှိ နေရပါတယ်။ ဝေဒနာ အဆုံး လိုက်တဲ့ ယောဂီတွေဟာလဲ၊ ဒီနေရာမှာဘဲ လမ်းဆုံးပြီးတော့ တဆင့် ပေါက်၊ နှစ်ဆင့်ပေါက်၊ သုံးဆင့်ပေါက်၊ လေးဆင့်ပေါက်၊ လုပ် နေကြတာကိုဘဲ တွေ့ရှိ နေရပါတယ်။ ဘုရား ကိုယ်တော် မြတ်ကြီး ကတော့၊ အဲဒီ သဘောတရားများဟာ ခန္ဓာငါးပါး ဖြစ်ပျက်နေတဲ့ သဘောတရားဖြစ်၍၊ အာဗာဓေါ၊ အင်မတန်မှ နာကျင် တယ်လို့ ဟောပါတယ်။ အဲဒါကြောင့် သမထနှင့် ဝိပဿနာကို ကွဲပြား ခြား နားစွာ သိမြင်ကြဘို့ရန် စကား စပ်မိတိုင်း သတိ ပေးနေရခြင်းဘဲ ဖြစ်ပါတယ်။

ဓါတ်ပေါက်ဖို့ အလုပ် ကိစ္စဟာ၊ ပိဋကတ် သုံးပုံ ကုန်စင်အောင် မွှေနှောက်ပြီးသကာလ၊ ဉာဏ်ပတျာဖြန့်ပြီး ကြည့်လိုက် ကြစမ်းပါ။ လက္ခဏာရေး သုံးပါး တည်းဟူသော ဓမ္မဋ္ဌိတိ ဝိပဿနာ ဉာဏ်မှ

တပါး အခြားမရှိကြောင်းကို တွေ့ရှိကြပါလိမ့်မယ်။ ဆားမပါလျှင် တောင်ဘိုမှို - ဟင်းမချိုတဲ့ ဥပမာအတိုင်းဘဲ ဖြစ်ပါတယ်။ စင်စစ် အမှန်သဘောကို ပြောရမယ်ဆိုလျှင်၊ မျက်စိတမှိတ် လျှပ်တပြက်၊ တစက္ကန့်ကလေး လောက်မျှ၊ ရပ်နားခွင့် အချိန်မရရှာဘဲ၊ ပရမတ် အစစ် ဓါတ်အနှစ်ဖြစ်တဲ့ ဓါတ်ကြီးလေးပါးဟာ၊ အတူတကွ၊ သဟဇာတ အညမည အားဖြင့်၊ သူ့သဘော သူဆောင် ကိုယ့်သဘော ကိုယ်ဆောင် တပေါင်းတည်း တဖျင်းဖျင်း တရှိန်ရှိန် တရိပ်ရိပ်နှင့် ဖြစ်ပျက် အနိစ္စ ရောက်နေကြတာကို၊ နာမ်ဓါတ်ကလည်း ဥပါဒ်စွန်း ဘင်စွန်း အာကာသဓါတ်၊ ကလာပ်ခြား၍ ပညတ်နိမိတ် ဓါတ်အရိပ် တွေ စင်ကြယ် သန့်ရှင်း သွားအောင်၊ ဓမ္မဝိတိဉာဏ် လက်ကိုင်ဒုတ် နှင့် ရိုက်ပုတ် မှုတ်လွင့်ပြီး သကာလ၊ ပရမတ်အစစ် ဓါတ် အနှစ်ကို ကြိယာ အမူအယာမျှသာ၊ အသိဉာဏ်ထဲမှာ စွဲနေအောင် မြဲနေ အောင် တည်နေအောင်၊ လုပ်ရမဲ့ အလုပ်ကိစ္စ ဖြစ်ပါတယ်။

ဓမ္မဝိတိဉာဏ် တည်မြဲခဲ့လို့ ရှိလျှင်၊ ဝါယောဓါတ် တပါး တည်း၊ သူ့အလိုနဲ့သူ တွန်းနေကန်နေတဲ့၊ စွဲလမ်းစရာ အချင်းအရာ ပညတ်နိမိ တ်ဓါတ်ရိပ်တွေကို မတွေ့မမြင်ကြတော့ဘဲ ရှိပါလိမ့်မယ်။ ဝါယော ဓါတ်ဟာ တွန်းကန် နေရလောက်အောင် ရပ်တည်ခွင့် အချိန်ကာလကို ရရှိနိုင်တဲ့ သဘောတရား မဟုတ်ကြောင်းကိုဘဲ တွေ့ ကြရပါလိမ့်မယ်။ တနေရာမှ တနေရာသို့ ရောက်ရှိသွားအောင် လှုပ် ရှားနေတယ်၊ ရွေ့လျားနေတယ်။ ရွေ့ဆောင် နေတယ်လို့ဘဲ စွဲ လမ်းစရာ အချင်းအရာတွေနှင့်တကွ၊ ပညတ်နိမိတ် ဓါတ် ရိပ်တွေကို မတွေ့ မမြင် ကြတော့ဘဲ ရှိကြပါလိမ့်မယ်။ ဝါယော ဓါတ်ဟာ တနေရာမှ တနေရာသို့ သွားရလောက်အောင် ရပ်တည်နိုင်ခွင့် အချိန် မရရှိတာကိုလည်း တွေ့မြင် ကြရပါလိမ့်မယ်။ ရွေ့လျား ရွေ့ဆောင်

သွားပါတယ်လို့ ပြောလို့ဖြစ်စကောင်းအောင် သင်္ခါရ နိမိတ်ကြီး မရှိကြောင်းကိုလဲ တွေ့မြင် သိရှိကြပါလိမ့်မယ်။

အဲဒီလို မဂ္ဂဝီထိဉာဏ် တည်မြဲခဲ့လို့ ရှိလျှင် စွဲလမ်းစရာ ဖြစ်တဲ့ ပညတ်နိမိတ် ဓါတ်အရိပ်တွေ အစဉ်သန္တတိနိစ္စ နိမိတ်တွေ၊ ပီတိသုခ ဆိုတဲ့ ဝေဒယိတသုခ နိမိတ်တွေ အမာခံ အနှစ်အသား ရှိလေဟန် သင်္ခါရဒြပ် အတ္တနိမိတ်တွေ၊ အဲဒီ နိမိတ်တွေ အားလုံးဟာ ဘင်္ဂနိရောဓအားဖြင့် ချုပ်ငြိမ်းပြီးသကာလ၊ သင်္ခတဓါတ်ကို အတ္တပျောက်ပြီး၊ အနတ္တ ပေါက်အောင် တွေ့မြင် ကြရပါလိမ့်မယ်။ သင်္ခတဓါတ်ကို ကြိယာ အမူယာမျှ အနတ္တ ပေါက်အောင် မြင်မှ လောကုတ္တရာ မဂ်အား လျှော်အောင် ထိုးထွင်းပြီးသိတဲ့ အသိ အမြင်မျိုး ဖြစ်တယ်။ မဂ်အားလျှော်အောင် သိမြင်မှ မဂ်စိတ်ဖြစ်ပေါ်ပြီး၊ အသင်္ခတဓါတ် အနတ္တကို မျက်မှောက်ထင်ထင် ဓါတ်ပေါက်အောင် တွေ့မြင် ကြရလိမ့်မယ်။ အဲဒီလို ဓါတ်ပေါက်မှ၊ ခံစားမှုမရှိတဲ့ ဝိမုတ္တိသုခကို တွေ့ကြလိမ့်မယ်။ ခံစားမှု ပီတိသုခသည်၊ ဒုက္ခသစ္စာ အစစ်အမှန် ဖြစ်လေသောကြောင့်၊ ခံစားမှု အဆုံးသို့ ရောက်ပြီးဖြစ်၍၊ ဒုက္ခ ဆုံးရာ နိဗ္ဗာန်ကိုလည်း မျက်မှောက်ထင်ထင် အာရုံပြုနိုင်ကြလိမ့်မယ်။ ယင်း နိဗ္ဗာန် တရားတော်ကြီး ဟာလည်း၊ လောကုတ္တရာ သက်သက်မျှသာ ဖြစ်၍ လောကီ ဖြစ်သော၊ ကိုယ့်အနီး၌ ကိုယ်ထဲ၌၊ မိမိ အဇ္ဈတ္တ သင်္ခါရ၌၊ အမြဲကိန်းဝပ် တည်ရှိနေသော သဘောတရား မဟုတ်ကြောင်းကိုလည်း မျက်မှောက် ထင်ထင် သိမြင် နိုင်ကြ လိမ့်မယ်။ ခန္ဓာထဲသို့ ရောက်ရှိ၍ မနေကြောင်း၊ ခန္ဓာနှင့် တစပ်တည်း မဟုတ်ကြောင်း ပစ္စုပ္ပန် တည့်တည့် လောကကြီးလည်း မဟုတ်ကြောင်း မျက်မှောက်ထင်ထင် သိမြင်နိုင်ကြလိမ့်မယ်။

ရှေးဦးစွာ မမ္ဗဣတိဉာဏ် တည်မြဲအောင် အလုပ်လုပ်တဲ့ ယောဂီများဟာ၊ မဖေါက်မပြန် မှန်ကန်တဲ့ သဘော တရားတွေကို၊ ပါဠိတော်များနှင့် တထပ်တည်း အံဝင် ဂွင်ကျ သိမြင် နိုင်ကြရသလို၊ ဓါတ်ပေါက်လိုကြတဲ့ ယောဂီတွေ၊ ဒုက္ခဝေဒနာ အဆုံးသို့ ရောက်လိုကြတဲ့ ယောဂီတွေ၊ လောကအဆုံးသို့ ရောက်လိုကြတဲ့ ယောဂီတွေကိုလည်း မဖေါက်မပြန် မှန်ကန်တဲ့ သဘောတရားတွေကို၊ ပါဠိတော်များနှင့် တထပ်တည်း၊ အံဝင်ဂွင်ကျ ဖြစ်အောင်၊ အသိဉာဏ်ငုံဝါး မိနိုင်ကြ ပါစေဆိုတဲ့ စေတနာ မေတ္တာ တရားနှင့်၊ အဋ္ဌကထာဋီကာနည်း မဖက်ဘဲ၊ ပါဠိတော်နည်း သက်သက်ဖြင့်၊ အဖက်ဖက်ဖြစ်သော ရှုဒေါင့်အမျိုးမျိုးမှနေ၍၊ လက်ညှိုးထိုးပြီး ပြောဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

အာပေါဓါတ်ကို ရှုပွားကြတဲ့ နေရာမှာလည်း၊ အာပေါဓါတ်ဟာ ဓါတ်တပါးတည်း သူ့အလို သက်သက်နှင့် ဖြစ်ပေါ် လာနိုင်လေဟန်၊ ယိုစီးအာပေါဟု ခေါ်ဝေါ် ပြောဆိုကြတဲ့ ဝေါဟာရပညတ်စကားတွေကို သံယောင်လိုက်၍၊ "ချွေးတွေ သွေးတွေ ယိုစီးနေတယ်၊ နှပ်တွေ တံတွေးတွေ ယိုစီးနေတယ်" နှင့် ရှုပွားနေကြတော့၊ မိသစက္ခုဖြင့် လူတိုင်းလူတိုင်းသိမြင်နေကြဖြစ်တဲ့၊ သဏ္ဌာန်ဒြပ်၊ ပညတ်နိမိတ် ဓါတ်ရုပ်တွေကိုဘဲ စွဲလမ်းစရာ အခြင်းအရာ တွေနှင့် တွေ့မြင် နေကြတယ်။ အဲဒီလို စွဲလမ်းစရာ အခြင်းအရာတွေကို၊ တွေ့မြင် နေလို့ရှိလျှင် စွဲလမ်းတတ်တဲ့ တဏှာ မာန ဒိဋ္ဌိတို့က၊ ကိလေသာဝဋ်-ကမ္မဝဋ်-ဝိပါက ဝဋ်ဆိုတဲ့ ဝဋ်သုံးပါးမှ-မလွတ်နိုင် မကျွတ်နိုင် မရုန်းနိုင် – မပြေ နိုင်အောင်၊ သံယောဇဉ်ကြိုး ဆယ်ချောင်း နှင့် တပေါင်းတည်း တုပ်နှောင် ဖွဲ့ချီကြတော့မှာ အမှန်ဘဲ ဖြစ်ပါတယ်။

(8)

(ယိုစီးအာသဝေါ) ဆိုတဲ့ ဝေါဟာရ စကား၏ အနက် အဓိပ္ပါယ်ကို၊ ယောဂီများ ဉာဏ်ငုံ ဝါးမိအောင် အနည်းငယ်လောက် ရှင်းပြလိုက်ပါဦးမယ်။ ယိုစီးတယ်ဆိုတဲ့ ဝေါဟာရ စကားဟာ၊ ချွေးယိုစီးတာ၊ သွေးယိုစီးတာ၊ ချောင်းထဲ မြောင်းထဲက၊ ရေတွေ ယိုစီးတာ မျိုးကို ဆိုလိုတဲ့ အနက် အဓိပ္ပါယ် မဟုတ်ပါ၊ တိုးပွားတဲ့ သဘော၊ ပွါးစီးတဲ့သဘောကို ဆိုလိုတဲ့ အနက် အဓိပ္ပါယ် ဖြစ်ပါတယ်၊ ဥပမာ အားဖြင့်၊ စွဲလမ်းစရာ အခြင်းအရာဖြစ်တဲ့ အာရုံတွေဟာ၊ အာသဝေါတရားတို့၏၊ တိုးပွားရာ တိုးပွားကြောင်း ပွားစည်းရာ ပွားစည်းကြောင်း ဖြစ်ခြင်းကြောင့်၊ ယင်း အာရုံတွေကို တဏှာမာန ဒိဋ္ဌိအား ဖြင့်၊ လက်ခံ သိမ်းပိုက်ထားတဲ့ ယောဂီတွေဟာ၊ နေ့စဉ်နှင့် အမျှ အာသဝေါ တရားတွေ တိုးပွားနေတာ ပွားစည်းနေတာကို အာသဝေါ တရားတွေ ယိုစီးနေတယ်လို့ ပြောဆိုရသလို၊ ရုပ်ဓါတ်ဖြစ်တဲ့ အာပေါဓါတ်ဟာလဲ ပြုပြင်မှု အကြောင်းတရား ရှိလေသောကြောင့် အကြောင်းတရား အားလျော်စွာ၊ တိုးပွား နေတာ၊ ပွားစည်းနေ တာကိုပင် အာပေါဓါတ်ကို ယိုစီးတယ်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။

"(၃၂) ပါးသော ဒွတ္တိံသကာယမှာ၊ သွေးတို့-ချွေးတို့-နှပ်တံ ထွေးတို့၊ ပြီတို့-မျက်ရည်တို့ ဆိုတာတွေဟာ၊ အာပေါဓါတ် တွေလို့ ဟောတော်မူသည် မဟုတ်ပါလား" ဟု ဆိုငြားအံ့။ ဟုတ် မှန်ပါ တယ်၊ သို့ပေမယ်လို့ သုတ္တန်ကိုသုတ္တန်နည်းနဲ့ မြင်အောင်ကြည့်ရမယ်၊ ဝိနည်းကို၊ ဝိနည်းအမြင်နဲ့ မြင်အောင် ကြည့်ရမယ်၊ အဘိဓမ္မာကို အဘိဓမ္မာအမြင်နဲ့ မြင်အောင် ကြည့်ရမယ်။ ဗုဒ္ဓဝါဒ လမ်းနှစ်သွယ် အားဖြင့်လည်း သမုတိသစ္စာကို သမုတိ သစ္စာအမြင်နဲ့ မြင်အောင် ကြည့်ရမယ်။ ပရမတ္ထ သစ္စာကို ပရမတ္ထ သစ္စာအမြင်နဲ့ မြင်အောင် ကြည့်ရမယ်။ သမထ ဝိပဿနာအားဖြင့်လဲ၊ သမထကို ပညတ်နိမိတ်

ထင်အောင် မြင်အောင် စွဲအောင် မြဲအောင် ကြည့်ရမယ်။ ဝိပဿနာကိုလည်း အတ္တပျောက်၍ အနတ္တပေါက်အောင် ကြည့်ရမယ်။

အဲဒီလို သူ့သဘာဝနဲ့သူ၊ အံဝင် ဂွင်ကျ ဖြစ်အောင်၊ ရှုဒေါင့်အမျိုးမျိုးက နေပြီးတော့ ထင်မြင်အောင် ကြည့်ရှု တတ်ကြမယ် ဆိုလျှင်၊ သွေး-ချွေး အစရှိတဲ့ အရည်တွေ တံထွေးတွေ စီးဆင်း နေတာကို၊ အာပေါဓါတ် သက်သက်ဟု မထင်မြင်တော့ဘဲ၊ ဓါတ်ကြီးလေးပါး တပေါင်းတည်းဖြစ်ပျက်နေတဲ့၊ ပရမတ်အစစ် ဓါတ်အနှစ်ကိုသာ အတ္တပျောက်၍ အနတ္တ ပေါက်အောင် တွေ့မြင်ကြရ ပါလိမ့်မယ်။

ပထဝီ ဓါတ်ကိုလည်း ခြေသလုံးက တောင့်တယ်၊ တင်းတယ်၊ မာတယ်၊ ပြေ့တယ်၊ ခါးက တောင့်တယ်၊ တင်းတယ်၊ မာတယ်၊ ပြေ့တယ် အစရှိသည်ဖြင့်၊ သဏ္ဌာန်ဒြပ် ပညတ် နိမိတ်ကြီးတွေနှင့်တကွ ပထဝီဓါတ် တပါးတည်းသက်သက် ဖြစ်နေလေဟန်ကို မမြင်တော့ဘဲ၊ ဓါတ်ကြီးလေးပါး တပေါင်းတည်း ဖြစ်ပျက်နေတဲ့ ပရမတ်အစစ် ဓါတ် အနှစ်ကိုသာ အတ္တပျောက်၍ အနတ္တ ပေါက်အောင် တွေ့မြင်ကြရပါလိမ့်မယ်။

တေဇော ဓါတ်ကိုလည်း၊ ငယ်ထိပ်က ပူတယ်၊ အေးတယ်၊ ဦးခေါင်းက ပူတယ်၊ အေးတယ်၊ ကျောက ပူတယ်၊ အေးတယ်၊ ရင်ဘတ်က ပူတယ်၊ အေးတယ်၊ အစရှိသည်ဖြင့်၊ သဏ္ဌာန် ဒြပ်ကြီးတွေနှင့်တကွ၊ ပူတုံး ပူခိုက်၊ အေးတုံး အေးခိုက်၊ အခိုက် အတံ့ ကာလ အပိုင်း အခြားအားဖြင့်၊ နာရီပိုင်း၊ မိနစ်အပိုင်းအားဖြင့်၊ သိရတဲ့ ကာလသန္တတိ ပညတ် နိမိတ်တွေကို၊ တေဇောဓါတ် တပါးတည်း သူ့အလို သက်သက်နှင့် ဖြစ်လေဟန် မတွေ့ မမြင်တော့ဘဲ၊ ဓါတ်ကြီးလေးပါး တပေါင်းတည်း ဖြစ်ပျက်နေတဲ့၊ ပရမတ်အစစ်

ဓါတ် အနှစ်ကိုသာ၊ အတ္တပျောက်၍ အနတ္တ ပေါက်အောင် တွေ့မြင်ကြရပါလိမ့်မယ်။

ဝါယော ဓါတ် ကိုလည်း၊ လက်-ခြေ-သဏ္ဍာန် ဒြပ်ကြီး တွေနဲ့ ကာယ ဝိညာတ်အားဖြင့်၊ ဝါယောဓါတ်က တွန်းတယ်-ကန်တယ်-လှုပ်ရှားတယ်-ရွေ့လျားတယ်-ရွေ့ဆောင် သွားတယ်-စသည်အားဖြင့်၊ ကာလသန္တတိ-ဌာနသန္တတိ-သဏ္ဍာန သန္တတိ ပညတ် နိမိတ်တွေကို၊ ဝါယောဓါတ် တပါးတည်း သူ့ အလိုလို ဖြစ်နေလေဟန် မတွေ့မမြင်တော့ဘဲ၊ ဓါတ်ကြီးလေးပါး တပေါင်းတည်း ဖြစ်ပျက်နေတဲ့၊ ပရမတ်အစစ် ဓါတ် အနှစ်ကိုသာ၊ အတ္တပျောက်၍ အနတ္တပေါက်အောင် တွေ့မြင်ကြရ ပါလိမ့်မယ်။

## (၃၆) လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်အားဖြင့် ရှုပွားခြင်းနှင့် ဓမ္မဝိစိတိဉာဏ် တည်မြဲအောင် ရှုပွားခြင်း၏ ထူးခြားချက်။

သဏ္ဍာန်ဒြပ်-ပညတ် နိမိတ်-ဓါတ်ရိပ်တွေ ဖြစ်သော၊ ကိုယ်-လက်ခြေ-အစရှိတဲ့၊ ကိုယ်အင်္ဂါ အစိတ် အပိုင်း တွေနှင့်တကွ၊ ဗဟိဒ္ဓ ဖြစ်သော အရာဝတ္ထု တွေကို-ရှုကွက်လုပ်၍၊ လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်အားဖြင့်၊ ရှုပွားခြင်းသည်၊ ပညတ်နိမိတ်ကိုသာ ရှုပွားခြင်းဖြစ်၍၊ ပညတ်နိမိတ် တည်မြဲသောကြောင့် ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှု၊ ပီတိသုခ ဈာန်ချမ်းသာကို ရနိုင်တယ်။

ဓမ္မဝိစိတိဉာဏ် ဆိုတာကတော့ ဥပမာအားဖြင့်၊ ရတ်တရက်၊ မံသမျက်စိဖြင့်တွေ့လိုက်ရတဲ့ သစ်ပင်ကို၊ အမျိုးအမည် ခွဲခြား၍ သိရှိနိုင်ရန်၊ အရိပ်ကို စူးစိုက်မကြည့်၊ အပင်ကိုသာ စူးစိုက် ကြည့်ရှု၍၊ အမျိုးအမည် ကွဲပြား ခြားနားစွာ သိရှိနိုင်အောင် ဆင်ခြင် သုံးသပ်

သလို၊ ထို့အတူ (အဟုတ်ရှိ-တကယ်ရှိတဲ့ ဓါတ်ကြီး လေးပါးရဲ့ ပရမတ်အစစ် ဓါတ်အနှစ်ကို၊ ပညာစက္ခုဖြင့်၊ အဟုတ်တွေ့ တကယ် တွေ့ မတွေ့ မမြင်ရသေးတဲ့ ယောဂီများဟာ) သဏ္ဌာန်ဒြပ်-ပညတ် နိမိတ် ဓါတ်ရိပ်တွေကို ရှုကွင်း ရှုကွက်လုပ်၍၊ တခုစီ တခုစီခွဲခြားပြီး၊ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်အားဖြင့်၊ ရှုပွားမနေဘဲ ခန္ဓာကိုယ် တခုလုံး ကြီးကို၊ တပေါင်းတည်း ရှုကွင်း ရှုကွက်ပြုလုပ်၍၊ ဖြစ်ပျက် ထင်မြင် အောင် ရှုပွားရတယ်၊ အဲဒီလို ဖြစ်ပျက်ကို ရှုတော့၊ ဓါတ်ကြီး လေး ပါးဟာ၊ အညမည သဟာဇာတအားဖြင့်၊ တပေါင်းတည်း အတူ တကွ၊ အသုတ်လိုက် - အသုတ်လိုက် ဖြစ်ပျက် နေတာကို တွေ့မြင် ရတယ်၊ မျက်စိတမှိတ်- လျှပ်တပြက် - တစက္ကန့် ကလေး လောက်မျှ ရပ်နား နေနိုင်ခွင့် အချိန်မရအောင် ဖြစ်ပျက် နေတာကို တွေ့မြင်ရ တယ်။ ရုပ်ဟောင်းပျက်တဲ့ ဘင်းစွန်းနှင့်၊ ရုပ်သစ်ဖြစ်ပေါ်တဲ့ ဥပါဒ် စွန်း နှစ်ခုဟာ၊ အာကာသဓါတ် ကလာပ်ခြားအောင် ဖြစ်ပျက် နေ တာကို၊ တွေ့မြင်ရတယ်။

## (၃၇) ဓါတ်ကြီး လေးပါးသည်၊ တပါးတည်း သူ့အလိုသက်သက်နှင့် မဖြစ်ပေါ်လာနိုင်ပုံ

ကြမ်းတမ်း ခက်မာမှု နူးညံ့ ပျော့ပြောင်းမှုဆိုတဲ့၊ ပထဝီဓါတ်၏ သဘော သဘာဝဟာ၊ သူ့အလိုသက်သက်နှင့် သူတပါးတည်း ဖြစ် ပေါ်လာနိုင်သော သဘောတရားမဟုတ်၊ ယင်း သဘာဝ ဖြစ်ပေါ် လာနိုင်ရန်၊ အပူရှိန် - အပူငွေ့၊ အအေးရှိန်၊ အအေးငွေ့ ဆိုတဲ့ တေဇောဓါတ်၏ သဘော သဘာဝ အကူအညီကို၊ မျှမျှတတ လက္ခံ ရရှိပါဦးမှ၊ ထောက်ကန်-ဖေးမမှု ဆိုတဲ့၊ ဝါယောဓါတ်၏ သဘော သဘာဝ အကူ အညီကိုလည်း လက္ခံရရှိပါဦးမှ၊ ယင်းသဘာဝ သုံး

မျိုးဟာ၊ တခုစီ–တခုစီ ခွဲခြားထားလို့ မရစကောင်းအောင် တစုတပေါင်းတည်း ဖွဲ့စည်းမှု အာပေါဓါတ်၏ သဘော သဘာဝ အကူအညီကိုလည်း လက်ခံရရှိပါဦးမှ၊ ကြမ်းတမ်း ခက်မာမှု-နူးညံ့ ပျော့ပြောင်းမှုဆိုတဲ့၊ ပထဝီဓါတ်၏ သဘော သဘာဝတသုတ် ဖြစ်ပေါ်လာနိုင်ပါတယ်။

ပူမှု-အေးမှု-ဆိုတဲ့ တေဇောဓါတ်၏ သဘော သဘာဝဟာလည်း၊ သူ့အလို သက်သက်နှင့် သူတပါးတည်း ဖြစ်ပေါ် လာနိုင်သော သဘော တရားမဟုတ်၊ ယင်း ပူမှု – အေးမှု ဖြစ်ပေါ် လာနိုင်ရန်၊ ကြမ်းတမ်းခက်မာမှု၊ နူးညံ့ ပျော့ပြောင်းမှုဆိုတဲ့ ပထဝီဓါတ်၏အကူအညီ သဘာဝကိုလည်း အမှခံ လက်ခံရရှိပါဦးမှ၊ ဓါတ်တပါးနှင့် တပါးခွဲခြားရ၍ မရစကောင်းအောင် ဖွဲ့စည်းမှုဆိုတဲ့ အာပေါဓါတ်၏ သဘောသဘာဝ အကူအညီကိုလည်း လက်ခံရရှိပါဦးမှ၊ ပူမှု အေးမှုဆိုတဲ့ တေဇောဓါတ်၏ သဘော သဘာဝတသုတ် ဖြစ်ပေါ်လာနိုင်ပါတယ်။

ထောက်ကန် ဖေးမမှုဆိုတဲ့၊ ဝါယောဓါတ်၏ သဘော သဘာဝဟာလည်း သူ့အလိုသက်သက်နှင့် သူ့တပါးတည်း ဖြစ်ပေါ် လာနိုင်သော သဘောတရားမဟုတ်၊ ယင်း ထောက်ကန် ဖေးမမှု ဖြစ်ပေါ်လာနိုင်ရန်၊ ကြမ်းတမ်း ခက်မာမှု၊ နူးညံ့ ပျော့ပြောင်းမှုဆိုတဲ့ ပထဝီဓါတ်၏ သဘော သဘာဝ အကူအညီကို၊ ခြေကန် ရရှိပါဦးမှ၊ အေးမှု၊ ပူမှုဆိုတဲ့ တေဇောဓါတ် အရှိန် အဟုန်ကိုလည်း၊ လက်ခံရရှိပါဦးမှ၊ ဓါတ်တပါးနှင့် တပါး ခွဲခြားရ၍ မရစကောင်းအောင် ဖွဲ့စည်းမှုဆိုတဲ့ အာပေါဓါတ်၏ သဘော သဘာဝ အကူ အညီ ကိုလည်း လက်ခံရရှိပါဦးမှ၊ ထောက်ကန်ဖေးမမှုဆိုတဲ့ ဝါယောဓါတ်၏ သဘော သဘာဝတသုတ် ဖြစ်ပေါ် လာနိုင်ပါတယ်။

ယိုစီးမှု ဖွဲ့စည်းမှုဆိုတဲ့ အာပေါဓါတ်၏ သဘော သဘာဝဟာလည်း၊ သူ့ အလိုသက်သက်နှင့် သူ့ တပါးတည်း ဖြစ်ပေါ်လာနိုင်သော သဘောတရားမဟုတ်၊ ပူးကပ် မှီတွယ်နေအောင် ဖွဲ့စည်းစရာ အမာခံ ဖြစ်တဲ့၊ ကြမ်းတမ်း ခက်မာမှု၊ နူးညံ့ ပျော့ပျောင်းမှု ဆိုတဲ့ ပထဝီဓါတ်၏ သဘော သဘာဝ အကူအညီကို လက်ခံ ရရှိပါဦးမှ၊ ပူမှု အေးမှုဆိုတဲ့ တေဇောဓါတ်၏ အရှိန် အဟုန်ကိုလည်း၊ လက်ခံ ရရှိပါဦးမှ၊ ထောက်ကန် ဖေးမမှုဆိုတဲ့ ဝါယောဓါတ်၏ သဘော သဘာဝ၊ အရှိန်အဟုန် အကူ အညီကိုလည်း လက်ခံ ရရှိပါဦးမှ၊ ယိုစီးမှု၊ ပွားစီးမှု ဓါတ် တပါးနှင့်တပါး ခွဲခြား၍ မရ စကောင်းအောင်၊ ဖွဲ့စည်းမှုဆိုတဲ့ အာပေါဓါတ်၏ သဘော သဘာဝ တသုတ် ဖြစ်ပေါ် လာနိုင်ပါတယ်၊ (တသုတ်) ဆိုတဲ့ စကားဟာ ဓါတ်ကြီး လေးပါးလုံး တစု တပေါင်းတည်း အတူ တကွ ဖြစ်၍၊ အတူ တကွ ပျက်တာကို တသုတ် တသုတ်ဖြစ်၍၊ တသုတ် တသုတ် ပျက်တယ်လို့ ဆိုလိုသည့်စကား ဖြစ်ပါတယ်။

ဘူတ ရုပ်ခေါ် မဟာဘုတ် ဓါတ်ကြီး လေးပါးဟာ၊ မျက်စိ တမှိတ် လျှပ်တပြက် တစက္ကန့်လောက် ကလေးမျှ ရပ်နား တည်နိုင်ခွင့် အချိန်မရရှာဘဲ၊ အသုတ်လိုက် အသုတ်လိုက် အတူ တကွဖြစ်၍၊ အသုတ်လိုက် အသုတ်လိုက် အတူတကွ ပျက်နေတာကို၊ အာကာသဓါတ်၊ ကလာပ်ခြားသည့် တိုင်အောင်၊ ဥဒယဗ္ဗယဉာဏ်နှင့် အဖြစ်အပျက်ကို တွေ့မြင် သိရှိရပါတယ်။ အဲဒီလို အာကာသဓါတ် ပေါတ်အောင်၊ အဖြစ်အပျက်ကို ကောင်းစွာသိမြင်တဲ့ ယောဂီဟာ၊ ဓါတ်ကြီးလေးပါးကို သန္တတိပညတ်၊နိစ္စနိမိတ်ပျောက်၍၊အနိစ္စလက္ခဏာ၊ အနိစ္စသညာ၊ ဒုက္ခလက္ခဏာ၊ ဒုက္ခသညာ၊ အနတ္တလက္ခဏာ၊ အနတ္တသညာ၊ တွေဟာ အလိုလို ထင်မြင်ပေါက် ရောက်လာ နိုင်ပါတယ်၊

ဘယ်လိုထင်မြင် ပေါက်ရောက် လာနိုင်သလဲ ဆိုတော့၊ ဓါတ်ကြီး လေးပါးဟာ၊ အသုတ်လိုက်ဖြစ်၍ အသုတ်လိုက် ပျက်နေခြင်းသည်၊ မမြဲကြောင်းကို ပြနေတဲ့ အနိစ္စ လက္ခဏာတွေဘဲဟု၊ သိမြင် လာပါတယ်။ အဲဒီလိုမမြဲကြောင်းကို အသိဉာဏ်ထဲမှာ၊ စွဲနေအောင်၊ မြဲနေအောင်၊ တည်နေအောင်၊ အမှတ်သညာဖြင့် မှတ်သား နေမိခြင်းဟာလဲ၊ အနိစ္စသညာကို ကောင်းစွာ ထင်မြင်မှုဘဲ ဖြစ်ပါတယ်။

ဓါတ်ကြီးလေးပါး အသုတ်လိုက် အသုတ်လိုက် ဖြစ်ပေါ် နေရမှုဟာ၊ ဇာတိဒုက္ခ၊ ဇာတိဘေးကြီးတွေ နှိပ်စက် ညှဉ်းပန်းနေတာဘဲ၊ ဖြစ်ပေါ်ပြီးနောက် ရပ်တည်ခွင့်မရရှာဘဲ အိုမင်းရင့်ယော် ဆွေးမြေ့ သွားရခြင်းဟာလဲ၊ ဇရာဒုက္ခ၊ ဇရာဘေးကြီးတွေ နှိပ်စက် ညှင်းပန်း နေတာဘဲ၊ တစက္ကန့်ကလေးလောက်မျှ ရပ်တည်ခြင်း မရရှာဘဲ ပျက်ပြုန်း သေဆုံးသွားရခြင်းဟာ၊ မရဏဒုက္ခ-မရဏ ဘေးကြီးတွေ နှိပ်စက် ညှင်းပန်း နေတာဘဲဟု၊ ဒုက္ခ လက္ခဏာ - ဒုက္ခ သညာတွေကို၊ အလိုလို ထင်မြင် စွဲမြဲလာတယ်။ အဲဒီလို ဓါတ်ကြီး လေးပါးကို နိစ္စနိမိတ်-သုခ နိမိတ်-သုဘ နိမိတ်ပျောက်၍၊ ဘေးရန်ကြီးတွေဟု ထင်မြင်လာတော့ ဘယဉာဏ် အလိုလို ဖြစ်ပေါ် လာရပါတယ်။ ဘေးရန်ကြီးတွေဟု ထင်မြင်လာတော့၊ မချစ်ခင်ဘဲ အပြစ်မြင်တဲ့ အာဒီနဝဉာဏ်ဖြစ်ပေါ်လာတယ်။မချစ်ခင်တော့ဘဲအပြစ်ကိုသာမြင်လာတော့ ရှံ့မုန်း စက်ဆုတ်ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာတယ်။ ရှံ့မုန်း စက်ဆုတ် ငြီးငွေ့လာတော့ လွတ်မြောက်လိုတဲ့ မုစ္စိတုကမျတာဉာဏ် ဖြစ်ပေါ် လာတော့တယ်၊ ကျွတ်လွတ်-ထွက်မြောက် လိုစိတ်ဖြစ်ပေါ်လာတော့ ဓမ္မဋ္ဌိတိဝိပဿနာဉာဏ် လက်ကိုင်ဒုတ်ကြီးကို မြဲမြဲဆုပ်ကိုင်နိုင်မှ၊ လွတ်မယ်-ကျွတ်မယ်ဟု သိမြင်ပြီး သင်္ကာလ၊ သဒ္ဓါဗိုလ်-ဝီရိယဗိုလ်တွေ ထက်သန်လာတာက၊ ပဋိသင်္ခါ ဉာဏ် ဖြစ်ပေါ်

လာတာဖြစ်တယ်၊ အဲဒီလို ဉာဏ်စဉ်တွေ အဆင့်ဆင့် ဖြစ်ပေါ် လာရခြင်းဟာ၊ ဒုက္ခ လက္ခဏာ–ဒုက္ခ သညာကို ကောင်းစွာ ထင်မြင် လာလို့ဘဲ ဖြစ်ပါတယ်။

ပရမတ် အစစ် – ဓါတ် အနှစ်ကို ဖြစ်ပျက် အနိစ္စ သညာဟု၊ ကောင်းစွာ ထင်မြင်ပေါက်ရောက်ကြတဲ့ ယောဂီများဟာ၊ ဓါတ်ကြီးလေးပါးကို အတ္တ သညာပျောက်၍ အနတ္တ သညာ ပေါက်အောင် အလိုလို ထင်မြင် လာကြပါတယ်၊ ကာလ သန္တတိ၊ ဌာန သန္တတိ၊ သဏ္ဌာန သန္တတိဆိုတဲ့၊ ပညတ်နိမိတ်၊ ဓါတ်ရိပ် တွေဟာ၊ အားလုံး အတ္တ သညာတွေချည့်ဘဲ ဖြစ်ကြပါတယ်။ ပရမတ်အစစ်–ဓါတ်အနှစ်ကို တွေ့ရတော့ ပညတ်နိမိတ် ဓါတ်ရိပ်ဖြစ်တဲ့ အတ္တ သညာတွေဟာ၊ အားလုံးပျောက်ကွယ် ဆိပ်သုဉ်းနေတာကိုဘဲ တွေ့မြင်သိရှိရပါဘယ်။ အဲဒီ သဘောတရားကိုပင်၊ အတ္တ ပျောက်တယ်လို့ ပြောဆိုရခြင်းဘဲဖြစ်ပါတယ်။ စင်စစ်အမှန်သဘောကို ပြောရမယ်ဆိုလျှင်၊ ပရမတ် အစစ် ဓါတ် အနှစ်ကို တွေ့မြင် ရခြင်းကြောင့်၊ ဓါတ် ရိပ်ဖြစ်တဲ့ ပညတ်နိမိတ်တွေ ပျောက်ကွယ် ရခြင်း ဖြစ်ပါတယ်။ ဒါဖြင့်၊ အတ္တ သညာပျောက်မှ အနတ္တသညာ ပေါက်သလား၊ သို့မဟုတ်၊ အနတ္တ သညာပေါက်မှ အတ္တသညာ ပျောက်သလားဆိုတော့၊ အဲဒီသဘော တရားများဟာ၊ (သစ္စာလေးချက် တပြိုင်နက်) ဆိုဘိသကဲ့သို့ မရှေး မနှောင်း တပြိုင်နက် ဖြစ်ပေါ်မှုကို ထင်မြင်အပ်ပါတယ်၊ သစ်ပင်နှင့် သစ်ပင်ရိပ်ဟာ၊ ဖြစ်ပေါ်တဲ့အခါ တပြိုင်နက်ဖြစ်၍၊ ပျက်တဲ့အခါမှာလဲ တပြိုင်နက်ပျက်သလို သိမြင် အပ်ပါတယ်။

ပရမတ်အစစ်–ဓါတ် အနှစ်ကို တွေ့မြင်ရ၍၊ ပညတ်နိမိတ် ဓါတ်ရိပ်တွေ ပျောက်ကွယ် ဆိပ်သုဉ်းပုံကို ယောဂီများ အသိဉာဏ် ပွင့်လင်းအောင် ဥပမာဆောင်၍ ပြလိုက်ပါဦးမယ်။ ရေစပ်ရှိ ထန်းပင်

ပေါ် ကျီးကန်းသိုက်ထဲမှ၊ ပတ္တမြားအရောင်သည် နေရောင်နှင့် ပနာ ရသဖြင့်၊ ရေကန်ထဲ၌ ပတ္တမြား အရိပ် ထင်နေတယ်။ အသိ အလိမ္မာ ဉာဏ်ပညာ နည်းပါးတဲ့ ယောကျ်ား တယောက်ဟာ၊ ယင်း ပတ္တမြားရိပ်ကို အဟုတ်တကယ် ပတ္တမြားအစစ် အမှန်ဟု ထင်မှတ် ပြီး၊ စွဲလမ်း တပ်နှစ်သက်တဲ့ စိတ်နှင့် ရေကန်ထဲဆင်းပြီး ရှာဖွေတယ်။ တွေ့လားဆိုတော့ မတွေ့ရ၊ သို့ပေမဲ့ အလျှော့မပေးဘဲ ပုံးကြီး ပုံးငယ်နှင့် ရေကန်တွင်းရှိရေတွေကို ပက်၍ရှာဖွေပြန်တယ်၊ ထိုအခိုက် မှာပင် လူလိမ္မာ ပညာရှိ တယောက် ရောက်လာ၍၊ ဖြစ်ပျက် ပုံ အကြောင်းစုံ သိရှိရသောအခါ၊ ထန်းပင်ပေါ် မော့ကြည့် လိုက်ရုံ နှင့်၊ ကျီးသိုက်မှပတ္တမြားသည်နေရောင်နှင့်ပနာရ၍ ရေထဲမှာပတ္တမြား ရိပ် ထင်နေကြောင်းသိတယ်၊ ထိုအခါ၊ လူလိမ္မာပညာရှိ ယောကျ်ား ဟာ၊ ထန်းပင် ပေါ်သို့တက်၍၊ ပတ္တမြား အစစ်အမှန်ကို ယူလိုက် တော့မှ၊ ရေကန်တွင်းရှိ ပတ္တမြား အရိပ် အယောင်ဟာ၊ ပတ္တမြား အစစ်အမှန်ကို ယူလိုက်တာနှင့် မရှေးမနှောင်း ပျောက်ကွယ် ဆိတ် သုဉ်းသွားရပါတယ်၊ အတ္တသဒ္ဒါကို ရှေ့ထား၍၊ ပြောဆို ရခြင်းမှာ ယောဂီများဟာ၊ အတ္တဒိဋ္ဌိ အစွဲ အလမ်းကြီးက၊ အရိုး ခိုက်အောင် စွဲလမ်းနေကြလို့ အနက် အဓိပ္ပါယ် ပေါ်လွင် ထင်ရှား စေခြင်းငှာ၊ ' အတ္တပျောက်မှ၊ အနတ္တ ပေါက်မယ် ' လို့ ပြောဆို လိုက်ခြင်း ဖြစ် ပါတယ်။

အတ္တ ပျောက်၍ အနတ္တ ပေါက်အောင် သိမြင်နိုင်တဲ့ အသိဉာဏ် ဟာ၊ စာပေ ကျမ်းဂန်မှာ တွေ့ဘူး မြင်ဘူး၍၊ သုတမယ ဉာဏ်နှင့် မျှော်မှန်း ရမ်းဆပြီး သိမြင်ရုံမျှနှင့် ခါတ်ပေါက်မှုကိစ္စ ပြီးစီးအောင် သိမြင် နိုင်သော အသိဉာဏ်မျိုး မဟုတ်-ကြားဘူး နားဝ-ဗဟုသုတ ဉာဏ်နှင့် မျှော်မှန်း ရမ်းဆပြီး သိမြင်ရုံမျှနှင့်လဲ၊ ခါတ်ပေါက်မှု ကိစ္စ

ပြီးစီးအောင် သိမြင်နိုင်သော အသိဉာဏ်မျိုးမဟုတ် စိန္တာမယဉာဏ်နှင့် တွေးတော ကြံဆပြီး သိမြင် ရှုမှုနှင့်လည်း၊ ခေါက်ပေါက်မှု ကိစ္စပြီးစီးအောင် သိမြင် နိုင်သော အသိ ဉာဏ်မျိုးမဟုတ်၊ စင်စစ် အားဖြင့်၊ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲသော ယောဂီများမှ သာလျှင် သစ်ပင်နှင့် သစ်ပင်ရိပ်၊ ပတ္တမြားနှင့်ပတ္တမြားရိပ်ကဲ့သို့၊ အတ္တပျောက်မှုနှင့် အနတ္တပေါက်မှုကိုလဲ၊မရှေးမနှောင်းတပေါင်းတည်းကဲ့သို့ဖြစ်ပေါ်မှုကို၊မျက်မှောက်ထင်ထင် ခေါက်ပေါက်မှုကိစ္စ ပြီးစီးအောင် သိမြင်နိုင်ပါတယ်။

## (၃၈) ပရမတ္ထ သစ္စာအားဖြင့်၊ အဟုတ်မရှိ-တကယ်မရှိတဲ့ သဘောတရားကို အဟုတ်မရှိ တကယ်မရှိအောင် သိမြင် နိုင်ကြပုံ။

အဲဒီလို ခေါက်ကြီးလေးပါးကို သဏ္ဍာန်နိမိတ်-ခေါက်ရိပ်ပျောက်၍ အတ္တ ပျောက်ခါ အနတ္တ ပေါက်အောင် သိမြင်နိုင်ကြတဲ့၊ ယောဂီများဟာ၊ ခေါက်ကြီးလေးပါး လုပ်လုပ် ရှားရှား ဖြစ်ပေါ် တည်ရှိနေပါတယ်ဟု၊ မတွေ့ မမြင်တော့ပါ၊ လှုပ်ရှား နိုင်လောက်အောင်၊ သဏ္ဍာန်ဒြပ်ကြီး၊ အဟုတ်မရှိ တကယ်မရှိသောကြောင့်၊ အဟုတ်မရှိ တကယ်မရှိအောင် တွေ့သိကြရခြင်းဘဲ ဖြစ်ပါတယ်။

ခေါက်ကြီးလေးပါးဟာ တနေရာမှ တနေရာသို့ ရွေ့လျားနေတယ်ဟူ၍လည်း၊ မတွေ့ မမြင် မထင်တော့ပါ၊ ရွေ့လျား နိုင်လောက်အောင် သဏ္ဍာန်ဒြပ်ကြီး၊ အဟုတ်မရှိ တကယ်မရှိ ဖြစ်သောကြောင့် အဟုတ်မတွေ့ တကယ်မတွေ့၊ အဟုတ်မမြင်၊ တကယ် မမြင်ရခြင်းဘဲ ဖြစ်ကြပါတယ်။

ခေါက်ကြီး လေးပါးဟာ၊ ဤနေရာမှ ထိုနေရာသို့ ရွေ့ဆောင်သွားပါတယ် ဟူ၍လည်း ရွေ့ဆောင် သွားနိုင် လောက်အောင်

သဏ္ဌာန်ဒြပ်ကြီး အဟုတ်မရှိ တကယ် မရှိသောကြောင့်၊ အဟုတ် မတွေ့ တကယ် မတွေ့၊ အဟုတ် မမြင် တကယ် မမြင်ကြရ ခြင်းဘဲ ဖြစ်ကြပါတယ်။

ဓါတ်ကြီး လေးပါးဟာ၊ အညမည - သဟ ဇာတ အားဖြင့်၊ တပေါင်းတည်း အတူ တကွ - အသုတ်လိုက် အသုတ်လိုက် အဖြစ် အပျက်က အင်မတန် မြန်ဆန်တဲ့ သဘောတရား ဖြစ်လေသော ကြောင့်၊ ကာလ အပိုင်းအခြား အားဖြင့်လဲ့ မည်မျှ ကြာမြင့်အောင် လှုပ်ရှား နေပါတယ် ဟူ၍ရင်း၊ ရွေ့ဆောင် နေပါတယ် ဟူ၍ရင်း၊ အဟုတ်မရှိ တကယ်မရှိတဲ့ သဘောတရား ဖြစ်ခြင်းကြောင့် အဟုတ် မတွေ့ တကယ်မတွေ့၊ အဟုတ်မမြင် တကယ် မမြင်ကြရခြင်းဘဲ ဖြစ် ပါတယ်။

ဌာန သန္တတိ အားဖြင့်လည်း၊ ဤဌာနမှ ဟိုဌာနသို့ ရွေ့လျား သွားတယ် ဟူ၍ရင်း၊ ဤဌာနမှ ဟိုဌာနသို့ ရွေ့ဆောင် သွားတယ် ဟူ၍ရင်း၊ ပြောပြစရာ၊ လက်ညှိုးနှင့်ထိုး၍ ညွှန်ပြစရာ အပ်များနှင့် ထောက်၍ ပြလောက်စရာ အဏုမြူမှုံကလေးလောက် တောင်မျှ၊ အဟုတ်မရှိ တကယ်မရှိတဲ့ သဘောတရား ဖြစ်ခြင်းကြောင့်၊ အဟုတ် မတွေ့ တကယ်မတွေ့ အဟုတ်မမြင် တကယ်မမြင် ကြရခြင်းဘဲ ဖြစ် ပါတယ်။

## (၃၉) ပရမတ္ထ သစ္စာအားဖြင့် အဟုတ်ရှိ တကယ် ရှိတဲ့ သဘော တရားများကို အဟုတ်ရှိ တကယ် ရှိအောင် သိမြင် လာရပုံ။

ပရမတ် အစစ် - ဓါတ် အနှစ်ကတော့၊ အဟုယ်ရှိ တကယ်ရှိတဲ့ သဘောတရား ဖြစ်ခြင်းကြောင့်၊ အဟုတ်တွေ့ တကယ်တွေ့၊

အဟုတ်မြင် တကယ်မြင်၊ တွေ့မြင်ကြရပါတယ်။ ဘယ်လို တွေ့မြင်ကြရသလဲဆိုတော့၊ ကြမ်းတမ်း ခက်မာမှု နူးညံ့ သိမ်မွေ့မှုဆိုတဲ့ ပထဝီဓါတ်၏ ဖေါဋ္ဌဗ္ဗ တွေ့ထိမှု သဘော၊ ပူမှု အေးမှုဆိုတဲ့ တေဇောဓါတ်၏ ဖေါဋ္ဌဗ္ဗ တွေ့ထိမှု သဘော ထောက်ကန် ဖေးမမှုဆိုတဲ့ ဝါယောဓါတ်၏ ဖေါဋ္ဌဗ္ဗ တွေ့ထိမှု သဘော၊ တရားသုံးပါးကို တွေ့မြင် သိရှိကြရပါတယ်။ အာပေါဓါတ်ကိုတော့ တွေ့ထိမှု ဖေါဋ္ဌဗ္ဗ သဘောနှင့် မတွေ့ မမြင်ရဘဲ၊ မိမိနှင့် အတူတကွ ဓါတ်ကြီး သုံးပါးရဲ့ ဖေါဋ္ဌဗ္ဗ တွေ့ထိမှု သဘောတရားများကို တခုတည်း တပေါင်းတည်း ပွားစည်း လာအောင်၊ ဖွဲ့စည်း ပေးနေတဲ့ သဘောတရားကိုဘဲ တွေ့မြင် သိရှိ ကြရပါတယ်။

အဲဒီ ဓါတ်ကြီးလေးပါးရဲ့ သဘောတရားများကို ဘယ်မှာတွေ့မြင် သိရှိနိုင်ပါသလဲ ဆိုတော့၊ ကာယ ပသာဒရုပ်မှာ တွေ့မြင် သိရှိနိုင်ပါတယ်။ ကာယပသာဒရုပ် ဆိုသည်မှာလည်း၊ ပထဝီ ကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ အာပေါကာယပင် ဖြစ်ပါတယ်။ ဓါတ်ကြီး လေးပါးပင်လျှင်၊ ကာယ ပသာဒရုပ်၊ ကာယပသာဒ ရုပ်သည်ပင်လျှင်၊ ဓါတ်ကြီး လေးပါးဘဲဖြစ်ပါတယ်။ တခြားစီ မဟုတ်ပါ။ အဲဒီ ကာယ ပသာဒရုပ်။ ဓါတ်ကြီး လေးပါးကိုလည်း သဏ္ဍာန်နိမိတ်၊ အရိပ်အယောင်၊ အကောင်အထည်ဟူ၍၊ ဘာတခုမျှ အဏုမြူ မှုန်ကလေးလောက် တောင်မျှ ရှာကြံ၍ မရအောင် အနတ္တသညာ ကောင်းစွာ ထင်မြင်ပြီးဖြစ်သဖြင့်။ တွေ့ထိမှု ဖေါဋ္ဌဗ္ဗသဘော ကြိယာ အမှုအရာ မျှကလေးတွေကိုသာ၊ အသုတ်လိုက်အသုတ်လိုက် တစက္ကန့်ကလေးလောက်မျှ ရပ်နား နေနိုင်ခွင့် မရအောင် ဖြစ်ပျက် အနိစ္စ ရောက်နေကြတာကို၊ တွေ့မြင် သိရှိ နေကြရတယ်၊ ဓမ္မဋ္ဌိတိ ဆိုတဲ့ အတိုင်း၊ အသိဉာဏ်ထဲမှာ တည်နေကြတယ်၊ မြဲနေကြတယ်။ စွဲနေ

ကြတယ်။ ဇာတိမီး-ဇရာမီး-မရဏမီး လောင်မြိုက်မှုကြောင့်၊ အသုတ်လိုက်၊ အသုတ်လိုက်၊ ပြွတ်ပြွတ်ပြွန်းအောင် သေဆုံးနေရမှု ဒုက္ခကြီးကို ခံစားနေရတဲ့ ဒုက္ခကိုလဲ အသိဉာဏ်ထဲမှာ တည်နေ - မြဲနေ စွဲနေကြတယ်။ အတ္တသညာဟာလဲ စွဲလမ်းစရာ၊ အကျမြုံမျှ ရှာကြံ၍ မရတော့သဖြင့်၊ အနတ္တ သညာကိုလဲ အသိဉာဏ်ထဲမှာ စွဲနေ တည်နေ မြဲနေကြတော့တယ်။

အဲဒီလို လက္ခဏာရေး သုံးပါး တည်းဟူသော ဓမ္မဋ္ဌိတိ ဝိပဿနာဉာဏ်ကို ရှုပွားခြင်းကြောင့်၊ အသိအမြင် ဉာဏ်တွေ တည်မြဲ လာရတာ၊ စွဲမြဲ လာရတာကိုပင်လျှင်၊ (ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ) လို့ ဟောတော်မူတဲ့ ပါဠိတော်နှင့် အံဝင်ဂွင်ကျ တထပ်တည်း ကျအောင် သိမြင် လာကြရခြင်း ဖြစ်ကြပါတယ်၊ အဲဒီလို သိမြင် ကြရခြင်းကြောင့်၊ ဓါတ်ကြီး လေးပါးရဲ့ တွေ့ထိမှု ဖေါဋ္ဌဗ္ဗ သဘောတရားများကို သဏ္ဌာန်နိမိတ် အရိပ်အယောင် အကောင်အထည်ဟူ၍ ရှာကြံလို့ မရတော့ဘဲ၊ ကြိယာ အမူအယာ မျှသာ အသုတ်လိုက် အသုတ်လိုက် ဖြစ်ပျက်နေတဲ့ အနိစ္စ သညာတွေ၊ ဒုက္ခ သညာတွေ၊ အနတ္တ သညာတွေကိုလဲ ဘယ်တော့မှ မေ့ပျောက် သွားခြင်းမရှိကြတော့ဘဲ၊ အမြဲနိစ္စ တည်ရှိပြီး သကာလ၊ သွားရင်း လာရင်း၊ နေရင်း ထိုင်ရင်း၊ လုပ်ရင်း ကိုင်ရင်း၊ ဘယ်ခါမဆို၊ နှလုံး သွင်းလိုက်တိုင်း၊ မျက်မှောက် ထင်ထင် တွေ့မြင်မှတ်သား မိနေကြရပါတယ်။ အဲဒီသဘောတရား များဟာလဲ ( အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ ) ဆိုတဲ့ ပါဠိတော်နှင့် တထပ်တည်း၊ အံဝင်ဂွင်ကျဖြစ်အောင် သိမြင်လာရခြင်း ဖြစ်ပါတယ်။

အဲဒီလို အမှတ်သညာတွေ အမြဲနိစ္စ တည်ရှိအောင် သိမြင်လာမှုကြောင့်၊ အနိစ္စာ နုပဿနာ ဉာဏ်တွေ၊ ဒုက္ခာနုပဿနာ ဉာဏ်တွေ

အနတ္တာ နုပဿာဉာဏ် တွေဟာလဲ အလိုလို လက်ဖျားဝေပြီး သိမြင် လာကြရပါတယ်၊ သညတာ အနုပဿနာဉာဏ်၊ အနိမိတ္တာ နုပဿနာဉာဏ်၊ အပ္ပဏိဟိတာ နုပဿနာဉာဏ် အားဖြင့်လဲ ဓါတ်ရိပ် ဓါတ်နိမိတ်တွေကို၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဖြင့် စွဲလမ်းစရာ မရှိအောင် ပျောက်ကွယ် ဆိတ်သုဉ်း ကုန်တာကိုလဲ တွေ့မြင် သိရှိ ကြရပါတယ်။ စွဲလမ်း နှစ်သက် စုံမက် မြတ်နိုးစရာဆို၍ ဘာတခုမျှ၊ အဏုမြူမျှ ရှာကြံ၍ မရတော့သဖြင့်၊ စွဲလမ်းတတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ တို့ဟာလဲ မစွဲလမ်း ကြတော့ဘဲ၊ တခါထဲ ဘင်္ဂ နိရောဓဖြင့်၊ ပျောက်ကွယ် ချုပ်ငြိမ်း ကုန်တာကိုလည်း တွေ့မြင် သိရှိကြ ရပါတယ်။ အဲဒီလို သိမြင် ကြရခြင်းဟာလဲ (နေဝတ္တာနံ နုအတ္တ နိယံ သမနု ပဿတိ) အစရှိတဲ့ ပါဠိတော်တွေနဲ့ တထပ်တည်း အံဝင် ဂွင်ကျဖြစ်အောင် သိမြင်လာရခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီလို ပါဠိ တော်များနှင့် တထပ်တည်း အံဝင် ဂွင်ကျဖြစ်အောင် အသိဉာဏ်တွေ လက်ဖျား ဝေလာရခြင်းဟာလဲ၊ ပါဠိတော်နည်းတွေကိုသာ၊ အမာခံ ကျောရိုးသဖွယ် မူတည် ဇောက်ချပြီး သကာလ၊ ဓမ္မဋ္ဌိတိ ဝိပဿနာဉာဏ်ကို လိုက်နာကျင့်သုံး ရှုပွားခြင်းကြောင့်၊ အဟုတ်ရှိ တကယ်ရှိ အမှန်ရှိတဲ့ ဓါတ်ကြီး လေးပါးရဲ့ တွေ့ထိမှု ဖေါဋ္ဌဗ္ဗ သဘောတရားမျှကိုသာ အဟုတ်တွေ့ တကယ်တွေ့ တွေ့မြင် သိရှိကြရပါတယ်၊ ဘယ်လိုများ တွေ့ရှိကြရပါသလဲ ဆိုတော့၊ စွဲလမ်း နှစ်သက်၊ တတ်မက်စရာ ပညတ်နိမိတ် ဓါတ်ရိပ် ပျောက်၍၊ ကြိယာ အမူအယာမျှ တဖျင်းဖျင်း တရှိန်ရှိန်နှင့် အသုတ်လိုက် အသုတ်လိုက်၊ အာကာသဓါတ် ကလာပ် ခြားအောင် ဖြစ်ပျက်နေတာကို တွေ့မြင် သိရှိကြရပါတယ်။

ဒါဖြင့် လောကကြီး တခုလုံးမှာ သက်ရှိ သက်မဲ့ အရာဝတ္ထု

ပစ္စည်းတွေဟာ လှုပ်ရှားမှု ရွေ့လျားမှု၊ ရွေ့ဆောင်မှုတွေကို မျက်စိနှင့် ကြောင်ကြောင်ကြီး တွေ့မြင် နေကြရပါတယ်၊ အဲဒီ သဘောတရားများဟာ ဘယ်ဓါတ်တွေက လှုပ်ရှားလို့၊ ဘယ်ဓါတ်တွေ ရွေ့ရှားပြီး၊ ဘယ် ဓါတ်တွေက ရွေ့ဆောင် နေကြတာလဲလို့ ဓါတ် မပေါက်သေးတဲ့ ယောဂီများက လောကကြီး တခုလုံးနှင့် ကိုင်ပေါက်ချင် ပေါက်ကြလိမ့်ဦးမယ်၊ ပေါက်ခဲ့လို့ ရှိလျှင် ဒီနေရာ ဒီကဏ္ဍမှာတော့ ဉာဏ်စဉ်တွေ လက်ဖျား ဝေနေပုံကို ပြောဆိုနေတဲ့ အခန်းဖြစ်၍၊ မဖြေရှင်း ပါရစေနှင့်ဦး၊ နောက်တော့မှ လှုပ်ရှားပုံ၊ ရွေ့ဆောင်ပုံ ပြဿနာကို အခန်းကဏ္ဍ တခုအနေနှင့် ယောဂီများ သဘော ပေါက်အောင် ရှင်းပြပါမယ်။ ယခုတော့ဖြင့် ဉာဏ်စဉ်တွေ လက်ဖျား ဝေလာ ကြရပုံကိုဘဲ စကား မပြောရအောင် ဆက်ပြော လိုက်ပါဦးမယ်။

ဓမ္မဋ္ဌိတိ ဝိပဿနာ ဉာဏ်ကိုသာ၊ အဓိက ပဓါနထား၍၊ ရှုပွားကြတဲ့ ယောဂီများဟာ၊ ဖြစ်ပျက် ဥဒယဗ္ဗယဉာဏ် ထင်မြင်သည်မှ စ၍၊ အာသေဝန ပစ္စည်း ကျေးဇူးပြုမှု အရှိန်က၊ တစ-တစ တိုးပွား လာမှုကြောင့်၊ ဝိတက် ဝိစာရနှင့်တကွ ဖြစ်သော၊ သမ္မာ သင်္ကပ္ပ မဂ္ဂင်ကလဲ ( စူးစူး စိုက်စိုက် - နှိုက်နှိုက် ချွတ်ချွတ် - တွေးတော ကြံစည်မှု တွေကလဲ ) အစုလိုက် အပြုံလိုက်ဆိုသလို ဖြစ်ပေါ်ပြီး သကာလ၊ တွေ့မြင် သိရှိရသမျှ၊ အာရုံတွေကို သမ္မာဒိဋ္ဌိ မဂ္ဂင်သို့ ပို့ပို့ပေး နေတော့၊ အဟုတ်တကယ် အမှန်ရှိတဲ့ ဓါတ်ကြီး လေးပါးရဲ့၊ ပရမတ် အစစ် - ဓါတ် အနှစ်တွေကို စွဲလမ်းစရာ မရှိအောင် အတ္တ ပျောက်၍ အနတ္တ ပေါက်ပြီးတော့ ဓါတ်ပေါက်သည့်တိုင် အဟုတ် တွေ့ တကယ်တွေ့ အဟုတ်မြင် တကယ်မြင် ကြရလိမ့်မယ်။

ဒီနေရာမှာ သတိရှိကြဖို့က၊ မိမိ သဏ္ဍာန်မှာ ဖြစ်-ပျက်-အနိစ္စ

ဓမ္မဋ္ဌိတိဉာဏ် တည်ရှိလာတဲ့အခါမှာ၊ အာသေဝန ပစ္စည်း ကျေးဇူး ပြုမှု အကြောင်းတရားကို၊ များများကြီး ခံယူရရှိအောင် ကျင့်သုံး ဆောက်တည် ကြဘို့ဘဲ၊ အာသေဝန ပစ္စည်း ကျေးဇူး ပြုမှု အကြောင်းတရား များများကြီး ခံယူ ရရှိလေလေ၊ နိုက်နိုက် ချွတ်ချွတ်၊ စူးစူး ရှရှ သိမြင်တတ်တဲ့ အသိ ဉာဏ်တွေ လက်ဖျား ဝေလေလေဘဲ ဖြစ်ပါတယ်။ ဝိပဿနာဉာဏ် ရင့်ကျက်တယ် ဆိုတာ လဲ အာသေဝန ပစ္စည်းရဲ့ ကျေးဇူးတွေဘဲ ဖြစ်ပါတယ်။ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ ပေါ့ပေါ့ လျော့လျော့နဲ့ လျော့ရဲတဲ့ စိတ်ကို မထားဘဲ၊ အရိုးကျေကျေ - အရေစုတ်စုတ်၊ ဘယ်တော့မှ နောက် မဆုတ်ဘူး ဆိုတဲ့ စိတ်မျိုး ထားပြီး သကာလ၊ သွား-လာ-စား သောက် - နေ - ထိုင် - လုပ်ရင်း - ကိုင်ရင်း၊ ဘယ်အခါမဆို၊ ဖြစ်ပျက် အနိစ္စ အသိဉာဏ်ထဲမှာ မမေ့ မလျော့တဲ့ သတိတရားလေး မြဲနေ ပါစေလို့ ဆိုလိုရင်းဘဲ ဖြစ်ပါတယ်။ အသိဉာဏ် ထက်မျက်စူးရှတဲ့ ယောဂီများနှင့် အသိဉာဏ်နှုံ နွေးသော ယောဂီများဟာ၊ အာသေ ဝန ပစ္စည်း ကျေးဇူးပြုမှု၊ ခံစားချက် အရနည်းတဲ့ ယောဂီ များနှင့် ခံယူချက် အရများတဲ့ ယောဂီများဘဲ ဖြစ်ကြပါတယ် ဆိုတဲ့ အကြောင်း သတိ ပေးလိုက်ရခြင်းဘဲ ဖြစ်ပါတယ်။

ဓမ္မဋ္ဌိတိ ဝိပဿနာဉာဏ် လက်ကိုင်ဒုတ်ကို မြဲမြဲကြီး ဆုပ်ကိုင်မိ သဖြင့်၊ အတ္တ ပျောက်၍ အနတ္တ ပေါက်ပြီး၊ ဓါတ် ပေါက်ကြတဲ့ ယောဂီများဟာ၊ အာသေဝန ပစ္စည်း ပဋ္ဌာန်း နည်းဖြင့် ဓါတ်ကြီး လေးပါးရဲ့ သဘောတရားများကို၊ လှမ်းပြီး ကြည့်လိုက်ခဲ့လို့ ရှိလျှင် လည်း၊ ပစ္စည်း ပစ္စယုပ္ပံ အားဖြင့် ကျေးဇူးပြုမှ သဘော တရားတွေ လက်ဖျားဝေအောင် သိမြင်ကြရပါတယ်၊ အဲဒီလို သုံးဖြာ ပိဋကတ်၊

ဆက်စပ်မှု သဘောတရားများကိုလဲ၊ သူ့နေရာနှင့် သူ့အကွက် ဆိုက် အောင်။ သိမြင်နိုင်ဘို့ ကိစ္စဟာလဲ၊ အင်မတန်မှအရေးကြီးတဲ့ ကိစ္စဘဲ ဖြစ်ပါတယ်။ ခါတ်ကြီးလေးပါးရဲ့ တွေ့ထိမှု ဖေါ်ဌာ့ သဘောတရား များကို၊ ဘယ် ရှုဒေါင့်ကဘဲ ကြည့်ကြည့် စွဲလမ်းစရာ မရှိအောင် သိမြင်ကြရပါတယ်။ အဲဒီလို စွဲလမ်းစရာ မရှိအောင် သိမြင်တဲ့ အသိ ဉာဏ် ဖြစ်ပေါ် လာရမှုဟာ၊ မမ္မဋ္ဌိတိ ဝိပဿနာဉာဏ် မဂ္ဂသစ္စာကို ပွားများမှုကြောင့်၊ ဒုက္ခကို ဒုက္ခမှန်း သိမြင် လာကြရပါတယ်။ ဒုက္ခ မှန်းသိတော့၊ တပ်မက် စွဲလမ်းတတ်တဲ့ သမုဒယ သစ္စာဟာ၊ အလိုလို ဘင်္ဂနိရောဓဖြင့် ချုပ်ငြိမ်း သွားတာကိုလဲ သိမြင် ကြရပါတယ်။ သမုဒယသစ္စာ ချုပ်ငြိမ်းခြင်း သဘောတရားသို့ အာရုံညွှတ်ကိုင်းသွား သည်ကိုပင်၊ နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ ဆိုရပါတယ်၊ သို့ပေမဲ့။ အနုပ္ပါဒနိရောဓတော့ မဟုတ်သေးဘူး၊ ဘင်္ဂနိရောဓမျှသာ ရှိသေးတယ်၊ ဘင်္ဂနိရောဓ ဆိုတာဟာ၊ နဂိုကစွဲလမ်းစရာရှိ၍၊ စွဲလမ်း နေတဲ့ အစွဲအလမ်း၊ ပျက်ပြုန်း ချုပ်ဆုံးသွားတာကို၊ ဘင်္ဂနိရောဓဟု မှတ်ပါ။ စွဲလမ်းစရာမရှိ၍၊ စွဲလမ်းမှုဟာဖြစ်ကိုမှ မဖြစ်ပေါ် လာတော့ ဘဲ၊ အမြဲနိစ္စဓူဝ ချုပ်ငြိမ်းနေတဲ့ သဘောတရားက၊ အနုပ္ပါဒနိရောဓ၊ အဲဒီလိုလဲ ခွဲခြားပြီး သိမှတ်ထားကြရပါမယ်။

## (၄၀) သင်္ခါရုပက္ခာဉာဏ် အကြောင်း။

သင်္ခါရုပက္ခာဉာဏ် ဆိုတာဟာ၊ သင်္ခါရ တရားကို ဥပေက္ခာပြု၊ လျစ်လျူရှု နေနိုင်သော ဉာဏ်ပင်ဖြစ်တယ်။ဘယ်လိုဥပေက္ခာပြု လျစ် လျူရှု နေနိုင်သလဲဆိုလျှင် အတ္တပျောက်၍ အနတ္တပေါက်ပြီး၊ ခါတ် ပေါက် ခြင်းကြောင့်၊ သင်္ခါရ တရားဖြစ်တဲ့ ခါတ်ကြီး လေးပါးကို၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ - သူတပါး - ယောကျာ်း-မိန်းမ-အတ္တ ဇီဝဟု မစွဲလမ်းတော့ဘဲ သက္ကာယစွဲ၊ အတ္တစွဲကြီး ဘင်္ဂနိရောဓနှင့် ချုပ်ငြိမ်း

နေတာကို သိမြင်နေရခြင်းသည်ပင်၊ ဥပေက္ခာပြု လျစ်လျူရှု နေနိုင်ခြင်းဖြစ်ပါတယ်။ အဲဒီသင်္ခါရုပေက္ခာ ဉာဏ်ဟာလဲ၊ အထူး အားထုတ်မနေရဘဲ၊ ဓမ္မဋ္ဌိတိဉာဏ် ပွားများမှု အာသေဝန ပစ္စည်း အဟုန်ကြောင့် အလိုလိုသိမြင်မှု၊ အသိဉာဏ် လက်ဖျား ဝေလာရခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီလို သင်္ခါယဒိဋ္ဌိ အစွဲအလမ်းကို၊ ဥပေက္ခာပြုလျစ်လျူရှုနိုင်ခြင်းကြောင့်၊ သစ္စာ နုလောမဉာဏ်ဖြင့်၊ သစ္စာ လေးပါးကို ပိုင်းခြား၍ သိမြင်မှု ကိစ္စဟာလဲ၊ အလိုလို ပြီးစီးအောင် သိမြင်လာကြရတယ်။ အနုလောမ ဉာဏ်အားဖြင့်လဲ၊ မဂ်အား လျှော်အောင် ထိုးထွင်း၍ သိမြင်လာခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီလို ဉာဏ်စဉ်တွေကို မရှေးမနှောင်း တပေါင်းတည်းကဲ့သို့ မဂ်အား လျှော်အောင် သိမြင်လာကြရတဲ့ ယောဂီများဟာ၊ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲသဖြင့် ရုပ်နာမ် နှစ်ပါးကို ပိုင်းခြား၍ သိမြင်ပြီးသကာလ၊ အတ္တပျောက်၍၊ အနတ္တ ပေါက်ခြင်းကြောင့်၊ စွဲလမ်းစရာရှိလျှင် စွဲလမ်းတတ်တဲ့ တဏှာ·မာန ဒိဋ္ဌိတို့ဟာ၊ ဓါတ်ကြီး လေးပါးအပေါ်မှာ စွဲလမ်းစရာ အမာခံအနှစ် အသားဆို၍၊ ဘာတခုမျှ ရှာကြံ၍ မရတော့သဖြင့်။ မစွဲလမ်း တော့ဘဲ၊ ဘင်္ဂနိရောဓဖြင့် ချုပ်ငြိမ်း သွားခြင်းကိုပင် ဒိဋ္ဌိအမြင် စင်ကြယ်သွားပြီးဖြစ်၍၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ပြီးလို့ ဆိုရပါတယ်။

ဒီနေရာမှာ၊ အဋ္ဌကထာ ဋီကာ စကားများကိုသာ၊ တဖက်သတ် အမြင်သန်နေကြတဲ့ ယောဂီများကတော့ စာေက တက်ချင် တက်ကြ လိမ့်ဦးမယ်၊ ဘယ်လိုစာေက တက်ကြမလဲဆိုတော့ " လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန၊ နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိ ဝိသုဒ္ဓိ နာမ " လို့ လက်သန်း အဋ္ဌကထာက ဆိုသောကြောင့်၊ ရုပ်နာမ် နှစ်ပါးကို၊ လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ အားဖြင့်၊ သိမ်း

ဆည်း နိုင်မှသာလျှင်၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်နိုင်သည် မဟုတ်ပါလော ဟူ၍ စောဒက တက်ကြပေလိမ့်မယ်။

မှန်ပါတယ်! သို့ပေမဲ့ ဓမ္မဋ္ဌိတိဉာဏ် ကောင်းစွာ တည်ပြီး ဖြစ်ကြတဲ့ ယောဂီများဟာ၊ ရုပ်နာမ် နှစ်ပါးကို လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့်၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်အောင် သိမ်းဆည်း နိုင်ပြီး ဖြစ်နေကြတာကို တွေ့ရှိ နေကြပါလိမ့်မယ်။ ယင်းကဲ့သို့ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်၍၊ မဂ်အား လျှော်အောင် သိမြင် လေသောကြောင့် ထိုယောဂီဟာ ဧကန်မုချ၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ် ဖြစ်ပေါ်ပြီးလျှင်၊ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် တွေ့မြင်ရတော့လတ္တံ့ ဖြစ်ပါတယ်။

ရုပ်နာမ် နှစ်ပါးကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့် သိမ်းဆည်း နိုင်မှသာလျှင်၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်မယ်ဆိုတဲ့ လက်သန်း အဋ္ဌကထာ၏ စကားကို အနည်းငယ် မျှလောက် ရှင်းပြလိုက် ပါဦးမယ်။

(အနိစ္စံ ခယဋ္ဌေန) လို့ ဆိုခြင်းကြောင့်၊ ရုပ်နာမ် နှစ်ပါးဟာ၊ ဖြစ်ပေါ်လာပြီး၍၊ မျက်စိတမှိတ် - လျှပ်တပြက်၊ တစက္ကန့် အတွင်းမှာ၊ အကျမြုမျှ မကျန်ရအောင် ကုန်ဆုံး ပျက်ပြုန်း သွားသဖြင့် မမြဲတဲ့ အနိစ္စ လက္ခာကို၊ ဉာဏ်အမြင် ပေါက်ရောက်အောင် သိမ်းဆည်း နိုင်ခြင်းကို ဆိုလိုပါတယ်။

(ဒုက္ခံ ဘယဋ္ဌေန) လို့ ဆိုခြင်းကြောင့်၊ ရုပ်နာမ် နှစ်ပါးဟာ၊ ဇာတိ ဒုက္ခ ဇရာ ဒုက္ခ-မရဏဒုက္ခ-အမြဲနှိပ်စက် ညှဉ်းပန်း ခြင်းကို ခံနေရသဖြင့်၊ ဒုက္ခရောက်နေကြတဲ့ ဒုက္ခလက္ခဏာ ဉာဏ်အမြင် ပေါက်ရောက်အောင် သိမ်းဆည်း နိုင်ခြင်းကို ဆိုလိုပါတယ်။

( အနတ္တံ အသာရကဋ္ဌေန ) လို့ ဆိုခြင်းကြောင့် သဏ္ဌာန် နိမိတ် အရိပ်အရောင် အကောင် အထည်အားဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ အကျမြုမျှ ရှာကြံမရဘဲ၊ အတ္တ

ပျောက်၍ အနတ္တ ပေါက်အောင် သိမ်းဆည်း နိုင်ခြင်းကို ဆိုလို ပါတယ်။

အဲဒီလို အဋ္ဌကထာ ဋီကာရဲ့ စကားများကိုလဲ ပရမတ္ထသစ္စာ နယ်က၊ ပရမတ်သဘောကို ထင်မြင်အောင် ဖွင့်ဆိုတဲ့ နည်းလား၊ သမုတိ သစ္စာနယ်က၊ ပညတ်သဘောကို ထင်မြင်အောင် ဖွင့်ဆိုတဲ့ နည်းလား ဆိုတာကိုလဲ ခွဲခြားပြီး သိမြင် တတ်ကြရပါမယ်။ သို့မှ သာလျှင်၊ နောက်ကပြဆိုခဲ့တဲ့ ပါဠိတော်များနှင့် အံဝင်ဂွင်ကျ ဖြစ် ကြရပါလိမ့်မယ်။

သို့မဟုတ်မူ၍၊ " ဝါယောဓါတ် ရုပ်တရားဟာ၊ တွန်းကန် လှုပ် ရှားတတ်တဲ့ ( ဝိတ္ထမ္ဘန ) လက္ခဏာရှိတယ်။ တနေရာမှ တနေရာသို့ ရွေ့လျားတတ်တဲ့ (သမုဒီရဏ) ရသ ကိစ္စရှိတယ်။ တနေရာမှ တနေ ရာသို့ ရွေ့ဆောင် သွားတတ်တဲ့၊ (အဘိ နီဟာရ) ပစ္စုပဋ္ဌာန်ရှိတယ်။ စသည်အားဖြင့်၊ လူတိုင်း လူတိုင်း မံသ မျက်စိနှင့် ကြောင်ကြောင် ကြီး သိမြင်နေကြရတဲ့၊ ပညတ်နိမိတ် ဓါတ်ရုပ်တွေကို၊ ကာယဝိညတ် အားဖြင့်၊ ဓါတ်တပါးစီ တပါးစီ ခွဲခြား၍၊ ရှုပွားနေကြမယ် ဆို လျှင်၊ ခံစားမှု အမှတ်သညာနှင့် တကွဖြစ်တဲ့ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှုကိုပင်၊ ဝိမုတ္တိ သုခကြီး ထင်မှတ်ပြီး၊ လမ်းဆုံးနေ ကြရလိမ့်မယ်။ အဲဒီလို ဘာဖြစ်လို့ လမ်းဆုံး နေကြရသလဲ ဆိုတော့ ( နာမ်နှင့် ရုပ်-မချုပ် သမျှ၊ ပရိနိဗ္ဗာန် ) ဆိုတဲ့ စကားအတိုင်း၊ ရုပ် နာမ်နှစ်ပါးကို ယထာဘူတ ပရမတ္ထ သဘာဝကျအောင်၊ နာမရူပ၊ ပရိစ္ဆေဒ ဉာဏ်ဖြင့် ကောင်းစွာ မချုပ်မကိုင် နိုင်ခြင်းကြောင့် တ ကြောင်း၊ ဓမ္မဋ္ဌိတိဉာဏ် မတည်မြဲ၍၊ ဖြစ်ပျက် အနိစ္စသညာ၊ ကောင်းစွာ မထင်မြင်သောကြောင့် တကြောင်း၊ သမထ အလုပ်နှင့် ဝိပဿနာ အလုပ်ကို ခွဲခြားပြီး မလုပ်တတ်၍၊ သမထဉာဏ်နှင့် ဝိပ

သနာ ဥာဏ်ကိုလည်း ခွဲခြားပြီး မသိ မမြင် မထင် ခြင်းကြောင့် တကြောင်းဘဲ ဖြစ်ပါတယ်။

## (၄၁) ရုပ်တရား လှုပ်ရှားသလော နာမ်တရား လှုပ်ရှား သလော။

ဓါတ်ကြီး လေးပါးနှင့်တကွ (၂၄) ပါးသော ဥပဒါရုပ်တရား တွေက၊ တွန်းကန်လှုပ်ရှား ရွေ့လျား၊ ရွေ့ဆောင်နေသလော၊ သို့မ ဟုတ် စိတ်စေတသိတ်၊ နာမ်တရားတွေက၊ တွန်းကန်လှုပ်ရှား ရွေ့ ဆောင်နေသလော၊ ဆိုတဲ့ပြဿနာကို အဖြေမှန်ရှာကြံ၍ ကြည့်လိုက် ကြမယ်ဆိုလျှင်၊ (ပစ္ဆိမ နိကာယ် ဥဒါန်း ပါဠိတော် ပါဠိလိ ဂါမ ဝဂ်) ၌ အောက်ပါအတိုင်း တွေ့ရှိ ကြပါလိမ့်မယ်။

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ။ နိဿိတဿ၊ တဏှာမာနဒိဋ္ဌိ အမှီရှိသော ယောဂီအား။ စလိတံ၊ အာရုံအမျိုးမျိုး အားဖြင့် လှုပ်ရှား ပြောင်းရွေ့ ရွေ့ဆောင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အနိဿိတဿ၊ တဏှာမာနဒိဋ္ဌိ အမှီမရှိသောယောဂီအား။ စလိတံ၊ အာရုံ အမျိုးမျိုးအားဖြင့် လှုပ်ရှား ပြောင်းရွေ့ ရွေ့ဆောင်ခြင်း သည်။ နတ္ထိ၊ မရှိ။

တဏှာမာန ဒိဋ္ဌိ အမှီရှိနေတဲ့ ယောဂီဟာ။ ရူပရုပ် ရူပါရုံ တခု တည်း၌ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်၊ အဖြူရောင်၊ အနီ ရောင်၊ အမဲရောင် စသည်အားဖြင့်၊ အာရုံ အမျိုးမျိုး လှုပ်ရှား ပြောင်းရွေ့၊ ရွေ့ဆောင် နေကြတယ်၊ တဏှာမာန ဒိဋ္ဌိ အမှီ မရှိတဲ့ ယောဂီကတော့၊ အာရုံအမျိုးမျိုး လှုပ်ရှား ပြောင်းရွေ့ ရွေ့ဆောင် ခြင်းမရှိတော့ဘူးလို့ ဆိုတယ်။ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ တို့ကိုလဲ၊ ဤနည်း အတိုင်းမှတ်ပါ။

စလိတေ အသတိပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိန တိန ဟောတိ။

စလိတေ၊ လှုပ်ရှားပြောင်းရွှေ့ ရွှေ့ဆောင်ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ ပဿဒ္ဓိ၊ ငြိမ်း၏။ ပဿဒ္ဓိယာ၊ ချုပ်ငြိမ်း ခြင်းသည်။ သတိ၊ ရှိလတ်သော်။ နတိ၊ ထိုထိုအာရုံ၊ ထိုထိုဘုံဘဝ ထိုထိုအဖြစ်မျိုး စသည်တို့၌၊ ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းသည်။ နဟောတိ၊ မဖြစ်တော့။

အာရုံ အမျိုးမျိုး လှုပ်ရှား ပြောင်းရွှေ့ ရွှေ့ဆောင် ခြင်းဟာ၊ ကိလေသာ ဝဋ္ဋဒုက္ခဖြစ်တယ်။ ယင်း ကိလေသာ ဝဋ္ဋဒုက္ခ အကြောင်းတရား ချုပ်ငြိမ်း ခြင်းကြောင့် အကျိုးတရား ဖြစ်တဲ့ ကမ္မ ဝဋ္ဋဒုက္ခ မဖြစ် ပေါ်လာတော့ဘဲ ဖြစ်တဲ့စေတနာ ကံ ချုပ်ငြိမ်းခြင်းကို ပြောဆိုလိုက်တဲ့ စကားဖြစ်ပါတယ်။

နတိယာ အသတိ အာဂတိ ဂတိ နဟောတိ၊ အာဂတိ ဂတိ ယာ အသတိ စုတူပ ပါတော နဟောတိ။

နတိယာ၊ ညွတ်ကိုင်း ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ အာဂတိ၊ ဤဘုံဘဝသို့ လာရခြင်းသည်၎င်း။ ဂတိ၊ တမလွန် ဘုံဘဝသို့ သွားရောက်ရခြင်းသည်၎င်း။ နဟောတိ၊မဖြစ်တော့။ အာဂတိ ဂတိ ယာ၊ ဤဘဝ၊ တမလွန်ဘဝသို့ လာရခြင်း သွားရောက်ရခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ စုတူပ ပါတော၊ စုတိမနေ သေလွန်ရခြင်း၊ တဖန် ပဋိသန္ဓေ နေရခြင်းသည်။ နဟောတိ၊ မဖြစ်တော့။

အဲဒီဝါကျက၊ ကိလေသ ဝဋ္ဋဒုက္ခ ချုပ်ငြိမ်းခြင်းကြောင့်၊ ဝိပါက ဝဋ္ဋဒုက္ခ ချုပ်ငြိမ်းခြင်းကို ပြောဆိုလိုက်တဲ့ စကားဖြစ်ပါတယ်။

စုတူ ပပါတေ အသတိ နေဝိဓ နဟုရံ နဥဘယေ သမန္တရေန၊ ဧသေ ဝန္တော ဒုက္ခဿ။

စုတူပ ပါတေ၊ စုတိမနေ သေလွန်ရခြင်း၊ တဖန် ပဋိသန္ဓေ နေရ

ခြင်းသည်။ အသတိ၊ မရှိခဲ့သော် နေဝိခဲ၊ ဤဘုံဘဝ၌လည်း မဖြစ်တော့။ နုဟုရုံ၊ တမလွန် ဘုံဘဝ၌လည်း မဖြစ်တော့။ နုဉဘယေ သမန္တေရေန၊ ဤဘုံဘဝ တမလွန် ဘုံဘဝ အကြား၌လည်း မဖြစ်တော့။ ဧသေဝ၊ ဤသဘော တရားသည်သာလျှင်။ ဒုက္ခဿ၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၏ (ဝါ) ဘယဋ္ဌဒုက္ခ၏။ အန္တော၊ အဆုံးတည်း။

အဲဒီ သဘောတရား များကတော့၊ ဒုက္ခ အဆုံးသို့ ရောက်ပုံ ရောက်နည်း တွေကို၊ ဘုရား ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် နှုတ်တော်က ထုတ်ဖေါ်ပြီး ဟောကြားတော် မူခဲ့တဲ့ ပါဠိတော် စကားများပင်ဖြစ်ပါတယ်။ ဘယ်ဒုက္ခတွေရဲ့ အဆုံးကို ရောက်သလဲ ဆိုတော့၊ တဏှာမာနဒိဋ္ဌိ တည်းဟူသော ကိလေသာ ဝဋ္ဋဒုက္ခ၊ ကမ္မဝဋ္ဋဒုက္ခ၊ ဝိပါကဝဋ္ဋဒုက္ခ၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ ဘယဋ္ဌဒုက္ခတွေရဲ့ အဆုံးသို့ ရောက်တယ်။ ခံစားဆဲ အခိုက် အတန့်ခဏ၊ ခေတ္တမျှသာ၊ မခံသာအောင် နာတယ်၊ ကျင်တယ်၊ ခဲတယ် အောင့်တယ်၊ အင့်တယ်၊ ဆိုတဲ့ ဝေဒယိတ ဒုက္ခမျိုးတွေရဲ့ အဆုံးကို ရောက်တာ မဟုတ်ဘူး။ ယင်း ဝေဒယိတ ဒုက္ခမျိုးဟာ ကလေး သူငယ်ကအစ၊ တိရိစ္ဆာန် သတ္တဝါတိုင်း အခိုက်အတန့် ခေတ္တ ခဏမျှ ခံစားမှုကို သိကြတယ်။ အတန်ကြာ ပျောက်ကွယ် ချုပ်ငြိမ်းသွားတာကိုလဲ သိကြတယ်။ အဲဒီလို မခံသာအောင် နာကျင် ကိုက်ခဲမှု၊ အောင့်အင်းမှု ဒုက္ခ ပျောက်ကွယ် ချုပ်ငြိမ်း သွားတော့၊ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း ခံစား နေရတာကိုလဲ လူတိုင်း လူတိုင်း သိရှိကြတယ်။ ဒီနေရာမှာ ဝေဒယိယ ဒုက္ခဝေဒနာကို အဆုံး လိုက်နေကြတဲ့ ယောဂီများက စောဒက တက်ချင် တက်ကြ လိမ့်ဦးမယ်။ ဘယ်လို စောဒက တက်မလဲ ဆိုတော့၊ "ငါတို့ ခံစားရတဲ့ ချမ်းသာက၊

လူတိုင်း လူတိုင်း သိရှိကြတဲ့ ချမ်းသာမျိုး မဟုတ်ပါဘူး” လို့ အဲဒီလို စောဒက တက်ချင် တက်ကြ လိမ့်မယ်။ တက်ခဲ့လို့ ရှိလျှင် ယင်း စောဒက ပုဂ္ဂိုလ်များကို ဘုရား ကိုယ်တော် မြတ်ကြီးက၊ ဘယ်လို အဖြေပေးတော် မူခဲ့သလဲဆိုတော့ “ချစ်သားတို့၊ ငါဘုရား သာသနာတော်က ရဟန်းဟာ၊ ကာမစ္ဆန္ဒ နီဝရဏ တရားတွေ ဝိက္ခမ္ဘနပဟာံအားဖြင့်၊ ပယ်နိုင်ခြင်းကြောင့် ဝိတက်၊ ဝိစာရ-ပီတိ-သုခ ဆိုတဲ့ ပထမစျာန်ချမ်းသာကို ရရှိခံစားနေရတယ်။ အဲဒီလို စျာန်ချမ်း သာဟာ၊ ခန္ဓာငါးပါး ဖြစ်ပျက်နေတာဖြစ်၍၊ ဇာတိဒုက္ခ၊ ဇရာဒုက္ခ မရဏ ဒုက္ခအဆုံးသို့ မရောက် သေးသောကြောင့်၊ (အာဗာဓော) အင်မတန်မှ နာကျင်ပါတယ်။ အဲဒီ စျာန်ချမ်းသာကို အနိစ္စသညာ ထင်မြင်အောင် ရှုပါ၊ ဒုက္ခသညာ ထင်မြင်အောင် ရှုပါ၊ အနတ္တ သညာ ထင်မြင်အောင် ရှုပါ၊ ခံစားမှုနှင့်တကွ ဖြစ်သော၊ ကိုယ်၏ ချမ်းသာမှု၊ **စိတ်**၏ ချမ်းသာမှုအပေါ်မှာ၊ ဓမ္မဋ္ဌိတိဉာဏ် တည်မြဲမှ ဝိမုတ္တိ သုခကို မျက်မှောက်ထင်ထင် မြင်နိုင်တဲ့ မဂ်ဉာဏ်ပေါ်မယ် လို့၊” အဲဒီလို အဖြေပေးပြီးတော့ မှာကြားတော် မူခဲ့တယ်။ လိုရင်း အကျဉ်းချုပ် ပြောရမယ်ဆိုလျှင်၊ သမာဓိစျာန် ချမ်းသာဘဲဖြစ်ဖြစ် လူတိုင်းသိရှိခံစားရတဲ့ ဝေဒယိတ သုခဘဲဖြစ်ဖြစ်၊ ပြုပြင်မှုနှင့်မကင်း တဲ့ သင်္ခါရဒုက္ခချည့်ဖြစ်၍၊ ဒုက္ခအဆုံးသို့ မရောက်သေး၊ ဝိမုတ္တိသုခ မဟုတ်သေးဟု မှတ်ကြစေလိုပါတယ်။

အဲဒီ ပါဠိတော်၏ အနက် သဘောတရားကို ထောက်ဆသော အားဖြင့်၊ ရုပ်လုပ်ရှားသလော၊ နာမ်လုပ်ရှားသလော၊ ဆိုတဲ့ ပြဿ နာရဲ့ အဖြေဟာ၊ ရေးရေး ထင်မြင်ရုံ မဟုတ်တော့ဘဲ၊ ကွင်းပြင် ဆင်ပြေးနေတာ အဝေးကပင် ထင်းထင်းကြီး မြင်နိုင်သလို သိမြင် ကြပါလိမ့်မယ်။ ယင်း ပြဿနာရဲ့ အဖြေကို ပိုမို ထင်ရှားသည်ထက်

ထင်ရှားအောင် နောက်က ပြောခဲ့တဲ့ ဆိုင်ကလုံ မုန်းတိုင်း ဥပမာကို ပြယုဂ်ပြုလုပ်၍၊ ဗုဒ္ဓဝါဒ လမ်းနှစ်သွယ်အရ၊ အသိနှစ်မျိုးသိအပ်ပုံကို ရှင်းပြလိုက်ပါဦးမယ်။

## (၄၂) သမုတိသစ္စာ အသိ အမြင်ကို ပရမတ်ဟု ထင်မှတ် နေတတ်ပုံ။

ဘင်္ဂလား ပင်လယ်အော်မှ၊ ရန်ကုန်ဘက်သို့ တနာရီ မိုင် (၆၀) နှုန်းဖြင့် တိုက်ခတ်လာတဲ့ ဆိုင်ကလုံ မုန်တိုင်းကြီးကို၊ ဝါယောရုပ် ဝါယောဓါတ် တပါးတည်း သူ့အလို သက်သက် ဖြစ်ပေါ်လာလေ ဟန်ဖြင့်၊ ဝါယောရုပ်၊ ဝါယော ဓါတ်ကြီးက တွန်းကန် လှုပ်ရှား ရွှေ့လျား ရွေ့ဆောင် လာနေတယ်လို့ ထင်မြင် နေကြတယ်။ ယင်း ဝါယောဓါတ် တွန်းကန် လှုပ်ရှား ရွှေ့လျား ရွေ့ဆောင် မှုကြောင့်၊ သစ်ပင် သစ်ရွက်၊ သစ်ကိုင်း သစ်ခက်တွေ ကျိုးကျေ ပြတ်သတ် လဲပြို ကုန်တယ်။ အမိုးကာသရိုက်တွေ ပလူပျံသလို လေလွင့် ကုန်ကြတယ်။ အိုးအိမ် တိုက်တာ အဆောက်အဦးတွေလဲ ပြိုပျက်ကုန်ကြတယ်လို့ ထင်မြင် နေကြတယ်။ အဲဒီလို သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင် အထည်နှင့်တကွ၊ မံသစက္ခုဖြင့် ကြောင်ကြောင်ကြီး မြင်၍၊ ကြောင်ကြောင်ကြီး သိနေကြတဲ့၊ အသိ အမြင်မျိုးဟာ တဏှာ မာနဒိဋ္ဌိ အမှိ ရှိနေကြတဲ့ ယောဂီတိုင်း ယောဂီတိုင်း၊ သမုတိသစ္စာ နယ်ကသိတဲ့ အသိ အမြင်မျိုးဖြစ်တယ်။ သမုတိသစ္စာ အမြင်နှင့် သိ မြင်နေကြတဲ့ ပညတ်နိမိတ် ဓါတ်အရိပ် တွေကိုပင်၊ ပရမတ် အစစ် ဓါတ်အနှစ်လို့ ထင်မြင်ယူဆနေကြတယ်။ အဲဒီလိုအမှားကိုပင်အမှန် ထင်ပြီး၊ ခင်မင်စွဲလမ်းမှုတွေနဲ့ ဘဝင်မြင့်နေကြခြင်းဟာ တဏှာမာန ဒိဋ္ဌိဆိုတဲ့ နာမ်တရားတွေက တုံလှုပ် ခြောက်ခြား နေသောကြောင့်၊

ဝါယောရုပ်၊ ဝါယောဓါတ်ကြီးက တွန်းကန်လှုပ်ရှား ရွေ့လျား ရွေ့ဆောင်နေတယ်လို့ ထင်မြင်နေကြတယ်။ (နိဿိတဿ စလိတံ) ဆိုတဲ့ ပါဠိတော်ကို မျှော်ပါ။

ဓါတ်ကြီး လေးပါးဟာ၊ တပါးတည်း သူ့အလို သက်သက်နှင့် ခွဲခြားပြီး မဖြစ်ပေါ်လာနိုင်ကြောင်း၊ အညႇ–မညႇ–သဟဇာတ အတူတကွ တပေါင်းတည်း၊ ပစ္စည်း ပစ္စယုပ္ပံ အဖြစ်ဖြင့် ကျေးဇူး ပြုကြမှ သာလျှင်၊ ဖြစ်အတူ ပျက်အတူ ဖြစ်ကြကြောင်း။ ဖြစ်ကြ ပျက်ကြတဲ့ နေရာမှာလဲ ဆံချီဖျား တထောက်လောက်၊ အပ်ဖျား တထောက် လောက်မျှ၊ တနေရာမှ တနေရာသို့၊ မရွေ့ မရှား မပြောင်း ရွေ့ဘဲ သည်နေရာမှာဖြစ်၍၊ ဒီနေရာမှာဘဲ ပျက်ကြကြောင်းကို၊ နောက်က ပြောပြခဲ့ ပြီးပါပြီ။ ယခုလဲ ယောဂီများ သဘောပေါက် သည်ထက် ပေါက်ကြရအောင်၊ ရှုဒေါင့် တဒေါင့်ကနေ၍၊ မေးငေါ့ ပြလိုက် ပါဦးမယ်။

## (၄၃) ပရမတ္ထ သစ္စာအမြင်နှင့် ပရမတ်အစစ် ဓါတ်အနှစ်ကိုမြင်ပုံ။

သတ္တ လောက–သင်္ခါရလောက၊ ဩကာသ လောကဆိုတဲ့ လောကသုံးခွင် ဘုံအပြင်ကို ကုန်စင်အောင် ပရမတ္ထ သစ္စာလမ်းက၊ ဓမ္မဋ္ဌိတိ ဉာဏ်အစွမ်းနှင့် လှမ်းပြီး ကြည့်လိုက်ခဲ့လို့ ရှိလျှင်၊ ရုပ်နာမ် နှစ်ပါးမျှကိုသာ တွေ့မြင်ကြရပေလိမ့်မယ်။ တဏှာ မာန ဒိဋ္ဌိ အမှီ မရှိတဲ့ ယောဂီများကတော့ ယင်း ရုပ်နာမ် နှစ်ပါးကို သဏ္ဍာန်နိမိတ် အရိပ်အယောင် အကောင်အထည်ဆိုတဲ့ ပညတ်နိမိတ် ဓါတ်ရိပ်တွေကို မတွေ့မမြင် မထင်တော့ဘဲ၊ သင်္ခတဓါတ်ကို အတ္တ ပျောက်၍၊ အနတ္တ ပေါက်အောင် မျက်မှောက်ထင်ထင် သိမြင်ကြပေလိမ့်မယ်။

အဲဒီလိုသိမြင်ကြတဲ့ ယောဂီများဟာ၊ ဆိုင်ကလုံ မုန့်တိုင်းကြီးကို ဝါယောရုပ် ဝါယောဓါတ် တပါးတည်းက တွန်းကန်လှုပ်ရှား ရွေ့လျား ရွေ့ဆောင်နေသည်ဟူ၍ မထင်မြင်တော့ဘဲ၊ ရုပ်တရား တည်းဟူသော ဓါတ်ကြီးလေးပါး ဖြစ်ပျက်နေတာကို တွေ့မြင်နေကြ ပေလိမ့်မယ်။ သစ်ပင်၊ သစ်ရွက်၊ သစ်ကိုင်း၊ သစ်ခက်တွေက ကျေပြတ် သတ်ကုန်တာ၊ အမိုက် သရိုက်တွေ လေလွင့် ကုန်တာ၊ အိုးအိမ် အဆောက်အဦးတွေ ပြိုပျက် ကုန်တာကိုလဲ၊ သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင် အထည်ဆိုတဲ့ ပညတ်နိမိတ် ဓါတ်ရိပ် တွေကို မတွေ့မမြင် မထင်တော့ဘဲ၊ သဴတ ဓါတ်ကို အတ္တာ ပျောက်၍၊ အနတ္တာ ပေါက်အောင် မျက်မှောက်ထင်ထင် သိမြင်ကြပေလိမ့်မယ်။ အသဴတ ဓါတ်ကိုလဲ၊ အကျိုး အကြောင်း ဆက်စပ်၍၊ အတ္တာ ပျောက်ပြီး အနတ္တာ ပေါက်အောင်၊ မျက်မှောက်ထင်ထင် သိမြင်ကြ ပေလိမ့်မယ်။ အဲဒီလို သိမြင်ကြတဲ့ ယောဂီများဟာ၊ ဆိုင်ကလုံ မုန့်တိုင်းကြီးကို ဝါယောရုပ် ဝါယောဓါတ် တပါးတည်းက တွန်းကန် လှုပ်ရှား ရွေ့ရှား ရွေ့ဆောင် နေသည်ဟူ၍ မထင်မြင်တော့ဘဲ၊ ရုပ်တရား တည်းဟူသော ဓါတ်ကြီးလေးပါး ဖြစ်ပျက် နေတာကို၊ တွေ့မြင် နေကြပေလိမ့်မယ်။ သစ်ပင်၊ သစ်ရွက်၊ သစ်ကိုင်း၊ သစ်ခက်တွေ ကျိုးကျေ ပြတ်သတ် ကုန်တာ၊ အမှိုက် သရိုက်တွေ လေလွင့် ကုန်တာ၊ အိုးအိမ် အဆောက် အဦးတွေ ပြိုပျက် ကုန်တာ တွေကိုလဲ၊ သဏ္ဌာန်နိမိတ် အရိပ် အယောင် အကောင် အထည်ဆိုတဲ့ ပညတ်နိမိတ် ဓါတ်ရိပ်တွေကို မတွေ့ မမြင်တော့ဘဲ၊ သဴတဓါတ်-ပရမတ် အစစ် ဓါတ် အနှစ်ဖြစ်တဲ့ ဓါတ်ကြီးလေးပါး ဖြစ်ပျက် နေတာကို အတ္တာပျောက်၍ အနတ္တာ ပေါက်အောင်၊ မျက်မှောက်ထင်ထင် သိမြင် နေကြ ပေလိမ့်မယ်။

ဆိုင်ကလုံ မုန်တိုင်းခေါ်တဲ့ ဓါတ်ကြီးလေးပါးဟာ၊ ကံစိတ် ဥတု အဟာရဆိုတဲ့၊ ပြုပြင်မှု အကြောင်းတရား လေးပါးတွင်၊ ဥတု ပြုပြင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘောတရားဘဲ ဖြစ်ပါတယ်။ ပြုပြင်မှု ပြင်းထန် ကြမ်းတမ်းလျှင်၊ ဖြစ်ပေါ်မှုလဲ ပြင်းထန် ကြမ်းတမ်းမယ်။ ဖြစ်ပေါ်မှု ပြင်းထန် ကြမ်းတမ်းလျှင်လည်း၊ ပျက်မှု ပြင်းထန် ကြမ်းတမ်းမယ်။ ပြုပြင်မှု နူးညံ့သိမ်မွေ့လျှင်၊ ဖြစ်ပေါ်မှုလဲ နူးညံ့ သိမ်မွေ့မယ်။ ဖြစ်ပေါ်မှု နူးညံ့ သိမ်မွေ့လျှင်၊ ပျက်မှုလဲ နူးညံ့ သိမ်မွေ့မယ်။

အဲဒီလို တလောကလုံးကြီးမှာ ရှိကြတဲ့၊ ဓါတ်ကြီး လေးပါး ရုပ်တရားများဟာ အပ်ဖျား တထောက်၊ ဆံချည် ဖျားလောက်မျှ၊ မလှုပ်မရှား၊ မရွေ့ရှားဘဲ၊ အာကာသဓါတ် ကလာပ် ခြားအောင် ဖြစ်ပျက်ကိုမြင်မှု၊ ဓမ္မဋ္ဌိတိဉာဏ် တည်တယ်လို့ ဆိုရပါတယ်။ အတ္တ ပျောက်၍၊ အနတ္တ ပေါက်ခါ၊ ဓါတ် ပေါက်တယ်လို့လဲ ဆိုရပါတယ်။ မဂ်အား လျော်အောင် သိမြင်တဲ့ အသိအမြင်မျိုးလို့လဲ ဆိုရပါတယ်။ အဲဒီလို သိမြင်မှုလဲ မဂ်စိတ် ဖြစ်ပေါ် လာနိုင်ပါတယ်၊ လောကုတ္တရာ မဂ်စိတ်ဖြစ်ပေါ်မှုလဲ လောကဆုံးရာ၊ လောကုတ္တရာ နိဗ္ဗာန်ကို မျက်မှောက် ထင်ထင် တွေ့မြင် ကြရပေလိမ့်မယ်။ အဲဒီ သဘောတရားများဟာ၊ နောက်နားတုံးက၊ လောကကြီး တခုလုံးနဲ့ ကိုင်ပေါက်လိုက်တဲ့ ယောဂီများအား လောကကြီး တခုလုံးနှင့်ပင် (နေဝိဓ-နဟုရံ-နဉဘယေ-သမန္တရေန၊ သေသ ဝန္တော ဒုက္ခဿ) ဆိုတဲ့ ပါဠိတော်နှင့် အံဝင် ဂွင်ကျ ဖြစ်အောင် ရှင်းပြ လိုက်ခြင်းဘဲ ဖြစ်ပါတယ်။

# (၄၄) အဘ္ဘုတ္တ ဗဟိဒ္ဓ နှစ်ပါး လုံးကိုပင် ဝိပဿနာ ရှုပွားအပ်ကြောင်း။

အချို့ အချို့သော ကမ္မဋ္ဌာန်း ဇောမှီ-ယောဂီ ဆရာများက၊ " ဗဟိဒ္ဓကို မရှုပွားရဘူး၊ အဇ္ဈတ္တကိုသာ ရှုပွားရမယ် " လို့ ဆိုကြတယ်။ ဒီလိုယူဆတဲ့ တယူသန် ဝါဒကို အမှားအမှန် ဝေဖန်စီစစ်နိုင်ကြစေခြင်းငှါ၊ ဓမ္မ ပဒ ပါဠိတော်မှာလာတဲ့ ( ရှင် စူဠပန်နှင့် ပန်းတိန်းသည် ဘဝမှလာတဲ့ ရဟန်း နှစ်ပါး ) အကြောင်းကို ရှင်းပြလိုက်ပါဦးမယ်။

ဘုရား ကိုယ်တော် မြတ်ကြီး သက်တော် ထင်ရှား ရှိစဉ် အခါကာလက၊ မဟာ ပန္ထက-စူဠ ပန္ထကဟူ၍ ညီတော် နောင်တော် နှစ်ပါး ရှိကြရာဝယ်၊ နောင်တော်ဖြစ်သော မဟာပန်ကား၊ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာကြီး ဖြစ်လေ၏၊ ညီတော် စူဠပန် ကတော့ အသိဉာဏ် လေးလံ ထိုင်းမှိုင်းသဖြင့်၊ ရှစ်လုံးတပါဒ၊ လေးပါဒ ရှိသော ဂါထာ တပုဒ်ကို နောင်တော် မဟာပန်က၊ ရအောင် အကျက်ခိုင်းသည်ကို၊ တဝါတွင်းလုံး ကျက်သော်လည်း၊ တပုဒ် တဂါထာမျှ မရဘဲရှိလေ၏၊ ထိုအခါ စူဠပန်သည် စိတ်အပျက်ကြီး ပျက်၍၊ ညှို့အိပ်ယာဝင် နဖူးလက်တင် ဆင်ခြင် စဉ်းစား ရှာသည်မှာ "ဩော်၊ ငါ့မှာ အတိတ်ဘဝက ဖြည့်ဆည်းဘူးတဲ့ ပညာပါရမီဓါတ်ခံ နည်းပါး ခဲ့လေသောကြောင့်၊ တပုဒ်တဂါထာမျှသော စာကလေးကိုပင် တဝါတွင်းလုံး ကျက်၍ မရနိုင်ဘဲ ရှိချေသည်၊ ဤမျှ အသိဉာဏ် ထိုင်းမှိုင်းခဲ့လျှင် ဘယ်မှာ မဂ်တရား ဖိုလ်တရား ရနိုင်ပါတော့အံ့နည်း၊ သာသနာ ဘောင်အတွင်းမှာ နေသော်လည်း ငါ့မှာ ဘာအကျိုးရှိနိုင်ပါတော့အံ့နည်း၊ လူဝတ်ကြောင်နှင့် လူ့ဘောင်မှာ နေ

ရခြင်းကမှ အကျိုးကျေးဇူး များဦးမည် ” ဟု ကြံစည် စဉ်းစား ပြီးလျှင်၊ နံနက်မိုးသောက် အလင်းရောက်က နောင်တော် မသိအောင် အလစ်သုတ်၍၊ လူထွက်ရန် ကြံစည်စိတ်ကူး၍ နေရှာ၏။

ထိုနေ့မှာလည်း ဘုရား ကိုယ်တော် မြတ်ကြီးနှင့် တကွ၊ သံဃာ (၅၀၀)ကို ဇီဝက ဆေးဆရာက၊ ဆွမ်းစား ပင့်ဖိတ် ထားသည်နှင့် ကြုံလျက်ရှိ၏၊ ယင်း သံဃာ (၅၀၀)တွင် စူဠပန် ရဟန်းသည်လည်း တပါး အပါဝင် ဖြစ်လေ၏၊ ဘုရားကိုယ်တော် မြတ်ကြီးသည် နံနက် အာရုံချဉ်း၍ အလင်း ရောက်သော အခါ၊ ကျွတ် ထိုက်သောသူ မည်သူများ ရှိပါလိမ့်မလဲဟု၊ သဗ္ဗညုတဉာဏ် ကွန်ရက်ကို ဖြန့်ကျက်၍ ကြည့်ရှု ဆင်ခြင်တော် မူသောအခါ၊ စူဠပန် ရဟန်းအား ရွှေဉာဏ်တော် ကြေးမုံ ပြင်တွင် ထင်မြင်တော်မူလေ၏။

ထို့ကြောင့်၊ စူဠပန် လာမည့်လမ်းက ဆီးကြိုငံ့လင့် နေတော်မူစဉ် စူဠပန် ရဟန်းကလဲ၊ လူထွက်ရန် နောင်တော် မသိအောင် ကျောင်းပေါ်မှ အလစ်သုတ်၍ ဆင်းအလာ၊ ဘုရားနှင့် ပက်ပင်းပါ တွေ့ဆုံ မိကြလေ၏၊ ထိုအခါ ဘုရားမြတ်စွာက ချစ်သား စူဠပန် လူထွက် ချင်လို့ ရှိလျှင်လဲ ထွက်တာပေါ့၊ သို့သော်လည်း ဒီနေ့ရာမှာဘဲ ခဏ ခေတ္တ ဆိုင်းငံ့ပြီးသကာလ' ဟောဒီ ပုဝါဖြူကလေးကို လက်နှင့် ဆုပ်နယ်ပြီး၊ အဖြစ်အပျက်တွေ ဘယ်လိုဖြစ်ပျက် နေတယ် ဆိုတာကို သိမြင် ထင်ရှားလာအောင် စူးစူး စိုက်စိုက် ရှုပွားနေလိုက်ပါဦး ” ဟု မှာထားတော် မူခဲ့ပြီးလျှင်၊ နောက်ပါသံဃာ (၅၀၀) တပါးလျှော့နှင့် ဇီဝကအိမ်သို့ ဆွမ်းစား ကြွသွားတော် မူလေ၏။

စူဠပန် ရဟန်းသည် ဘုရားမှာတော် မူခဲ့တဲ့အတိုင်း ရှုပွား၍ များမကြာခင်မှာပင် သမာဓိ တည်ကြည်လာမှုန်းကို ဘုရားသိတော်မူ၍၊ ပုဝါဖြူကလေး ညစ်နွမ်းလာပုံ၊ အမဲစက်၊ အမဲကွက်တွေ ဖြစ်ပေါ်

လာပုံ၊ ကျေမှု ပျက်စီးလာပုံ အစ ရှိသည်ဖြင့်၊ ပုဝါဖြူကလေး၏ အဖြစ် အပျက်တွေကို၊ ဘုရားကိုယ်တော်မြတ်က၊ တန်ခိုးတော် အားဖြင့် ဖန်ဆင်း၍ ပြတော်မူလိုက်လေ၏။

ထိုအခါ စူဠပန်၏ အသိဉာဏ်တွေ ဘယ်လို ဖြစ်ပေါ်လာသလဲဆိုတော့ " ဪော် ဘုရားပေးတဲ့ ပုဝါ ဖြူကလေးဟာ၊ နဂိုကတော့ ဖြူဖြူ ဖွေးဖွေး နှစ်သက်စရာကလေးဘဲ၊ အခုတော့ ကြည့်ရင်း ရှုရင်းနဲ့ တဖြေးဖြေး မဲနက် ညစ်နွမ်း လာလိုက်တာ၊ ဘာမျှ နှစ်သက်စရာ မဟုတ်တော့ ပါတကား၊ ပကတိ ဖြူဖွေးတဲ့ သဘောတရားမှ ဝိကတိ ညစ်နွမ်းတဲ့ သဘောအဖြစ်သို့ ရောက်ပြီး ဖေါက်လွဲ ဖေါက်ပြန် ဖြစ်ချင်သလို ဖြစ်၍၊ ပျက်ချင်သလို ပျက်တတ်တဲ့ ဝိပရိဏာမ သဘောတရားတွေ ပါတကား၊ ရှေ့ရုပ် အသွင်နဲ့ နောက်ရုပ် အသွင် မတူကြတော့ဘဲ၊ အမှုကွဲတတ်တဲ့ အညတာ ဘာဝ သဘောတရား ပါတကား၊ ဖြစ်ပေါ်တတ်သော သဘောတရားသည် ပျက်စီးတတ်သော သဘောတရား ပါတကား " ဟု မမြဲသော အနိစ္စသညာ၊ အနိစ္စလက္ခဏာ၊ အနိစ္စာ နုပဿနာ၊ သုညတာ နုပဿနာ၊ အနိမိတ္တာ နုပဿနာ၊ အပဏိဟိတာ နုပဿနာ၊ ဉာဏ်တွေဟာ မရှေး မနှောင်း တပေါင်းတည်းကဲ့သို့ ထင်မြင်လာလေ၏။

အဲဒီလို ဗဟိဒ္ဓ ဖြစ်တဲ့ ပုဝါဖြူ ပညတ်နိမိတ်ကို၊ သဏ္ဍာန်နိမိတ် အရိပ် အယောင် အကောင် အထည်ဆို၍၊ အဏုမြူမျှ ရှာမရတော့အောင်၊ အတ္တ သညာပျောက်၍၊ အနတ္တ သညာရောက်ပြီး၊ ဓါတ်ပေါက်အောင် သိမြင် ခြင်းကြောင့်၊ အဇ္ဈတ္တဖြစ်တဲ့ မိမိခန္ဓာကိုယ်ကြီး တခုလုံးကိုလဲ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တဇီဝဟူ၍ တဏှာမာန ဒိဋ္ဌိအားဖြင့် စွဲလမ်းစရာ၊ နှစ်သက်စရာ၊ စုံမက်စရာ၊ မြတ်နိုးစရာဆို၍၊ အဏုမြူမျှ ရှာမရအောင်၊ အတ္တ

သညာပျောက်၍၊ အနတ္တ သညာရေးက်ပြီး ဓါတ်ပေါက်ခါ၊ နာရီပိုင်းတောင် မကြာလိုက်တော့ဘဲ၊ မိနစ်ပိုင်း မျှနှင့်၊ ပဋိသမ္ဘိဒါပတ္တ ဆလာဘိည-ရဟန္တာကြီး ဖြစ်သွားရပါတယ်။

ဆွမ်းစား ပင့်ဖိတ် ထားသောသူ၊ ဇီဝက-ကလဲ မိမိအိမ်သို့ ကြွရောက်လာသော သံဃာတော်များကို (၅၀၀) စေ့ မစေ့ ရေတွက် စစ်ဆေး၍၊ ကြည့်လိုက်တဲ့ အခါ၊ တပါးလျော့ နေတာကို တွေ့ရှိရ သဖြင့်၊ ဘုရား ကိုယ်တော် မြတ်အား လျှောက်ထားလေ၏၊ ဘုရား ကိုယ်တော် မြတ်ကလဲ၊ ဇီဝကအား၊ ကျောင်းမှာ တပါး ကျန်ရစ်ခဲ့ သည် သွား၍ပင့်ချေဟု စေခိုင်းလိုက်၏၊ ဇီဝကလဲ လျှင်မြန်စွာ သွား၍၊ ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သောအခါ၊ ရှင်စူဠပန်က အဘိဉာဏ် တန်ခိုးဖြင့် ဖန်ဆင်း၍ ထားလေသောကြောင့်၊ တပါးမက၊ သံဃာတော်တွေ ကျောင်းဝင်းနှင့် အပြည့်ရှိနေတာကို တွေ့ရလေ၏၊ အချို့က လမ်းလျှောက်၍ နေကြ၏၊ အချို့က သင်္ကန်း လျှော်နေကြ၏၊ အချို့က ရေချိုးနေကြ၏၊ အချို့ကလည်း တံမြက်လှဲ၍ နေကြလေ၏၊ ဇီဝကသည် ဘယ်ကိုယ်တော်ကို ပင့်ရမှန်း မသိတော့ဘဲ၊ အကြပ် ရိုက်နေသဖြင့်၊ အိမ်သို့ ပြန်ကာ ဘုရားကို လျှောက်ထား ရ ပြန်လေ၏၊ ဘုရားကိုယ်တော်မြတ်က၊ ဇီဝကအား "စူဠပန် ရဟန်းကို မေး၍ပင့်ခဲ့ပါ" ဟု စေ ခိုင်း လိုက် ပြန် ၏။ ဇီဝကလည်း တဖန် ကျောင်းသို့ သွား၍၊ "စူဠပန်ဆိုတာ ဘယ်ကိုယ်တော်ပါလဲ" ဟု မေးမြန်းလိုက်သောအခါ၊ သူကဖြင့်လဲ စူဠပန်၊ ငါကဖြင့်လဲ စူဠပန် နှင့် အားလုံး စူဠပန်ချည်းဖြစ်၍နေလေ၏။

ထိုအခါ ဇီဝကသည်၊ ဟင်း-ကနဲ သက်ပြင်းကြီးချကာ "အဲဒါမှ ခက်တော့တာဘဲ" ဟု ညီးတွားလျက်၊ အကြံရခက်သဖြင့် မိမိအိမ်သို့

တဖန်ပြန်၍ ဘုရားကိုယ်တော်မြတ်ကြီးအား လျှောက်ထားရပြန်လေ၏။ ဘုရားကိုယ်တော်မြတ်ကြီးက၊ ဇီဝကအား “ဒါဖြင့်ရင်၊ ငါစူဠပန်ဘဲဟု ရှေးဦးစွာပြောဆိုတဲ့ ရဟန်း၏လက်ကို ဆွဲမိအောင် ဆွဲ၍ပင့်ခဲ့ပါ”ဟု စေခိုင်းလိုက်ပြန်၏။ ဇီဝကလည်း ဘုရား စေခိုင်းတော်မူတဲ့အတိုင်း ကျောင်းသို့သွား၍၊ “ငါ စူဠပန်ဘဲ”ဟု အရင်ဦးပြောဆိုသည့် ရဟန်း၏ လက်ကို ဆွဲကိုင်လိုက်သည်နှင့် တပြိုင်နက်၊ အခြားကိုယ်တော်တွေအားလုံး ပျောက်ကွယ်ပြီး စူဠပန်အစစ်တပါးတည်းသာ ကျန်ရှိ၍နေတော့၏။ ဇီဝကသည် ရှင်စူဠပန်၏ လက်ကို ဆွဲ၍ အံ့အားသင့်ကာ ကြက်သေသေ၍ငေးမောနေစဉ်၊ ရှင်စူဠပန်က “ဟဲ့ ဒကာ- ငါ့လက်ကို ဘာဖြစ်လို့ ဆွဲကိုင်ထားရတာလဲ”ဟု မေးလိုက်တော့မှ သတိရပြီး “အရှင်ဘုရား၊ ဘုရားတပည့်တော်၏ အိမ်မှာ၊ ဘုရားနှင့်တကွ သံဃာ(၅၀၀)ဆွမ်းပင့်ဖိတ်ထားရာ၊ သံဃာတပါးကျန်နေ၍ လာရောက်ပင့်ရခြင်း ဖြစ်ပါသည်ဘုရား၊ အရှင်ဘုရား ကြွတော်မူပါ”ဟု ပင့်ဆောင်သွားလေ၏။

အိမ်သို့ရောက်၍ ဆွမ်းစားပြီးသောအခါ၊ ဘုရားကိုယ်တော်မြတ်ကြီးက ရှင်စူဠပန်ကိုပင် ဆွမ်းအနုမောဒနာတရား ဟောရန်၊ တပါးတည်းထားခဲ့ပါတယ်၊ ရှင်စူဠပန်ဟာလဲ၊ နဂိုရ်က စာတပုဒ် တဂါထာကို တဝါတွင်းလုံးကျက်၍ မရနိုင်သော်လည်း၊ ယခုအခါမှာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးဖြစ်လာ၍၊ ပိဋကတ်သုံးပုံ အလုံးစုံကို နှုတ်ငုံအာဂုံဆောင်နိုင်သဖြင့်၊ ထူးဆန်းအံ့ဩဘွယ်သော၊တရားစကား၊ သာယာနာပျော်ဘွယ်သော တရားစကားများဖြင့်၊ ဆွမ်းအနုမောဒနာတရားဟောပြီး၍၊ ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတော်မူပါတယ်။

## (၄၅) ရှင်ဥပနန်၏ ရှေ့ဖြစ်နောက်ဖြစ်ကို ဝေဖန် စိစစ်ချက်။

ဘုရားကိုယ်တော်မြတ်ကြီးသည်၊ ရှင်ဥပနန်အား၊ ဗဟိဒ္ဓဖြစ်တဲ့ ပုဝါဖြူကို ဓမ္မဋ္ဌိတိဉာဏ် တည်မြဲအောင်၊ ဝိပဿနာ ရှုပွားစေခြင်းဟာ၊ အတိတ်ဘဝ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စဉ် ကာလက၊ တိုင်းခန်းလှည့်လည် ကြည့်ရာဝယ်၊ မိမိမျက်နှာမှ ယိုစီးလာသော ချွေးသံတွေကို ပုဝါဖြူဖြင့် သုတ်လိုက်ရာ၊ ယင်းပုဝါဖြူလေး ညစ်ပေဟောင်းနွမ်းသွားတာကို တွေ့ရှိရသဖြင့်၊ ဩော်- သင်္ခါရ သဘောတရားများဟာ ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောတရား၊ အမြဲမဟုတ်တဲ့ သဘောတရား၊ ဝိပရိနာမ သဘောတရားတွေပါတကား၊ ငါ့ခန္ဓာကိုယ်ကြီးဟာလဲ၊ ဤသဘောတရားအတိုင်း ဖြစ်ပျက်နေတဲ့သဘောတရားပါတကားဟု၊ သတ်သံဝေဂဖြစ်ဘူးကြောင်းကို၊ ဘုရားကိုယ်တော်မြတ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူ၍၊ ဗဟိဒ္ဓဖြစ်တဲ့ပုဝါဖြူကို ဝိပဿနာရှုခိုင်းခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ရှင်ဥပနန်ဟာ၊ သူ့အလို သူ့စရိုက်၊ သူ့အကြိုက်နှင့် တိုက်ဆိုင်သွားတော့၊ ခဏကလေးနှင့် ပဋိသမ္ဘိဒါပတ္တ-ဆဠာဘိညရဟန္တာကြီး ဖြစ်သွားရပါတယ်။

ဉာဏ်လေးလံထိုင်းမှိုင်းရတဲ့ အကြောင်းကတော့၊ ရှင်ဥပနန်ဟာ ကဿပ ဘုရား လက်ထက်က၊ ဓမ္မာစရိယ စာချ ဆရာတော်ကြီး တပါး ဖြစ်ခဲ့ဘူးပါတယ်။ ထိုစဉ်အခါကာလက၊ ပြတ်ပြတ်သားသား ပြိုပြိုသသ မရွတ်ဆိုနိုင်သော စာသင်သား တဦးအား၊ နင့်လျာကြီး ကဂါဲ့ဟယ်၊ ထူလိုက်တာ၊ အိုးခြမ်းကွဲနှင့် ပွတ်တိုက်ပစ်စမ်းပါဦးဟု

ပျက်ရယ်ပြုမိခဲ့တဲ့၊ ဝစီကံကြောင့်၊ ယခု ပစ္စက္ခဘဝမှာ ဥာဏ်လေးလံ ထိုင်းမှိုင်းနေရတယ်လို့ ဆိုရပါတယ်။

## (၄၆) ပန်းတိန်သည်ဘဝမှ လာသော ရဟန်းတပါးအကြောင်း။

ဗဟိဒ္ဓအာရုံကို ရှုပွားသဖြင့်၊ အတ္တပျောက်ခါ၊အနတ္တပေါက်ပြီး၊ ဓါတ်ပေါက်၍ ရဟန္တာကြီး ဖြစ်သွားရတဲ့အကြောင်းကို သာဓက အားဖြင့် ထပ်လောင်း၍ ပြလိုက်ပါဦးမယ်။ အတိတ် ဘဝက ပန်းတိန်သည် ဘဝပေါင်းငါးရာ ဖြစ်ခဲ့ဘူးတဲ့ ရဟန်းတပါးဟာ၊ ပထမ ရှင်သာရိပုတ္တရာထံ ရောက်သွားပါတယ်။ ရှင်သာရိပုတ္တရာက အသုဘကမ္မဋ္ဌာန်းပေးတော့၊ သူ့အလို၊ သူ့စရိုက်၊ သူ့အကြိုက်နှင့် မတိုက်ဆိုင်သောကြောင့်၊ ဝါတွင်းသုံးလပတ်လုံးအားထုတ်သော်လဲ ကိုယ်ပင်ပန်း စိတ်ပင်ပန်းရုံမျှသာ ဖြစ်ပြီး၊ ဘာမှ အကြောင်းမထူး သဖြင့်၊ စိတ်အပျက်ကြီး ပျက်၍နေလေ၏။ နောက်ဆုံး ဘုရားထံ ရောက်သွားတော့မှ၊ ဘုရားကိုယ်တော်မြတ်က၊ သူ့အလို၊သူ့စရိုက်၊ သူ့အကြိုက်နှင့် သင့်လျော်တဲ့ ပဒုမ္မာရွှေကြာပန်းကြီး တပွင့်ကို တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ပေးလိုက်လေ၏။ ချစ်သား၊ အဲဒီ ပဒုမ္မာ ရွှေကြာပန်းရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို၊ သေသေချာချာ စူးစူး စိုက်စိုက် ရှုပွား၍နေလေလော့ဟု၊ စေခိုင်းလေ၏။

ထိုရဟန်းဟာ၊ သူ့အလို၊ သူ့စရိုက်၊ သူ့အကြိုက်နှင့် ကိုက်ညီ လေသောကြောင့်၊ အာရုံတပါး စိတ်မသွားတော့ဘဲ၊ တည်မြဲသော သမာဓိတရားနှင့်၊ ခဏကလေး ပြည့်စုံလာပါတယ်၊ ထိုအခါ ဘုရား ကိုယ်တော်မြတ်ကြီးက၊ သမာဓိ တည်ကြည်မှုန်းကို သိ၍၊ ပဒုမ္မာ ရွှေကြာပန်းကြီး တဖြေးဖြေး ညှိုးနွမ်းလာပုံ၊ အညိုကွက်၊အမဲကွက်

တွေ ဖြစ်ပေါ်လာပုံ၊ ကြာဝတ်ဆံတွေ ကြွေကျပျက်စီးလာပုံတွေကို၊ တန်ခိုးတော်အားဖြင့် ဖြစ်ပျက် အနိစ္စသညာကို ဖန်ဆင်းပြလိုက်တဲ့ အခါ၊ ပန်းတိန်းသည် ရဟန်းဟာ၊ ဗဟိဒ္ဓဖြစ်တဲ့ ပဒုမ္မာရွှေကြာပန်း ကြီးနှင့်တကွ၊ အဇ္ဈတ္တဖြစ်တဲ့ မိမိခန္ဓာကိုယ်ကြီးကိုပါ၊ အတ္တပျောက် ခါ၊အနတ္တပေါက်ပြီး၊ခါတ်ပေါက်၍၊ရဟန္တာကြီးဖြစ်သွားရပါတယ်။

အဲဒီ သာဓကများဟာ၊ ဗဟိဒ္ဓကို မရှုပွားရဘူး၊ အဇ္ဈတ္တကိုသာ ရှုပွားရမယ် ဆိုတဲ့ တယူသန်ဝါဒ ရှိနေကြတဲ့ ယောဂီများအား၊ အသိဉာဏ် ပွင့်လင်းနိုင်ကြစေခြင်းငှာ၊ မေတ္တာစေတနာထား၍၊ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

## (၄၇)ခါတ်ကြီးလေးပါးကို ဝသီဘော်ငါးပါးထား၍ ရှုပွားအပ်ပုံ။

### (၁) အဝိဇ္ဇာန ဝသီဘော်

သမထအရာဝယ်၊ ဈာန်တရားကို ရှုပွားရာ၌၊ ဝသီဘော်ငါးပါး ထား၍၊ ရှုပွားအပ်သလို၊ဝိပဿနာအရာ၌လည်း၊ ခါတ်ကြီးလေးပါး ကို ရှုပွားကြရာဝယ်၊ ဝသီဘော်ငါးပါးထား၍ ရှုပွားကြရပါမယ်။ ရက်အပိုင်းအခြားအားဖြင့်ဖြစ်စေ၊လအပိုင်းအခြားအားဖြင့်ဖြစ်စေ၊ နှစ်အပိုင်းအခြားအားဖြင့်ဖြစ်စေ၊ မိမိတတ်စွမ်းနိုင်သမျှ၊ရက်-လ-နှစ် ကို ပိုင်းခြား၍၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ပြီးလျှင်၊ အတ္တပျောက်၍၊ အနတ္တပေါက်ပြီး၊ ခါတ်မပေါက်သမျှ၊ အရိုးကြေကြေ အရေစုတ် စုတ်၊ ဘယ်တော့မှ နောက်မဆုတ်ပါဘူးဟု၊ မိမိစိတ်ကို အဝိဇ္ဇာန် ထား၍ ရှုပွားခြင်းဟာ၊ အဝိဇ္ဇာန ဝသီဘော်လို့ ဆိုရပါတယ်။

### (၂) အာဝဇ္ဇန ဝသီဘော်

ခါတ်မပေါက်သေးတဲ့ ယောဂီများဟာ၊ ငါ့ကိုယ်ကြီးသည်ပင်

လျှင် ဓါတ်ကြီးလေးပါး၊ ဓါတ်ကြီးလေးပါးသည်ပင်လျှင်၊ ငါ့ ကိုယ်ကြီးဟု၊ ကိုယ်နှစ် ဓါတ်နှစ် ထွေးရောစပ်ပြီး၊ ဒွေရောယှက်တင် ဖြစ်နေကြပေလိမ့်ဦးမယ်။ အတ္တကိုယ်ကြီးပျောက်၍၊ အနတ္တပေါက် ပြီး၊ ဓါတ်ပေါက်အောင်ဟာ၊ အဖြစ် အပျက်ဥဒယဗ္ဗယ ဉာဏ်နှင့်၊ ခြေဆုံးခေါင်းဆုံး မှုန့်မှုန့်ညက်ညက် ကျေမွ ပျက်စီးကုန်အောင် ထောင်းထု၊ ကြိမ်ချေ၊ မှုတ်လွှင့်ပစ်မည်ဟုရည်ရွယ်၍၊ ရှုပွားခြင်းဟာ၊ အာဝဇ္ဇနဝသီဘော် ဖြစ်ပါတယ်။

## (၃) သမာပဇ္ဇန ဝသီဘော်

ဥဒယဗ္ဗယဉာဏ်နှင့် ရှုပွားသဖြင့်၊ အဖြစ်အပျက်ကို၊ ဥပါဒ်စွန်း၊ ဘင်စွန်းပေါ်၍၊ အာကာသဓါတ်ကလပ်ခြားအောင် တွေ့မြင်ခဲ့လို့ ရှိလျှင်၊ ဉာဏ်ရင့်ကျတ်လာပြီးဖြစ်၍၊ အတ္တကိုယ်ကြီး ပျောက်ကွယ် ဆိတ်သုဉ်းပြီး၊ သုညတာ နုပဿနာ၊ အနိမိတ္တာ နုပဿနာ၊ အပ္ပဏိ ဟိတာ နုပဿနာ၊ ဉာဏ်အမြင်နှင့်မြင်ခြင်းကို၊ သမာပဇ္ဇနဝသီဘော် လို့ ဆိုလိုရပါတယ်။

အဲဒီလို အတ္တကိုယ်ကြီးပျောက်၍၊သဏ္ဍာန်နိမိတ်အရိပ်အယောင်၊ အကောင်အထည်ဆိုတဲ့ ပညတ်နိမိတ်၊ ဓါတ်ရိပ်တွေပျောက်အောင်၊ သိမြင်တဲ့ ယောဂီများဟာ၊ ဘာကိုသာ ဉာဏ်ထဲမှာ တွေ့မြင်နေရ တော့သလဲဆိုလျှင်၊ ဓါတ်ကြီးလေးပါး တပေါင်းတည်း ဖြစ်ပျက် နေဘာကိုဘဲ သိရှိတွေ့မြင်နေရပါလိမ့်မယ်။ ဘယ်လိုလဲ ဆိုတော့ ဖြစ်ပျက်မှုအရှိန်ကြောင့်၊ ဓါတ်ဓါတ်ချင်း ပွတ်တိုက်ရိုက်ခတ်မိသဖြင့်၊ တဖျင်းဖျင်း တရှိန်ရှိန်နှင့် ဖေါဋ္ဌဗ္ဗသဘောတွေ ခံစားနေရတာကို သိမြင်နေရပါလိမ့်မယ်။ တို့-ထိ-ကိုင်ကြည့်မှ သိရသော အသိမျိုး မဟုတ်ပါ၊ ယင်းခံစားမှု သဘောတရားဟာလဲ၊ ဝေဒနာ စေတသိက် ဖြစ်၍၊ ဝေဒနက္ခန္ဓာဖြစ်ပျက်နေဟဲ့ သဘောဘဲဖြစ်ပါတယ်၊ဝေဒနာ

ခံစားမှု သဘောတရားတွေကို လိုက်လိုက်ပြီး မှတ်သား နေရခြင်းဟာလဲ၊သညာက္ခန္ဓာတွေ ဖြစ်ပျက်နေခြင်းဘဲ ဖြစ်ပါတယ်။တဖျင်းဖျင်း တရှိန်ရှိန်တွေ ဖြစ်ပေါ်လာအောင် စေ့ဆော်တိုက်တွန်းပေးနေတဲ့ သဘောတရားတွေဟာလဲ၊ သင်္ခါရက္ခန္ဓာတွေဖြစ်ပျက်နေတဲ့သဘောတရားဘဲ ဖြစ်ပါတယ်။ ရူပက္ခန္ဓာရုပ်တရားကြီး ဖြစ်လိုက်ပျက်လိုက်၊ နာမက္ခန္ဓာလေးပါး ဖြစ်လိုက်ပျက်လိုက်နဲ့ အားလုံး ဖြစ်ပျက်နေတာကို၊ သိပျက် သိပျက်နဲ့ သိသိနေတဲ့ သဘောတရားကတော့၊ ဝိညာဏက္ခန္ဓာတွေ ဖြစ်ပျက်နေတဲ့ သဘောတရားဘဲ ဖြစ်ပါတယ်။ အဲဒီလို မဂ်အားလျော်အောင် ကောင်းစွာ သိမြင်မှုကို သမာပဇ္ဇနဝသီဘော်လို့ ဆိုရပါတယ်။

## (၄) ဝုဋ္ဌာန ဝသီဘော်

ဝုဋ္ဌာနဝသီဘော်ရဲ့ သဘောကတော့ သစ်တခေတ်ကို ဓမ္မဋ္ဌိတိဉာဏ်တည်မြဲအောင် ပွားများအားထုတ်ပြီး၍၊ သဘောတရားများ ကောင်းစွာ ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းနိုင်သောအခါ၊ ရှေ့သို့ တလှမ်းတိုး၍၊ နှလုံးသွင်းလိုသောကြောင့်၊ ပဌမအာရုံကို လက်လွှတ်လိုက်ခြင်းသည်၊ဝုဋ္ဌာနဝသီဘော်လို့ ဆိုရပါတယ်။ဒီနေရာမှာ ယောဂီများ အထူးသတိထားကြဘို့ကတော့၊ တခုခုသော အာရုံကို ကောင်းစွာ ပိုင်ပိုင် နိုင်နိုင် နှလုံး မသွင်းနိုင်သေးဘဲနှင့်၊ အခြား အာရုံတွေကို တောင်တွေးမြောက်တွေး၊ တောခုန် တောင်ခုန် မလုပ်ရ၊ လုပ်လျှင် ပထမ အာရုံရော၊ ဒုတိယ အာရုံပါ ပျောက်ကွယ် ချုပ်ငြိမ်းပြီး၊ ဘယ်အာရုံကိုမှ ဖမ်းမမိတော့ဘဲ၊ လက်လွှတ်ကုန်မှာကတော့ အသေအချာဘဲလို့ မှတ်ထားလိုက်ကြပါ။

## (၅) ပစ္စဝေက္ခဏာ ဝသီဘော်

တစုံတခုသော သဘောတရားကို ပိုင်ပိုင်နိုင်နိုင် ရှုပွားနိုင်ခြင်း

ကြောင့်၊ ယင်းအာရုံမှ ဝုဋ္ဌာနဝသီဘော်ဖြင့်ထ၍၊ တဖန် ပြန်လည် သုံးသပ်ဆင်ခြင်တာကို၊ ပစ္စဝေက္ခဏ ဝသီဘော်လို့ ဆိုရပါတယ်။ ဒီနေရာမှာတော့ ဓါတ်ကြီးလေးပါးကို အဓိကထား၍၊ ပြောဆိုနေတာ ဖြစ်ခြင်းကြောင့်၊ ဓါတ်ကြီးလေးပါးကိုဘဲ ပစ္စဝေက္ခဏ ဝသီဘော်နှင့် ဆင်ခြင်ပုံကို ပြောပြလိုက်ပါမယ်။ဓါတ်ကြီးလေးပါးဟာ ပထဝီဓါတ်က တစုတပုံ၊ တေဇောဓါတ်ကတစုတပုံ၊ ဝါယောဓါတ်က တစုတပုံ၊ အာပေါဓါတ်က တစုတပုံဟူ၍၊ အသီး အသီး တစုစီတပုံစီ ခွဲခြားထားခြင်းငှာ မရစကောင်းသော သဘောတရား အစစ်အမှန် ဖြစ်ပါတယ်။ သို့ဖြစ်သည့်အတိုင်း ဓါတ်ပေါက်အောင် သိမြင်ကြတဲ့ ယောဂီများဟာလဲ၊ ဓါတ်ကြီးလေးပါးဟာ တပေါင်းတည်း ခွဲခြားမရအောင် ဖြစ်ပျက်နေတာကို သိမြင်ကြပါလိမ့်မယ်။

သို့ပေမဲ့၊ ပစ္စဝေက္ခဏဝသီဘော်ဖြင့် သုံးသပ် ဆင်ခြင်တဲ့အခါ၊ တပါးစီ တပါးစီ၊ ခွဲခြား၍ သဘောတရားကိုတော့ သုံးသပ်ဆင်ခြင်နိုင်ပါတယ်၊နှုတ်ဖြင့်ဆိုတဲ့အခါမှာလဲ တပါးစီတပါးစီ ခွဲခြား၍ပြောဆိုနိုင်ပါတယ်၊စါဖြင့်ရေးသားရာမှာလဲထို့ အတူရေးသားနိုင်ပါတယ်။

## ပထဝီဓါတ်ကို ဆင်ခြင်ပုံ

တဖျင်းဖျင်း တရှိန်ရှိန်နှင့် တွေ့ထိခံစားနေရတဲ့ ဖောဋ္ဌဗ္ဗသဘောတရားတွေဟာ၊ ခတ်ကြမ်းကြမ်း တွေ့ထိမှုကို ခံစားရတဲ့အခါလဲ ခံစားလိုက်ရပါတယ်။ အဲဒီလို ခံစားမှုနှစ်ခု စုံတွဲ၍ ဖြစ်ပျက်နေခြင်းဟာ၊ ကြမ်းတမ်းပထဝီ၊ နူးညံ့ပထဝီဆိုတဲ့ ပထဝီဓါတ်တွေဖြစ်ပျက်နေတာပါကလားလို့ သုံးသပ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။

## တေဇောဓါတ်ကို ဆင်ခြင်ပုံ

တေဇောဓါတ်ဟာလဲ၊ အဲဒီလို တဖျင်းဖျင်း တရှိန်ရှိန် တွေ့ထိခံစားမှု သဘောတရားတွေထဲမှာပဲ ပူသလို အေးသလို၊ တွေ့ထိ

ခံစားမှု နှစ်ခုစုံဖွဲ့၍၊ ဖြစ်ပျက်နေခြင်းဟာ၊ သိတတေဇော၊ ဥဏှ တေဇောဆိုတဲ့ တေဇောဓါတ်တွေ ဖြစ်ပျက် နေတာပါကလားလို့ သုံးသပ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။

## ဝါယောဓါတ်ကို ဆင်ခြင်ပုံ

ဝါယောဓါတ်ဆိုတာကတော့ ကြမ်းတမ်းမှု၊ နူးညံ့မှုဆိုတဲ့ ပထဝီဓါတ်တွေ ဖြစ်ပျက်နေနိုင်ရလေအောင်၊ ပူမှု၊အေးမှုဆိုတဲ့ တေဇောဓါတ်တွေ ဖြစ်ပျက်နေနိုင်ရလေအောင်၊ ကူညီဖေးမ ထောက်ကန့်ပေးနေတဲ့ သဘောအားဖြင့်၊ တဖျင်းဖျင်း တရှိန်ရှိန် ဖြစ်ပျက်နေတဲ့ သဘောတရားတွေဟာ၊ ဝါယောဓါတ်တွေ ဖြစ်ပျက် နေတာပါကလားလို့ သုံးသပ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။

## အာပေါဓါတ်ကို ဆင်ခြင်ပုံ

အာပေါဓါတ်ကတော့ တဖျင်းဖျင်း တရှိန်ရှိန် အတွေ့ကြမ်းထမ်းမှု၊ နူးညံ့မှု သဘောတွေ၊ ပူမှု၊ အေးမှု သဘောတရားတွေ၊ ထောက်ကန့် ဖေးမမှု သဘောတရားတွေ၊ အဲဒီသဘောတရားတွေကို တပေါင်းတစည်းတည်း ဖြစ်နေအောင်၊ ဖွဲ့စည်းထားတဲ့ သဘောတရားဟာ ဖွဲ့စည်းအာပေါပါတကား၊ အဲဒီ သဘောတရားတွေ ပွားစီးပွားစီးနေတာက၊ ယိုစီးအာပေါတွေပါတကားလို့ သုံးသပ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။

အဲဒီလို ဓါတ်ကြီးလေးပါးကို တပါးစီ တပါးစီ ခွဲခြား၍၊ ပစ္စဝက္ခဏ ဝသီဘော်ဖြင့်သုံးသပ်ဆင်ခြင်နိုင်ခြင်းဟာလဲ၊ ရှေးမဆွကဓါတ်ကြီးလေးပါးပေါ်မှာ၊ လက္ခဏာရေးသုံးပါး တည်းဟူသော မဗ္ဗဋိတိဉာဏ် တည်မြဲ၍၊ အတ္တ ကိုယ်သဏ္ဍာန်ကြီး ပျောက်ပြီး၊ ဘာတခုမျှ အမာခံ အနှစ်အသား ရှာကြံမရအောင်၊ အနတ္တပေါက်မှသာလျှင်၊ သုံးသပ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။

## နိဂုံးအချုပ် လင်္ကာ (၄)ပုဒ်။

(၁) မြေ-ရေ-လေ-မီး၊ ဓါတ်ကြီးလေးပါး၊ မျက်မြင်အားဖြင့်၊ ခေါ်ငြားသမုတ်၊ပညတ်ရုပ်တည်း။ မြေထဲရေထဲ၊လေမီးထဲမှာ၊ လေးဖြာဓါတ်ကြီး အပြီးပါမြဲ၊ တပေါင်းထဲမို့၊ ခွဲခြားမရ၊ ဖြစ်ကအတူ၊ ပျက်အတူနှင့်၊ ဘူတသညီ၊ ပထဝီဓါတ်မ၊ သူဖြစ်ကလျှင်၊ တကွလုံးစုံ၊ ဖြစ်ပေါ်ကုန်၏။ ပျက်ကနည်းတူ၊ ထို့တူအလား၊ မခွဲခြားဘဲ၊ ထွားထွားညက်ညက်၊ အကုန်ပျက်၏။ တစက္ကန့်မျှ၊ တည်ကြမမြဲ၊ အနိစ္စဘဲ၊ ဒုက္ခဘဲဟု၊တနဲအနတ္တ၊ သဘာဝကို၊ဓမ္မဋ္ဌိတိ၊ ဉာဏ်မြင်သိမှ၊ ပစ္စဝေက္ခဏခေါ်၊ ဝသီဘော်ဖြင့်၊ ခေါ်ဝေါ်သမှု၊ ဆင်ခြင်မှုကို၊ ပြုမှသာလျှင်၊ ဓါတ်စင်သဘော၊ ဝေါဟာရစကား၊ ပြောဆိုငြားသော်၊ ဤကား ပထဝီ၊ ဤသည် တေဇော၊ ဓါတ်ဝါယောနှင့်၊ အာပေါဓါတု၊ တခုစီသာ၊ ဆင်ခြင်ရာသည်၊ မဟာဓာတု သဘောတည်း။

(၂) မဟာဓာတု၊ ဘူတသညီ၊ ပထဝီတေဇော၊ဓါတ်ဝါယောတို့၊ သဘောအရ၊ ဖောဋ္ဌဗ္ဗကား၊ တကွမရှင်း၊ ဖျင်းဖျင်းရှိန်ရှိန်၊ ဉာဏ်နှင့်ချိန်၍၊ ကြိမ်ကြိမ်ထပ်ထပ်၊ ရှုပွားလပ်က၊ အနိစ္စသဘော၊ ဒုက္ခတောဟု၊ သဘောအနတ္တ၊ အဇ္ဈတ္တထဲ၊ အမြဲနိစ္စ၊သိမြင်ကြလိမ့်၊ အာပေါအရ၊ ဖောဋ္ဌဗ္ဗကား၊ လားလားမရှိ၊ ထိမှ-တို့မှ၊ ကိုင်ကြည့်ကြ၍၊ သိရသဘော၊ ဖောဋ္ဌဗ္ဗောကား၊ သဘောမဟုတ်၊ ပညတ်ရုပ်ပင်၊ ဒိဋ္ဌိမြင်မို့၊ မင်္ဂလျှင်မလျှော်၊ ဉာဏ်မပေါ်ဘဲ၊ အံ့ချော်လွဲလိမ့်။ အမြဲတစိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဓါတ်ချင်းခိုက်မှု၊ အနုအကြမ်း၊ နှစ်ခုပြွမ်းလျက်၊ ထိတွေ့ချက်ကို၊ ပထဝီဆို၏။ ပူမှုအေးမှု၊ နှစ်ခုရောယှက်၊ ဖြစ်ပျက်မှုကို၊ တေဇောဆို၏။ အာပေါ

ဓါတုံ၊ ဖွဲ့စည်းမှုမှာ၊ ဤကား ပထဝီ၊ ဤသည် တေဇော၊ ဝါယော ဓါတုံ၊ အာပေါမှုကို၊တခုတခြား၊ ပုံပါငြားလည်း၊ လားလားမဖြစ်၊ ယင်းစနစ်ကို၊ ဖွဲ့စည်းဆို၏။ ယိုစီးမှာကား၊ ပွားများသည်ကို၊ ယိုစီးဆို၏။ ဝါယောသဘော၊ ဖေါ်ဌဗ္ဗောကား၊အပြောနက်ကျယ်၊ သိမလွယ်ရှင့်။ နိုကယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို၊ အာဂုံရွရွ ဆောင်နိုင်ကြသည့်၊ ဓမ္မရက္ခိတ၊ နာမထင်ပေါ်၊ မထေရ်သော်မှ အဘာယထံ၊ နည်းယူခံ၍၊ မဂ်ဉာဏ်ဖိုလ်ရောက်၊ နိဗ္ဗာန်ပေါက်သို့၊ ရောက်ဖူးပေါက်ဖူး၊ သိမြင်တူးထံ၊ နည်းယူခံမှ၊ ယထာဘူတ၊လမ်းမှန် ရ၍၊ အနတ္တသဘော၊ ဓါတ်ဝါယောကို၊ အဟောအစ္ဆရိယ၊ သိမြင် ကြလိမ့်။ သို့မဟုတ်ငြား၊ တတ်ယောင်ကားနှင့်၊ အမှား အမှန်၊ မဝေဘန်ဘဲ၊ တွန်းကန်လှုပ်ရှား၊ ရွေ့လျှားရှေ့ဆောင်၊သို့သိယောင် ကား၊ လူအများသိ၊ ဒြပ်သိမို့၊ ကပ်ငြိတဏှာ၊ မကင်းကွာဘဲ အတ္တစွဲနှင့်၊ ခြေဘဲလက်ဘဲ၊ ဦးခေါင်းဘဲဟု၊ စွဲမြဲဒိဋ္ဌိ၊ မြင်အောင် ကြည့်လော့။ မရှိပညတ်၊ ပရမတ်အစစ်၊ ဓါတ်အနှစ်ကား၊ သဏ္ဍာန် အားဖြင့်၊ လားလားမရှိ၊ ဖြစ်သည့်ခဏ၊ ပျက်ပြုန်းကြ၍၊ သာရ အနှစ်၊ မရှိဖြစ်သည်၊ စင်စစ် အနတ္တဝါယောတည်း။

(၃) အနတ္တဝါယော၊ ဓါတ်သဘောကား၊ အဟော ဂမ္ဘီရ၊ နက်နဲစွသား၊ ဓမ္မဋ္ဌိတိ၊ ဉာဏ်မမိက၊ အသိမပေါ်၊ ဉာဏ်မလျှော်၍၊ ကရော်ကမယ်၊ မျက်စိလည်လိမ့်၊ ဘယ်ဝယ် တောင် မြောက်၊ ရှေ့ နောက်အမှန်၊ မသိဟန်သို့၊ သဏ္ဍာန်နိမိတ်၊ အရိပ် အယောင်၊ အကောင်အထည်၊ တကယ်မရှိ၊ သို့ဖြစ်ဘိလျက်၊ လက်တွန်းခြေတွန်း နိမိတ်စွန်းကို၊ တွန်းကာကန်ကာ၊ ဝါယော ရှာလည်း၊ ရေသာ များ၍၊ ငါးမတွေ့သို့၊ ဓလေ့ထုံးစံ၊ ဒိဋ္ဌိခံ၍၊ သဏ္ဍာန်မပျောက်၊

ဓါတ်မပေါက်ဘဲ၊ အတ္တစွဲနှင့်၊ ဝဲကာဝဲကာ၊ ငှက်ပမာလို၊ ထ
အာကာရုံ၊ ပျံမည့်ပမာ၊ ဖရဏာပီတိ၊ ဂွမ်းဆီထိသို့၊ အိအိစက်စ
သဝိတက္က၊ သဝိစာရ၊ ဈာနသဘော၊ မသိသောကြောင့်၊ အပေ
သုခ၊ နိဗ္ဗာနပင်၊ စိတ်ကထင်သည်၊ ဤတွင် အမှားလုံးလုံးတ

(၄) လုံးလုံးအမှား၊ လမ်းဆုံဌြားမူ၊ ဘုရားအလို၊ ယော
ဆိုအံ့၊ ထိုထိုဈာန၊ ချမ်းသာစသား၊ ကာမတဏှာ၊ မှတ်သည
ဝေဒနာတသိုက်၊ ခံစားခိုက်မှာ၊ အလိုက် သင့်စွာ၊ ရုပ်ငေ
သညာသင်္ခါရ၊ ဝိညာဏနှင့်၊ ခန္ဓာအစု၊ ဖြစ်ပျက်မှုကြောင့်၊
မဟုတ်၊ ဒုက္ခသဘော၊ အာဗာဓေါဟု၊ သဘောမိမိ၊ မြင်ဒေ
ကြည့်လော့။ ဓမ္မဋ္ဌိတိ၊ ဉာဏ်ငုံမိက၊ ဣတ္တိပုရိသ၊နိမိတ္တနှင့်၊သ
သန္တတိ၊ မကပ်ငြိဘဲ၊ ဓါတ်၏သဘော၊ အနိစ္စတော၊ ဒုက္ခ
ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓ
ပရတော၊ ပလောကတော၊ သုညတော၊ အနတ္တတော၊ သဘော
ဉာဏ်ငုံမိက၊ အတ္တပျောက်၍၊ ဓါတ်ပေါက်မည်မှာ၊ လွန်ဒေ
သည်၊ ဘဂဝါဗုဒ္ဓ အဟောတည်း။

........း၀း........

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

၁။ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုတတ်ကြပြီလား
သို့မဟုတ်
၂။ မြှော်မှန်း ရမ်းဆလို့ကော အာရုံပြုတတ်ကြပြီလား
အာရုံမပြုတတ်ကြသေးလျှင်

**နိဗ္ဗာန်ဖြတ်ထုံးကျမ်းကို**

ကြည့်ပါ။

အတ္တပျောက်၍ အနတ္တပေါက်ပြီး
ဓါတ်ပေါက်ခါ နိဗ္ဗာန်သို့ ရောက်လိုလျှင်

**ဓာတုမနသီကာရဖြတ်ထုံးကျမ်းကို**

ကြည့်ပါ။

(၁) သညာသိ ဝိညာဏ်သိ ပညာသိ ဖြတ်ထုံးကျမ်း။
(၂) ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း ရှုဘွယ်ကျမ်း။
(၃) မတသန္တက ဖြတ်ထုံးကျမ်းများကို မျှော်ပါ။

အထက်ပါ ကျမ်းစာများ ရနိုင်သောဌာနများ။

(၁) ကျောင်းဆရာ ဦးထွန်းရင်နှင့် ဦးအုန်းမောင်။
မဂ္ဂင်လမ်း ပဲခူးစုရပ် သံလျှင်မြို့။
(၂) ဦးဘထွန်း၊ မူဝံလမ်း၊ သံလျှင်မြို့။
(၃) ဦးစိန်ဝင်း၊ အုတ်တံတားပိုင်း၊ ဗိုလ်ချုပ်ရွာ၊ သံလျှင်မြို့။

မူပိုင်၊ ဦးညွန့်ဖေ၊ (ဝိဇ္ဇာ)